

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




မောင်ကျော်ဖြိုး ဇေတနှာစာပေ
မှ စီစဉ်ထုတ်လုပ်ပါသည်။

# မင်းမြတ်သူရ

# ဆင်စွယ်နန်းရှင်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းဖျက်မှု ထိုးထက်မည်
စည်းမျဉ်းကိုလိုက် ဘေးကင်းငြိ

နိုင်ငံတော်၏ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား
ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မင်းမြတ်သူရ၏ ထွက်ပြီးစာအုပ်များ


၁။ ဆားပုလင်းခင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းခင်းအောင်နှင့် ဗန်းတိုးသွင့်ဒေဝီ
၃။ ဆားပုလင်းခင်းအောင်နှင့် သူရိယာစန္ဒာဂိုဏ်း
၄။ ဆားပုလင်းခင်းအောင်နှင့် ဝုလဲခင်
၅။ ဆားပုလင်းခင်းအောင်နှင့် မနောသုခရွှေအိုး
၆။ ဆားပုလင်းခင်းအောင်နှင့် ထမင်းသီးဆမ်းရွှေလင်ဗန်း
၇။ ဆားပုလင်းခင်းအောင်နှင့် ခုနစ်ခင်ကြယ်စား
၈။ ဆားပုလင်းခင်းအောင်နှင့် နေမင်း၏သမီးတော်
၉။ ဆားပုလင်းခင်းအောင်နှင့် ရွှေမိုးငွေမိုး ရှာဇမြိုင်
၁၀။ ဆားပုလင်းခင်းအောင်နှင့် ဘယ်တုရင် လူစရွေးဘုး
၁၁။ ဆားပုလင်းခင်းအောင်နှင့် မိုးနတ်သူဇာရွှာပုံတော်
၁၂။ ဆားပုလင်းခင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်တောင်း
၁၃။ ရွှေချမ်းသာငွေချမ်းသာ
၁၄။ ဆားပုလင်းခင်းအောင်နှင့် ရွှေမင်းသမီး
၁၅။ လိုတရတ်ကြီးချင်
၁၆။ တစ်ကျွန်းပြန်ဘုံမှန်
၁၇။ မြည်တော်ပြန်
၁၈။ ကြာဝန်းသုံးခိုင်ထံဆိပ်တော်
၁၉။ ရွှေပြည်ကြီး
၂၀။ ပွဲတျောင်းသားမိုးတောင်း
၂၁။ ဆားပုလင်းခင်းအောင်နှင့် တော်မှဲ့နှင်းဆီ
၂၂။ ပဉ္စလက်မောင်နှမ
၂၃။ ဆားပုလင်းခင်းအောင်နှင့် လှမ်းငွေတဝေဝေ
၂၄။ နဝမမြောက်ကျမ်းစာ
၂၅။ ရွှေကိုးညီနှင့် တန်ခိုးရှင်
၂၆။ ရွှေတစ်ရစ် မြတစ်ရစ်
၂၇။ ဆားပုလင်းခင်းအောင်နှင့် နဂါးမြို့တော်


စာမျက်နှာလှန်ရန် >

www.burmeseclassic.com

www.burmeseclassic.com

၂၈။ မိုးမခရတနာသိုက်
၂၉။ မြေဝါထောင်နတ်မင်း
၃၀။ ပဥ္စမမြောက်မိုးနတ်ဓယ်
၃၁။ ရတနာကျွန်းတောရို
၃၂။ ဂုမ္ဘာဏ်တစ်ထောင်
[illegible]
၃၃။ ဆင်စွယ်နန်းရှင်

## မင်းမြတ်သူရဇာနောက်ထွက်မည့်စာအုပ်များ

- ❒ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
- ❒ ရွှေမျက်နှာသခင်မ
- ❒ မော်တန်နီ့ရှင်မ
- ❒ ပတ္တမြားသန်လျက် အစိုးမြည်တန်
- ❒ လနတ်သမီး
- ❒ လူဝင်စားကျောင်းတော်
- ❒ မဟာလူသား မောင်ဒဂါး
- ❒ မြကြာရှင်
- ❒ နတ်သမီးနဲ့ ရွှေခေါင်းလောင်း
- ❒ လင်းနို့ထောင်ကျိန်စာ
- ❒ ဆင်ဖြူရှင်
- ❒ ခေါင်းမင်းသုဓာ
- ❒ ရေပြာအိုင်နှင့် နတ်ဆေးဟမုန်း
- ❒ တစ်ကျွန်းခံ
- ❒ ဇီဝဇိုးသိုက်ဂူ

ဂုမ္ဘန်တစ်ထောင် စာအုပ်မျက်နှာဖုံးတွင် ဘီလူးခေါင်းဆောင်း၍ သဘာဝကျစွာ ပါဝင် သရုပ်ဆောင်ပေးသော ကိုပေါက်စ (ဘီလေး စာပေ) အား စေတနာစာပေမှ အထူးကျေးဇူးတင်ရှိပါသည်

မောင်ကျော်လှိုင်
(စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com

*တပ်မက်မှုအားလုံးကို*

*သိမ်းဆည်းဖို့*

*သတ်ဆိုတဲ့*

*စဉ်းတစ်လုံး*

*လိုအပ်ပါတယ်....*

(ချမ်းမြေ့သရဖီလှိုင်)

အမြဲတန်း အလိုလိုက်နေပေမဲ့

တစ်ကြိမ်တစ်ခါလောက်

အလိုမလိုက်မိတဲ့အခါ

အပြစ်လို့ မြင်တတ်ပါတယ်၊

(ချမ်းမြေ့သရဖီလှိုင်)

www.burmeseclassic.com

www.burmeseclassic.com

လိုချင်တက်မက်မှုတွေ မျှော်လင့်ချက်နဲ့ဆန္ဒတွေဟာ
ဘယ်တော့မှ ရပ်တန့်သွားတယ်မရှိဘူး
အမြဲတန်း အသစ်အသစ်တွေ
ဖြစ်ပေါ်နေဦးမှာပဲ....

(ချမ်းမြေ့သူပျော်လှိုင်)

# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ မြန်မာပြည်အထက်ပိုင်း ဟူးကောင်းလွင်ပြင်ဒေသ၏ တောစပ်တစ်နေရာတွင် လူငယ်တစ်ဦးသည် တောဆင်ရိုင်းများကို ယဉ်ပါးအောင် ချော့မြူရသော ဆော်ဘိုင်သီချင်းကို ဆွဲဆွဲငင်ငင် သီဆိုနေလေ၏။

ဆော်ဘိုင်×××ဆော်ဘိုင်လော့မိုင်ရယ်××× ဆော်ဘိုင်×××
ဆော်ဘိုင်××× လော့မိုင်ရယ်××× ဆော်ဘိုင်×××
အီကမ်××× အိနမ်××× ပတ္တိုင်ပတ္တိုင်××× ဆိုကမ်×××
ပတ္တိုင်ပတ္တိုင်×××ဆိုကမ် မနုတီ×××အီကမ် မလာဝတီ ×××
အီကမ်×××ဆော်ဘိုင်××× ဆော်ဘိုင်လော့မိုင်ရယ်×××
ဆော်ဘိုင်လော့မိုင်ရယ်×××

လူငယ်သည် ကြည်လင်ပီသသောအသံဖြင့် တစ်တောလုံးကြား

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆော်ဘိုင်သီချင်းကို အသံအနိမ့်အမြင့်ဖြင့် ဆွဲဆွဲငင်ငင် သီဆိုနေလေ၏။

ဟူးကောင်းလွင်ပြင်ဒေသသည် မြန်မာပြည်၌ တောဆင်ရိုင်း အများဆုံးတွေ့ရှိနိုင်သော ဒေသဖြစ်ပြီး တောဆင်ရိုင်းဖမ်းသူ အများအပြားရှိသောအရပ်လည်းဖြစ်၏။ ထို့ကြောင့်ပင် ဟူးကောင်းလွင်ပြင်တွင် နေထိုင်သူတိုင်း ဆော်ဘိုင်သီချင်းကို ကောင်းစွာသီဆိုတတ်၏။

ဆင်သမားတို့သည် တောဆင်ရိုင်းကို ဖမ်းမိလျှင် ဆင်ကို မလှုပ်ရှားနိုင်အောင် ကြိုးများဖြင့် ချည်နှောင်လိုက်ပြီး ဆင်၏ ရှေ့နောက်ဝဲယာနှင့် ဦးကင်းထက်တွင် အသီးသီးနေရာယူပြီး ဆော်ဘိုင်သီချင်းကို သီဆိုလေ့ရှိ၏။

ဆင်သမားများ၏ အသံအနိမ့်အမြင့်နှင့် ဆွဲဆွဲငင်ငင် သီဆိုလိုက်သော ဆော်ဘိုင်သံကိုကြားရလျှင် ဆင်ရိုင်းကြီးသည် တဖြည်းဖြည်းငြိမ်သက်သွားပြီး မျက်ရည်များ ကျဆင်းလာတတ်၏။

ထိုအချိန်တွင် ဆင်သမားများ ဆင်၏တစ်ကိုယ်လုံးကို နေရာလပ်မကျန်အောင် လက်ဖြင့် ထိတွေ့ပွတ်သပ်ပေးရ၏။

လူ၏ ထိတွေ့ပွတ်သပ်မှုများကြောင့် ဆင်နှင့် လူ တဖြည်းဖြည်း ရင်းနှီးလာလေ၏။

ထိုအခါမှပင် ဆင်ကိုယဉ်ပါးအောင် တစ်ဆင့်ပြီးတစ်ဆင့် လေ့ကျင့်ပေးရ၏။

လူငယ်သည် မြင့်မားသော တောင်စွန်းကြီးတစ်ခုပေါ်တွင် ရပ်ကာ ဆော်ဘိုင်သီချင်းကို အားပါးတရ သီဆိုပြီးနောက် အနီးတွင် ခွေထားသော ကြိုးခွေကြီးကိုယူ၍ ခပ်လှမ်းလှမ်းတွင်ရှိသော တိုင်ငုတ်





တစ်ခုကို လှမ်းပစ်လေ၏။

တိုင်ငုတ်သို့ ကြိုးကွင်းစွပ်သွားသောအခါ ပြန်ဖြုတ်၍ အနေ်မျက်နှာအသီးသီးမှ အနေအထား အမျိုးမျိုးပြောင်း၍ တိုင်ငုတ်ကို ကြိုးကွင်းပစ်သော လေ့ကျင့်ခန်းကို ပြုလုပ်လေ၏။

ထိုလေ့ကျင့်ခန်း ပြုလုပ်ပြီးသောအခါ ကြိုးကို လေထဲတွင် ဝှေ့ရမ်း၍ တိုင်ငုတ်ကို ပစ်ရန်ကြိုးစားပြန်၏။

တိုင်ငုတ်သို့ ကြိုးကွင်းစွပ်သွားသောအခါ အကြိမ်ကြိမ် ပြန်ဖြုတ်၍ ပစ်ပြန်၏။

အတန်ကြာအောင် လေ့ကျင့်ပြီးသောအခါ မြက်ခင်းပေါ်တွင် ပက်လက်လှန်ရင်း အနားယူကာ

" အင်း... မဂွေဂျစ် လေ့ကျင့်တာကတော့ သိပ်မဆိုးပါဘူး၊ ဒါပေမယ့် အဘိုးပြောဖူးသလိုပဲ၊ ငါ မဂွေဂျစ်လုပ်တဲ့အခါ ပစ်မှတ်က ငြိမ်သက်နေတာမဟုတ်ဘူး၊ ပစ်မှတ်က မငြိမ်သလို ငါကိုယ်တိုင်လဲ လှုပ်ရှားနေတာပဲလေ၊ ဒီအခါမှာ မဂွေဂျစ်ရတာ ပိုခက်ပြီပေါ့ "

ဟု တွေးတောရင်း သက်ပြင်းချလိုက်လေ၏။ လူငယ်သည် မဂွေဂျစ်ပြုလုပ်ရန် လေ့ကျင့်နေသည်ဆိုခြင်းမှာ ဆင်ကို ကြိုးကွင်းစွပ်ဖမ်းရန် လေ့ကျင့်ခြင်းကို ဆိုလို၏။ မဂွေဂျစ်မှာ ကချင်စကားဖြစ်ပြီး မဂွေ၏ အဓိပ္ပါယ်မှာ ဆင်ဖြစ်၏။

ဂျစ်မှာမူ ဖမ်းဆီးချုပ်နှောင်ခြင်းကို ဆိုလိုခြင်းဖြစ်၏။

မဂွေဂျစ်ပြုလုပ်သောအလုပ်မှာ အလွန်အန္တရာယ်များပြီး ခက်ခဲကြမ်းတမ်းလှ၏။ မဂွေဂျစ်လုပ်မည့် ဆင်ဖမ်းသမားသည် ဆင်ယဉ်ပေါ်တွင် စီးနင်း၍ လိုက်ပါရပြီး တောဆင်ရိုင်းအုပ်နှင့် တွေ့သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းချင်သော ဆင်ရိုင်း၏ဦးခေါင်းကို ကြိုးကွင်းနှင့်ပစ်ပြီး ဖမ်းရ၏။

တောဆင်ရိုင်းသည် ဦးခေါင်းကို ကြိုးကွင်းစွပ်မိသောအခါ ကြောက်လန့်တကြား ခြေဦးတည့်ရာ ဆွဲပြေးတတ်သဖြင့် ဆင်ယဉ်ပေါ်တွင် လိုက်ပါသော မင်္ဂေါ့ချစ်လုပ်သူမှာ အလွန်အန္တရာယ်များလှ၏။

ထို့ကြောင့် မင်္ဂေါ့ချစ်သမားများသည် အသက်ကို ဖက်နှင့်ထုပ်၍ လုပ်ရှားရုန်းကန်ရသူများဖြစ်၏။

ဆင်ကိုကြိုးကွင်းစွပ်ဖမ်းသော မင်္ဂေါ့ချစ်နည်းသည် အိန္ဒိယနိုင်ငံသားတို့၏ နည်းလမ်းဖြစ်၏။

လှုငယ်သည် မြက်ခင်းပေါ်တွင် အားရအောင် အနားယူပြီးနောက် မြူများဆိုင်းနေသော တောင်တန်းကြီးများကို ငေးမောကြည့်၍ နေဝင်ကာနီးနေသဖြင့် ကြိုးကွင်းကြီးကို စလွယ်သိုင်းကာ ရွာသို့ ပြန်လာခဲ့လေ၏။

ရွာအစွန်တွင် လှုငယ်၏ တဲအိမ်ကလေးရှိပြီး တဲအိမ်ကလေး၏ ပနီးမဝေးတွင် ဆင်စခန်းရှိ၏။

လှုငယ်သည် အိမ်သို့မပြန်သေးဘဲ ဆင်စခန်းသို့သွားကာ သူ၏ စွယ်စုံဆင်ကြီးကို ကြည့်ရှုလေ၏။ စွယ်စုံဆင်ကြီးသည် သူ့ကိုမြင်သောအခါ နှာမောင်းမြှောက်၍ နှုတ်ဆက်လေ၏။ ဆင်စခန်းအနီးတွင် ရွာသူရွာသားများပိုင်သောဆင်များဆို ထားရှိ၏။ ဟူးကောင်းလွှမ်ပြင်ဒေသတွင် ကျွဲနွားများ ရှားပါးလှသဖြင့် တောဆင်ရိုင်းများကို ဖမ်းဆီးပြီး ဆင်ယဉ်ဖြစ်အောင် လေ့ကျင့်ကာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် အသုံးပြုလေ့ရှိ၏။

ထိုဒေသရှိ ဒေသခံများသည် ဆင်ကို အထူးကျွမ်းကျင်စွာ မွေး



မြူနိဝ်သူများဖြစ်၏။

လှုငယ်လေးသည် စွယ်စုံဆင်ကြီးကို ကြည့်ရှုပြီးနောက် တဲအိမ်ကလေးသို့ ပြန်လာခဲ့လေ၏။

အဘိုးသည် သူ့တို့ဒေသတွင် အတော်ဆုံး ဆင်ဖမ်းသမားဖြစ်၏။
အဘိုးအသက် ခြောက်ဆယ်အရွယ်ထိ ဆင်ဖမ်းထွက်လေ့ရှိ၏။
အဘိုးသည် ဆင်ဖမ်းရာတွင် ပါရမီရှင်ဖြစ်၏။

ဆင်ကိုကြိုးကွင်းစွပ်ဖမ်းရာတွင် အတော်ဆုံးပါရမီရှင်ဖြစ်သဖြင့် မီလာရှိကာ ဦးအိုက်ပန်ဟု နာမည်သတင်းကြီး၏။

အဘိုးသည် ငယ်စဉ်ကပင် စွန့်စားသွားလာခြင်းကို ဝါသနာထုံသူဖြစ်၏။ အဘိုးသည် ဆင်ဖမ်းထွက်ရင်း အိန္ဒိယနိုင်ငံတွင် နှစ်အတော်ကြာ နေထိုင်ခဲ့ဖူး၏။ အိန္ဒိယရှိ ဆင်ဖမ်းဝိဇ္ဇာကြီးတစ်ဦးထံမှ မီလာရှိကာ ဆင်ဖမ်းနည်းကို တောင်းစွာလေ့ကျင့်သင်ကြားလာခဲ့၏။

အိမ်နီးချင်း တိဘက်နှင့် တရုတ်နိုင်ငံသို့ပင် ခရီးလှည့်လည်သွားလာဖူး၏။

အဘိုးသည် သားသမီးမရှိသောကြောင့် မိမိအား မွေးစားရန်ခေါ်ယူလာခြင်းဖြစ်၏။

လှုငယ်သည် အောက်ပြည်အောက်ရွာရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဘုန်းကြီးကျောင်းသားအဖြစ်နေထိုင်ရာမှ အဘိုးနောက်သို့ လိုက်ခဲ့၏။

အဘိုးသည် မြန်မာပြည်ထိပ်ဖျားသို့ သူ့အားခေါ်ဆောင်လာခဲ့၏။ ထိုသို့ခေါ်လာရင်း အဘိုးပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

"လူကလေး ဝေလု၊ ငါတို့အခုသွားမယ့်အရပ်ဟာ မြန်မာပြည်ရဲ့ ထိပ်ဆုံးပိုင်းကိုပဲ၊ အဲဒီအရပ်ကို ဟူးကောင်းလွင်ပြင်ဒေသလို့ ခေါ်တယ်၊ ဒီဒေသဟာ တောတောင်ထူထပ်ပြီး တောဆင်ရိုင်းတွေ သိပ်ပေါတယ်၊ မြန်မာပြည်မှာ တောဆင်ရိုင်းတွေ အများဆုံးတွေ့နိုင်တယ်လို့တောင်ဆိုနိုင်တယ်၊ ငါ့ရဲ့အလုပ်အကိုင်ကလဲ တောဆင်ရိုင်းဖမ်းတဲ့အလုပ်ပဲ၊ တောဆင်ရိုင်းဖမ်းရာမှာ ငါဟာ အကျွမ်းကျင်ဆုံးဖြစ်တဲ့အတွက် ငါ့ကို မီလာရှိကာ ဦးအိုက်ပန်လို့ ခေါ်ကြတယ်"

ဟုပြောလေရာ ဝေလုက

"မီလာရှိကာ၊ ဘာ အဓိပ္ပါယ်လဲ"

ဟု မေးမြန်းလေ၏။ အဘိုးဦးအိုက်ပန်က

"မီလာရှိကာဆိုတာ ကုလားစကားကွ၊ ကြိုးကွင်းစွပ်ဖမ်းခြင်းလို့ အဓိပ္ပါယ်ရတယ်၊ ငါဟာ ဟူးကောင်းလွင်ပြင်ဒေသမှာ အတော်ဆုံး ဆင်ဖမ်းသမားတစ်ယောက်ပဲ၊ ဆင်ကို ကြိုးကွင်းစွပ် ဖမ်းတဲ့နေရာမှာ ကျွမ်းကျင်လွန်းလို့ ငါဖမ်းတဲ့ဆင်ဟာ လွတ်ထွက်ပြေးဖူးတယ်လို့ မရှိဘူး။ ဒါကြောင့် ငါ့မှာ မီလာရှိကာ ဦးအိုက်ပန်လို့ နာမည်ကြီးတာပေါ့"

ဟုပြောကာ ဆင်ဖမ်းသမားဘဝ အတွေ့အကြုံများကို စိတ်ဝင်စားဖွယ် စီကာပတ်ကုံးပြောပြလေ၏။

ဝေလုသည် အဘိုး၏ အတွေ့အကြုံများကို နားထောင်၍ ငယ်စဉ်ဘဝကပင် ဆင်ဖမ်းရန် ဝါသနာထုံခဲ့၏။

ဟူးကောင်းလွင်ပြင်ဒေသတွင် ကချင်လူမျိုး၊ ခန္တီး၊ ရှမ်း၊ လီဆူးလူမျိုးတို့ နေထိုင်ကြ၏။

ထို့အပြင် ထိုဒေသရှိ ရွာများတွင် ကျွဲနွားများ ရှားပါးသဖြင့်





ဆင်များကို ထွန်ယက်စိုက်ပျိုးရန် အသုံးပြုကြ၏။

အဘိုးသည် ဆင်ဖမ်းသမားတစ်ဦးအဖြစ် တောရိုင်းဆင် များကို ဖမ်းဆီးရင်း ပြန်လည်ရောင်းချသူဖြစ်၏။

အဘိုးသည် ဝေလုအား ဆင်သမားတစ်ယောက်ဖြစ်ရန် ငယ်စဉ်ကပင် လေ့ကျင့်ပေးခဲ့၏။

အဘိုးက

"ဆင်သမားတစ်ယောက်ရဲ့ဘဝဟာ အလွန်ကြမ်းတမ်း ခက်ခဲတယ်၊ တောထဲမှာပဲ တစ်သက်လုံး ဆင်တွေနဲ့အတူ နေထိုင်ရတယ်၊ အသက်အန္တရာယ်လဲ သိပ်များတယ်၊ ဒါပေမယ့် ဆင်သမားဘဝကို ငါ မြတ်နိုးတယ်၊ ဆင်တွေနဲ့ နေရတာ ငါပျော်တယ်၊ ဆင်ဦးကင်းပေါ်မှာ ထိုင်လိုက်ရတဲ့ အရသာကို ကလေးဘဝကနေ့ ဒီနေ့အချိန်ထိ မရိုးနိုင်သေးဘူး"

ဟု ပြောလေရာ ဝေလုက ခေါင်းညိတ်၍

"ကျွန်တော်လဲ ဆင်တွေကို စိတ်ဝင်စားပါတယ်၊ တစ်နေ့မှာ အဘိုးလိုပဲ ဆင်ဖမ်းသမားတစ်ယောက်ဖြစ်ချင်တယ်၊ မီလာရှိကာ ဝေလုဆိုပြီး လူတွေက ခေါ်စေရမယ်"

ဟု ကတိပေးလိုက်ရာ အဘိုးသည် ဝေလု၏စကားကို နှစ်သက်သဖြင့် တဟားဟားရယ်မောခဲ့လေ၏။

အဘိုးသည် ညစာကို မြိန်ရှက်စွာစားသောက်ပြီးနောက် ထဲအိမ်ကလေးအရှေ့တွင်ထိုင်၍ ဆင်ဖမ်းထွက်သောအတွေ့အကြုံကို ပြောပြလေ၏။

"ဆင်ဖမ်းသမားရဲ့ဘဝဟာ ကြမ်းတမ်းခက်ထန်ပြီးအသက်



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်နဲ့ အတော်နီးတယ်ကွယ့်၊ ဆင်တွေဟာ ကုန်းသတ္တဝါထဲမှာ အသန်မာဆုံးပဲ၊ ဒီလိုသန်မာတဲ့ သတ္တဝါကို ကြိုးကွင်းစွပ်ဖမ်းရတာ ဘယ်လောက်အန္တရာယ်များမလဲဆိုတာ စဉ်းစားကြည့်ပေါ့၊ ကြိုးကွင်းစွပ်ခံရတဲ့ဆင်ဟာ ဒေါသတကြီးနဲ့ ခြေဦးတည့်ရာကိုပြေးတတ်တယ်၊ ဒီအခါမှာ ဆင်ဖမ်းသမားဟာ ဆင်ရိုင်းနောက်က တရှုတ်တိုက်ပါသွားပြီး ကြိုးမပြတ်အောင်လဲ ဂရုစိုက်ရတယ်၊ ကြိမ်တော၊ ဆူးတောတွေထဲ ဝင်ပြေးရင်လည်း ထပ်ကြပ်မကွာလိုက်ရတယ်၊ ဒါကြောင့် ဆင်ဖမ်းသမားတွေ ဆင်နင်းလို့သေတာလည်း မနည်းပါဘူး ''

ဟု ရှင်းလင်းပြလေ၏။ ထိုအခါ ဝေလုက စိတ်ဝင်စားစွာဖြင့်

'' ဒီလောက်သန်မာတဲ့ တောဆင်ရိုင်းကြီးတွေကို ဘယ်လိုကြိုးနဲ့ ပစ်ဖမ်းတာလဲ ''

ဟု မေးမြန်းလေ၏။ အဘိုးက ခေါင်းညိတ်၍

'' တောဆင်ရိုင်းကို ဖမ်းတဲ့ကြိုးကို 'ဆိုင်းဖန်' လို့ခေါ်တယ်၊ ပီလောပီနံလျှော်ကို ၁၂လွန်းတင် ကျစ်ထားတဲ့ ကြိုးကြီးကွ၊ သိပ်ခိုင်တယ်၊ ပေ ၅၀ လောက်ရှည်တယ်၊ ကြိုးကိုလက်နဲ့ပဲ ကျစ်ကြတယ်၊ မိုးရေစိုလို့ မရဘူး၊ မိုးရေစိုရင် ကြိုးမာသွားပြီး ပစ်လို့မကောင်းဘူး၊ ကြိုးနဲ့ဖမ်းသူဟာ ကျွမ်းကျင်ဖို့တော့ အထူးလိုအပ်တယ်၊ မကျွမ်းကျင်ရင် အသက်အန္တရာယ်သိပ်ကြီးတယ် ''

ဟုပြောလေရာ ဝေလုက စိတ်ဝင်စားလာပြီး

'' ဆင်ဖမ်းထွက်တဲ့အကြောင်း ပြောပြပါဦး၊ စိတ်ဝင်စားဖို့ကောင်းတယ် ''

ဟုမေးမြန်းလေ၏။ အဘိုးကရယ်မော၍





'' ဟား...ဟား...ဟား... မင်းဘယ်ဆိုးလို့လဲ၊ ဆင်တွေကို စိတ်ဝင်စားသားပဲ၊ ရိုးရိုးဆင်ဖမ်းထွက်တဲ့အကြောင်းကိုတော့ မပြောတော့ပါဘူးကွာ၊ ဒါပေမဲ့ အိန္ဒိယ မြန်မာနယ်စပ်တလျှောက်မှာ လှည့်လည်နေတုန်းက မဟာရာဇာကြီးတစ်ယောက်နဲ့ အလောင်းအစား လုပ်ပြီး ဆင်ဖမ်းတဲ့အကြောင်းပြောပြချင်တယ် ''

ဟုပြောလေရာ ဝေလုက စိတ်လှုပ်ရှားစွာဖြင့် ပြောပြရန် တောင်းဆိုခဲ့လေ၏။ အဘိုးက မျက်မှောင်ကြုတ်၍

'' ကြာတော့ ကြာခဲ့ပါပြီကွာ၊ အဲဒီတုန်းက ငါတို့မြန်မာပြည်ဟာ သူ့ကျွန်ဘဝရောက်တာ ၁၅နှစ် လောက်ပဲ ရှိသေးတယ်၊ နယ်ချဲ့အစိုးရကို မတော်လှန်တဲ့သူတွေရှိသလို ပြည်သူကို ညှင်းပန်းနှိပ်စက်ပြီး လူသတ်ဓားပြတိုက်နေတဲ့ တောကြောင်တွေလဲရှိတယ်၊ တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်ဆိုတော့ မြန်မာပြည်ထဲမှာ မနေချင်တာနဲ့ အိန္ဒိယဘက်ကို ဆင်ဖမ်းထွက်တဲ့လူတွေနဲ့ ငါလိုက်သွားတယ်ကွ၊ ငါတို့ ဆင်ဖမ်းအဖွဲ့မှာ အလွန်စိတ်သဘောထားညံ့ဖျင်းတဲ့ ဖိုးစိန်ဆိုတဲ့ကောင်ပါတယ်၊ သူဟာ ဆင်ဖမ်းအဖွဲ့မှာ ငါပါလာတာကို လုံးဝသဘောမကျဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ဆင်ဖမ်းပညာဟာ ငါနဲ့ယှဉ်ရင် အဆင့်အတန်း နိမ့်သလိုဖြစ်နေတယ်၊ ဆင်ဖမ်းအဖွဲ့မှာ ငါမရှိရင်တော့ သူဟာ မီလာရှိဖာ ဖိုးစိန်ဆိုပြီး လက်မထောင်နိုင်တယ်လေ၊ ဒီလိုနဲ့တစ်နေ့မှာ ဖိုးစိန်နဲ့ငါဟာ ဆင်ဖမ်းသမားတွေအတွက် ထမင်းချက်တဲ့ကိစ္စမှာ စကားများပြီး ဓားမြှောင်ကိုယ်စီထုတ်လိုက်ကြတယ်၊ သူနဲ့ငါဟာ ချောင်းကလေးတစ်ခု နံဘေးမှာ ဓားချင်းယှဉ်ထိုးကြတယ်၊ နောက်ဆုံး သူ့လက်ထဲက ဓားလွတ်ကျပြီး သူ့ကိုအသေထိုးဖို့ အခွင့်အရေးရခဲ့တယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဝါ သူ့အသက်ကို မသတ်ဘဲ ချမ်းသာပေးလိုက်တယ်၊ ပြီးတော့မှ ဆင်ဖမ်းအဖွဲ့က တစ်ယောက်တည်း လမ်းခွဲထွက်ခဲ့တယ်၊ ဒီအချိန်ကစပြီး ဝါဟာ အိန္ဒိယ နယ်စပ်တလျှောက်မှာ တစ်ကိုယ်တော် စွန့်စားခန်း ဖွင့်ခဲ့တာပေါ့။ ဝါလို စွန့်စားခန်းဖွင့်ချင်တဲ့သူတစ်ယောက်ဟာ အဲဒီနယ်တကြောမှာသောင်းကျန်းနေတဲ့ စွယ်စုံဆင်ကြီးတစ်ကောင်ကို ဖမ်းဖို့ ကိစ္စဖြစ်လာတယ်၊ အဲဒီစွယ်စုံဆင်ကြီးကို သူတို့ဒေသမှာ သောင်းကျန်းလွန်းလို့ ဘယ်ဆင်ဖမ်းသမားမှ မဖမ်းဝံ့ဘူးဖြစ်နေတယ်၊ ဆင်ကြီးကို နတ်ဘုရားတွေရဲ့ ဝိညာဉ်ဝင်ပူးနေတယ်ဆိုပြီး ဆင်ပစ်မုဆိုးတွေကလဲ မပစ်ဝံ့ဘူးဖြစ်နေတယ်၊ ဒါကြောင့် မဟာရာဇာကြီးကိုယ်တိုင်က ဆင်ကြီးကို ဖမ်းပေးနိုင်သူကို ရူပီငွေတစ်ထောင်ပေးမယ်လို့ ဆုငွေထုတ်ထားတယ်၊ ဆင်ကြီးနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ၊ ဓာတ်ပုံတွေကိုလည်း ဖော်ပြထားတယ်၊ ဆင်ကြီးဟာ အလွန်သန်မာထွားကျိုင်းပြီး ဆင်ဖမ်းမုဆိုး ၁၀ ယောက်ကျော်ကို သတ်ဖြတ်ပြီးပြီတဲ့၊ ဒီသတင်းကိုကြားတော့ ဝါဟာ စွယ်စုံဆင်ကြီးကို မရရအောင် ဖမ်းမယ်လို့ သတင်းပေးလိုက်တယ်၊ သူတို့မြို့က ဆင်ဖမ်းအဖွဲ့က လူတွေဟာ ဝါ့ကို မြန်မာပြည်က ဆင်ဖမ်းသမားဆိုပြီး အထင်သေးတယ်၊ စွယ်စုံဆင်ကြီးထိုးသတ်လို့ သေမယ့်ကောင်ဆိုပြီး သနားကရုဏာ သက်နေကြတယ်၊ ဝါဟာ ကုလားစကားကို ကောင်းကောင်းတတ်ထားတော့ စွယ်စုံဆင်ကြီးရဲ့ အပြုအမူတွေကို သူတို့မြို့က ဆင်ဖမ်းအဖွဲ့မှာ လေ့လာရတယ်၊ စွယ်စုံ ဆင်ကြီးအကြောင်းကို သတင်းစာတွေထဲမှာ ပလူပျံအောင်ရေးတယ်၊ ဗြိတိသျှတွေက ဆင်ပစ်မုဆိုးတွေခေါ်ပြီး စွယ်စုံဆင်ကြီးကို သတ်ပစ်ချင်ကြတယ်၊ ဒါပေမယ့် ဒေသခံတွေက





စွယ်စုံဆင်ကြီးဟာ နတ်ဘုရားတွေရဲ့ ဝိညာဉ် ပူးကပ်နေတယ်ဆိုပြီး မသတ်စေချင်ဘူး၊ အင်္ဂလိပ်အစိုးရကလဲ တိုင်းရင်းသားတွေနဲ့ ပြဿနာမဖြစ်ချင်တော့ ရုတ်တရက် ဆင်ကြီးကို မသတ်ဝံ့ဘူး ''

ဟုပြောရင်း အာခြောက်ဟန်ဖြင့် ရေနွေးကြမ်းတစ်ခွက်ကို သောက်လေ၏။ ပြီးမှ အဘိုးက ဆက်လက်၍

'' ဆင်ကြီးရဲ့ အပြုအမူတွေကို လေ့လာကြည့်တော့ ဆင်ကြီးဟာ သန်မာထွားကျိုင်းရုံမကဘူး၊ ဉာဏ်ရည်ဉာဏ်သွေး အလွန်ကောင်းတာကို သတိပြုမိတယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် လူနဲ့ဆင် ဉာဏ်ရည်ချင်းယှဉ်ရင် လူကပဲသာရမယ်ဆိုပြီး ဆင်ကြီးကို မရမက ဖမ်းဖို့ဆုံးဖြတ်လိုက်တယ်၊ ဒါကြောင့် ဆင်ကြီးကိုဖမ်းဖို့ ဆိုင်းဗန်ကြိုးကို ဝါကိုယ်တိုင် ပိလောပိန်လျှော်နဲ့ ၁၂ လွန်းတင်ကျစ်တယ်၊ စိတ်တိုင်းကျကြိုးကျစ်ပြီးတော့ စွယ်စုံဆင်ကြီးကို လိုက်ဖို့ ဆင်ယဉ်ရှာတဲ့အခါ အခက်အခဲ ဖြစ်တော့တာပဲ၊ သူတို့မြို့မှာရှိတဲ့ ဆင်ယဉ်ဝှုဂီးတွေဟာ စွယ်စုံဆင်ကြီးကို မယှဉ်သာဘူးဖြစ်နေတယ်၊ စွယ်စုံဆင်ကြီးဟာ အင်အားကြီးလွန်းလို့ ကြိုးချင်းယှဉ်ဆွဲရင် ဆင်ယဉ်ဝှုဂီးတွေ လည်ပင်းအစ်ရင်အစ်၊ မအစ်ရင် ကြိုးပြတ်ဖို့ပဲ ရှိတယ်၊ ဒီလိုနဲ့ ဝါဟာ ဆင်ရှာရင်း အခက်တွေ့နေတုန်း၊ မဟာရာဇာကြီးရဲ့ သမီးတော်ပိုင်တဲ့ ဝှုဂီကြီးကို သွားတွေ့တယ်၊ ဒီဆင်ကြီးဟာ အလွန်သန်မာတောင့်တင်းတာမို့ သမီးတော်ရဲ့ ဆင်ကိုသာရမယ်ဆိုရင် စွယ်စုံဆင်ကြီးကို ဖမ်းဝံ့ပါတယ်၊ ဒါကြောင့် ဆင်ဖမ်းအဖွဲ့က လူတွေကို ဒီအကြောင်းကိုပြောပြတော့ သူတို့အားလုံး ထိတ်လန့်သွားတယ်၊ မဟာရာဇာရဲ့ သမီးတော်ဟာ သူ့ရဲ့ဆင်ကြီးကို အလွန်ချစ်တယ်၊ ဝှုဂီအဖြစ်သုံးဖို့ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



**အခင်းဖြစ်ရာမှာမထုတ်ဘူး** သူတို့မပြောရဲဘူးလို့ဆိုကြတယ်၊ ဒါပေမယ့် **အဲဒီအကောင်ချင်းတော့** ငါ့ဟာ သမီးတော်ရဲ့ဆင်ကို ဝူဂီအဖြစ် သုံးဖို့ **အခွင့်အရေးရခဲ့**တယ်၊ သမီးတော်ဟာ သူ့ရဲ့ဆင်ကြီးနဲ့ နွေရာသီ **စံနန်း**ဆောင်ကိုအသွားမှာ စွယ်စုံဆင်ကြီးရဲ့ နောင့်ယှက်မှုကို ခံလိုက်**ရတယ်**၊ သမီးတော်ရဲ့လက်အောက်ငယ်သားတစ်ဦး ဆင်နင်းခံလိုက်ရတယ်၊ ဒီတော့မှ သမီးတော်က သူ့ရဲ့ဆင်ကြီးကို ဝူဂီလုပ်ဖို့ သဘောတူတယ်၊ ဒါပေမယ့် ဝူဂီလုပ်ရင်း ဆင်ကို အနာတရဖြစ်သွားရင် ငါ့ကို ဆုငွေအဖြစ်ပေးမယ်၊ ရူပီငွေတစ်ထောင်ကို သိမ်းယူမယ်လို့လဲ သဘောတူညီခဲ့တယ်၊ ငါဟာ ပိုက်ဆံမမက်ဘူး၊ စွန့်စားမှုကိုပဲ မက်တဲ့ သူဆိုတော့ ငွေတစ်ထောင်ကို မလိုချင်ပါဘူး၊ ငါဟာ ဆင်ကိုဖမ်းဖို့ အကောင်းဆုံး ဆိုင်းဖန်ကြိုးကိုလဲ ကိုယ်တိုင်ကျစ်ပြီးပြီ၊ ဆင်ယဉ်ဝူဂီကိုလည်း ရပြီဆိုတော့ ဆင်နောက်လိုက် မိုင်အွပ်တစ်ယောက်လိုပြန်တယ်၊ ဆင်ဖမ်းထွက်တဲ့အခါ ဆင်ယဉ်ဝူဂီပေါ်မှာ လည်ဂုတ်မှာစီးတဲ့ သူကို ဖန်ဒီးလို့ခေါ်ပြီး အမြီးမှာလိုက်တဲ့သူကိုတော့ မိုင်အုပ်လို့ ခေါ်တယ်၊ ဖန်ဒီးနေရာမှာ ငါကိုယ်တိုင် လိုက်မှာဆိုတော့ မိုင်အုပ်နေရာမှာ လိုက်မယ့် လူရှာတော့ ငါနဲ့ဘယ်သူမှ မလိုက်ဝံ့ဘူး၊ တောဆင်ကို ကြိုးနဲ့ပစ်ဖမ်းပြီးလိုက်တဲ့အခါ တောဆင်က ကြိမ်တော ဆူးတောထဲကို ကြောက်လန့်တကြားဝင်ပြေးတာဆိုတော့ ရှေ့ကလိုက်တဲ့ ဖန်ဒီးနဲ့ နောက်ကလိုက်တဲ့ မိုင်အွပ်ဟာ သိပ်အန္တရာယ်များတယ်၊ သစ်ပင်တွေ၊ ဆူးတောတွေနဲ့ငြိပြီး ကိုယ်ခန္ဓာ စိစိညက်ညက် ကျေသွားနိုင်တယ်၊ ဆင်တွေရဲ့ပြေးနှုန်းက ကားတစ်စီးလောက်ကိုမြန်တယ်၊ အရှိန်နဲ့ ပြေးနေတဲ့ဆင်က သစ်ပင်တွေ၊ ကြိမ်တော၊ ဆူးတောတွေကို ဂရုမစိုက်ဘူး၊ ဆင်တွေရဲ့ခန္ဓာကိုယ်ဟာ





သိပ်မာပြီး အရေပြားဟာ အင်မတန်ထူတယ်၊ ဆင်ပေါ်မှာလိုက်ပါလာတဲ့ လူဟာ ဆင်ပေါ်ကမကျအောင် ထိန်းရုံနဲ့မရဘူး၊ တစ်ခါတစ်ရံ သစ်ပင်ကြီးတွေနဲ့ ပွတ်တိုက်မိမှာ စိုးလို့ ဆင်ရဲ့ဝမ်းဗိုက်အောက်၊ နားရွက်နောက်တွေမှာ ပုန်းကွယ်ပြီး လိုက်ရတယ် ''

ဟုပြောလေရာ ဝေလုက စိတ်လှုပ်ရှားစွာဖြင့်

'' အသက်အန္တရာယ်တော့ သိပ်ရှိတဲ့အလုပ်ပဲ ''

ဟုပြောလေ၏။ အဘိုးက ရေနွေးကြမ်းကို ငုံ့သောက်ရင်း

'' ရှိတာပေါ့ကွာ၊ အရှိန်နဲ့ပြေးတဲ့ ဆင်နောက်ကလိမ့်ကျပြီး ဆင်နင်းခံရတဲ့ ဖန်ဒီးတွေ၊ မိုင်အုပ်တွေ မနည်းဘူး၊ ဆင်က သစ်ပင်နဲ့ ရိုက်ချလို့ ပြုတ်ကျပြီး သေတဲ့လူတွေ၊ ဆင်နဲ့ သစ်ပင်နဲ့ကြားမှာညှပ်ပြီး တစ်ကိုယ်လုံး စိစိညက်ညက်ကျေတဲ့သူတွေ အများကြီးရှိတယ်၊ တစ်ခါက ကရင်ပြည်နယ်ဘက်က ဆင်ဖမ်းသမားတစ်ယောက်ဟာ တို့ဒေသမှာ ဆင်ဖမ်းထွက်ရင်း သစ်ကိုင်းနဲ့ ရိုက်မိလို့ ခေါင်းပြတ်ပြီး ခန္ဓာကိုယ်ပဲ ဆင်နောက်ပါသွားတာ ကြုံဖူးတယ်၊ အချို့ကံကောင်းလို့ မသေရင်တောင်မှ တစ်သက်လုံး ဒုက္ခိတဘဝနဲ့ အရိုးထုတ်သွားခဲ့ရတယ် ''

ဟုပြောလေရာ ဝေလုက သက်ပြင်းချ၍

'' ဒီလောက် အန္တရာယ်များတဲ့အလုပ်ကို လူတွေက မက်မက်မောမော လုပ်ချင်ကြတယ်နော် ''

ဟုပြောလေ၏။ အဘိုးက ခေါင်းညိတ်၍

'' စွန့်စားမှုကို လိုချင်လို့ပေါ့ကွာ၊ လူဟာ စွန့်စားခြင်းရဲ့ ရင်ခုန်မှုကို သဘောကျတတ်တဲ့ သတ္တဝါကွ၊ လောင်းကစားဝါသနာအိုးတွေဟာ ငွေတွေအများကြီးသုံးပြီး လောင်းကစားကြတာဟာ ငွေရ



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ လောဘသက်သက်ကြောင့် မဟုတ်ဘူး။ ရင်ခုန်မှုကို လိုချင်လို့ကွ၊ အိန္ဒိယမှာ စွယ်စုံဆင်ကြီးကို စွန့်စွန့်စားစား ဖမ်းရတဲ့အကြောင်းကို ပြောရဦးမယ်၊ ငါဟာ ဆင်နောက်လိုက် မိုင်အွှပ်မရလို့ တစ်ယောက်တည်း ဆင်ဖမ်းထွက်ရမလိုဖြစ်နေတယ်၊ အန္တရာယ် အလွန်ပေးနိုင်တဲ့ ဒီလိုစွယ်စုံဆင်မျိုးကို မိုင်အွှပ်မပါဘဲ ဆင်ဖမ်းထွက်ဖို့ အတော်ခက်တယ်၊ ဆင်ပေါ်မှာပါတဲ့ ဆင်နောက်လိုက်မိုင်အွှပ်ဟာ ဆင်ရှေ့မှာ ထိုင်တဲ့ ဖန်ဒီးကို အကူအညီ အများကြီးပေးနိုင်တယ်၊ နောက်ဆုံးတော့ မိုင်အွှပ်မပါဘဲ ဆင်ဖမ်းထွက်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ဆင်ဖမ်းထွက်ဖို့ ပူဂိဆင်နဲ့ မြို့ထဲက ထွက်တဲ့နေ့ကို ဒီနေ့အထိ မြင်ယောင်သေးတယ်ကွာ၊ တစ်မြို့လုံးက ဆင်တွေ ငါ့နောက်ကို လိုက်ပို့ကြတယ်၊ လမ်းခရီး တလျှောက်လုံး အတီးအမှုတ် အကအခုန်တွေနဲ့ ဂုဏ်ပြုကြတယ်၊ ပူဂီဆင်ကြီးသွားမယ့်လမ်းမှာ ပန်းတွေခင်းပြီး အိန္ဒိယပျိုဖြူလေးတွေက ကခုန်ကြတယ်၊ အဲဒီတုန်းက ငါဟာ သူတို့ဒေသရဲ့ တကယ့် သူရဲကောင်းပါပဲ၊ တောထဲကိုရောက်တော့ ပါလာတဲ့ရိက္ခာလေးနဲ့ စားသောက်ပြီး စွယ်စုံဆင်ကြီးကို ရှာဖွေရတယ်၊ တောထဲမှာ ဆင်အော်သံကို တစ်ဖာလုံ အကွာလောက်က ကြားရတတ်တယ်၊ ဒါပေမဲ့ နှစ်ရက်လောက်ကြာတဲ့အထိ အလွန်ဆိုးသွမ်းတဲ့ စွယ်စုံ ဆင်ကြီးကို မတွေ့ဘူး၊ ဆင်ဟာ အုပ်စုလိုက်နေတတ်ပေမယ့် စွယ်စုံဆင်ကြီးကတော့ တစ်ကိုယ်တော်နေပုံရတယ် ''

ဟုပြောလေရာ ဝေလုက စိတ်ဝင်စားစွာဖြင့်

'' ဒါဆိုရင် ဆင်ကြီးကို ဘယ်နေ့မှ ခြေရာခံမိတာလဲ ''

ဟု မေးမြန်းလေ၏။ အဘိုးက





'' သုံးရက်မြောက်နေ့အထိ ခြေရာခံမရသေးဘူးကွ၊ သာမန်ဆင်အုပ်ဆိုရင်တော့ ဆင်တွေဟာ မိုးချုပ်စအချိန်နဲ့ မိုးလင်းစအချိန်တွေမှာ အသံပြုလေ့ရှိတယ်၊ စားကျက်ကိုသွားတဲ့အချိန်နဲ့ ရေသောက်ဆင်းချိန်တွေမှာ ဆင်မကြီးတွေဟာ ဆင်ငယ်လေးတွေကို အသံပြုပြီး ထိန်းကျောင်းခေါ်ယူတယ်၊ ဆင်ပေါက်လေးတွေကလဲ အသံပြုပြီး ဆင်မကြီးတွေကို တုံ့ပြန်တတ်တယ်၊ ဒါပေမယ့် ငါ အခုဖမ်းတဲ့ စွယ်စုံဆင်ကြီးကတော့ တစ်ကိုယ်တော်ဆိုတော့ သူ့ကို အသံနားထောင်ရမှာခက်တယ်၊ ဒါကြောင့် ခြေရာခံတဲ့နည်းကိုပဲ သုံးရတယ်၊ တောထဲမှာ ဆင်သွားတတ် တဲ့နေရာတွေကို ခြေရာခံရတာ မခက်ပါဘူး၊ ငှက်ပျောတောတွေကို ဆင်သိပ်ကြိုက်တော့ ငှက်ပျောတောရှိတဲ့နေရာကို ရှာဖွေပြီး စောင့်ဖမ်းရင်တော့ ရနိုင်တယ်၊ ဒါပေမယ့် ငှက်ပျောတောရှိတဲ့နေရာဟာ တောင်ကုန်းတောင်တန်းထူထပ်တော့ စွယ်စုံဆင်ကိုတွေ့ ရင်ကြိုးကွင်းစွပ်ဖမ်းဖို့ ခက်တယ်၊ ဒါကြောင့် ငါဟာ မြေပြန့်လွင်ပြင်တပိုက်မှာပဲ တစ်ပတ်လောက် အချိန်ကုန်နေရတယ်၊ ပါလာတဲ့ရိက္ခာတွေကို နည်းနည်းစီမျှဝေပြီး စားသောက်ရတယ်ကွ၊ ဒီလိုနဲ့ တစ်ပတ်ပြည့်တဲ့နေ့မှာ မမျှော်လင့်ဘဲ တောထဲမှာ ဆာဒူးကြီးတစ်ပါးနဲ့ သွားတွေ့တယ်၊ ဆာဒူးကြီးဟာ သူတော်စင်ကြီးမှန်းသိလို့ ပါလာတဲ့ ရိက္ခာပစ္စည်းလေးတွေ ငါသွားလှူတယ်၊ ဒီတော့ ဆာဒူးကြီးက မိလာရှိကာအလုပ်ကို မလုပ်ပါနဲ့၊ လက်လျှော့ပြီးပြန်ပါ၊ ဆင်ကြီးဟာ သူ့လမ်းသူသွားဖို့ အချိန်ရောက်ပါပြီ၊ ကျွန်ုပ်စကားကို နားမထောင်ရင် သင်ဟာ ဆိုးဝါးတဲ့ ကံကြမ္မာနဲ့ တွေ့လိမ့်မယ်လို့ ပြောတယ်၊ ဒါပေမယ့် ငါဟာ ဆာဒူးကြီးစကားကို နားမထောင်ဘဲ ဆင်ကြီးကို တောထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လှည့်လည်ပြီး ရှာဖွေခဲ့တယ်၊ နောက်တစ်ရက် တောထဲမှာ လှည့်လည်တော့ စွယ်စုံဆင်ကြီးရဲ့ ခြေရာကိုတွေ့တော့ နောက်ယောင်ခံပြီး လိုက်ခဲ့တယ်၊ အဲဒီနေ့ညမှာပဲ လွင်ပြင်ကြီး တစ်ခုမှာ စွယ်စုံဆင်ကြီးနဲ့ ဝံ့ရဲ့ဂူဂီကြီးဟာ ထိပ်တိုက်သွားတွေ့တယ်၊ စွယ်စုံဆင်ကြီးကို အနီးကပ်မြင်ရမှ ငါထင်တာထက် ပိုကြီးမားမှန်း သိရတယ်၊ ငါဟာ သစ်ပင်ကြီးစွာထားပြီး ဆင်ကြီးနောက်က ဘေးချင်းယှဉ်လိုက်ပြီး ကြိုးကွင်းပစ်ဖမ်းဖို့ ကြိုးစားတယ်၊ ဒီအခါမှာ ထူးခြားမှုတစ်ခုကို ကြုံရတယ်၊ ဟိုးအရင်တောဆင်ရိုင်းတွေကို ဖမ်းတဲ့အခါ ဆင်ယဉ်ဂူဂီတွေနဲ့ လိုက်တဲ့အခါ တစ်ရှိန်ထိုးထွက်ပြေးကြတာများတယ်၊ ဒါပေမယ့် စွယ်စုံဆင်ကြီးကတော့ ထွက်မပြေးဘဲ ဝံ့ရဲ့အရိပ်အကဲကိုကြည့်နေတယ်၊ ငါက ကြိုးကွင်းပစ်ပြီး ဖမ်းဖို့ကြိုးစားတဲ့အခါ ဉာဏ်ရှိတဲ့လူတစ်ယောက်လို ကြိုးကွင်းကို နှာမောင်းနဲ့ ရိုက်ဖယ်ပစ်လိုက်တယ်၊ မထင်မှတ်ထားတဲ့ တုံ့ပြန်မှုနဲ့တွေ့လို့ ငါဟာ အလွန်အံ့သြသွားတယ်၊ သူဟာ အတော် ဉာဏ်ရည် ဉာဏ်သွေးကောင်းတဲ့ သတ္တဝါတစ်ကောင်ဖြစ်နေတယ်၊ စွယ်စုံဆင်ကြီးဟာ ဝံ့ရဲ့ကြိုးကွင်းကို နှာမောင်းနဲ့ နှစ်ကြိမ်ရိုက်ဖယ်ပြီးတာနဲ့ ကြိုးကွင်းပစ်ခွင့်မပေးတော့ဘဲ ဝံ့ကို တိုက်ခိုက်ဖို့ပြေးလာတယ်၊ ဂူဂီဆင်ပေါ်မှာ လိုက်လာတဲ့ဝံ့ကို နှာမောင်းနဲ့ ဆွဲချဖို့ ကြိုးစားတယ်၊ ငါဟာ သူ့ရဲ့ နှာမောင်းကို လှံတိုနဲ့ ရိုက်ဖယ်ပြီး အသေအလဲ ရှောင်တိမ်းရတယ် ''

ဟုပြောလေရာ ဝေလုက အသက်ကိုပင် ရဲရဲမရှူဝံ့ဘဲ

'' တကယ့် သက်စွန့်ဆံဖျားပါလား ''

ဟု ရေရွတ်လေ၏။

အဘိုးက ခေါင်းညိတ်၍





'' တော်ရုံဆင်ဖမ်းသမားဆိုရင်တော့ ကြိုးကွင်းအပစ်မခံဘဲ ဆင်ပေါ်က နှာမောင်းနဲ့ ရိုက်ချတာနဲ့တင် ရှုံးနိမ့်လောက်ပြီ၊ မြေကြီးပေါ်ကျပြီဆိုတာနဲ့ သူနင်းတာကိုခံရမှာပဲ၊ အဲဒီအချိန်မှာ ဝံ့ရဲ့ဂူဂီကြီးက အလွန်အသုံးဝင်တဲ့ ဂူဂီကြီးဖြစ်နေတယ်၊ ဒီကောင်ကြီးကလဲ မဟာရာဇာ သမီးတော်ရဲ့ ဆင်ယဉ်ကြီးပီပီ အရည်အချင်းသိပ်ရှိတယ်၊ ဂူဂီကြီးဟာ စွယ်စုံဆင်ကြီးနဲ့ တစ်ကြိမ်ဆုံဖူးတယ်ဆိုတော့ ဒီကောင်ကြီးရဲ့ အမူအကျင့်တွေကို သိနေတာလဲပါတယ်၊ ဒါကြောင့် စွယ်စုံဆင်ကြီးကို အကပ်မခံဘဲ အစွယ်နဲ့ ထိုးလွှတ်တယ်၊ ဒီတော့ စွယ်စုံဆင်ကြီးဟာ ဝံ့ကို နှာမောင်းနဲ့ မရိုက်နိုင်တော့ဘဲ ဂူဂီကြီးနဲ့ အစွယ်ချင်းယှဉ်ထိုးပြီး ပြန်လည်တိုက်ခိုက်ရပြန်တယ်၊ ဒီအခါမှာလဲ ငါကံကောင်းတာက ငါစီးလာတဲ့ ဂူဂီကြီးဟာ အိန္ဒိယမှာ အကောင်း ဆုံးဆင်ကြီးဖြစ်နေတယ်၊ ခွန်အားလဲသန်မာတယ်၊ တော်ရုံဂူဂီတွေ ဆိုရင်တော့ စွယ်စုံဆင်ကြီးနဲ့ အစွယ်ချင်းယှဉ်ထိုးလို့ ဘယ်ရမလဲ၊ သူတို့နှစ်ကောင်စလုံးဟာ စွယ်စုံဆင်ကြီးတွေဖြစ်နေတယ်ဆိုတော့ ခွန်အားချင်းညီမျှနေတယ်၊ ဒါကြောင့် တစ်ကောင်နဲ့တစ်ကောင် အပြင်းအထန်တိုက်ခိုက်ကြတယ်၊ ငါဟာ အတွေ့အကြုံများတဲ့ ဆင်သမား တစ်ယောက်ဆိုတော့ ဆင်တွေရဲ့ တိုက်ပွဲအမျိုးမျိုးကို မြင်တွေ့ဖူးပါတယ်၊ ဒါပေမယ့် စွယ်စုံဆင်ကြီးနှစ်ကောင်ရဲ့ တိုက်ပွဲလောက် ပြင်းထန်တာ မတွေ့ဖူးဘူး၊ သူတို့ရဲ့တိုက်ပွဲဟာ ပြင်းထန်ပေမယ့် ဝရန်းသုန်းကား တိုက်ခိုက်တဲ့ပွဲမဟုတ်ဘူး၊ ဆင်နှစ်ကောင်စလုံးဟာ မကြုံဖူးအောင် ဉာဏ်ရည် ဉာဏ်သွေးကောင်းတဲ့ကောင်တွေဆိုတော့ အစွယ်ချင်းယှဉ်ထိုးတာတောင် တစ်ဦးကိုတစ်ဦး အကွက်ချောင်းပြီး ထိုးနှက်ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်တဲ့ သိုင်းသမားနှစ်ယောက် ဓားချင်းယှဉ်ခုတ်နေသလိုပါပဲကွာ၊ ဝူဂီဆင်ကြီးဟာ ခွန်အားသန်မာသလို လိမ္မာပါးနပ်ရှံမကာဘူး၊ ငါကလဲ မိလာရှိကာ အိုက်ပန်ဆိုပြီး ဆင်ဖမ်း ဝိဇ္ဇာကြီးဖြစ်နေတဲ့လူဆိုတော့ နောက်ဆုံးမှာ ငါ့ရဲ့ကြိုးကွင်းနဲ့ ပစ်ဖမ်း ခြင်းကို စွယ်စုံဆင်ကြီးခံလိုက်ရတယ် ''

ဟုပြောလေရာ ဝေလုက သက်ပြင်းချ၍

'' ဒီလို အင်မတန်ဆိုးသွမ်းတဲ့ စွယ်စုံဆင်ကြီးကို မပြောနဲ့ တော်ရုံဆင်ကို ကြိုးကွင်းစွပ်ဖမ်းဖို့ဆိုတာ မလွယ်ဘူးနော် ''

ဟုပြောလေ၏။ အဘိုးက ခေါင်းညိတ်၍

'' ဒါကြောင့် မင်းကို ငါ့ရဲ့ခြေရာနင်းနိုင်အောင် ကြိုးပစ်နည်းကို လေ့ကျင့်ခိုင်းနေတာပေါ့၊ သာမန်ဆင်ရိုင်းတွေဆိုရင်တော့ ဆင်ရိုင်း နောက်ကို ဆင်ယဉ်နဲ့ပြေးလိုက်ပြီး မီလာတဲ့အခါ ဦးခေါင်းပေါ်ကို ကြိုးကွင်းပစ်တင်ပေးလိုက်တယ်၊ ဆင်ရိုင်းဟာ အန္တရာယ်နဲ့တွေ့တဲ့ အတွက် ပြေးလွှားတဲ့အခါ နှာမောင်းကို ခွေလိပ်ထားတတ်တယ်၊ ဒီလိုနဲ့ ဦးခေါင်းပေါ်ကို ကြိုးကွင်းစွပ်ကျလာတဲ့အတွက် ကာကွယ်တဲ့ အနေနဲ့ ကြိုးကွင်းကို နှာမောင်းနဲ့ ဖယ်ရှားလိုက်တာနဲ့ ကြိုးကွင်းက လည်ပင်းကို စွပ်ပြီးသား ဖြစ်သွားတာပေါ့၊ ကျွမ်းကျင်တဲ့ ဖန်ဒီး တစ်ယောက်ဟာ ကြိုးကွင်းပစ်ပြီးရင် ဆင်ရိုင်းဟာ လွတ်ခဲပါတယ်၊ ဒီလိုနဲ့ စွယ်စုံ ဆင်ရိုင်း ကြီးကို ကြိုးကွင်းစွပ်ဖမ်းမိတဲ့အခါ ဆင်ကြီးဟာ သူအရေးနိမ့်ပြီဆိုတာ သိတာနဲ့ အလွန်လျင်မြန်တဲ့ အရှိန်နှုန်းနဲ့ပြေးတော့တာပါပဲ၊ စွယ်စုံ ဆင်ကြီးပြေးပြီဆိုတာနဲ့ ငါဟာ ဝူဂီကြီးနဲ့ အမီလိုက်ရတယ်၊ ဒါပေမယ့် စွယ်စုံဆင်ကြီးဟာ မြန်လွန်းလို့ ဝူဂီကြီး ရုတ်တရက် မီအောင်မလိုက်





နိုင်ဘူး၊ ကြိုးဟာ တင်းခနဲ ဖြစ်သွားတယ်၊ ဒီအချိန်မျိုးမှာ ဆင်ရိုင်းနဲ့ ဆင်ယဉ် အားပြိုင်တဲ့ပွဲ၊ ဆင်ရိုင်းက အားသန်ရင် ဆင်ယဉ်မခံနိုင်ဘူး၊ ဒါပေမယ့် ဝူဂီကြီးဟာ မဟာရာဇာရဲ့ ဆင်တော်ကြီးဆိုတော့ နယ်နယ် ရရမဟုတ်ဘူး၊ ဆင်ရိုင်းကြီးကို အားချင်းယှဉ်နိုင်တယ်၊ ရိုးရိုးဆင်ရိုင်း ဆိုရင်တော့ နှစ်ဖာလုံလောက် ပြေးပြီးရင် တဖြည်းဖြည်းမောလာတယ်၊ ဒီတော့မှ ဆင်နှစ်ကောင်ကြားမှာရှိတဲ့ကြိုးကို တဖြည်းဖြည်းစုစည်းပြီး ဆင်နှစ်ကောင်ကိုနီးအောင် လုပ်ရတယ်၊ ဆင်ချင်းကပ်မိပြီဆိုတော့မှ တောဆင်ရိုင်းကိုတွဲပြီး စခန်းကို ခေါ်ရတယ်၊ ဒါပေမယ် ငါအခုဖမ်းတဲ့ စွယ်စုံဆင်ကြီးကတော့ နယ်နယ်ရရမဟုတ်ဘူး၊ ဆင်ဖမ်းသမား ၁၀ ယောက်လောက်ကို သတ်ဖူးတဲ့သူပဲ၊ သူဟာ လွင်ပြင်ကျယ်ကြီးမှာ အလွန်မြန်တဲ့အရှိန်နဲ့ နှစ်ဖာလုံလောက် ပြေးနေပေမယ့် မောပန်းတာ မတွေ့ရဘူး၊ ပြေးလို့ မလွတ်မှန်းသိတော့ ငါ့ကို ဆင်ပေါ်ကပြုတ်ကျ အောင် သစ်ပင်ဝါးပင်တွေ၊ ကြိမ်တော၊ ဆူးတောတွေ ရှိတဲ့ဘက်ကို ဦးတည်ပြေးတယ်၊ အဲဒီတုန်းက အဖြစ်အပျက်ကို ငါ့ဘဝမှာ မမေ့နိုင် အောင်ပဲ၊ အလွန်လျှင်မြန်တဲ့ အရှိန်နဲ့ပြေးလွှားနေတဲ့ ဆင်ကြီးပေါ်က မကျအောင် ထိန်းရတဲ့အပြင် ရိပ်ခနဲမြင်ရတဲ့ သစ်ပင်ကြီးတွေရဲ့ ပင်စည်တွေ၊ သစ်ကိုင်းတွေ ဝါးပင်တွေနဲ့ မတိုက်မိအောင် ဆင်ပေါ်မှာ လှည့်ပတ်ပြီး ရှောင်တိမ်းနေရတယ်၊ ရှောင်တိမ်းရင်း ဆင်ရဲ့ဝမ်းဗိုက် အောက်ကိုတောင်ရောက်သွားပြီး မြေကြီးကို ထိလုနီးပါးပြုတ်ကျသွား ဖူးတယ်၊ ဝူဂီကြီးရဲ့ဝမ်းဗိုက်အောက်မှာ ချည်ထားတဲ့ကြိုးကို အချိန်မီ ဆွဲလိုက်နိုင်လို့ပေါ့၊ တစ်ချိုမှာလဲ ကြိုးဟာ သစ်ပင်ရဲ့ပင်စည်နဲ့ခံနေလို့ ဝူဂီကြီးကို နောက်ဆုတ်ပြီး ကြိုးကို အလျော့ပေးလိုက်ရတယ်၊ ဒီလိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝူဂီကြီးနဲ့ စွယ်စုံဆင်ကြီး အားပြိုင်တာ တစ်နေကုန်သွားတယ်၊ ညနေစောင်းတဲ့ အခါမှာ ဆင်နှစ်ကောင်လုံးအားကုန်နေပြီး ဒဏ်ရာဒဏ်ချက်တွေလဲ အများကြီးရနေပြီ၊ ဒါပေမယ့် ဆင်ရိုင်းကြီးကတော့ အားမလျော့သေးဘူး၊ ထွက်ပြေးဖို့ ကြံစည်နေတုန်းပဲ ''

ဟုပြောလေရာ ဝေလုက

'' ဝူဂီကြီးလဲမောပြီး ပင်ပန်းနေမှာပေါ့ ''

ဟု ရေရွတ်လေ၏။ အဘိုးက

'' ဝူဂီကြီးဟာ အသက်ထွက်လုမတတ် ပင်ပန်းနေပြီ။ ဒါပေမယ့် ဆင်ရိုင်းကြီးကတော့ မောလို့အသက်သာ အသေခံမယ်၊ အဖမ်းမခံဘူးဆိုတဲ့ မာန်မျိုးရှိပုံရတယ်၊ ဒီလိုနဲ့ ဆင်ကြီးနှစ်ကောင်ဟာ ဆွဲလိုက်ပြေးလိုက်နဲ့ စမ်းချောင်းလေးတစ်ခုကို ရောက်သွားတယ်၊ စမ်းချောင်းကလေးမှာ လိုဏ်ဂူလေးတစ်လုံးကို တွေ့ရတယ်၊ လိုဏ်ဂူရဲ့ အဝမှာ ငါနဲ့တောထဲမှာ တွေ့ဖူးတဲ့ ဆာဒူးကြီးနဲ့ပြန်ဆုံတယ်၊ ဆာဒူးကြီးဟာ ငါ့ကိုကြည့်ပြီး၊ မင်းဟာ မိုက်မဲသူတစ်ယောက်ပဲ၊ ကျွန်ုပ်ရဲ့ စကားကို နားမထောင်တဲ့အတွက် နောက်နှစ်ပေါင်း ၂၀ ပြည့်တဲ့နေ့မှာ ဆိုးဝါးတဲ့ကံကြမ္မာနဲ့ ကြုံတွေ့ရမယ်လို့ ပြောတယ်၊ ပြီးတော့ ဆင်ရိုင်းကြီးကိုကြည့်ပြီးတော့ သင်ဟာ ကျိန်စာသင့်နေတဲ့ တိရစ္ဆာန်ပဲ၊ ဆက်ပြေးဖို့ မကြိုးစားပါနဲ့တော့၊ သင်ပြေးလဲဘာမှမထူးတော့ပါဘူး၊ သင့်ရဲ့ နောက်ဆုံးအချိန် ရောက်နေပြီလို့ တိုးတိုးပြောလိုက်တယ်၊ ဒီအခါမှာ ဆင်ရိုင်းကြီးဟာ အလွန်ကျယ်လောင်တဲ့အသံကြီးနဲ့ အော်ဟစ်လိုက်ပြီး မျက်လုံးထဲမှာ မျက်ရည်တွေ တွေတွေစီးကျလာတယ်၊ ပြီးတော့ အင်မတန်အံ့သြဖို့ ကောင်းတဲ့အပြုအမူတစ်ခုကိုလုပ်ခဲ့တယ်၊





ဆင်ရိုင်းကြီးဟာ ဆာဒူးကြီးကို ဒူးထောက်ပြီး ဦးညွှတ်ကန်တော့လိုက်တယ်၊ ဒီအခါမှာ ဆာဒူးကြီးက ငါ့ဘက်ကိုလှည့်ပြီး သူ့ကိုခေါ်လိုရာခေါ်သွားနိုင်ပါပြီ၊ ဒါပေမယ့် ကျိန်စာသင့်နေသူကို သင်ခေါ်လို့လဲ ဘာမှမထူးပါဘူး၊ သူ့ရဲ့နောက်ဆုံးအချိန် ရောက်နေပါပြီ၊ သင့်ရဲ့ နောက်ဆုံးအချိန်လည်း နောင်အနှစ် ၂၀ကြာရင် ရောက်လာမှာသေချာပါတယ်လို့ပြောတယ်၊ ဒီအချိန်ကစပြီး စွယ်စုံဆင်ရိုင်းကြီးဟာ ငါ့ရဲ့ ဖမ်းဆီးမှုကို ခံယူပြီး အေးအေးသက်သာ လိုက်လာတာတွေ့ရတယ်၊ ဒီလိုနဲ့ မြို့ပေါ်ကိုရောက်တော့ ငါကိုမြို့သူမြို့သားတွေက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြတယ်၊ ငါနဲ့ မဟာရာဇာရဲ့ ဆင်ကြီးဝူဂီဟာ သူ့ရဲကောင်းဖြစ်နေပြီး စွယ်စုံဆင်ကြီးကတော့ ရှုံးနိမ့်သူမိပ် ခေါင်းကြီးငုံ့ပြီး လိုက်ပါလာတယ်၊ ငါ့ကို ချော့မော့လှပတဲ့ မဟာရာဇာကြီး သမီးတော်ကိုယ်တိုင် ပန်းကုံးစွပ်ပြီး ကြိုဆိုခဲ့တယ်၊ စွယ်စုံဆင်ကြီးကိုတော့ မြို့လယ်ခေါင်က ဆင်စခန်းမှာ ကြိုးအထပ်ထပ်နဲ့ ချည်နှောင်ထားတယ်၊ ဆင်ကြီးထားတဲ့နေရာကို မြို့သူမြို့သားတွေ ကြည့်နိုင်အောင် စီစဉ်ထားတယ်၊ နောက်တစ်နေ့မှာ ငါဟာ စွယ်စုံဆင်ကြီးကို ချုပ်နှောင်ထားတဲ့ နေရာကို သွားကြည့်ပြီး စိတ်ထဲမှာ အတော်ထိခိုက်သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စွယ်စုံဆင်ကြီးကြောင့် သေဆုံးရတဲ့လူတွေရဲ့ မိသားစုတွေဟာ ဆင်ကြီးကို ပုလင်းတွေ၊ တုတ်တွေနဲ့ပစ်ခတ်နေ တယ်၊ စွယ်စုံဆင်ကြီးဟာ ပုလင်းတွေ၊ တုတ်တွေနဲ့ ပစ်ခတ်နေသူတွေကို ခေါင်းငုံ့ပြီး ခံနေတာတွေ့ရတယ်၊ ငါဟာ ဒီကိစ္စကို ဆင်ဖမ်းအဖွဲ့ကို အသိပေးပြီး ကန့်ကွက်ခဲ့တယ်၊ ဒါပေမယ့် ဆင်ဖမ်းအဖွဲ့က မြို့လူထုရဲ့ဆန္ဒကို မဆန့်ကျင်ရဲဘူး ဖြစ်နေတယ်၊ ဒါကြောင့် မဟာရာဇာကြီးရဲ့ သမီးတော်ကို တိုင်တန်းဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်၊ ဒါပေမယ့် သမီးတော်ကလဲ ဆင်ကြီးရဲ့ ဒုက္ခဆင်းရဲကို [illegible]ပယ်နိုင်ဘူး ''

ဟုပြောလေရာ ဝေလုကသက်ပြင်းချ၍

'' ဒီလိုဆိုတော့လဲ ဆင်ရိုင်းကြီးရဲ့အဖြစ်ဟာ သနားစရာပါပဲ၊ ဒီလိုနဲ့ ဆင်ရိုင်းကြီး ဘယ်ရောက်သွားသလဲ ''

ဟု မေးမြန်းလေ၏။

အဘိုးက အဝေးဆီသို့ ငေးကြည့်၍

'' ထူးတော့ သိပ်ထူးဆန်းတယ်၊ သူတို့မြို့က ဆင်ဖမ်းအဖွဲ့ဟာ ဆင်ရိုင်းကြီးကို ယဉ်ကျေးအောင် ဆင်စခန်းပို့ပြီး လေ့ကျင့်ဖို့ ရည်ရွယ်ချက်ရှိတယ်၊ ဒါပေမယ့် ဆင်ကြီးဟာ သူ့ကိုဖမ်းမိပြီး ၉ ရက်မြောက်တဲ့ နေ့မှာပဲ သေဆုံးသွားခဲ့တယ်၊ တကယ်တော့ ကျန်းမာသန်စွမ်းတဲ့ဆင်ကြီးဟာ ဘယ်လိုနည်းနဲ့မှ အခုလို လွယ်လွယ်ကူကူ မသေနိုင်ဘူး၊ စွယ်စုံဆင်ကြီးရဲ့အသက်ဟာ ၃၀ လောက်ပဲရှိသေးတော့ အရွယ်ကောင်းပဲ ရှိသေးတယ်၊ ဆင်အသက်ဟာ ၈၀ ကနေ ၁၅၀ အရွယ်ထိ နေထိုင်ရတယ် ''

ဟုပြောလေရာ ဝေလုက သက်ပြင်းချ၍

'' ဆင်ကြီးဟာ မမျှော်လင့်ဘဲ သေသွားတယ်ဆိုတော့ သူ့ကို ဖမ်းတုန်းက ဒဏ်ရာဖြစ်သွားလားမှ မသိတာ ''

ဟုပြောလေရာ အဘိုးက ခေါင်းခါ၍

'' အသက်သေဆုံးလောက်တဲ့ ဒဏ်ရာမရတာကတော့ သေချာပါတယ်ကွာ၊ ငါဟာ ဆင်ဖမ်းတဲ့အလုပ်ကို အကျွမ်းကျင်ဆုံးလူပဲ၊ တစ်သက်မှာ ငါဖမ်းတဲ့ဆင် ဘယ်ဆင်မှ မသေခဲ့ဖူးဘူး၊ စွယ်စုံ ဆင်ရိုင်း





ကြီးသေသွားတာတော့ ထူးဆန်းလွန်းလို့ အိပ်မက်တစ်ခုလို့တောင် ထင်မိတယ် ''

ဟုပြောလေရာ ထိုအခါ ဝေလုက တစ်စုံတစ်ရာကို တွေးတော ဒီဟန်ဖြင့်

'' စွယ်စုံဆင်ကြီးကို ဖမ်းမိကာနီးမှာ ဆာဒူးကြီးပြောတဲ့ စကားတွေ မှန်ကန်နေတာပေါ့၊ ဆာဒူးကြီးက စွယ်စုံဆင်ကြီးရဲ့ နောက်ဆုံး အချိန်ရောက်နေပြီလို့ ဆိုခဲ့တယ်လေ ''

ဟုပြောလေရာ အဘိုးက မျက်မှောင်ကြုတ်၍

'' ဟုတ်တယ်၊ ဆာဒူးကြီးရဲ့စကားကလဲ သိပ်ထူးဆန်းတယ်၊ စွယ်စုံဆင်ရိုင်းကြီးက အလွန်ကြမ်းတမ်းပြီး ခေါင်းမာတဲ့ကောင်ကြီးပါ၊ ဒါပေမယ့် ဆာဒူးကြီးနဲ့တွေ့မှ မာန်စွယ်ကျသွားတာ အံ့ဩစရာ ကောင်းတယ်၊ တကယ်တော့ အိန္ဒိယမှာ ဆာဒူးကြီးတွေဟာ အလွန် အံ့ဩစရာကောင်းပြီး ထူးခြားဆန်းကြယ်တဲ့ တန်ခိုးစွမ်းအင်တွေကို ပိုင်ဆိုင်ကြတယ်၊ ဆာဒူးကြီးဟာ ဆင်ရိုင်းကြီးကို ကျိန်စာသင့်တဲ့ တိရစ္ဆာန်ကြီးလို့ ပြောခဲ့တယ်၊ ဒါဟာ တိရစ္ဆာန်ကြီးရဲ့ အရင်ဘဝကို ဆိုလိုတာလား မသိဘူး ''

ဟုရေရွတ်လေ၏။ ထိုအခါ ဝေလုက မျက်မှောင်ကြုတ်၍

'' ဆာဒူးကြီးပြောတဲ့စကားတစ်ခွန်း ကျန်သေးတယ်အဘိုး၊ သင့်ရဲ့ နောက်ဆုံးအချိန်ဟာလဲ နောင်အနှစ် ၂၀ ပြည့်တဲ့နေ့မှာ ရောက်တော့မယ်တဲ့၊ အဘိုး စွယ်စုံဆင်ကြီးကို ဖမ်းခဲ့တာ ဘယ်နှစ်နှစ်ရှိပြီလဲ ''

ဟု ပြောလေ၏။ ထိုအခါ အဘိုးက အဝေးဆီသို့ငေးကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ဆာဒူးကြီးပြောတဲ့ နှစ် ၂၀ဆိုတာကို ငါမေ့ထားတာ ကြာပါပြီကွာ၊ မင်းက မေးတော့လဲ တွက်ချက်ကြည့်ရမှာပေါ့၊ စွယ်စုံဆင်ကြီးကို ဖမ်းတဲ့နေ့က ၁၉၀၈ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကွ "

ဟုပြောလေရာ ဝေလုက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်

" ဟင် ဒီနှစ်က ၁၉၂၈ ပြည့်နှစ် လကလဲ ဖေဖော်ဝါရီလ ဆိုတော့ နှစ် ၂၀ ပြည့်နေပြီပဲ၊ ဟင် ဒီနေ့ ဘယ်နှစ်ရက်ဖြစ်မလဲ "

ဟုဆိုကာ ပြက္ခဒိန်ကို လှမ်းကြည့်လေ၏။ ထို့နောက် အထိတ်တလန့်ဖြင့်

" ဟာ ဒီနေ့ ၁၇ ရက်ဆိုတော့ မနက်ဖြန်ဆိုရင် စွယ်စုံဆင်ရိုင်းကြီးကို ဖမ်းခဲ့တာ နှစ် ၂၀ ပြည့်ပြီပဲ၊ ဆာဒူးကြီးပြောသလို့ဆိုရင် မနက်ဖြန်က အဘိုးရဲ့ နောက်ဆုံးအချိန်ရောက်ပြီပေါ့ "

ဟုပြောလေရာ အဘိုးက တဟားဟားရယ်မော၍

" ဒီတစ်ခါမှာတော့ ဆာဒူးကြီးရဲ့စကားဟာ အလွဲကြီးလွဲသွားပြီပေါ့ကွာ၊ ငါဟာ ဒီအသက်အရွယ်အထိ သိပ်ကျန်းမာတယ်၊ တိုက်တိုက်ဆိုင်ဆိုင် မနက်ဖြန်ဟာ ငါ့ရဲ့ အသက် ၆၀ ပြည့် မွေးနေ့ပဲ၊ နောက်ပြီး ငါဟာ အသက်အန္တရာယ်မကင်းတဲ့ ဆင်ဖမ်းသမားဘဝကိုလဲ စွန့်လွှတ်ခဲ့ပြီလေကွာ "

ဟုပြောလေရာ ဝေလုက ခေါင်းညိတ်၍

" ဘုရားဟောမဟုတ်တော့လဲ လွဲချင်လဲ လွဲနိုင်တာပေါ့ အဘိုးရယ် "

ဟုပြောကာ ညနက်လှပြီဖြစ်သဖြင့် အိပ်စက်ရန် ပြင်ဆင်ကြလေတော့၏။





နောက်တစ်နေ့ နံနက်တွင် ဆင်သမားများဖမ်းမိထားသော ဆင်ကြီးတစ်ကောင်အား ဆော်ဘိုင်သီချင်းဆို၍ ယဉ်ပါးအောင် ချော့မြှူရမည်ဖြစ်သဖြင့် ဝေလုသည် အိပ်ပျော်အောင် ကြိုးစားရလေ၏။

သို့သော် အိပ်ရာထဲတွင် ကောင်းစွာ အိပ်မပျော်ဘဲ လွန်စွာ ဆိုးသွမ်းသော စွယ်စုံဆင်ကြီးနှင့် ထူးဆန်းစွာ ဆာဒူးကြီး၏ အကြောင်းကို တွေးတောနေလေ၏။ ညအတော်နက်မှ အိပ်ပျော်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် အိပ်ရာထ နောက်ကျသဖြင့် အဘိုးက လာ၍နှိုးရ၏။ အဘိုးသည် ကောက်ညှင်းပေါင်းနှင့် ဆတ်သားခြောက်ကို အသင့်ပြုလုပ်ပြီးနေ၏။ ဝေလု ကောက်ညှင်းပေါင်း စားနေစဉ် ဆော်ဘိုင်သီချင်းဆိုရန် ရွာထဲရှိ လူငယ်လေးများ ရောက်ရှိလာပြီး

" ဝေလု၊ အိပ်ရာထနောက်ကျတယ်၊ အပျင်းကောင်၊ ငါတို့အားလုံး မင်းကို စောင့်နေတာကြာပြီ "

ဟုပြောလေ၏။ ဝေလု၏ သူငယ်ချင်း အီကောက ဇလုံထဲရှိ ကောက်ညှင်းပေါင်းများကို ပလုပ်ပလောင်းဝင်စား၍

" မင်း အရင်တုန်းက အပျင်းကောင်မဟုတ်ပါဘူး ဒီနေ့ ဘာဖြစ်လို့ အိပ်ရာထ နောက်ကျတာလဲ "

ဟု မေးမြန်းလေ၏။ ဝေလုက ခေါင်းညိတ်၍





" ညက အတွေးလွန်သွားတယ်ကွာ၊ မနက်မိုးလင်းကာနီးမှ အိပ်ပျော်သွားတယ်၊ ရျော်ဂျိုလကြီးတော့ ငါ့ကိုဆူနေပြီနဲ့တူတယ် "

ဟုပြောလေ၏။ ရျော်ဂျိုလကြီးသည် ယနေ့ဆော်ဘိုင်သီချင်းဆိုမည့် ဆင်ကြီးကို ဖမ်းဆီးလာသူ ဆင်ဖမ်းသမားဖြစ်၏။

ရျော်ဂျိုလသည် အဘိုးဦးအိုက်ပန်၏ တပည့်တစ်ဦးဖြစ်ပြီး ဆင်ဖမ်းရာတွင် ကျွမ်းကျင်သူလည်းဖြစ်၏။

ထိုအခါ ဖော်ဆမ်းက

" ဟေ့ကောင်တွေ၊ အစားအသောက်ကို ရပ်ကြကွာ၊ ဒီထက်ပိုကြာရင် ရျော်ဂျိုလကြီးက စုန်းမအိုကြီးတစ်ယောက်လို ပါးစပ်က တတွတ်တွတ် ကျိန်ဆဲနေလိမ့်မယ် "

ဟုပြောလေရာ လူငယ်များသည် အစားအသောက်များကို ရပ်တန့်၍ အိမ်ထဲမှ ကမန်းကတန်းထွက်ခဲ့လေ၏။

ဝေလု၏ အဘိုးသည် ခြံဝတွင် အမှိုက်များကို လှဲကျင်းရင်း

" ညနေ လူကလေးပြန်လာရင် မျစ်ချဉ်ဟင်းချက်ထားမယ်ဟေ့ "

ဟု ပြောလေ၏။ ဝေလုသည် မျစ်ချဉ်ဟင်းကို လွန်စွာနှစ်သက်သဖြင့် အဘိုးက မကြာခဏ ချက်ပြုတ်ပေးလေ့ရှိ၏။

ဝေလုတို့လူငယ်များ ဆော်ဘိုင်ဆိုမည့်နေရာသို့ရောက်သောအခါ ဆင်ကြီး၏ တစ်ကိုယ်လုံးကို မလှုပ်နိုင်အောင် ကြိုးများဖြင့် တုတ်နှောင်ထားလေ၏။ ရျော်ဂျိုလကြီးသည် ဆော်ဘိုင်ဆိုမည့် လူငယ်များကိုကြည့်၍ အားမရဟန်ဖြင့်

" လာကြစမ်းပါဟဲ့၊ ဆင်မကြီးတွေ လမ်းလျှောက်တာကျနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ လှုပ်လီလှုပ်လဲ့နဲ့၊ နင်တို့တော့ ဘယ်တော့မှ ဖန်ဒီးဖြစ်မှာ မဟုတ်ဘူး ''

ဟုပြောလေရာ ဝေလုက တဟဲဟဲရယ်မော၍

'' ဟဲဟဲ... ကျုပ်တို့က ဖန်ဒီးလုပ်မှာ မဟုတ်ဘူး၊ ဆင်ပိုင်ရှင် လောပန်လုပ်မှာ ''

ဟုပြောဆိုလေ၏။ ဂျော်ဂျီလကြီးက နှာခေါင်းရှုံ့၍

'' မင်းအဘိုးသာ ဒီစကားကြားရင်တော့ မြေကြီးထဲကို ချက်ချင်းဆင်းသေသွားလိမ့်မယ်၊ မင်းအဘိုးဟာ ဆင်ပိုင်ရှင်လောပန်လုပ်ချင်ရင်လုပ်လို့ရတယ်၊ သူ့တစ်သက်သာ ဖမ်းလာတဲ့ဆင်တွေက နည်းတာမဟုတ်ဘူး၊ ဒါပေမယ့် အများအကျိုးအတွက် ရည်ရွယ်ပြီး ဆင်တွေကို ဈေးသက်သက်သာသာနဲ့ရောင်းပေးခဲ့တယ်၊ တစ်ဖက်နိုင်ငံက ကုန်သည်တွေဟာ မင်းအဘိုးဆီမှာ ပိုက်ဆံတွေအများကြီးပေးပြီး ဆင်ကိုဝယ်ပေမဲ့ မရောင်းခဲ့ဘူး။ ကဲ... ဆော်ဘိုင်ဆိုမဲ့ကောင်တွေ အဆင်သင့်ပြင်ထားပော့ ''

ဟုပြောလေ၏။ ဖမ်းဆီးထားသော ဆင်ရိုင်းကြီး၏ အရှေ့နှင့်အနောက်တွင် လွန်စွာခိုင်ခံ့သော တိုင်နှစ်တိုင်ကို မြေမှာစိုက်ထား၏။ တိုင်နှစ်တိုင်ကို သစ်သားတန်းဖြင့်ဆက်ထား၏။ ထိုသစ်သားတန်းနှင့် ဆင်၏ဝမ်းဗိုက်ကို ကြိုးဖြင့်သိုင်းချည်ထားသဖြင့် ဆင်ရိုင်းသည် မြေမှာ မဝပ်နိုင်ဘဲ ရှိနေ၏။

ဆင်တို့၏သဘောဝသည် မြေပေါ်တွင် လှဲအိပ်လေ့ရှိ၏။ ထိုကဲ့သို့ ကြိုးသိုင်းခံရသောဆင်သည် မတ်တတ်ရပ်၍ပင် အိပ်စက်ရ၏။ ဖမ်းမိထားသော ဆင်ကို နှစ်ပတ်ခန့် ကြိုးသိုင်းချည်ထားသဖြင့် ထိုအနေ





အထားဖြင့်ပင် အိပ်စက်ရ၏။

ဆင်ရိုင်းအား ဆော်ဘိုင်သီချင်းဆို၍ ချော့မြှူရခြင်းကို အိန္ဒိယနှင့် ခန္တီးရှမ်းများ စတင်ပြုလုပ်ခဲ့၏။ ထို့ကြောင့် သီချင်းတစ်ပုဒ်လုံးတွင် အိန္ဒိယစကားနှင့် ခန္တီးရှမ်းစကားများ ရောထွေးနေ၏။

ဆော်ဘိုင်သီချင်းသည် ဆင်ရိုင်း၏ဘဝဖြစ်စဉ်ကို ပြောဆို၍ တောနှင့်မဆိုင်တော့ကြောင်း လူတို့၏ လက်အောက်သို့ကျရောက်နေပြီဖြစ်ကြောင်း အသိပေးသောအဓိပ္ပာယ်ရောက်၏။ ဂျော်ဂျီလကြီးက လူငယ်များဘက်သို့လှည့်၍

'' အားလုံးသတိရှိကြပော့၊ ကြိုးချည်တော့မယ် ''

ဟုပြောကာ ဆင်ရိုင်း၏အနီးသို့တိုးကပ်သွားလေ၏၊ ဆော်ဘိုင်ပြုလုပ်ရန်အတွက် ဆင်၏ခေါင်းကို မလှုပ်နိုင်အောင် ချည်နှောင်ရန်လိုအပ်၏။ ထိုသို့ချည်နှောင်ရန် ကြိုးစကို ဖြည်လိုက်သည်နှင့် ဆင်ရိုင်းကြီးသည် မယုံကြည်နိုင်အောင် လျှင်မြန်သောအဟုန်ဖြင့် စတင်လှုပ်ရှားလေ၏။

ဆင်ရိုင်းကြီးသည် ကြိုးစကိုဆွဲယူပြီး ခါရမ်းကာ ကျယ်လောင်သောအသံဖြင့် အော်ဟစ်လိုက်၏။ ထို့နောက် ကြိုးစကို နှာမောင်းနှင့် ခင်ပတ်လိုက်ပြီး ဝေလုတို့ကို ဂိုက်နက်လေတော့၏။

ဝေလုသည် သူ၏မျက်နှာအရှေ့သို့ ဝိုးမနဲ့ကျလာသောကြိုးကြီးကို ကမန်းကတန်းခေါင်းငုံ့၍ ရှောင်တိမ်းလိုက်၏။ လူငယ်များသည် မြေပြင်သို့လဲသူလဲ၊ နောက်သို့ဆုတ်သူဆုတ်နှင့် ဝရုန်းသုန်းကား ဖြစ်သွား၏။

ထိုအခိုက်မှာပင် ဂျော်ဂျီလကြီးသည် အတွေ့အကြုံရှိသော



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖမ်းသမားတစ်ဦးပီပီ ဆင်ဦးခေါင်းအနီးသို့ လျှင်မြန်စွာပြေးဝင်လိုက်ပြီး ဓါးရှင်းတုတ်ဖြင့် ဆင်၏ပါးပြင်ကို ထိုးလိုက်၏။

ဓါးရှင်းတုတ်တွင် သံချောင်းတပ်ထားသောကြောင့် ဆင်၏ပါးပြင်ကို စူးဝင်ပြီး နာကျင်သောအခါမှပင် ဆင်က မာန်ကိုလျော့လေ၏။ ထိုအခါမှပင် ဆင်၏ဦးခေါင်းကို ဂျော်ဂျီလကြီးက တိုင်တွင်ကြိုးဖြင့်ချည်နှောင်ထားလိုက်၏။

အိကောက ဆင်ကြီးအရှေ့သို့ ပြေးကပ်သွားပြီး

" ဒီကောင်ကြီး မလှုပ်နိုင်တော့ဘူးတော့၊ တက်ကြ တက်ကြ"

ဟုအော်ဟစ်လေ၏။ ဆင်ကြီးငြိမ်သက်သွားသောအခါ ဝေလုက ဆင်ဦးကင်းပေါ်သို့တွယ်တက်လိုက်၏။

အိကော၊ ဇော်ဆမ်းနှင့်လူငယ်များကလည်း ဆင်၏ရှေ့ခြေနှစ်ဖက်၊ နောက်ခြေနှစ်ဖက်နှင့် ဝမ်းဗိုက်အောင်တွင် အသီးသီးနေရာယူလိုက်ကြ၏။ ဂျော်ဂျီလကြီးက ၎င်းတို့နေရာယူပြီးသောအခါ

"ကဲ ဆော်ဘိုင်စဆိုပေတော့ "

ဟုပြောလိုက်ရာ လူငယ်များက ညီညာသောအသံဖြင့် ဆော်ဘိုင်သီချင်းကို ဆွဲဆွဲငင်ငင် သီဆိုလိုက်လေတော့၏။

ဆော်ဘိုင်××ဆော်ဘိုင်××ဆော်ဘိုင်လော့××မိုင်ရယ် ××

ဆော်ဘိုင်××ဆော်ဘိုင်××ဆော်ဘိုင်××ဆော်ဘိုင်လော့ ××

မိုင်ရယ်××ဆော်ဘိုင်××အီကမ်××အိနိမ်××

ပတ္တိုင်××ပတ္တိုင် ××ဆိုကာမ်××ပတ္တိုင်×× ပတ္တိုင်××

ဆိုကာမ်×× မနုတီ×× အီကမ်×× မလာတီ

အီကမ်×× မနုတီ×× အီကမ်×× ဆော်ဘိုင်××





ဆော်ဘိုင်××ဆော်ဘိုင်လော့××မိုင်ရယ်××ဆော်ဘိုင် ××

ဆော်ဘိုင်သီချင်းကို သံစဉ်အနိမ့် အမြင့်ဖြင့် သီဆိုလိုက်သောအခါ ဆင်ကြီးသည် တဖြည်းဖြည်း ငြိမ်သက်ကြသွား၏။ ခဏကြာလျှင် ဆင်ရိုင်းကြီး၏မျက်လုံးမှ မျက်ရည်စများ စီးကျလာ၏။

လူငယ်များသည် နှုတ်က ဆော်ဘိုင်ကို သီဆိုရင်း ဆင်ရိုင်းကြီး၏ တစ်ကိုယ်လုံး လက်ဖြင့်ပွတ်သပ်ပေးနေလေ၏။ ဆင်ကို လူနှင့်တရင်းတနှီးဖြစ်စေရန် ပြုလုပ်ပေးခြင်းဖြစ်၏။

ဆင်သည် လူနှင့်ပွတ်သပ်ဖန်များလျှင် တဖြည်းဖြည်းရင်းနှီးလာလေ၏။ လိမ္မာယဉ်ကျေးလာတတ်၏။ လူငယ်များသည် ဆင်ရိုင်းကြီးကို ဆော်ဘိုင်သီချင်းဖြင့် ချော့မြူနေစဉ် ဂျော်ဂျီလကြီးက တောဆင်ရိုင်းကြီးကို ကျွေးမွေးရန် ထာနာဟုခေါ်သော အစာများကို ယူဆောင်လာလေ၏။

ထာနာသည် ငှက်ပျောအူဖတ်၊ ခုံညင်းဖတ်များကို ဆားဖြင့်နယ်ထားခြင်းဖြစ်၏။

ဆင်ကြီးကို ထာနာကျွေးရင်း ဆင်ကြီးကို ဆေးလိမ်းပေးရလေ၏။ ဆင်ကြီး၏ခန္ဓာကိုယ်မှ ပွန်းပဲ့သောဒဏ်ရာများကို ဆေးလိမ်းပေးခြင်းဖြစ်၏။

တောဆင်ရိုင်းအား နှစ်ပတ်ခန့် ဆော်ဘိုင်သီချင်းဆို၍ ချော့မြူလိုက်လျှင် ဆင်ရိုင်းကြီးသည် တဖြည်းဖြည်း ယဉ်ပါးသွားလေ့ရှိ၏။ ထိုနေ့က ဝေလုတို့လူငယ်များသည် ဆင်ကြီးကို ဆော်ဘိုင်သီချင်းဆိုရင်း ဂျော်ဂျီလကြီးကျွေးမွေးသော ဆတ်သားဟင်းနှင့် ထမင်းစားကြလေ၏။ ထိုအခိုက်မှာပင် အနီးသို့ ရွာသားတစ်ဦးရောက်လာပြီး

" ဝေလု ဝေလု၊ မင်းအဘိုးဦးအိုက်ပန် ပိုးထိပြီးတော့စပ်မှာ လဲနေတာတွေ့လို့ရွာကိုသယ်လာတယ် "

ဟုပြောလေရာ ဝေလုသည် ထမင်းစားနေရာမှ အလန့်တကြား ခုန်ထလိုက်ပြီး အိမ်ဘက်သို့ပြေးခဲ့လေ၏။

သူတို့ခြံဝင်းထိပ်တွင် လူများအုံနေပြီး ခြံဝင်းထဲရှိ ကွပ်ပစ်ပေါ်တွင် အဘိုးရှိနေပြီး ဆေးဆရာကြီးလည်း ရောက်နေ၏။

ဆေးဆရာကြီးသည် ဆေးမြစ်တုံးတစ်တုံးကို မြွေကိုက်ခံရသော ဒဏ်ရာပေါ်တွင် လိမ်းကျံပေးနေလေ၏။

ပြီးနောက် ခေါင်းကိုဖြည်းညှင်းစွာ ခါယမ်းပြလေ၏။ ဝေလုက အဘိုး၏လက်ကိုကိုင်၍

" အဘိုး. . . အဘိုး "

ဟုအော်ဟစ်လိုက်၏။ အဘိုးက ဖြည်းညှင်းစွာ မျက်လုံးဖွင့်ကြည့်၍ လေသံတိုးတိုးဖြင့်

" လူကလေး ရောက်လာပြီလား။ ဆရာကြီးပြောတာ သိပ်မှန်တယ်ကွာ၊ အခု အဘိုးရဲ့နောက်ဆုံးအချိန်ကိုရောက်ပြီ "

ဟုပြောလေ၏။ ဝေလုက အဘိုးကိုကြည့်၍

" အဘိုးရယ်၊ ဘာဖြစ်လို့တောထဲကို သွားရတာလဲ "

ဟုမေးမြန်းလိုက်လေ၏။ အဘိုးက

" လူကလေးအတွက် မျှစ်ရူးမလို့လေ၊ ညနေစောင်းရင် လူကလေးစားဖို့ မျှစ်ချဉ်ဟင်းချက်မယ်စိတ်ကူးထားတာ၊ လူကလေးကို မျှစ်ချဉ်ဟင်းချက် မပေးနိုင်တာ ခွင့်လွှတ်ပါ။ အဘိုးမနေရတော့ဘူး၊ အဘိုးရဲ့မျက်လုံးတွေ ပြာနေပြီ၊ နှုတ်ဆက်ခဲ့ပါတယ်ကွာ "





အဘိုးကပြောရင်း ဝေဒနာခံစားနေဟန်ဖြင့် ငြိမ်သက်သွားလေ၏။ ပြီးနောက် ငြိမ်သက်စွာ အသက်ထွက်လေ၏။

ဝေလုသည် အဘိုး၏အလောင်းကိုကြည့်၍ ဝမ်းနည်းစွာဖြင့် ငိုယိုနေလိုက်၏။ အဘိုးသည် လူ့လောကအလယ်တွင် သူတစ်ယောက်တည်း အထီးကျန်ထားခဲ့လေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဝေလုသည် အဘိုး၏နဘေးတွင် ညနေစောင်းသည်အထိ တစ်ယောက်တည်း ငိုယိုနေလေ၏။ ရွာသူရွာသားများသည် ၎င်းတို့၏အိမ်၌ စုပြုံရောက်ရှိနေပြီး အသုဘပွဲအတွက် ပြင်ဆင်ကြလေ၏။

၎င်းတို့ရွာ၏သူကြီး အကီးဝါးရောက်ရှိလာပြီးလျှင် ဝေလုကို ကြင်နာစွာကြည့်၍

" အားရအောင်ငိုပြီးရင် အသုဘပွဲအတွက် ပြင်ဆင်ရမယ် ဝေလု၊ တကယ်တော့ ဖါတို့အားလုံး မဂ္ဂယ်ရှိန်ရာဘွန်မှာဦးအိုက်ပန်နဲ့ ပြန်တွေ့မှာပါ၊ ဝမ်းနည်းမနေပါနဲ့၊ အသုဘပွဲလုပ်ဖို့ ငွေဘယ်လောက် အကုန်ခံမှာလဲ "





ဟုမေးမြန်းလေ၏။ ဝေလုက

" သူကြီးလုပ်ချင်သလိုလုပ်ပါ၊ ကျွန်တော်လိုအပ်တဲ့ပိုက်ဆံကို ပေးလိုက်မှာပါ၊ အဘိုးမှာ ပိုက်ဆံတွေရှိပါတယ် "

ဟုပြောလိုက်လေ၏။ ရဝမ်၊ လီဆူ၊ ဂျိန်ဖော့ခန္တီး လူမျိုးအားလုံး ၎င်းတို့အရပ်နှင့် အလွန်ဝေးကွာသောနေရာတွင်ရှိသော မဂ္ဂယ်ရှိန်ရာ ဘွန်တောင်မှလာသည်ဟု ယူဆကြ၏။ မဂ္ဂယ်ရှိန်ရာဘွန်တောင်ကြီး နှင့် ပတ်သက်၍ တိတိကျကျ နေရာသတ်မှတ်ပြီး မသိသော်လည်း ထိုတောင်ကြီးသည် မြောက်ဘက်ရှိ ခါကာဘိုရာဇီတောင်၏ အနီး တွင်ရှိမည်ဟု ယူဆကြ၏။

ရဝမ်၊ လီဆူ၊ ဂျိန်ဖော့၊ ခန္တီး လူမျိုးအားလုံး ရှေးအခါက မဂ္ဂယ်ရှိန်ရာဘွန်တောင်တွင် အတူတူနေထိုင်ပြီး မီးလောင်၍ရေကြီးသော အခါ ဖောင်တစ်စီးဖြင့် လူငါးဦးသာလွတ်မြောက်ခဲ့သည်ဟု ယူဆကြ၏။

ထို့ကြောင့်ပင် ရဝမ်၊ လီဆူ၊ ဂျိန်ဖော့၊ ခန္တီးလူမျိုးများ သေဆုံးလျှင် မဂ္ဂယ်ရှိန်ရာဘွန်တောင်ကြီးသို့ ၎င်းတို့၏ဝိညာဉ်များ ပြန်နိုင်ရန် အတွက် နတ်ဆရာက အသုဘသီချင်းဆို၍ ပြန်ပို့ပေးရ၏။

ထိုကဲ့သို့ အသုဘသီချင်းကို ရန်စန်အသုဘသီချင်းဟုခေါ်၏။

အသုဘပွဲကို နှစ်ရက်နှင့်နှစ်ညတိုင်တိုင် ကျင်းပ၍ ဧည့်သည်များ ကို မရပ်မနားသောက်ကြ၏။ ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ စသည်တို့ကို မိမိနိုင်သလောက်ငွေကြေးဖြင့် ဝယ်ယူကျွေးမွေးရ၏။

နတ်ဆရာနှင့်ဆွေမျိုးသားချင်းများ၊ ညှိပရိသတ်များသည် နှစ် ရက်နှင့်နှစ်ညတိုင်တိုင် ရန်စန်အသုဘသီချင်းကို သီဆို၍ ကခုန်ကြ လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်စန်အသုဘသီချင်း၏ အဓိပ္ပာယ်မှာ သေသူ၏ဝိညာဉ်အား ဘိုးဘွားများရှိသော မဩွယ်ရှိန်ရာဘွန်တောင်ကြီးသို့ ကောင်းမွန်စွာ ပြန်ပို့ပေးသော အဓိပ္ပာယ်ဖြစ်၏။

ဝေလုသည် တိုင်းရင်းသားတို့၏ ရိုးရာထုံးစံအတိုင်း နတ်ဆရာနှင့်အတူ ရန်စန်အသုဘသီချင်းကို သီဆို၍ ဝင်ရောက်ကခုန်လေ၏။ နောက်ဆုံးနေ့သို့ရောက်သောအခါ မောပန်းလွန်းသဖြင့် မြေပေါ်သို့ လဲကျကာ အိပ်မောကြသွားလေ၏။

အဘိုးသေဆုံးသွားသော်လည်း အဘိုးပိုင်ဆိုင်သော လယ်မြေများစွာကျန်ရှိခဲ့သဖြင့် ဝေလုအတွက် စားဝတ်နေရေး ပူစရာမရှိပေ။ အဘိုးပိုင်ဆိုင်သော စွယ်စုံဆင်ကြီးကိုလည်း ငှားရမ်းပြီး ဝင်ငွေရရှိနိုင်၏။

ဝေလုသည် အဘိုးမရှိသောအခါ တဲကလေးတွင် တစ်ယောက်တည်း မနေတတ်သလိုဖြစ်မိ၏။

ထို့ကြောင့် လူသူကင်းမဲ့ရာ တောင်ကွယ်တစ်ခုသို့သွား၍ မီလာရှိကာကြိုးပစ်နည်းကို လေ့ကျင့်နေလေ၏။ မီလာရှိကာကြိုးကွင်း ပစ်ရင်း ကြာပွတ်ရိုက်နည်းကိုပါ လေ့ကျင့်နေမိ၏။

အဘိုးသည် သူတစ်သက်လုံး ကိုင်ဆောင်ခဲ့သော ကြာပွတ်အား ဝေလုကို အမွေအဖြစ်ပေးထားခဲ့၏။ ဝေလုသည် မီလာရှိကာ လေ့ကျင့်ရင်း ကြာပွတ်ရိုက်နည်းကို အထူးကျွမ်းကျင်လာလေ၏။

သူသည် အားလပ်ချိန်များ၌ ဈော်ဂျီလကြီးနှင့်သွားနေကာ ဆင်ဖမ်းပညာများကို သင်ကြားလေ၏။

တစ်နေ့သ၌ ဈော်ဂျီလကြီးသည် သူ၏ဆင်ဖမ်းအဖွဲ့နှင့်အတူ ဝေလုကိုခေါ်သွားလေ၏။ ဈော်ဂျီလကြီး၏ ဆင်ဖမ်းအဖွဲ့တွင် အိမ်ဆင်





ယဉ် နှစ်ကောင်နှင့်ဖန်ဒီးနှစ်ယောက်၊ မိုင်းအွမ်နှစ်ယောက် လိုက်ပါလာ၏။

ဈော်ဂျီလကြီးသည် ဖန်ဒီးတစ်ယောက်၏နေရာတွင်ထိုင်ပြီး သူ၏ အနောက်တွင် လိုက်မည့်ဆင်နောက်လိုက် မိုင်းအွမ်နေရာတွင် ဝေလုကို ထားလေ၏။

ဝေလုသည် ဆင်ဖမ်းအဖွဲ့တွင် ပထမဦးဆုံးအနေနှင့် မိုင်းအွမ်နေရာတွင်လိုက်ရသဖြင့် ရင်ခုန်နှုန်းမြန်နေလေ၏။ ဈော်ဂျီလကြီးက မိုင်းအွမ်အဖြစ်လိုက်ပါမည့် ဝေလုအား အဝတ်အစားများကို လေးထပ်အထိ ဝတ်ဆင်စေ၏။ ဝေလုသည် ထူထဲသော အဝတ်အစားများကို တစ်ထပ်ပြီးတစ်ထပ် ဝတ်ရ၏။

တောဆင်ရိုင်းဖမ်းမည့်သူသည် ကြိမ်တော၊ ဆူးတောများကို တိုးဝင်ရမည်ဖြစ်သဖြင့် အဝတ်အစားများကို ထူထဲစွာဝတ်ဆင်ရ၏။ ဈော်ဂျီလကြီးက ဝေလုကိုကြည့်၍

" မင်းဟာ မီလာရှိကာဦးအိုက်ပန်ရဲ့မြေးဖြစ်နေတာကြောင့် မိုင်းအွမ်နေရာကို ပေးခဲ့တာပဲ၊ တကယ်တော့ မင်းရဲ့အတွေ့အကြုံလောက်နဲ့ မိုင်းအွမ်လုပ်ဖို့ မသင့်တော်သေးဘူး၊ မိုင်းအွမ်က ဆင်နောက်က လိုက်ထိုင်ရပေမယ့် အန္တရာယ်သိပ်ကြီးတယ်၊ ဆင်ပေါ်က ပြုတ်ကျပြီး ဆင်နင်းခံရတဲ့မိုင်းအွမ်တွေရှိသလို သစ်ပင်နဲ့ရိုက်ခံရလို့ စိစိညက်ညက်ကြေတဲ့ မိုင်းအွမ်တွေအများကြီးပဲ၊ မိုင်းအွမ်မကောင်းလို့ ဖန်ဒီးအသက်ဆုံးရတာလဲရှိတယ်၊ ဒါကြောင့် ဖန်ဒီးလုပ်မဲ့ငါဟာ မင်းနဲ့ အပြန်အလှန် အသက်ပေးရတဲ့သူတွေဖြစ်တယ်၊ ဒါကြောင့် သင့်ကိုဖို့ အထူးသတိပေးချင်တယ် "

ဟုပြောလေရာ ဝေလုက လက်သီးဆုပ်၍



www.burmeseclassic.com

www.burmeseclassic.com



" စိတ်ချပါ၊ ကျွန်တော် အထူးသတိပြုပါမယ် "

ဟုကတိပေးလိုက်လေ၏။

ဝေလုတို့ဆင်ဖမ်းအဖွဲ့သည် တောကြီးထဲသို့ တရွေ့ရွေ့တိုးဝင်ခဲ့လေ၏။ ဝေလုသည် တောနက်ထဲသို့ရောက်သောအခါ ဆင်ရိုင်းများကို လက်တွေ့ဖမ်းရတော့မည်ဖြစ်သဖြင့် ရင်ခုန်နှုန်းမြန်နေလေ၏။

ထိုနေ့က ဆင်ရိုင်းများကို မတွေ့သဖြင့် တောနက်ထဲမှာပင် ညအိပ်ခဲ့လေ၏။ ညသို့ရောက်သောအခါ မီးပုံကြီးများဖို၍ ဆင်ကြီးများကို အနီးတွင်ထားကာ အိပ်စက်ခဲ့လေ၏။

နောက်တစ်နေ့တွင် တောကြီးထဲတွင်လှည့်လည်၍ ဆင်ရိုင်းများ၏ အရိပ်အယောင်ကို ရှာဖွေရလေ၏။

ထိုနေ့နေ့လယ်တွင် ဆင်ရိုင်း ၅ ကောင်ပါဝင်သော ဆင်အုပ်တစ်အုပ်ကိုတွေ့ရလေ၏။ ဂျော်ဂျိုလကြီးက ဆင်ရိုင်းအုပ်ထဲမှ အကြီးဆုံးဆင်ကြီးကိုရွေးချယ်၍ ဖမ်းရန်အချက်ပြလေ၏။

ဆင်ရိုင်းများက ဆင်ယဉ်များကိုမြင်သောအခါ တစ်ဟုန်ထိုးထွက်ပြေးလေတော့၏။

ဆင်ရိုင်းများနောက်သို့လိုက်ရန် ဂျော်ဂျိုလကြီးက သူ၏လက်ထဲရှိ ဆားမိဖြင့် အိမ်ဆင်ကိုထိုးလိုက်ရာ ဝေလုကလည်း လက်ထဲရှိ ဆားမ်ဖြင့် အိမ်ဆင်၏တင်ပါးကို ထိုးလိုက်လေ၏။

ဆားမ်ဆိုသည်မှာ သစ်သားလုံးကို သံချွန်တပ်ထားသော ကိရိယာပင်ဖြစ်၏။

တောဆင်ရိုင်းကို လိုက်ရာ၌ တောထဲသို့ တိုးဝင်ရသဖြင့် ရှည်လျားသော ချွန်းကိုအသုံးပြု၍ မဖြစ်ပေ။ ဆင်ယဉ်သည် ဆားမ်နှင့်





ထိုးလိုက်သဖြင့် ဆင်ရိုင်းနောက်သို့ အပြေးလိုက်လေ၏။

ဆင်ရိုင်းကိုမှီလာသောအခါ ဂျော်ဂျိုလကြီးက ကြိုးကွင်းပစ်ရန် မြင်ဆင်လေရာ ဝေလုက ကြိုးကို မြင်ဆင်ပေးရလေ၏။ အိမ်ဆင်သည် ဆင်ရိုင်းကို အမှီမလိုက်နိုင်သဖြင့် ဂျော်ဂျိုလကြီးသည် ကြိုးကွင်းပစ်ရန် ခက်ခဲနေလေ၏။

ကျန်အဖွဲ့တစ်ဖွဲ့မှာလည်း ဆင်ရိုင်းတစ်ကောင်နောက်သို့ လိုက်ရင်း အုပ်စုကွဲသွားလေ၏။

ဂျော်ဂျိုလကြီးသည် ဆင်ရိုင်းကို အကြိမ်ကြိမ်ကြိုးကွင်းပစ်ရန် ကြိုးစားသော်လည်း ကြိုးကွင်းသည် လွဲချော်ရလေ၏။ ဂျော်ဂျိုလကြီးက အရှိန်အဟုန်နှင့်ပြေးနေသော ဆင်ပေါ်မှနေ၍ နောက်သို့လှည့်၍

" ဒါဟာ ငါ့ရဲ့အမှားပဲဝေလု၊ မင်း သင်ခန်းစာယူပါ၊ ငါဟာ အိမ်ဆင်နဲ့အရွယ်တူဆင်ရိုင်းကိုမရွေးဘဲ အကြီးဆုံးဆင်ကြီးကိုရွေးမိလို့ ဆင်ချင်းမယှဉ်နိုင်လို့ အခုလိုဖြစ်ရတာပဲ "

ဟုပြောကာ နောက်သို့လှည့်ပြန်ရန် အော်ဟစ်ပြောဆိုလေ၏။

ဝေလုက မိုင်းအွမ်နေရာမှ မတ်တတ်ရပ်၍

" ဂျော်ဂျိုလကြီး နောက်ကိုမလှည့်ပါနဲ့၊ ဆက်ပြေးပါ၊ ကျွန်တော် ကြိုးကွင်းပစ်ကြည့်ချင်လို့ပါ "

ဟုတောင်းဆိုလိုက်ရာ ဂျော်ဂျိုလကြီးက ခေါင်းညိတ်၍ ဆင်ရိုင်းနောက်သို့ ဆက်လိုက်ပေးလေ၏။

ဆင်ရိုင်းသည် ကွင်းပြင်ဘက်သို့ ဦးတည်ပြေးလွှားနေသဖြင့် ဆင်ယဉ်ကို အပြေးလိုက်ခိုင်းရလေ၏။

သို့သော် ဆင်ရိုင်းကြီးသည် လျှင်မြန်လှသဖြင့် လျှင်မြင်၏



www.burmeseclassic.com

www.burmeseclassic.com



အဆုံးသို့ပင်ရောက်လုနေလေ၏။ လွင်ပြင်အဆုံးရောက်လျှင် တောအုပ်ကြီးရှိသဖြင့် ဆင်ရိုင်းကြီးကို ဖမ်းဆီးရန် မဖြစ်နိုင်တော့ပေ။ ဂျော်ဂျီလကြီးက ထိုမြင်ကွင်းကို ကြည့်၍

" မရတော့ဘူး ဝေလု ငါတို့သိပ်နောက်ကျနေပြီ "

ဟု ပြောလေ၏။ ဝေလုသည် အဆုံးစွန်ဆုံးထိ ကြိုးစားချင်စိတ်များဖြစ်ပေါ်နေသဖြင့်

" ကြိုးစားကြည့်ပါဦးမယ် "

ဟု ဆိုကာ ဆင်ယဉ်ကို ဆောင်းနှင့်ထိုး၍ အမိလိုက်ခိုင်းလေ၏။ ဆင်ရိုင်းကြီးသည် လျှင်မြန်သော အဟုန်ဖြင့်ပြေးလွှားနေလေရာ ဆင်ယဉ်သည်လည်း တတ်နိုင်သမျှ ကြိုးစား၍ အစွမ်းကုန်လိုက်ရာ နောက်ဆုံးတွင် ဆင်နှစ်ကောင်သည် မီလုမီခင် ဖြစ်နေချိန်၌ ဝေလုက ကြိုးကွင်းကို လေထဲတွင်ဝှေ့ယမ်း၍ အရှိန်နှင့်ပြေးနေသော ဆင်ပေါ်သို့ ပစ်တင်လိုက်၏။ ကြိုးကွင်းသည် လေထဲတွင်ဝေ့ဝဲသွားပြီး တောဆင်၏ခေါင်းပေါ်သို့ ကျပြီး တောဆင်က ဦးခေါင်းပေါ်ကျလာသော ကြိုးကွင်းကို နှာမောင်းဖြင့် ပင့်တင်လိုက်ရာ ကြိုးကွင်းသည် ဂုံအားလျော့ လည်ပင်းတွင် စွပ်မိသွားလေ၏။ ဂျော်ဂျီလကြီးက ဝမ်းသာအားရ

" ဟာ... ဖမ်းမိပြီကွ၊ ဝေလုလက်မှန်းသိပ်ကောင်းတယ် တကယ်မီလာရှီကာသမားစစ်ပဲ "

ဟုအော်ဟစ်လိုက်လေ၏။ ဆင်ရိုင်းကြီးသည် ကြိုးကွင်းစွပ်မိသဖြင့် တောတွင်းသို့ ထိတ်လန့်တကြား ပြေးဝင်သွားလေ၏။ ဝေလုတို့သည် ဆင်ယဉ်ဖြင့် အနောက်မှလိုက်ခဲ့လေ၏။ အပင်ကြီးများနှင့် ကြိမ်တော၊ ဆူးတောများအကြားသို့ တိုးဝင်နေသဖြင့် ဝေလုတို့သည်





ဆင်ယဉ်ပေါ်တွင် သတိကြီးစွာထားရင်း လိုက်ပါလာလေ၏။ သစ်ပင်များ သစ်ကိုင်းများသည် ၎င်းတို့၏အနီးတွင် တရိပ်ရိပ်ကျန်ခဲ့လေ၏။ ဂျော်ဂျီလကြီးသည် ဆင်ဦးကင်းမှ ဟိုဘက်သည်ဘက်သို့ ရွှေ့ပြောင်းရှောင်တိမ်းရင်း ဝေလုကိုအော်ဟစ်၍ သတိပေးနေ၏။ ဂျော်ဂျီလကြီးသတိပေးနေသည့်ကြားမှ ဝါးတစ်ပင်သည် ဝေလု၏ခန္ဓာကိုယ်ကို အလယ်မှဖြတ်ရိုက်လိုက်သဖြင့် ဝေလုသည် အသက်ရှူမှားသွားပြီး ဆင်ပေါ်မှပြုတ်ကျမတတ်ဖြစ်သွားလေ၏။ အသက်ရှူမှားနေစဉ် ဆင်ကြီးက ကြီးမားသော သစ်ပင်များဖြင့် ပွတ်တိုက်နေသဖြင့် တစ်ဖက်သို့စောင်း၍ စီးရပြန်၏။ အတန်ကြာအောင် ပြေးလွှားပြီးနောက် ဆင်ရိုင်းကြီး မောဟိုက်နေစဉ် ဂျော်ဂျီလကြီးသည် ကြိုးကို တဖြည်းဖြည်းဆွဲယူ၍ ဆင်နှစ်ကောင်၏အကွာအဝေးကို နီးကပ်အောင် ကြိုးစားလေ၏။ ဝေလုက ဂျော်ဂျီလကြီးပေးသော ကြိုးများကို ဆင်ယဉ်၏ရင်ဘတ်ရှိ ဆိုင်ဖလားတွင် ချည်နှောင်လေ၏။ ဤသို့ဖြင့် ကြိုးကို အလျှော့အတင်းလုပ်ပေး ပြီးနောက် ဆင်ရိုင်းကြီးမောပန်းသဖြင့် ဆင်နှစ်ကောင်၏အကွာအဝေးကို အနီးကပ်ဆုံးအနေအထားသို့ ရောက်အောင် ကြိုးများကို စုစည်းရလေ၏။ ဆင်ရိုင်းကြီးခြေကုန်လက်ပန်းကျသောအခါ ဆင်နှစ်ကောင်သည် ပူးကပ်လုနီးဖြစ်နေလေ၏။ ဆင်ရိုင်းကြီးသည် စွယ်စုံဆင်ကြီးဖြစ်ပြီး အနီးကပ်ကြည့်သောအခါ ပိုမိုကြီးမားလှကြောင်းတွေ့ရလေ၏။

ဂျော်ဂျီလကြီးသည် အားရပါးရဖြင့်

" ဟား ဟား ဟား ... စွယ်စုံဆင်ကြီးကွ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး ဝေလုဟာတစ်ချိတည်းနှင့် မိုင်းအွမ်ကနေ ဖန်ဒီဖြစ်သွားပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟုချီးမွမ်းလေ၏။

အဘိုးသည် မီလာရီကာ ကြိုးကွင်းပစ်နည်းကို သင်ကြားရုံမက တောစပ်သို့သွား၍ ကြိုးကွင်းပစ်လေ့ကျင့်ခန်းကို အချိန်အားတိုင်းပြုလုပ်စေခဲ့၏။ ထိုလေ့ကျင့်ခန်းကို လေ့ကျင့်ကာစက တောစပ်သို့တစ်ဦးတည်းသွား၍ သစ်ငုတ်တစ်ခုကို ရှုထောင့်အမျိုးမျိုးမှ လှည့်ပတ်ပစ်ခတ်သောအလုပ်ကို သူအလွန်ငြီးငွေ့၏။ ထိုအခါအဘိုးက

" ဒီမှာလူကလေး ငါကိုဒီနယ်တစ်ကြောမှာ အတော်ဆုံးဆင်ဖမ်းသမားဆိုပြီး သတ်မှတ်ခံရတဲ့ လျှို့ဝှက်ချက်ဟာ ဒီလိုနည်းနဲ့လေ့ကျင့်ခဲ့လို့ပဲ၊ ငြိမ်သက်နေတဲ့သစ်ငုတ်ကို ရှုထောင့်အမျိုးမျိုးကနေ အခြေအနေအမျိုးမျိုးနဲ့လေ့ကျင့်ထားရင် တစ်နေ့နေ့မှာ လှုပ်ရှားတဲ့ဆင်ကို ပစ်တဲ့အခါ ပိုပြီးလွယ်ကူလာလိမ့်မယ် "

ဟု ပြောလေရာ ဝေလုက ကြိုးကွင်းကြီးကိုကြည့်၍

" သစ်ငုတ်ကိုလေ့ကျင့်မယ့်အစား ဆင်တစ်ကောင်ကို ပစ်မှတ်ထားပြီး လေ့ကျင့်ရင် ပိုတိုးတက်မယ်ထင်တယ် "

ဟု ပြောလေ၏။ ထိုအခါ အဘိုးက

" ဆင်တစ်ကောင်ကို ပစ်မှတ်ထားပြီး လေ့ကျင့်တဲ့နည်းကို လုံးဝမလုပ်ရဘူး၊ ဒါဟာဖမ်းမိထားတဲ့ဆင်ယဉ်ကို ဆင်ရိုင်းဘဝကို ပြန်သတိရစေတယ်၊ သူ့ဘဝရဲ့နာကြည်းမှုကို ပြန်ဖော်သလိုဖြစ်မယ်၊ ဆင်စခန်းမှာ မွေးထားတဲ့ဆင်ကို ကြိုးကွင်းနဲ့ပစ်ရင်လည်း ဆင်ကိုမထိလေးစားလုပ်ရာကျတယ်၊ တစ်ဖက်နိုင်ငံက ဖန်ဒီးတစ်ယောက်ဟာ ဒီလိုလုပ်ပြီး မီလာရီကာ လေ့ကျင့်ခဲ့ဘူးတယ်၊ ဒါပေမယ့် တစ်နေ့မှာ သူလေ့ကျင့်ခဲ့တဲ့ဆင်ကပဲ သူ့ကိုပြန်နင်းပြီး သတ်ပစ်လိုက်တယ်





ဆင်တွေကို မထိလေးစား လုပ်ဖို့မကြိုးစားပါနဲ့ "

ဟုတားမြစ်လေ၏။

ထို့ကြောင့်ပင်ဝေလုသည် သစ်ငုတ်ကြီးတစ်ခုကိုပင် ရှုထောင့်အမျိုးမျိုးမှ လှုပ်ရှားသွားလာ၍ မီလာရီကာအလုပ်ကို လေ့ကျင့်ခဲ့ရ၏။ ထိုအခိုက်မှာပင် ဂျော်ဂျီလကြီးသည် ဝေလု၏လက်ထဲသို့ ဓားတစ်ချောင်းထည့်၍

" ဝေလု ဘာငိုင်နေတာလဲ ဆင်နားရွက်ကို လှီးလေကွာ "

ဟု ပြောလေရာ ဝေလုက ဂျော်ဂျီလကြီးကို ကြောင်အမ်းအမ်းပြန်ကြည့်၍

" ဟာ ဒါကျုပ်လုပ်ရမယ့်အလုပ်မှ မဟုတ်တာ၊ ကျုပ်က မိုင်းအွှမ်ပဲ၊ ဖန်ဒီးမှမဟုတ်တာ "

ဟု ငြင်းဆိုလိုက်လေ၏။ ဆင်၏နားရွက်သည် ခန္ဓာကိုယ်၏ ပျော့ပျောင်းသော နေရာဖြစ်သဖြင့် ထိုနေရာအား သွေးထွက်အောင် ဓားဖြင့်လှီးလိုက်လျှင် ဆင်အား အနိုင်ယူလိုက်သော သဘောသက်ရောက်ပြီး လူ့လက်အောက်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဆင်အား သတိပေးခြင်းလည်းဖြစ်၏။ ဆင်၏နားရွက်ကို ဓားဖြင့်လှီးရသော အလုပ်ကို ဆင်ရိုင်းအားဖမ်းဆီးသော ဖန်ဒီးကပြုလုပ်ရ၏။ ဂျော်ဂျီလကြီးသည် ခေါင်းခါ၍

" ဟော့ကောင် ငါကဖန်ဒီးပေမဲ့ ဆင်ကို ငါဖမ်းတာ မဟုတ်ဘူး၊ ခင်းဖမ်းလို့မိတာ ဒီနေ့ပွဲမှာ မင်းကဖန်ဒီးဖြစ်နေပြီ၊ ဒါကြောင့် ဆင်ကို မင်းပဲ ဓားနဲ့လှီးရမယ် "

ဟု အမိန့်ပေးလေရာ ဝေလုသည် မငြင်းဆန်နိုင်တော့ပဲ ဆင်၏ နားရွက်ကို သွေးထွက်အောင် ဓားဖြင့် အနည်းငယ်လှီးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်ခိုက်မှာပင် အနီးသို့ ဆင်ဖမ်းအဖွဲ့မှ ကျန်ဆင်ကြီးတစ်စီးရောက်လာပြီး ဖမ်းမိထားသော ဆင်ရိုင်းကြီးကို ဆင်နှစ်စီးတွဲခေါ်၍ ရွာသို့ ပြန်ခဲ့လေ၏။

ရွာသို့ရောက်သောအခါ ဆင်ရိုင်းကြီးကို ဝေလုကိုယ်တိုင် ဖန်ဒီးလုပ်၍ ဖမ်းဆီးလာသော သတင်းသည် တစ်ရွာလုံး ပျံ့နှံ့သွား၏။ ဝေလု ဖမ်းဆီးလာသော ဆင်ရိုင်းကြီးကို အုပ်အော်သောင်းနင်း လာရောက်ကြည့်ရှု ကြလေ၏။ ဂျော်ဂျီလကြီးက ရွာသူရွာသားများကို ဆင်ဖမ်းပုံကို ရှင်းလင်းပြလေ၏။

" တကယ်တော့အတွေ့အကြုံမရှိတဲ့ မိုင်းအွမ်တစ်ယောက်ကို ဖန်ဒီးအလုပ်ကို မလုပ်ခိုင်းသင့်သေးဘူး ဒါပေမယ့် ဝေလုက မီလာရှီကာဦးအိုက်ပန်ကြီးရဲ့မြေးဖြစ်နေတော့ သူ့ကို အထူးအခွင့်အရေးအနေနဲ့ ဖန်ဒီးလုပ်စေခဲ့တာပဲ၊ ဝေလုဟာ ဦးအိုက်ပန်ကြီးရဲ့ မြေးပီပီ အစွမ်းပြနိုင်ခဲ့တယ် "

ဟုပြောလေရာ ရွာသူရွာသားများသည် ဝေလုကို ဝိုင်းဝန်းချီးမွမ်းကြလေ၏။ ရွာသူရွာသားများ ချီးမွမ်းလောက်အောင်ပင် ဖမ်းဆီးလာသော ဆင်ကြီးက သန်မာထွားကျိုင်းလှ၏။ ထိုနေ့ညက ဂျော်ဂျီလကြီးက သူ၏အိမ်ဝန်းထဲတွင် တောဝက်တစ်ကောင်ကို တန်စို့ထိုးကင်၍ ခေါင်ရည်များကို တစ်ညလုံးအဝတိုက်ကာ ဆင်ကြီးကိုဖမ်းမိလာသော အထိမ်းအမှတ်အနေဖြင့် ပျော်မွဲရွှင်ပွဲကျင်းပလေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ ဂျော်ဂျီလကြီးက ဝေလုကို ခေါ်၍

" ဆင်ကြီးကို နာမည်ပေးပါဦး "





ဟု ပြောလေ၏။ ဖမ်းမိလာသောဆင်ရိုင်းကို ဖန်ဒီးက အမည်ပေးရသော ထုံးစံရှိ၏။ ဝေလုက ဆင်ကြီး၏အမူအရာကို ကြည့်၍

" ရန်မျိုးအောင် "

ဟု အမည်ပေးလိုက်လေ၏။ ဂျော်ဂျီလကြီးက

" ရန်မျိုးအောင်, ရန်မျိုးအောင် မြန်မာဆန်ပြီး သိပ်ကောင်းတဲ့ နာမည်ပဲ "

ဟု ချီးမွမ်းလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေလုသည် မမျှော်လင့်ပဲ ဖန်ဒီးဘဝကို ရောက်ခဲ့သော်လည်း ဆင်ဖမ်းသမားတို့ တတ်အပ်သော ပညာများကို ကြိုးစားသင်ယူခဲ့လေ၏။ သူသည် ထိုအချိန်မှစ၍ ဆင်ဖမ်းသမားလုံးလုံး ဖြစ်ခဲ့လေ၏။ ဂျော်ဂိုလကြီးနှင့် အကြိမ်ကြိမ်လိုက်၍ ဆင်ဖမ်းထွက်ခဲ့လေ၏။ ဆင်ရိုင်းများကိုလည်း ဖန်ဒီးဘဝဖြင့် ဖမ်းဆီးရမိခဲ့၏။ ၎င်းတို့သည် ဖမ်းဆီးရမိသော ဆင်ရိုင်းများကို ဒေသခံများကို ချိုသာသော ဈေးနှုန်းဖြင့် ပြန်လည်ရောင်းချခဲ့၏။ ၎င်းတို့အရပ်တွင် လယ်ယာစိုက်ပျိုးရေးအတွက် အသုံးပြုရန် ကျွဲ နွားများ ရှားပါးလှသဖြင့် ဆင်များကို အသုံးပြုလေ့ရှိ၏။

တစ်နေ့သ၌ သူ၏သူငယ်ချင်း အိကောရောက်ရှိလာပြီး

" ရွာထိပ်က မရှုန်နန်တို့အိမ်မှာ ချစ်သောက်ပွဲရှိတယ်ဝေလု၊





သွားကြရအောင်ကွာ "

ဟု ပြောလေ၏။ ဝေလုက သက်ပြင်းချ၍

" ငါသိပါတယ်အိကော၊ ဒါပေမယ့် မနက်စောစောထပြီး ဆင်ဖမ်းထွက်ရဦးမယ်ကွ၊ မသွားတော့ပါဘူးကွာ "

ဟု ငြင်းဆန်လိုက်လေ၏။ မရှုန်နန်၏ ဖခင်သည် လယ်ယာမြေ မြောက်မြားစွာ ပိုင်ဆိုင်သော သူဌေးတစ်ယောက်ဖြစ်ပြီး သည်နှစ် စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်သဖြင့် ပျော်ပွဲရွှင်ပွဲ ကျင်းပခြင်းဖြစ်၏။ အဆိုပါပွဲ၌ ရွာရှိလူပျိုဖြူများစုံ၍ ဝကီကီအကများကို ကလေ့ရှိသဖြင့် လူပျိုကာလသားတို့ စိတ်ဝင်စားသောပွဲဖြစ်၏။ ဝေလုက ငြင်းဆန်လိုက်သဖြင့် အိကောက မျက်နှာရှုံ့မဲ့သွားပြီး

" ဒီလိုတော့မလုပ်ပါနဲ့ဝေလုရယ် မင်းမလိုက်ရင် ငါတစ်ယောက်တည်းဖြစ်နေမှာပေါ့ ၊ ဒီနေ့တောထဲမှာ ထိုင်းခုတ်လိုက်သွားလို့ ငါရွာအပြန်နောက်ကျတယ်၊ ဟိုကောင်တွေကတော့ ငါကိုထားခဲ့ပြီး ညနေကတည်းက မရှုန်နန်တို့ အိမ်ဝန်းထဲမှာရောက်နေပြီ "

ဟု ပြောလေ၏။ ထိုအခါ ဝေလုက ရယ်မော၍

" ဩော်... မင်းကငါကို အဖော်မရှိတော့မှလာခေါ်တာယ်ပေါ့ "

ဟု နောက်ပြောင်လေ၏။ အိကောက ဝေလု၏ပခုံးကိုဖက်၍

" ထပါ သူငယ်ချင်းရယ် ... "

ဟု အတင်းအကျပ်ပင် ခေါ်ဆိုလေ၏။ ဝေလုလည်းမငြင်းဆန်နိုင်တော့ပဲ အိကောနှင့်အတူ ချစ်သောက်ပွဲရှိရာ ရွာတောင်ပိုင်းသို့ထွက်ရန် ပြင်လေ၏။ ဝေလု၏ ဝတ်စားဆင်ယင်ပုံကိုကြည့်၍ အိကောက



www.burmeseclassic.com

www.burmeseclassic.com



" ဒီအတိုင်းလိုက်မှာလား အဝတ်အစားလဲဦးလေကွာ "

ဟုပြော၏။ အိကောသည် ရှမ်းဘောင်ဘီအနက်ရောင် အင်္ကျီလက်ရှည်အဖြူနှင့် သားနားသပ်ရပ်နေ၏။ ဝေလုကမူဆင်သမားများဝတ်လေ့ရှိသော ဖောင်းနွမ်းသော ကာကီအင်္ကျီနှင့်ဘောင်းဘီကိုသာ ဝတ်ဆင်ထားလေ၏။ ဝေလုက အဝတ်အစား မလဲတော့ပဲ မရှန်နန်တို့ ခြံသို့ လိုက်ခဲ့လေ၏။

မရှန်နန်တို့ခြံနှင့်နီးကပ်လာသောအခါ ကြည်ဖွယ့်မယ်ဒလင်သံများကို ကြားရလေ၏။

မောင်း(အ)ဟုခေါ်သော တူရိယာနှင့် ပြွေတိုပြွေရှည်များကို တီးခတ်သံကိုလည်း ကြားနေရလေ၏။

အိမ်ဝိုင်းထဲသို့ရောက်သောအခါ ရွာသူမိန်းမပျိုများသည် ဝကီကီအကကို ကပြနေကြောင်းတွေ့ရလေ၏။ ရွာသူမိန်းမပျိုများသည် ရိုးရာထုံးစံအတိုင်း အဖြူရောင်ထဘီနှင့် အနက်ရောင်အင်္ကျီလက်ရှည်ကို ဝတ်ဆင်ထားကြ၏။

မိန်းမပျိုများစုဝေးကခုန်နေသောနေရာနှင့် မနီးမဝေးတွင် ကြည့်ဖွယ့်(ခေါ်) ကြိုးတပ်တူရိယာနှင့်ပြွေတို၊ ပြွေရှည်တီးခတ်နေသော တီးဝိုင်းအဖွဲ့သားများကိုတွေ့ရလေ၏။

အိမ်ဝိုင်းထဲတွင် ရွာသူရွာသား ၅၀ခန့်ရှိနေပြီး အားလုံးပျော်ရွှင်ကြည်နူးနေလေ၏။

မြေကွက်လပ်ကြီးတစ်ခုတွင် တောဝက်ကြီးနှစ်ကောင်ကို တံစို့ထိုး၍ ကင်ထားပြီး ရွာသူရွာသားများဝိုင်းဖွဲ့၍ စားသောက်နေလေ၏။

ရွာသခေးများသည် ဂျစ်ဖူးခေါ် ဆန်ဖြင့်ချက်ထားသော အရက်





များကို သောက်နေလေ၏။

အိကောသည် ဂျစ်ဖူးသောက်ရန် ဝါးကျည်တောက်များရှိရာသို့ အပြေးအလွှားသွားလေ၏။ ဝေလုသည် အရက်မသောက်ချင်သောကြောင့် ကခုန်နေသော ရွာသူမိန်းမချောလေးများကို ငေးမောနေမိ၏။

ရွာသူမိန်းမပျိုအားလုံး အသားအရည်ဖြူစင် ဝင်းပပြီး တောင်ပေါ်သူများပီပီ အမြဲလှုပ်ရှားသွားလာနေသဖြင့် ကျန်းမာသန်စွမ်းပြီး ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်းကြ၏။

ထိုအခိုက်မှာပင် ကခုန်နေသော မရှန်နန်သည် ဝေလုကိုမြင်သွားပြီး ကခုန်နေရာမှရပ်၍ အနီးသို့လျှောက်လာ၏။ သူမသည် အလွန်လှ၍ ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်းသူဖြစ်၏။ အရပ်အမောင်းမှာ ရှည်သွယ်ပြီး ကိုယ်ခန္ဓာနှင့် လိုက်ဖက်သော တင်သားများရှိ၏။ ညို့ဝင်အားကောင်းသော မျက်ဝန်းများကို ပိုင်ဆိုင်ထားသဖြင့် အနီးအနားရွာများသို့တိုင် သူမ၏ အလှဂုဏ်သတင်းသင်းပျံ့၏။ မရှန်နန်က သဘောကျဟန်ဖြင့် ရယ်မော၍

" အားလုံးထဲမှာ ဘယ်သူကတာ အကောင်းဆုံးလဲဝေလု "

ဟု မေးမြန်းလေ၏။ ဝေလုက မရှန်နန်၏မျက်နှာကိုကြည့်၍

" ရှန်နန်ကတာ အကောင်းဆုံးပဲ "

ဟုပြောလိုက်ရာ မရှန်နန်က သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး

" အားလုံးထဲမှာ ဘယ်သူအလှဆုံးလဲ "

ဟု မေးမြန်းလိုက်ပြန်၏။ ဝေလုက မရှန်နန်၏ မျက်နှာကို ကြည့်ပြန်၍



www.burmeseclassic.com

www.burmeseclassic.com



" ရှန်နန်အလှဆုံးပါပဲ "

ဟုပြောလိုက်လေ၏။ မရှန်နန်က ဝေလု၏အဖြေကြောင့် သဘောကျဟန်ဖြင့် တခစ်ခစ်ရယ်မောလိုက်၏။ ထိုအခိုက်မှာပင် ၎င်းတို့အနောက်မှ တူးအောင်ရောက်ရှိလာပြီး

" ရှန်နန်က ဧည့်သည်တွေကို ဧည့်မခံဘဲ ဒီမှာလာပြီး အချိန်ဖြုန်းနေတာကိုး "

ဟုပြောလေ၏။ တူးအောင်သည် လယ်ပိုင်ရှင်တစ်ဦး၏ သားဖြစ်ပြီး ရွာတွင် ဩဇာအရှိဆုံး ဆွေမျိုးစုဝင်ဖြစ်၏။ တူးအောင်သည် ဩဇာရှိသော ဆွေမျိုးစုပီပီ လူတိုင်းကို မောက်မာစွာဆက်ဆံလေ့ရှိသဖြင့် ဝေလုက ၎င်းနှင့်ရင်းနှီးစွာနေထိုင်လေ့မရှိပေ။ မရှန်နန်က တူးအောင်ကိုလှည့်ကြည့်၍

" ဝေလုက အိမ်ဝိုင်းထဲမဝင်လို့ အတင်းခေါ်ခနေရတာ "

ဟုပြောလေ၏။ တူးအောင်က

" ဝေလုက ဖန်ဒီးပဲ၊ ဟောဒီထဲမှာပဲနေချင်တဲ့ကောင်၊ ဝကီကီပွဲနဲ့ ဒီကောင် မပတ်သက်ပါဘူး၊ မင်းဘာလို့ ဒီပွဲလာရတာလဲ "

ဟုမေးမြန်းလေ၏။ ဝေလုကသက်ပြင်းချ၍

" ဒီပွဲကိုလာဖို့ ကျုပ်စိတ်မဝင်စားပါဘူး၊ အဒီကောခေါ်လို့ ကျုပ်လိုက်ခဲ့တာပါ "

ဟုပြောလေ၏။ တူးအောင်က ဝေလု၏စကားကြောင့် မျက်နှာရှုံ့မဲ့၍

" ဒါဆိုရင်လဲ ဒီပွဲကိုဘာကြောင့်လာသေးသလဲ၊ မင်းပြန်သွားပါလား "





ဟုမဆီမဆိုင် မောင်းထုတ်လေ၏။ မရှန်နန်က ဝေလုတို့၏ တင်းမာသောစကားဝိုင်းကိုကြည့်၍

" ကဲပါဝေလုရယ်၊ အိမ်ထဲမှာ တောဝက်သားလိုက်စားပါဦး "

ဟု ဖိတ်ခေါ်လေ၏။ တူးအောင်က မရှန်နန်ကိုကြည့်၍

" ရှန်နန်ကလဲ တောမှာနေတဲ့ကောင်ကို အပိုလုပ်ပြီး အိမ်ထဲခေါ်မနေပါနဲ့၊ ဒီကောင်ဟာ တောသားပဲ၊ လူတောထဲကို ဘယ်တိုးဝံ့မလဲ "

ဟု ဝေလုကို မကျေနပ်သော အမူအရာဖြင့် ပြောဆိုလေ၏။ ဝေလုသည် တူးအောင်၏ ရည်ရွယ်ချက်ကို သိနားလည်၏။ တူးအောင်သည် မရှန်နန်ကို ပိုးပန်းနေသူဖြစ်သဖြင့် မရှန်နန်က မိမိအား အရေးတယူပြုနေခြင်းကို နှစ်လိုဟန်မရှိပေ။ သို့သော် တူးအောင်၏ စကားများသည် မိမိကို အသားလွှတ်စော်ကားနေသည်ဟု ယူဆသဖြင့် ပြန်ရန်စိတ်မကူးတော့ဘဲ ရှန်နန်ဘက်သို့လှည့်ပြီး

" တောဝက်ပေါင်သား ကောင်းကောင်းစားချင်တယ် "

ဟုပြောလေရာ မရှန်နန်က ခေါင်းညိတ်၍

" ရမယ်၊ အိမ်နောက်မှာ ပေါင်သားတွေ သပ်သပ်ချန်ထားတယ် "

ဟုဆိုကာ ဝေလုကို အိမ်ဝိုင်းအနောက်သို့ခေါ်သွားလေ၏။

ဝေလုသည် မရှန်နန်နှင့်အတူ အိမ်ဝိုင်းနောက်တွင် တောဝက်သားကို ဂျစ်ဖူးဟုခေါ်သော ဆန်အရည်အနည်းငယ်နှင့်သောက်လေ၏။

မရှန်နန်က ဝေလုအနီးသို့ ဂျစ်ဖူးထည့်ထားသော အိုးကျည်တောက်ငယ်ကို ယူလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် သူမက တစ်ငုံသောက်ပြီး ဝါးကျည်တောက်ကို ဝေလု လက်သို့ ကမ်းပေးလိုက်၏။

ဝေလုသည် သက်ပြင်းချလိုက်ပြီး ဝါးကျည်တောက်ကို လှမ်းယူ လိုက်၏။ မရှန်နန်က ချစ်သောက်ပွဲပြုလုပ်ရန် ဖိတ်ခေါ်နေလေပြီ။

ချစ်သောက်ပွဲဆိုသည်မှာ ဝါးကျည်တောက်ငယ်တစ်ခုတည်းမှ ခေါင်ရည်ကို အတူသောက်ကြခြင်းဖြစ်၏။

ချစ်သောက်ပွဲပြုလုပ်သူနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး လွန်စွာရင်း နှီးချစ်ခင်သည်ဟူသော အဓိပ္ပါယ်ကိုဆောင်၏။

ချစ်သောက်ပွဲကို အပျိုလူပျိုများ အတူသောက်သုံးလျှင် ထူးခြား သော အနက်အဓိပ္ပါယ်ကိုဆောင်သဖြင့် တစ်ချိန်တွင် ချစ်သူဖြစ်မည့်သူ များ သောက်သုံးလေ့ရှိ၏။

ဝေလုသည် ဝါးကျည်တောက်ငယ်ကို လှမ်းယူရင်း မရှန်နန်နှင့် အကြည့်ချင်းဆုံပြန်၏။

မရှန်နန်သည် ဝေလုအား ရွှန်းလဲ့သော မျက်ဝန်းများနှင့်ကြည့်ရှု လေ၏။ ဝေလုသည် ခေါင်ရည်ကိုသောက်ရန်ပြင်လိုက်စဉ် မီးဝင်းဝင်း တောက်သော မျက်ဝန်းများနှင့်ကြည့်ရှုနေသော တူးအောင်ကိုတွေ့လိုက် ရလေ၏။ မရှန်နန်၏အပြုအမူသည် တူးအောင်၏အသည်းကို ကွဲခတ် သည့်နှယ်ခံစားရချေပြီ။

ဝေလုသည် ငြင်းဆန်ရန် မသင့်တော်သဖြင့် ဝါးကျည်တောက်ထဲ မှ ခေါင်ရည်များကို တစ်ငုံမျှ သောက်လေ၏။

ဝေလု၏ အပြုအမူကိုကြည့်၍ လီဆူပျိုဖြူကလေးများသည် သံဘောကျဟန်ဖြင့် လက်ခုပ်တီးလေ၏။





လက်ခုပ်သံမစဲမီမှာပင် အနီးသို့ တူးအောင်လျှောက်လာ၏။ တူး အောင်၏လက်ထဲတွင် ကျည်တောက်ငယ်တစ်ခုပါ၏။

တူးအောင်သည် မိန်းမပျိုများ၏အလယ်သို့ လျှောက်လာပြီး ဝါးကျည်တောက်အတွင်းမှ ခေါင်ရည်ကို အနည်းငယ်သောက်လိုက်၏။

ထို့နောက် မရှန်နန်၏ အရှေ့သို့သွားကာ ကျည်တောက်ကိုကမ်း ပေးလိုက်၏။ မရှန်နန်က တူးအောင်ကိုကြည့်၍ မျက်နှာပျက်သွားပြီး

“ ငါ မသောက်ချင်ဘူးတူးအောင် ”

ဟုပြောလေ၏။ တူးအောင်၏မျက်နှာတင်းမာသွားပြီး

“ နင်သောက်ရမယ် ရှန်နန်၊ ဝေလုဆိုတဲ့အရိုင်းကောင် ကိုတော့ ချစ်သောက်ပွဲလုပ်ဖို့ နင်ကစပြီး ဖိတ်ခေါ်တယ်၊ ငါ့လို အမျိုးမြတ်တဲ့သူကို တော့ နင်က ငြင်းဆန်တာလား ”

ဟုမေးမြန်းလေ၏။ မရှန်နန်က ခေါင်းခါ၍

“ ဝေလုဟာ တောသားအရိုင်းကောင်ပဲဖြစ်ဖြစ်၊ ငါသောက်ချင် တဲ့သူနဲ့မှ သောက်မှာပေါ့၊ နင်နဲ့မဆိုင်ဘူး တူးအောင် ”

ဟု ငြင်းဆန်၏။ တူးအောင်က ကျည်တောက်ကို မြေပေါ်သို့ ဒေါသတကြီး ပစ်ပေါက်လိုက်ပြီး

“ ဒါ နင်သက်သက် ငါ့ကိုစော်ကားတာပဲ ရှန်နန်၊ ဝေလုလို အရိုင်းကောင်ဟာ ငါနဲ့ယှဉ်ရင်ဘာတန်ဖိုးရှိလို့လဲ၊ သူ့မှာစည်းစိမ်ဥစ္စာ ဘယ်လောက်ရှိသလဲ၊ မြင့်မြတ်တဲ့ဆွေမျိုးအင်အား ဘယ်လောက် ရှိသလဲ၊ လယ်တွေ ဘယ်လောက်ရှိသလဲ၊ ဆင်တွေ၊ ကျွဲတွေ၊ နွားတွေ ဘယ်လောက်ရှိသလဲ ”

ဟုဒေါသတကြီးပြောဆိုလိုက်လေရာ ဝေလုက ထိုင်ရာမှထ၍



www.burmeseclassic.com

www.burmeseclassic.com



တူးအောင်၏မျက်နှာကို စေ့စေ့ကြည့်ကာ

" ငါဟာ အရိုင်းကောင်ဖြစ်တယ်၊ ဒါပေမယ့် မင်းလိုတော့ ယုတ်မာရိုင်းစိုင်းတဲ့ စိတ်ဓာတ်မရှိဘူး၊ မင်းဟာ အမျိုးမြတ်ပေမယ့် လူကတော့ သိမ်ယုတ်မာတယ်၊ မြင့်မြတ်တဲ့အမျိုးနဲ့ မတန်ဘူး "

ဟုပြောလိုက်ရာ တူးအောင်သည် လွန်စွာဒေါသဖြစ်သွားပြီး အနီးတွင်ရှိသော တောဝက်လှီးသော ဓားမြှောင်ဖြင့် ဝေလုကို လှမ်းထိုးလေ၏။

ဝေလုသည် နောက်သို့ ခြေတစ်လှမ်းဆုတ်၍ ရှောင်တိမ်းပေးလိုက်သဖြင့် တူးအောင် အရှိန်လွန်၍သွားလေ၏။

မိန်းမပျိုများက ထိတ်လန့်တကြားအော်ဟစ်လိုက်ရာ အိမ်ဝိုင်းအတွင်းရှိ လူများသည် ရန်ပွဲကို သတိပြုမိသွားလေ၏။

တူးအောင်သည် ဝေလုကို ဓားမြောင်ဖြင့် အဆက်မပြတ်လိုက်ထိုးလေရာ ဝေလုသည် နောက်သို့လျှင်မြန်စွာဆုတ်၍ ခေါင်ရည်အိုးများတင်ထားသော ဝါးစားပွဲပေါ်သို့ ခုန်တက်လိုက်လေ၏။

တူးအောင်သည် ဝေလု၏ ခန္ဓာကိုယ်အောက်ပိုင်းကိုဓားဖြင့် ထိုးပြန်ရာ ဝေလုက သူ၏ဓားကိုင်လက်ကို ခြေဖြင့်တအားဆောင့်ကန်လိုက်ရာ တူးအောင်၏ ဓားသည် လေထဲသို့လွင့်ပျံထွက်သွားလေ၏။

ထိုအခါ တူးအောင်၏ဆွေမျိုးများရောက်ရှိလာပြီး တူးအောင်ကို ဆွဲကြလေ၏။

ဝေလုက စားပွဲခုံပေါ်မှခုန်ချ၍ ရန်ပွဲဖြစ်ပွားပုံကို မည်သူ့ကိုမျှ မရှင်းပြတော့ဘဲ မရှန်နန်ဘက်သို့လှည့်ကာ

" ရှန်နန် ငါသွားမယ်၊ ရန်ပွဲဘာကြောင့်ဖြစ်တယ်ဆိုတာ နင်ပဲ ရှင်းပြလိုက်ပါ "





ဟုပြောကာ ရှန်နန်တို့ခြံဝိုင်းထဲမှ ကျော်ခိုင်းထွက်ခဲ့လေတော့၏။

သူသည် အိမ်သို့ရောက်သောအခါ ရှန်နန်၏ ချစ်သောက်ပွဲပြုလုပ်ရန် ဖိတ်ခေါ်ပုံများကို ပြန်လည်မြင်ယောင်လာ၏။

ရှန်နန်သည် ဇင်းတို့ဒေသတွင် အလှဆုံး လီဆူမျိုးဖြူဖြစ်၏။

ရှန်နန်မိဘများထံတွင် လယ်ယာမြေများ၊ ဆင်များ၊ ကျွဲနွားများဖြင့် လာရောက်တောင်းရမ်းသူများစွာရှိ၏။

မိမိကဲ့သို့ ဆင်းရဲသား မျက်နှာမွဲ ဆင်ဖမ်းသမားတစ်ယောက်နှင့် လားလားမှမထိုက်ဟု တွေးမိလေ၏။

ယနေ့ည ဝက်ကီကိုပွဲတွင် တူးအောင်နှင့် ရန်ပွဲဖြစ်ပွားရပုံကိုလည်း ပြန်လည်မြင်ယောင်လာ၏။

တူးအောင်သည် သြဇာကြီးမားသော ဆွေမျိုးစုဝင်ဖြစ်၏။ တူးအောင်၏ ဦးလေးတော်သူမှာ ရွာသူကြီးပင်ဖြစ်၏။

တူးအောင်သည် မရှန်နန်ကို နှစ်ရှည်လများပိုးပန်းနေသူဖြစ်၏။ သို့သော် တူးအောင်သည် မောက်မာရိုင်းစိုင်းသူဖြစ်သဖြင့် မရှန်နန်က နှစ်လိုဟန်မရှိပေ။

ယနေ့ည မရှန်နန်က မိမိအား ချစ်သောက်ပွဲပြုလုပ်ရန် ဖိတ်ခေါ်ခြင်းကို တူးအောင်မနာလိုဖြစ်သွားပုံရ၏။

ဤရွာတွင်နေထိုင်သရွေ့ တူးအောင်နှင့် တစ်ကွေ့ကွေ့တွင် ရန်ဆိုင်တွေ့ဦးမည်ဟုထင်မြင်မိလေ၏။

ဝေလုသည် မရှန်နန်၏အကြောင်းကို တွေးတောရင်း အိပ်ရာထဲတွင် ညဉ့်နက်သည်အထိ အိပ်မပျော်ခြင်းမရှိပေ။ မရှန်နန်၏ လှပသောမျက်



www.burmeseclassic.com

www.burmeseclassic.com



နှာနှင့် တောင့်တင်းကြံ့ခိုင်သော ကိုယ်ဟန်ကိုမြင်ယောင်နေမိ၏။

မရှက်နန်ကို ချစ်မိနေသလားဟု တွေးမိပြန်၏။ သို့သော် သူမကို ချစ်မိပြီဟု ယူဆရန် မသေချာသေးမှန်း သိလာလေ၏။

ဝေလုသည် သမားရိုးကျ လီဆူ အမျိုးသားတစ်ယောက်ကဲ့သို့ သူ၏ဘဝကို ဤရွာကလေးတွင်မြှုပ်နှံရန် ဆန္ဒမရှိပေ။ အဘိုးကဲ့သို့ မြန်မာပြည် အနှံ့ စွန့်စားသွားလာချင်လှ၏။ အတွေ့အကြုံအသစ် အဆန်းများကို သင်ယူချင်လှ၏။ လောကတွင်သည် စိတ်ဝင်စားဖွယ် စွန့်စားခန်းများနှင့် ပြည့်နှက်နေသည်မဟုတ်ပါလား။

~~~~~~~~~~~



နောက်တစ်နေ့ ဆင်စခန်းသို့ရောက်သောအခါ ညက ဝက်ကိပွဲတွင် ဝေလုနှင့်တူးအောင် ရန်ပွဲဖြစ်ပွားပုံကို ပြောဆိုနေကြလေ၏။

သူ၏သူငယ်ချင်း အီကောက

" မရှက်နန်က မင်းကိုချစ်သောက်ပွဲလုပ်ပြီးပြီဆိုတော့ မင်းတို့နှစ်ယောက်ဟာတစ်ယောက်နဲ့တစ်ယောက် သစ္စာထားပြီး ခင်မင်ရင်းနှီးကြမယ်ဆိုတဲ့သဘောပဲ၊ ဒီဒေသတစ်လျှောက်လုံးက ကာလသားတွေဟာ မရှက်နန်ကို ပိုးပန်းကြတယ်၊ မင်းလိုအခွင့်အရေးမျိုး ဘယ်သူမှ မရသေးဘူး၊ မင်းကို မရှက်နန်က ချစ်သောက်ပွဲလုပ်တာ ငါတို့တစ်ရွာလုံး အံ့ဩကြတယ်၊ ဟဲ ဟဲ... မင်းမှာ ဆေးကောင်းဝါးကောင်းရှိမယ်နဲ့တူတယ်၊ ရှိရင်လဲ ငါ့ကို နည်းနည်းမျှပါကွာ "
~~~~~~~~~~~

www.burmeseclassic.com



ဟုပြောလေ၏။ ဝေလုသည် အိကောဇ်၏စကားကြောင့် မရှုန်နန်နှင့်သူ လူမသိသူမသိ ရင်းနှီးခဲ့သောဖြစ်ရပ်တစ်ခုကို ပြန်လည်သတိရနေမိ၏။

ထိုအဖြစ်အပျက်သည် လွန်ခဲ့သည့် သုံးလက ဖြစ်ပျက်ခဲ့ခြင်းဖြစ်၏။

ဝေလုသည် ထိုဖြစ်ရပ်ကို ပြန်လည်တွေးတောရင်း စိတ်လှုပ်ရှားနေမိလေ၏။

ဝေလုသည် ညနေစောင်းသည့်အချိန်တိုင်း အချိန်အားသည့်အခါ မီလာရှီကာကြိုးကွင်းပစ်နည်းနှင့် ကြာပွတ်ရိုက်နည်းကို ရွာပြင်တောစပ်တွင် သွားရောက်လေ့ကျင့်တတ်၏။

ရွာပြင်ရှိ ဝေလုကြိုးကွင်းပစ်နည်းလေ့ကျင့်ရာ တောင်စောင်း၏အောက်တွင် ရွာကိုကွေ့ပတ်စီးဆင်းသော ရေစီးသန်လှသည့် ချောင်းရှိ၏။ ထိုချောင်းသည် ရေစီးသန်လှသဖြင့် သစ်လုံးများ မျှောချရာတွင် အသုံးပြုနိုင်၏။ ထိုနေ့ကဝေလုသည် မီလာရှီကာ ကြိုးကွင်းပစ်ရင်း တောင်စောင်း၌ ပက်လက်လှန်၍ အမောဖြေနေလေ၏။

အတန်ကြာအောင် အမောဖြေပြီးနောက်ရွာသို့ပြန်ရန် ကြိုးကွင်းကို သိမ်းဆည်းနေလေ၏။

ထိုအခိုက်မှာပင် တောင်ပေါ်မှချောင်းထဲသို့ အကြည့်ရောက်လေရာ ရေစီးသန်သောချောင်းထဲတွင် တစ်စုံတစ်ရာမျှောပါလာကြောင်း တွေ့လိုက်ရလေ၏။

ဝေလုသည် ထိုအရာကိုကြည့်ရှုရင်း မျက်မှောင်ကြုတ်လိုက်လေ၏။ ချောင်းထဲတွင် လူတစ်ယောက်မျောပါလာ၏။





ထိုသူသည် ရေကူးတတ်ပုံမရဘဲ စမ်းချောင်းထဲတွင် မျောပါနေခြင်းဖြစ်ပုံရ၏။

ရွာပြင်ရှိ တောင်စောင်းကြီးကိုကျော်လျှင် အပြောကျယ်သောချောင်းကြီးထဲသို့ ရောက်ရှိသွားနိုင်၏။

ထို့ကြောင့် ရေထဲတွင်မျောပါလာသူကို အမြန်ဆုံးကယ်ရန် ဆုံးဖြတ်လိုက်၏။

ဝေလုသည် တောင်စောင်းပေါ်မှလျှင်မြန်စွာ ပြေးဆင်းခဲ့၏။ မြေပြင်သို့ရောက်သောအခါ စမ်းချောင်းထဲတွင် မျောပါလာသူကို ကြိုစောင့်နေလေ၏။

ပြီးနောက် ရေထဲသို့ထိုးထွက်နေသော သစ်ကိုင်းကြီးပေါ်သို့ အပြေးအလွှားတက်၍ လက်ထဲရှိ ကြိုးကွင်းဖြင့် ရေထဲတွင်မျောပါလာသူကို လှမ်းပစ်လိုက်၏။

ထိုသူ၏ ကိုယ်ပေါ်သို့ ကြိုးကွင်းစွပ်မိသော်လည်း မိမိရရမရှိသောကြောင့် ရေထဲတွင်မျောပါသူကို မကယ်တင်နိုင်ခဲ့ပေ။

ဝေလုသည် ထိုသူအတွက် စိုးရိမ်ပြီး ကုန်းပေါ်မှ ပြေးလိုက်ခဲ့လေ၏။

သူသည် ရေစီးသန်လှသော စမ်းချောင်းထဲတွင် မျောပါသူနှင့်အပြိုင် ကုန်းပေါ်မှ ပြေးလွှားခဲ့လေ၏။

သူသည် မောဟိုက်ပင်ပန်းစွာပြေးလွှားပြီးနောက် ကမ်းတစ်နေရာမှ ကြိုးနှင့်ပစ်ရန် ကြိုးစားမိပြန်၏။

သို့သော် ကြိုးမှာမမီဘဲ မျောပါလာသူ၏ အနီး၌ကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေလုသည် မီလာရှိကာကြီးကြီးကိုပင် ပြန်ယူရန် အချိန်မရတော့ဘဲ ကမ်းနှုဖူးအတိုင်း မောဟိုက်ပင်ပန်းစွာ ပြေးလွှားခဲ့ပြန်၏။

ရေထဲတွင် မျောပါလာသူအတွက် နောက်ဆုံးအခွင့်အရေးသာ ရှိတော့၏။

ဤတစ်ကြိမ်မကယ်တင်နိုင်လျှင် ကျယ်ဝန်းသော ချောင်းမကြီးထဲသို့ ရောက်ရှိသွားနိုင်၏။

ဝေလုသည် ရင်ကွဲလုမတတ် ပြေးလွှားရင်း ရေထဲသို့ထိုးကျနေသော သစ်ကိုင်းပေါ်သို့ အပြေးအလွှားတက်လေ၏။

သစ်ကိုင်းကြီး၏အဆုံးသို့ရောက်သောအခါ သစ်ကိုင်းပေါ်တွင် မထင်မှတ်သော သတ္တဝါတစ်ကောင်ကိုမြင်သဖြင့် ထိတ်လန့်သွားလေ၏။

မြွေတစ်ကောင်သည် ဝေလုကို ရန်မူတော့မည့်အနေအထားတွင် ရှိလေ၏။

ဝေလုသည် သူ၏ခါးမှ ကြာပွတ်ကို ထုတ်၍ မြွေကိုရိုက်ချလိုက်ရာ မြွေသည် ရေထဲသို့မျောပါသွားလေ၏။

ထိုအချိန်တွင် ရေထဲတွင်မျောပါလာသူသည် ဝေလု၏အနီးသို့ပင်ရောက်ရှိနေလေ၏။

ဝေလုသည် လက်ထဲရှိကြာပွတ်ဖြင့် ထိုသူ၏လက်ကို လှမ်းချိတ်လိုက်ရာ ကံကောင်းထောက်မစွာဖြင့် ချိတ်မိသွားလေ၏။

ဝေလုသည် ဝမ်းသာအားရဖြင့် ကြာပွတ်ကိုအသာဆွဲ၍ ထိုသူ၏ ခန္ဓာကိုယ်ကို အနီးသို့ဆွဲယူလိုက်၏။

ပြီးနောက် သစ်ကိုင်းကို အားပြု၍ ထိုသူ၏ခန္ဓာကိုယ်ကို မတင်လိုက်သောအခါ ဝေလုသည် လွန်စွာအံ့ဩသွားလေ၏။



ရေထဲတွင် မျောပါလာသူမှာ ရွာ၏အချောဆုံးအလှဆုံးမိန်းမပျို မရှုန်နန်ဖြစ်နေ၏။

မရှုန်နန်သည် ရေမွန်း၍ မေ့မြောနေပြီး သူမ၏အဝတ်အစားများကို ကြည့်၍ ဝေလုသည် ခေါင်းနပန်းကြီးသွားလေ၏။

အဘယ်ကြောင့်ဆိုသော် မရှုန်နန်၏ ခန္ဓာကိုယ်တွင် လီရှူမျိုးဖြူများ ဝတ်လေ့ရှိသော အနက်ရောင်အကျႌလက်ရှည်သာရှိပြီး အဖြူရောင်ထဘီမှာ မရှိတော့ဘဲရေထဲတွင် မျောပါသွားပုံရ၏။

ဝေလုသည် မရှုန်နန်၏လှပသောခန္ဓာကိုယ်ကိုကြည့်၍ လွန်စွာဦးနှောက်ခြောက်သွားလေ၏။

လူသူကင်းမဲ့သော တောစပ်တွင် ကိုယ်လုံးတီး မိန်းမပျိုတစ်ဦးနှင့် သူမည်သို့ နေထိုင်ရမည်နည်း။

ဝေလုသည် ရှုန်နန်ကိုကြည့်၍ ရင်မခုန်နိုင်အားဘဲ မေ့မြောနေသော သူမအား ကုသရန် ကြိုးစားရလေ၏။

သူမသည် ရေမွန်းပြီးမေ့မြောနေလေ၏။ မရှုန်နန်၏ခန္ဓာကိုယ်ထဲရှိ ရေများကို အန်ထုတ်နိုင်ရန် ကြိုးပမ်းရလေ၏။

အဘိုးသည် ရေနစ်မွန်းနေသူကို မည်သို့ကယ်တင်ရမည်ကို သူ့အား သင်ကြားပေးဖူး၏။

ထို့ကြောင့် မရှုန်နန်၏ ပါးစပ်ကိုဟ၍ အသက်ရှူလမ်းကြောင်းတွင် ပိတ်ဆို့နေခြင်းရှိမရှိ ကြည့်ရှုလေ၏။

ပြီးသောအခါမှပင် သူမကို ပခုံးပေါ်တွင်ထမ်း၍ ချောင်းနံဘေးတွင် ပြေးလွှားရလေ၏။

မရှုန်နန်၏ ပါးစပ်ထဲမှ ရေများ ပြန်ထွက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေလုသည် အတန်ကြာအောင် ပြေးလွှားပြီးနောက် မရှန်နန်ကို မြက်ခင်းပေါ်တွင်ချ၍ ဗိုက်ကိုဖိနှိပ်၍ ရေများပြန်ထွက်လာရန် ပြုလုပ်ရပြန်၏။

သူမ၏ ဝင်းဝါစိုပြည်သော ခန္ဓာကိုယ်အလှကို မကြည့်မိရန် ကြိုးစားပြီး ဗိုက်ကိုဖိနှိပ်ရလေ၏။

သူမ၏ပါးစပ်ထဲမှ ရေများ အန်ထွက်လာပြန်၏။

အတန်ကြာအောင် နှိပ်နယ်ပေးပြီးနောက် သူမ၏နှုတ်ခမ်းကို လေများ မှုတ်သွင်းရလေ၏။

လေများမှုတ်သွင်းပြီး ခဏအကြာတွင် သူမထံမှ ညည်းညူသံ တီးတိုးကြားရလေ၏။

ဝေလုသည် ထိုအခါမှပင် သူမ၌ ထဘီမရှိတော့ခြင်းကို သတိရ၍ သူ၏ ကာကီအကျႌကို ချွတ်ကာ သူမ၏ခန္ဓာကိုယ်အောက်ပိုင်းကို လွှမ်းခြုံပေးလိုက်၏။

မရှန်နန်သည် တအင်းအင်းညည်းညူ၍ သတိရလာ၏။ ဝေလုက မရှန်နန်ကိုကြည့်၍

"ရှန်နန် သတိရလာပြီ"

ဟု ရေရွတ်လိုက်လေ၏။ မရှန်နန်သည် ပတ်ဝန်းကျင်ကို မျက်လုံးကစား၍

"ငါဘယ်ကိုရောက်နေတာလဲ"

ဟု မေးမြန်းလေ၏။ ဝေလုက သူမ၏လှပသော မျက်နှာကို ကြည့်၍

"ငါတောစပ်မှာ မီးလာရှိုကာကြိုးကွင်းပစ် လေ့ကျင့်နေတုန်း၊





ခမ်းချောင်းထဲမှာမျောလာတဲ့ နင့်ကိုငါမြင်ရတယ်၊ ဒါကြောင့် ရေထဲကနေ ကြိုးကွင်းပစ်ပြီး ခက်ခက်ခဲခဲ ဆယ်ထားတာ"

ဟုပြောလေရာ မရှန်နန်က သူမ၏အဖြစ်ကို သတိရဟန်ဖြင့်

"အို... ဟုတ်တယ်၊ ရှန်နန်သတိရလာပြီ၊ ရေထဲကို ထိုးကျနေတဲ့ သစ်ကိုင်းပေါ်က သစ်ခွပန်းကိုခူးရင်း ချောင်းထဲကို ပြုတ်ကျသွားတယ်၊ ရှန်နန်က ရေမကူးတတ်တော့ ရေထဲမှာမျောပါပြီး ရေတွေမွန်းတယ်၊ နောက်တော့ သတိမေ့သွားတာပဲ"

ဟု ပြောလေ၏။ ဝေလုက ရှန်နန်၏ ခန္ဓာကိုယ်အောက်ပိုင်းကို မသိမသာကြည့်၍

"နင့်ရဲ့အသက်အန္တရာယ်ကိုစိုးရိမ်ပြီး အတော်လေး ငါကြိုးစားလိုက်ရတယ်"

ဟုပြောလေ၏။ မရှန်နန်သည် မြက်ခင်းပေါ်တွင် လှဲနေရာမှ အားယူ၍ ထရန် ကြိုးစားလိုက်ရာ ဝေလုက အထိတ်တလန့်ဖြင့် သူမ၏ ရင်ဘတ်ကို လက်ဖြင့်ဖိ၍

"မထနဲ့ ရှန်နန်"

ဟုပြောလေရာ မရှန်နန်က အံ့သြသွားပြီး

"ဘာဖြစ်လို့လဲဟင်"

ဟုမေးမြန်းလေ၏။ ပြီးနောက် သူမ၏ခန္ဓာကိုယ်အောက်ပိုင်းကို ငုံ့ကြည့်လိုက်ရာ ထဘီမရှိတော့သောအဖြစ်အပျက်ကို မြင်တွေ့သွားပြီး မျက်နှာတစ်ခုလုံးနီမြန်းသွားပြီး

"ဟင်... ငါ့ထဘီ မရှိတော့ဘူး၊ ထဘီဘယ်ရောက်သွားလဲ"

ဟု အလန့်တကြားမေးမြန်းလေ၏။ ဝေလုက သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" နင်ရေထဲမှာ မျောပါရင်း ထဘီကျွတ်သွားတာဖြစ်မယ်၊ ဒီနင့်ကိုကယ်တော့ ထဘီပါမလာတော့ဘူး၊ ဒါကြောင့် လော်လော်ဆယ် ငါ့အင်္ကျီကိုချွတ်ပြီး နင့်ကိုယ်မှာ ဖုံးပေးထားတာ "

ဟုပြောလေရာ မရှန်နန်သည် ရှက်လွန်း၍ မျက်နှာရဲရဲနီနေပြီး

" အို... ရှက်စရာကောင်းလိုက်တာ၊ ငါ ရေနစ်ပြီး သေသွားတာ ကောင်းမယ် "

ဟု ရေရွတ်ကာ သူမ၏အဖြစ်အပျက်ကို ဝမ်းနည်းလွန်း၍ တအင့်အင့် ငိုရှိုက်လေ၏။

ဝေလုက သူမ၏ ရှိုက်ငိုနေပုံကိုကြည့်၍ သနားကရုဏာသက်ဟန်ဖြင့်

" မရှက်ပါနဲ့ ရှန်နန်ရယ်၊ ဒါဟာ မတော်တဆဖြစ်ခဲ့တာပဲ၊ နင့်အသက်ကို ကယ်နိုင်ခဲ့တာကို ဝမ်းသာစမ်းပါ "

ဟုပြောလေ၏။ မရှန်နန်က ဝမ်းပန်းတနည်းဖြင့်

" အို... ယောကျ်ားတစ်ယောက်က ငါ့ကိုယ်ခန္ဓာကို မြင်တွေ့သွားတော့မှ ငါဟာ အပျိုစင်တစ်ယောက်အနေနဲ့ လူ့လောကမှာနေလို့ ဘယ်ကောင်းတော့မလဲ "

ဟုပြောလေ၏။ ဝေလုက ခေါင်းကုတ်၍

" အို... ဒီအဖြစ်ကို ဘယ်သူမှမသိပါဘူး နင်နဲ့ငါ နှစ်ယောက်တည်းသိတဲ့ကိစ္စပဲ၊ ငါဘယ်သူမှ မပြောဘူးဆိုတာ နတ်မင်းကြီးတွေကို တိုင်တည်ပြီး ကတိပေးပါတယ် "

ဟုပြောလေရာ မရှန်နန်က ပို၍ဝမ်းနည်းဟန်ဖြင့်

" အို... နင်က ဘယ်သူ့ကိုမှ မပြောဘူးဆိုပေမယ့် ထဘီမရှိဘဲ





ငါဘယ်လိုလုပ် ရွာထဲဝင်လို့ရမလဲ၊ ငါ့အဖြစ်ကို တစ်ရွာလုံးသိသွားမှာ သေချာတယ်၊ ဒါဆိုရင်တော့ ငါ့ကို ဘယ်ယောကျ်ားမှ ယူချင်တော့မှာ မဟုတ်တော့ဘူး၊ ငါသေတာပဲကောင်းတယ် ဝေလု ငါရေထဲကို ပြန်ခုန်ချမယ် "

ဟုပြောလေ၏။ ဝေလုသည် ခန္ဓာကိုယ်အောက်ပိုင်းတွင် ကာကီအင်္ကျီလေးကို အရှက်လုံရုံ ဖုံးလွှမ်းထားသော မရှန်နန်ကိုကြည့်၍ အကြံရခက်သွားလေ၏။

မရှန်နန်သည် ပို၍ အရှက်သည်းဟန်ဖြင့် ငိုကြွေးလေတော့၏။

ဝေလုသည် မရှန်နန်၏အခက်အခဲအတွက် ခေါင်းပူအောင် စဉ်းစားပြီးနောက် မရှန်နန်၏ပခုံးကိုကိုင်၍

" ရှန်နန်၊ ငါရွာထဲကို အမြန်ဆုံးပြန်ဝင်ပြီး ဘယ်သူမှမသိအောင် ထဘီတစ်ထည်ရအောင်ယူပေးမယ်၊ နင်ဒီနေရာလေးမှာ ခဏစောင့်နေပါ၊ ဒီကိစ္စကို ဘယ်သူမှ မသိစေရပါဘူး "

ဟုပြောလေရာ မရှန်နန်က နားမလည်ဟန်ဖြင့်

" ဘယ်လိုလုပ်ယူမှာလဲ "

ဟုမေးမြန်းလေ၏၊ ဝေလုက ခေါင်းကုတ်၍

" ငါတို့ လီဆူအမျိုးသမီးတွေဟာ ထဘီအဖြူရောင်ကို တစ်ရွာလုံး ဝတ်ကြတာပဲ၊ ငါတွေ့တဲ့နေရာက ထဘီကို ရအောင်ယူခဲ့မယ်၊ ဘယ်သူမှ မသိစေရဘူး၊ နောက်ဆုံးထဘီရှာလို့မရရင် နင့်အမေကို အကျိုးအကြောင်းပြောပြီး ဘယ်သူမှ မသိအောင်ခေါ်ခဲ့မယ်၊ နင် ဒီနေရာမှာ လုံလုံခြုံခြုံပုန်းနေပါ "

ဟုပြောလေရာ မရှန်နန်သည် အခြားနည်းလမ်းမရှိသဖြင့် လက်



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်လေ၏။

ဝေလုသည် ရွာထဲသို့ အမြန်ဆုံးထွက်ခဲ့လေတော့၏။ ရွာသို့ ရောက်သောအခါ ရွာလယ်လမ်းမအတိုင်း ဟိုဒီ လျှောက်ကြည့်လေ၏။

အိမ်တစ်အိမ်၏ အနောက်သို့ ရောက်သောအခါ လုံချည် အဖြူရောင်နှစ်ထည် လှမ်းထားသဖြင့် လူရိပ်လူခြည်ကိုကြည့်၍ လုံချည်ယူရန် အတွက် ခြံဝင်းထဲသို့ ဝင်ခဲ့လေ၏။

ခြံထဲတွင် လူသူအရိပ်အယောင်ကိုမမြင်သဖြင့် ထဘီကို ရုတ်ရန် လက်လှမ်းလိုက်၏။

ထိုအခိုက်မှာပင် သူ၏အနောက်မှ အသံကိုကြားလိုက်ရ၏။

" ဟဲ့ ဝေလု၊ ဘာလုပ်မလို့လဲ "

ဝေလုသည် ထိုအသံကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး လှည့်ကြည့်လိုက်ရာ အိမ်နောက်မှ ထွက်လာသော ဒေါ်ရှေလကြီးကို တွေ့သဖြင့် မျက်လုံးပြူးသွားလေ၏။ ဒေါ်ရှေလသည် ဇော်စိုင်း၏မိခင် ဖြစ်၏။

ဝေလုက ဒေါ်ရှေလကြီးကို ရယ်မောလိုက်ပြီး

" ဟဲ ဟဲ... ဇော်စိုင်းဆီလာတာပါ၊ ဒီကောင်မရှိဘူးလား "

ဟု မေးမြန်းလေ၏။ ဒေါ်ရှေလကြီးက

" ဇော်စိုင်းမရှိဘူး တောထဲကို အမဲပစ်ဖို့လိုက်သွားတယ်၊ ဘာလုပ်မလို့လဲ "

ဟု မေးမြန်းလေ၏။ ဝေလုက ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွားပြီး ခေါင်းကုတ်၍

" ဟို ဒီကောင်မှာထားတဲ့ပစ္စည်းရပြီလို့ လာပြောတာပါ "





ဟုပြောလိုက်ရာ ဒေါ်ရှေလကြီးက မျက်မှောင်ကြုတ်၍

" ဘာပစ္စည်းလဲ "

ဟု မေးမြန်းလေ၏။ ဝေလုက တခဏကြာအောင် စဉ်းစား၍

" ဟို သေနတ်ပီးတဲ့အဆောင်ပါ၊ ကဲ ကျုပ်သွားတော့မယ် "

ဟုဆိုကာ ကမန်းကတန်းထွက်ခဲ့လေ၏။ သူသည် တောစပ်တွင် အဝတ်မပါ ဗလာကိုယ်ဖြင့် ကျန်ရစ်ခဲ့သော မရှုန်နန်ကို စိုးရိမ်နေမိ၏။

ရွာ၏တစ်နေရာသို့အရောက်တွင် အဖြူရောင်ထဘီကို ခြံတိုင်တွင် လှမ်းထားသည်ကိုမြင်၍ အလျှင်အမြန်ရွှတ်၍ သုတ်ခြေတင်ခဲ့၏။

ထိုအခိုက်မှာပင် သူ၏နောက်ကျောမှအသံကိုကြားရလေ၏။

" ဟင် ခြံစည်းရိုးပေါ်မှာ ငါ့ထဘီလှမ်းထားတာ၊ ဘယ်ရောက်သွားပါလိမ့် "

ဝေလုသည် ထဘီကိုလုံးထွေး၍ ဆုပ်ကိုင်လာခဲ့လေ၏။ ရွာ၏ တစ်နေရာတွင် လယ်ကွင်းမှပြန်လာသော ဒေါ်နန်းခမ်းနှင့်ဆုံပြီး ၎င်းက

" နင့်လက်ထဲက ဘာကြီးလဲ "

ဟု မေးမြန်းလေ၏။ ဝေလုက ရယ်မော၍

" ဘာမှမဟုတ်ပါဘူး၊ တောထဲမှာ ရေသွားကူးမလို့ပါ "

ဟု ပြောကာ ကမန်းကတန်းထွက်ခဲ့လေ၏။ ဒေါ်နန်းခမ်းက မျက်မှောင်ကြုတ်၍

" ဝေလုဘာဖြစ်သွားပြီလဲ၊ တောထဲမှာ ရေသွားကူးမလို့လို့ ပြောတယ်၊ သူ့လက်ထဲမှာ ကိုင်ထားတာကလဲ ထဘီနဲ့တူတယ်၊ သူဒီ ထဘီကို ဘယ်ကရလာတာလဲ "

ဟု ရေရွတ်ပြီး ကျန်ရစ်ခဲ့လေ၏။ ဝေလုသည် တောစပ်သို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ

" မရှန်နန် "

ဟု အသံပြုလိုက်သောအခါ မရှန်နန်သည် ကျောက်တုံးကြီးနောက်တွင် ပုန်းကွယ်နေရာမှ ထကြည့်လေ၏။ ဝေလုက သူ့လက်ထဲရှိ ထဘီကို လှမ်းပေးရင်း

" ထဘီရလာပြီ ရှန်နန်၊ အမြန်ဝတ်ပြီး ရွာကိုပြန်တော့၊ တော်ကြာ ရှန်နန်ပျောက်လို့ မိဘတွေ စိုးရိမ်နေလိမ့်မယ် "

ဟုပြောလေရာ မရှန်နန်က ထဘီကို လျှင်မြန်စွာဝတ်လိုက်ပြီး ဝေလုကို ရှက်ရွံ့မှန်ဖြင့်ကြည့်၍

" ဝေလုရယ်၊ နင်ဟာ ငါ့အသက်ကိုလဲ ကယ်ခဲ့တယ်၊ အရှက်မကွဲအောင်လဲ ကူညီပေးခဲ့တယ်၊ ငါကိုယ်မှာပတ်ထားတဲ့နှင့်အကျီကို ငါ ပြန်မပေးတော့ဘူး၊ နင့်ရဲ့ကျေးဇူးကို အမှတ်ရတဲ့အနေနဲ့ သိမ်းထားပါရစေ "

ဟုပြောလေရာ ဝေလုက မရှန်နန်ကိုကြည့်၍ ခေါင်းညိတ်လိုက်ပြီး

" နင်သွားတော့ ရှန်နန်၊ ရွာထဲက လူတွေ စိတ်ပူနေလိမ့်မယ်၊ နင့်အကြောင်းကို ဘယ်သူ့ကိုမှ မပြောဘူးဆိုတာ နတ်မင်းကြီးတွေကို ကိုင်တည်ပြီး သစ္စာပြုပါတယ် "

ဟုပြောလိုက်လေ၏။ ဝေလုသည် သူနှင့် မရှန်နန်အကြောင်းကို စဉ်းစားရင်း အတိတ်ကို သတိရနေစဉ် အီကျောက ပခုံးကိုပုတ်၍

" ဘာငိုင်နေတာလဲ ဝေလုရဲ့၊ ရှန်နန်အကြောင်းတွေ စဉ်းစားနေတယ်ထင်တယ်၊ ရှန်နန်က ဒီရွာမှာ အလှဆုံးနော်၊ အိုကွာ ငါတို့ရွာ





တင်မကပါဘူး ဒီနားက ရွာကလေးတွေမှာ ရှန်နန်လောက်လှတဲ့ မိန်းမတစ်ယောက်မှမရှိဘူး "

ဟုပြောလေ၏။ ဝေလုသည် ရှန်နန်ငါလှပသော ကိုယ်ဟန်ကို မြင်ယောင်မိရင်း ရင်ထဲတွင် လှိုက်ဖိုသွားမိ၏။

ထိုအခိုက်မှာပင် အနီးသို့ ဇျော်ကျီလကြီး ရောက်လာပြီး တစ်ဖက်ရွာရှိ ဆင်ဖမ်းသမားများနှင့်ပူးပေါင်း၍ ဆင်ဖမ်းထွက်ရန် ပြောဆိုပြီး နတ်များကို ပူဇော်ပသရန် ပြောလေ၏။

၎င်းတို့ဒေသတွင် ဆင်ဖမ်းထွက်ကာနီးတွင် နတ်များကို ပူဇော်ပသပြီးမှ ထွက်လေ့ရှိ၏။

လီဆူလူမျိုးအများစုသည် တောင်တန်းသာသနာပြု ဘုန်းတော်ကြီးများ၏ ကျေးဇူးကြောင့် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသွားပြီးဖြစ်သော်လည်း ရိုးရာနတ်များကို ကိုးကွယ်နေဆဲဖြစ်၏။

ထင်ရှားသော ရိုးရာနတ်များမှ မြီနာနီ (ကန္တာစောင့်နတ်)၊ နီယူ (တောင်စောင့်နတ်)၊ ရိတူရု (ချောင်းနှင့်မြစ်စောင့်နတ်)၊ အော်ဒီရူ (တောစောင့်နတ်)၊ ဂျာဂူ(လမ်းနှင့် တောင်ကြားများကို ပိုင်ဆိုင်သည့် ခရီးသွားနတ်)၊ ဟင်ကောနီ (အိမ်စောင့်နတ်) တို့ဖြစ်ကြ၏။

လီဆူတို့သည် နတ်ကို 'နီ' ဟုခေါ်ပြီး နတ်ပင့်ဆရာကို 'နီပါ' ဟုခေါ်ကြ၏။

၎င်းတို့သည် အခြားသောလူမျိုးများကဲ့သို့ တိရစ္ဆာန်များ၏ အသက်နှင့် ယဇ်ပူဇော်ခြင်းမရှိပေ။

လီဆူတို့သည် တော၏အလယ်၌ ကွက်လပ်ကလေးမှာ နတ်စင်တစ်ခုထိုး၍ ရေတစ်ခွက်၊ အရက်တစ်ခွက်ဖြင့်သာ ပူဇော်ပသ



www.burmeseclassic.com

www.burmeseclassic.com



လော့ရှိ၏။

ဝေလုသည် ဂျော်ဂျီလကြီးနှင့် အကြိမ်ကြိမ် ဆင်ဖမ်းထွက်သည့် အဖွဲ့တွင် လိုက်ပါခဲ့၏။

ဂျော်ဂျီလကြီးသည် ငယ်ငယ်ရွယ်ရွယ်နှင့် ဖန်ဒီးဖြစ်ခဲ့သော ဝေလုကို အထူးလေ့ကျင့်ပေးလေ၏။

တစ်နှစ်ခန့်ကြာသောအခါ ဝေလုသည် သူတို့ဒေသတွင် အသက်အငယ်ဆုံး ဖန်ဒီးတစ်ယောက်ဖြစ်ခဲ့လေ၏။

ဝေလုသည် သူ့အဘိုး ဦးအိုက်ပန်၏ လမ်းစဉ်ကိုလိုက်ကာ ဖမ်းဆီးရမိသောဆင်များကို ဒေသခံများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့၏။

ထို့ကြောင့် ဥစ္စာစီးပွားဖြစ်ထွန်းခြင်းမရှိသော်လည်း ဆင်ဖမ်းသမားဖန်ဒီးဘဝဖြင့် ပျော်ရွှင်နေလေ၏။

တောထဲရှိ အရိုင်းအစိုင်းဆင်များကိုဖမ်းဆီး၍ ဆင်ယဉ်ဘဝသို့ရောက်အောင်ပြုလုပ်ကာ လူအများ၏ ကောင်းကျိုးကို ဆောင်ကျဉ်းပေးနိုင်သဖြင့် ဂုဏ်ယူနေမိ၏။ သို့သော် နတ်ဆရာ 'နီပါ' ၏စကားကြောင့် သူ့စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားလေ၏။

" ဆင်တွေရဲ့သဘာဝဟာ တောထဲမှာပဲ လွတ်လွတ်လပ်လပ်နေထိုင်သွားလာချင်ကြတယ်၊ ဖန်ဒီးတွေဟာ သူတို့တွေရဲ့ အေးချမ်းသာယာတဲ့ဘဝလေးကို ဖျက်ဆီးတဲ့သူတွေပဲ၊ တောထဲမှာ မျိုးနွယ်ဝင်တွေနဲ့အတူတူ သွားလာနေတဲ့ဆင်တွေကို အတင်းအကြပ်ဖမ်းဆီးပြီး ကြောက်အောင်လုပ်တယ်၊ လူတွေရဲ့အလုပ်တွေမှာ မတရားခိုင်းစေကြတယ်၊ ဆင်ရိုင်းကနေ ဆင်ယဉ်ဖြစ်အောင်လုပ်တယ်လို့ စကားလှီမွှာ





အောင် ဆိုကြပေမယ့် ဆင်တွေရဲ့ခွန်အားကို နိုင်ထက်စီးနင်းလုပ်ပြီး မတရားခိုင်းစေကြတာပါ၊ ဒါကြောင့် ဖန်ဒီးတွေကို ရိုးရာနတ်တွေအားလုံး မနှစ်သက်ဘူး "

ဟုပြောလေရာ ဝေလုက မျက်မှောင်ကြုတ်၍ စဉ်းစားပြီး

" လူတွေရဲ့ကောင်းကျိုးအတွက် ဖန်ဒီးတွေက ဆင်တွေကို ဖမ်းပေးတာပဲ၊ ဘာဖြစ်လို့ ဖန်ဒီးတွေကို ရိုးရာနတ်တွေက မကြိုက်ရတာလဲ"

ဟု ပြန်လည်မေးမြန်းလေ၏။

နတ်ဆရာ 'နီပါ' က

" ဖန်ဒီးတွေဟာ မတရားလုပ်နေတာပဲ၊ ရိုးရာနတ်တွေက နိုင်ထက်စီးနင်းလုပ်တာကို မကြိုက်ဘူး၊ ငါတို့ လီဆူတွေဟာ တိရစ္ဆာန်တွေနဲ့ ယဉ်ပါးဖော်တဲ့ ဓလေ့ထုံးစံတောင် မရှိဘူး။ ဒါဟာ နိုင်ထက်စီးနင်းပြုလုပ်တာကို မနှစ်သက်တဲ့သဘောပဲ "

ဟုပြောလေ၏။ ဝေလုက သက်ပြင်းချ၍

" အခြားတိုင်းရင်းသားတွေမှာတော့ တိရစ္ဆာန်တွေနဲ့ ယဉ်ပါးဖော်တာရှိတယ်၊ အဲဒါဘာဖြစ်လို့လဲ "

ဟု မေးမြန်းလေ၏။ နတ်ဆရာနီပါက သက်ပြင်းချ၍

" ရှေးအခါက လူသားတွေဟာ မနာမကျန်းဖြစ်တဲ့အခါပဲဖြစ်ဖြစ်၊ ဒုက္ခဆင်းရဲနဲ့ကြုံတဲ့အခါပဲဖြစ်ဖြစ်၊ မထုံမထာ နတ်မင်းကြီးပေးတဲ့ စီခရုန်း စီနန်းဆေးပင်ကို စားသောက်ခြင်းဖြင့် ဒုက္ခဆင်းရဲတွေကင်းဝေးသွားတယ်လို့ အယူရှိခဲ့တယ်၊ ဒါပေမယ့် တစ်နေ့မှာ စီခရုန်းစီနန်းဆေးပင်ကို ကြက်ဖတစ်ကောင်ကစားမိရာက လူပင်အမောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတယ်၊ ဆိတ်တစ်ကောင်ကလည်း စားပြီးတော့ ဦးချိုနဲ့ မုတ်ဆိတ်မွေးတွေ ထွက်လာတယ်၊ ရုပ်ဆင်းသဏ္ဌာန် ထူးခြားသွားတဲ့ ကြက်ဖ နဲ့ ဆိတ်ကိုကြည့်ပြီး တောထဲက တိရစ္ဆာန်တွေဟာ စီခရုန်းစီနန်း ဆေးပင်လို့ ခေါ်တဲ့ မသေဆေးပင်ကို ဝိုင်းပြီးစားလိုက်ကြရာက ဆေးပင် မျိုးတုံးသွားခဲ့တယ်၊ ဒီအချိန်ကစပြီး လူသားတွေဟာ ဖျားနာကြတယ်၊ သေကြေပျက်စီးကြတယ်၊ ဒုက္ခဆင်းရဲအမျိုးမျိုးကို ခံစားရတယ်၊ ဒီလိုနဲ့ လူသားတွေဟာ မထုံမထာနတ်မင်းကြီးကို မသေဆေးပင်တစ်ပင်ရ အောင် တောင်းပန်ခဲ့တယ်၊ ဒီအခါမှာ နတ်မင်းကြီးက ဆေးပင်ကို အလိုရှိတဲ့ လူသားတွေကို တိရစ္ဆာန်တွေကို သတ်ဖြတ်ပြီးတောင်းရ မယ်လို့ အမိန့်ချမှတ်လိုက်တယ်၊ ဒါဟာ မသေဆေးပင်ကို မျိုးတုံးအောင် စားပစ်ခဲ့တဲ့ တိရစ္ဆာန်တွေကို ဒဏ်ခတ်တာဖြစ်တယ်၊ ဒီအချိန်ကစပြီး လူတွေဟာ နာဖျားတဲ့အခါ ဆင်းရဲဒုက္ခရောက်တဲ့အခါ တိရစ္ဆာန်တွေကို သတ်ဖြတ်ပြီး နတ်မင်းကြီးဆီမှာ ဆေးတောင်းတဲ့ဓလေ့ပေါ်လာတယ် ဒါဟာ တိုင်းရင်းသားတွေရဲ့ ယဇ်ပူဇော်တဲ့ဓလေ့စတင်ခြင်းပဲ ''

ဟု ရှည်လျားစွာ ရှင်းလင်းပြလေ၏။ ပြီးနောက် နတ်ဆရာက တောစပ်ရှိ နတ်စင်မှ ထွက်ခွာသွားလေ၏။

ဝေလုသည် နတ်ဆရာ၏ စကားများကို တွေးတောရင်း ဆင် သမားဘဝကို မနှစ်မြို့သလိုဖြစ်သွားမိ၏။

သူ့အဘိုးသည် ဆင်ဖမ်းသမားဖန်ဒီးအဖြစ် နှစ်ပေါင်းများစွာ နေ ထိုင်သွားခဲ့လေ၏။

ထိုဒေသတစ်ဝိုက်တွင် အဘိုးကို မီလာရီကာ ဦးအိုက်ပန်ဟု နာ မည်သတင်းကြီးခဲ့၏။ နတ်ဆရာနီပါ၏ အဆိုအရ ဆင်ဖမ်းသော အလုပ်



ကို နတ်များက မနှစ်သက်ဟု ဆိုနေပြန်၏။

ထိုအခိုက်မှာပင် သူတို့ရွာသို့ ဦးတည်လာနေသော ဝန်တင်လား နှစ်ကောင်နှင့် လူသုံးယောက်ကိုတွေ့ရလေ၏။

လူသုံးယောက်အနက် တစ်ယောက်မှာ လမ်းပြ စီတာရမ်းဖြစ် ပြီး ၎င်းသည် လမ်းပြအလုပ်ကို နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့သော လူကြီး ဖြစ်၏။

စီတာရမ်းသည် သူ၏အဘိုးနှင့် ခင်မင်သူဖြစ်၏။ စီတာရမ်းနှင့် လိုက်ပါလာသူနှစ်ဦးမှာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများရှိသော အသက် ၅၀ ဝန်းကျင် လူကြီးတစ်ဦးနှင့် ပိန်လိုလို တရုတ်အမျိုးသားတစ်ယောက် ဖြစ်၏။

စီတာရမ်းသည် ဝေလုကိုမြင်သောအခါ ဝမ်းသာအားရနှုတ် ဆက်၍

'' ဝေလု၊ နင့်ကို တွေ့တာနဲ့ အတော်ဖြစ်သွားတယ်၊ သူတို့ နှစ်ယောက်ဟာ နင့်အဘိုးရဲ့ ဧည့်သည်တွေပဲ ''

ဟုပြောလေရာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများရှိသောလူကြီးက ဝေလုကို စိတ်ဝင်စားဟန်ဖြင့်ကြည့်၍

'' ငယ်ငယ်ရွယ်ရွယ်နဲ့ ဖန်ဒီးဖြစ်သွားတယ်ဆိုတာ ဒီကောင် လေးလား၊ မီလာရီကာ ဦးအိုက်ပန်ရဲ့ မြေးပီသပါပေတယ် ''

ဟု ချီးမွမ်းလေရာ တရုတ်အမျိုးသားက ဝေလုကို စပ်ဖြဲဖြဲ မျက် နှာပေးနှင့် ကြည့်ရှုလေ၏။ ဝေလုက လူကြီးကိုကြည့်၍

'' အဘိုးရဲ့ဧည့်သည်တွေဆို အိမ်ကိုလိုက်ခဲ့ပါ၊ အဘိုးဆုံးသွား တာ နှစ်နှစ်ရှိပြီ ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ လူကြီးက သက်ပြင်းချ၍

" ဦးအိုက်ပန်၊ အသေစောလိုက်တာ၊ ကျုပ်တော့ ဦးအိုက်ပန်ကို ဒီလိုအသေစောမယ်လို့ လုံးဝမထင်ဘူး "

ဟုပြောလေ၏။

ထို့နောက်တွင်မူ ဧည့်သည်နှစ်ယောက်သည် ဝေလု၏အိမ်သို့ လိုက်ခဲ့လေတော့၏။ ဝေလုသည် ဧည့်သည်များကို နေရာချထားပြီး နောက် ညနေစာအတွက် ချက်ပြုတ်ရန် ပြင်ဆင်ရလေ၏။

သူသည် ဧည့်သည်များအား ကြက်သားဟင်းချက်ကျွေးရန် နေစဉ် အနီးသို့ တရုတ်ဘိန်းစားနှင့်တူသော ဧည့်သည်ရောက်လာ

" ဟဲ ဟဲ... ညနေစာအတွက် ချက်ပြုတ်နေတယ်ထင်တယ် ကျုပ်လဲ ကူချက်ပေးပါရစေ "

ဟုဆိုကာ ရေတ်သီးများကို ဆုံထဲသို့ထည့်၍ ထောင်းလေ

ဝေလု၏ အဘိုးဦးအိုက်ပန်သည် မြန်မာပြည်အနှံ့အပြားကို မက အိမ်နီးချင်းနိုင်ငံများသို့ပင် လှည့်လည်ဖူးသူဖြစ်၍ ဟင်းချက် မျိုးစုံကို ချက်ပြုတ်တတ်၏။

တရုတ်ဘိန်းစားနှင့်တူသော သူသည် လက်သွက်ခြေသွက် ဆိတ်ပြန်ဟင်းတစ်ခွက်ကို ဟင်းခတ် အမွှေးကြိုင်များဖြင့် မွှေးပျံ့ကြိုင် အောင် ချက်လေ၏။ ပဲဟင်းတစ်ခွက်ကိုလည်း ချက်လေ၏။ ထို ချက်ပြုတ်ပုံ ကျွမ်းကျင်လှသဖြင့် မြည်းစမ်းကြည့်ကာ

" ခင်ဗျား ဟင်းချက်တာ ကောင်းလှချည်လား "

ဟု ချီးမွမ်းလိုက်လေ၏။ တရုတ်ဘိန်းစားနှင့်တူသောလူက

" ဟဲ ဟဲ... ငါ့နာမည် စားတော်ကဲ ဘွန်အောလို့ခေါ်





ကုန်မှာဆိုရင် စားသောက်ဆိုင်ကြီးတွေအားလုံးက ငါ့ကို လေးလေး စားနဲ့ခေါ်ပြီး သူတို့ဆိုင်မှာ စားတော်ကဲလုပ်ဖို့ တောင်းပန်ကြတယ်၊ ပေမယ့် ငါ့ဝါသနာကိုက တစ်နေရာတည်းမှာအကြာကြီးထိုင်ပြီး လုပ်လုပ်ရမှာ မနှစ်မြို့လို့ ဒီအလုပ်တွေကို လက်မခံခဲ့ဘူး "

ဟုပြောလေ၏။ ထိုအခါ ဝေလုက

" ဒါဆိုရင် ဘာဖြစ်လို့ စားတော်ကဲလုပ်နေသေးလဲ "

ဟု မေးမြန်းလေ၏။ စားတော်ကဲ ဘွန်အောက

" ဒီလိုကွ ငါ စားတော်ကဲလုပ်နေတာ၊ အမျိုးဂုဏ်ကို ထိန်းလို့ နေရတာ၊ ငါတို့ တစ်မျိုးလုံး စားတော်ကဲအလုပ်နဲ့ အသက်မွေးကြ ယ်၊ ငါ့အဘိုးဟာ တရုတ်နန်းတွင်းက အကျော်အမော် စားတော်ကဲ လေ၊ ငါ့အဖေကလဲ မြန်မာဘုရင်ရဲ့ နန်းတော်မှာ စားတော်ကဲလုပ် တယ်၊ ဒါကြောင့် အမျိုးဂုဏ်မပျက်အောင် စားတော်ကဲ လုပ်နေရတာ တဲ မင်းကို ပြောရင် ကြွားတယ်များထင်မလားမသိဘူး၊ အိမ်နီးချင်း ပြည်က စားတော်ကဲပြိုင်ပွဲတစ်ခုမှာ ပြည်နယ်တစ်ခုလုံးရဲ့ ရွှေတံ ရခဲ့ဖူးတယ် "

ဟုပြောလေ၏။ ဝေလုသည် စားတော်ကဲ ဘွန်အော၏ စကား ကြောင့် မျက်လုံးပြူးသွားလေ၏။

ထိုအခိုက်မှာပင် ခြံဝင်းထဲသို့ လှည့်လည်ကြည့်ရှုနေသော ဆိတ်မွေး၊ ပါးပြင်မွေးနှင့်လူကြီး ရောက်လာပြီး တဟားဟားရယ် တာ

" ဟား ဟား ဟား... ဘွန်အော စားတော်ကဲပြိုင်ပွဲမှာ ရွှေတံ ရဖူးတာ ကြွားနေတာလား၊ ရန်ကုန်မြို့က တရုတ်သူဌေးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ အိမ်မှာ စားတော်ကဲလုပ်ရင်း တစ်အိမ်လုံး ရှုပ်ပွက်ပြီး မောင်းထုတ်လို့ ခွေးပြေးပြေးရတာ ပြောပြဦးလေကွာ ''

ဟုပြောလိုက်ရာ စားတော်ကဲ ဘွန်အောင်၏မျက်နှာ နီရဲသွားပြီး တက်ခေါက်ကာ

'' တောက်... အဲဒီတုန်းက ကျုပ်ရဲ့ ပေါ့လျော့မှုလေးတစ်ခုကြောင့် အလုပ်ပြုတ်ခဲ့ရတာပါဗျာ၊ ကျုပ်ရဲ့ စားတော်ကဲသက်တမ်း တစ်လျှောက်လုံးမှာ ဒီတစ်ခါပဲ အမှားဖြစ်ခဲ့ဖူးပါတယ် ''

ဟုပြောလေ၏။ ဝေလုက စိတ်ဝင်တစားဖြင့်

'' ဘယ်လိုဖြစ်လို့ အလုပ်ပြုတ်ခဲ့တာလဲ ''

ဟု မေးမြန်းလေ၏။ စားတော်ကဲ ဘွန်အောက သက်ပြင်းချ၍

'' စားတော်ကဲတစ်ယောက်ဟာ ကိုယ်ချက်မယ့် အစားအစာကို စားမယ့်သူကို ကြိုတင်လေ့လာထားသင့်တယ်၊ အဲဒီတုန်းက ကုက္ကိုင်းဘက်က တရုတ်သူဌေးကြီးတစ်ယောက်ရဲ့ အိမ်မှာ စားတော်ကဲဝင်လုပ်တယ်၊ တရုတ်သူဌေးကြီးဟာ တရုတ်ပြည်ကို ခဏပြန်ပြီး သူ့ဆက် အသက်ငယ်တဲ့ မိန်းမတစ်ယောက်ကိုယူလာတယ်၊ အဲဒီမိန်းမဟာ တရုတ်မဆိုပေမယ့် အရုပ်အမောင်းက ဘိုတွေလားအောက်မေ့ရတယ်၊ တောင့်တောင့်ဖြောင့်ဖြောင့်ပဲ၊ ဒါကြောင့် တရုတ်သူဌေးကြီး သဘောကျပြီး ယူလာခဲ့တာထင်တယ်၊ ဒါပေမယ့် အဲဒီမိန်းမဟာ ရုပ်ချောသလောက် မာန်မာန ခက်ထန်တယ်၊ တစ်အိမ်လုံးက အိမ်စေတွေဟာ အဲဒီမိန်းမရောက်တဲ့အချိန်ကစပြီး နားကိုညည်းနေတာပဲ၊ ခန်းဆီးတွေ မကြိုက်လို့ ပြောင်းတပ်ခိုင်းတယ်၊ ကော်ဇောအရောင်မကြိုက်လို့ ပြောင်းခင်းခိုင်းတယ်၊ ခြံဝင်းထဲက နှင်းဆီပန်းတွေကို ရိုင်းတယ်ဆိုပြီး





အကုန်လုံးနုတ်ပစ်ခိုင်းတယ်၊ တရုတ်သူဌေးကြီးကလဲ မယားငယ်ငယ်လေးကိုယူပြီး ကြီးမှဝက်သက်ပေါက်တဲ့သူဆိုတော့ အလိုလိုက် အကြိုက်ဆောင်နေတာပေါ့၊ အဲဒီနေ့မှာ ငါ့ကို သူဌေးကခေါ်ပြီး နိုင်ငံခြားကခေါ်လာတဲ့ သူ့မိန်းမကို ဒင်နာကောင်းကောင်းနဲ့ ဧည့်ခံရမယ်လို့ဆိုတယ်၊ ဒီတော့ ငါလဲ ကမန်းကတန်း ရန်ကုန်မြို့ထဲကိုပြေးပြီး စပါယ်ရှယ်ဒင်နာအတွက် စီစဉ်ရတာပေါ့၊ ငါဟာ ဝက်မြေမနင်းသားလေးကိုရအောင်ရှာဝယ်ပြီး အစာသွပ် အကောင်လိုက်ကင်တဲ့ဟင်းကို အဓိကထားပြီး ချက်တယ်၊ ကျန်တဲ့ ဟင်းလျာတွေကိုတော့ ဘဲသား၊ ကြက်သား၊ မြည်ကြီးငါး စတာတွေကို အမျိုးမျိုးချက်ပြုတ်ထားတယ်၊ ဟင်းတွေကျက်တော့ ရှိုင်ရယ်ဟိုတယ်က ငါ့အသိ စားဖိုမှူးတစ်ယောက်ဆီမှာ အပ္ပကပ်ပြီး ငွေအုပ်ဆောင်းကြီးတစ်ခု ငှားတယ်၊ ပြီးတော့ ဝက်ကောင်လုံးကင်ကို ငွေအုပ်ဆောင်းကြီးနဲ့ အုပ်လိုက်တယ်၊ ဒီလိုနဲ့ ညစာစားချိန်ရောက်တော့ တရုတ်သူဌေးကြီးနဲ့ အသစ်စက်စက်ဇနီးဟာ ထမင်းစားခန်းထဲ ရောက်လာတယ်၊ ဒီအချိန်မှာ ငါက စားဖိုမှူးဝတ်စုံကို အကျအနဝတ်ပြီး ပန်းကန်ထဲက ချက်ပြုတ်ထားတဲ့ ဟင်းလျာတွေကို ဟန်ပန်ပါပါနဲ့ ရှင်းလင်းပြတယ်၊ သူဌေးနဲ့ သူ့ဇနီးဟာ ဟင်းတွေကို တစ်ခုပြီးတစ်ခု မြည်းစမ်းကြည့်ပြီး သဘောအကျကြီး ကျနေတယ်၊ ဒီလိုနဲ့ သူဌေးရဲ့ ဇနီးဟာ ငွေအုပ်ဆောင်းကြီးနဲ့အုပ်ထားတဲ့ ဝက်ကောင်လုံးကင်ကို အလွန်စိတ်ဝင်စားပြီး မေးမြန်းတယ်၊ ဒီတော့ ငါက ဒီနေ့ညအတွက် အထူးစပါယ်ရှယ် လုပ်ထားတဲ့ ဟင်းလျာဖြစ်ကြောင်း မိတ်ဆက်ပေးပြီး ဒီဟင်းလျာဟာ တရုတ်ပြည်က ဝါရင့်စားဖိုမှူးကြီးတွေရဲ့ လက်ရာအတိုင်း ချက်ပြုတ်စီမံထားကြောင်းပြောတယ်၊ ပြီးတော့ ငွေအုပ်ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ဟန်ပါပါဖွင့်ပြလိုက်တယ်၊ သူဌေးရဲ့ဇနီးဟာ ငွေအုပ်ဆောင်းထဲက ဝက်ကောင်လုံးကင်ကို မျက်လုံးပြူး၊ မျက်ဆန်ပြူးနဲ့ကြည့်ပြီး ဝက်၊ ဝက်လို့ ထိတ်လန့်တကြားထအော်ပြီး ထမင်းဝိုင်းက ကမန်းကတန်း ထပြေးတယ်၊ ပြီးတော့ ငါ့ကို ဒေါသတကြီး ရှူးရှူးကြိမ်းမောင်းတော့တာပဲ၊ သူ့ယောကျ်ား သူဌေးကြီးကိုလဲ ငါ့ကို ချက်ချင်း အလုပ်ထုတ်ပစ်ဖို့ ပြောလိုက်တယ်၊ ငါက ဘာအမှားအယွင်းလုပ်မိမှန်း မသိတဲ့အတွက် ကြောင်အမ်းအမ်းဖြစ်သွားပြီး ဝက်သားမစားလဲ ဒီပြင် အစားအစာ တွေကို စားလို့ရပါတယ်၊ ဘာဖြစ်လို့ ထမင်းဝိုင်းက ထပြေးရတာလဲလို့ မေးမြန်းလိုက်တော့ တရုတ်သူဌေးကြီးက ငါ့မိန်းမက အစ္စလာမ် ဘာသာဝင်ကွ၊ ဝက်သားကို သိပ်ကြောက်တယ်၊ ဝက်ကောင်လုံးကင် ကြီးကို တခမ်းတနားနဲ့ ထမင်းဝိုင်းကို သွားတင်မှတော့ သူ ဘယ်လိုလုပ် ထမင်းစားရဲမှာလဲ၊ ဒီနေ့ည ညစာစားပွဲတော့ပျက်ပါပြီကွာ၊ ငါ့ရဲ့ အသစ်စက်စက်ဇနီးလေးကို စိတ်ဆင်းရဲအောင် လုပ်တဲ့ကောင်၊ ဒီနေ့က စပြီး အလုပ်ကထွက်ဖို့သာပြင်ပေတော့ဆိုပြီး ငါ့ကို အလုပ်ထုတ်ပစ် တယ်ကွ ''

ဟုပြောလေရာ ဝေလုက တဟားဟားရယ်မော၍

'' ဟား ဟား ဟား... စားတော်ကဲကြီး စပါယ်ရှယ်ဝက်ကောင် လုံးကင်ကြောင့် အလုပ်ပြုတ်ခဲ့တယ်ဆိုပါစို့ ''

ဟုပြောလေရာ စားတော်ကဲ ဘွန်အော၁က ရယ်မော၍

'' တရုတ်မစစ်စစ်က အစ္စလာမ်ဘာသာကို ကိုးကွယ်တယ် ဆိုတော့ ငါလဲ၊ ဘယ်ထင်ပါ့မလဲကွာ၊ ငါ့ရဲ့စားတော်ကဲ သက်တမ်းတစ် လျှောက်မှာ ဒီတစ်ခါပဲ ကိုးရိုးကားရားဖြစ်ဖူးပါတယ်ကွာ ''





ဟုပြောလေရာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများရှိသော လူကြီးက ရယ်မော၍

'' ဘိုရှူးသားအမိရဲ့အိမ်မှာလဲ ကိုးရိုးကားရားဖြစ်ပါသေးတယ် ကွာ ''

ဟုပြောလေရာ ဝေလုက စိတ်ဝင်စားစွာဖြင့် ရယ်မော၍

'' ပြောပါဦး၊ ဘယ်လို ကိုးရိုးကားရားဖြစ်တာလဲ ''

ဟုမေးမြန်းလေ၏။ စားတော်ကဲ ဘွန်အော၁က ခေါင်းကုတ်၍

'' ဒီတစ်ခါကတော့ ငါ့အပြစ်မရှိပါဘူးကွာ၊ ငါ စားတော်ကဲဖြစ် ာစက ရန်ကုန်မြို့ ကန်တော်ကြီးစောင်းက ဘိုရှူးသားအမိရဲ့အိမ်မှာ မင်းချက်လိုလို၊ ဘတ္တလာလိုလို လုပ်ခဲ့ဖူးတယ်ကွ၊ ဒီမိန်းမကြီး သား မိဟာ အညာသူစစ်စစ်တွေဖြစ်ပေမယ့် အလွန်ဘိုဆန်ချင်တယ်၊ ားပြောရင်လဲ ဘွတ်တွေ၊ ရှုတ်တွေနဲ့ပြောတယ်၊ အိမ်မှာနေရင်လဲ ာတ်တွေ၊ ဂါဝန်တွေဝတ်ပြီး ဘိုဆန်ကြောင်းပြလေ့ရှိတယ်၊ သူတို့ဟာ ညာက ထန်းတောတွေရောင်းပြီး ပိုက်ဆံအတော်များများကို အမွေ ားတော့ ရန်ကုန်မြို့မှာ ဘိုရှူးဂိုက်ဖမ်းနေတာပေါ့ကွာ၊ အဲဒီခေတ်က ိုဆန်တဲ့အိမ်တွေမှာ ထမင်းချက်ထားတယ်ဆိုတော့ ငါ့ကိုလဲ ထမင်း ျက်ခန့်ထားတယ်၊ ဒါပေမယ့် ဒီမိန်းမကြီးတွေဟာ လူမြင်သူမြင်ဖြစ် ောင် ဘိုဆန်ပြနေပေမယ့် တကယ်တမ်း ထမင်းစားတဲ့အခါကျတော့ ာတွေကို မစားနိုင်ဘူးကွ၊ မြန်မာဆန်ဆန် ငါးပိရည်နဲ့တို့စရာကိုပဲ ဝိုင်းစားလေ့ရှိတယ်၊ သူတို့ဟာ အညာသူတွေပီပီ ပုန်းရည်ကြီးသုပ်၊ ောင်း၊ ငါးပိရည် တို့စရာကိုပဲ နေ့စဉ်မညည်းမညူဘဲ ပင်တိုင်စားလေ့ ယ်၊ လူကြားသူကြားထဲရောက်ရင်တော့ ဘိုစာတွေကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်ကြောင်း ပြောလေ့ရှိတယ်၊ တစ်နေ့တော့ ဘိုရှူးမကြီးရဲ့သမီးဟာ ဘိုသွေး တစ်ပဲသားလောက်ပါတဲ့ ကုလားတစ်ယောက်နဲ့ ပါတီပွဲတစ်ခုမှာ တွေ့ပြီး ဇွဲခုတ်ပါလေရောကွာ၊ ဒီကုလားမှာ ဘိုသွေးတစ်ပဲသားလောက် ပါပေမယ့် ဘိုရှူးမကြီးသားအမိကတော့ သူတို့ဟာ ဘိလပ်က ဘိုအစစ်နဲ့ ပေါင်းသင်းရတာယ်ဆိုပြီး အလွန်ပဲ ဝမ်းသာပီတိဖြစ်နေတယ်၊ တကယ် တော့ ဒီကုလားက လူလည်ကွ၊ ဘိုရှူးမကြီးသားအမိကို ပိုက်ဆံ ရှိမှန်းသိလို့ အရချိုင်ဖို့ကြိုးစားနေတာ၊ ဒီလိုနဲ့ အဲဒီကုလားကို အိမ်မှာ ဒင်နာတွေ ဘာတွေ ဖိတ်ကျွေးကြတာပေါ့၊ ဒီတော့လဲ ငါက စားတော်ကဲ ပီပီ၊ ဒင်နာကို ဘိုဆန်ဆန် ချက်ပြုတ်ပေးတော့ အဆင်ပြေနေတာပေါ့၊ တိုတို ပြောရရင် ဘိုရှူးမကြီးသမီးနဲ့ ကုလားကောင်ဟာ ရန်ကုန်မြို့က ဖီယာနာ ကာဖေးတိုက်မှာ ခမ်းခမ်းနားနားကြီး မင်္ဂလာဆောင်ခဲ့တယ်၊ မင်္ဂလာပွဲနဲ့ ပတ်သက်ပြီး ကုန်ကျစရိတ်ကိုတော့ ဘိုရှူးမကြီးသားအမိက အကုန်ခံရတယ်ကွ၊ ဒီကောင်နဲ့ ဘိုရှူးမကြီးသမီး မင်္ဂလာဆောင်တော့ မယ်ဆို ကတည်းက ငါအတော်စိတ်ညစ်နေတယ်ကွ ”

ဟုပြောလေရာ ဝေလုက ရယ်မော၍

“ ဘာ့လဲ ခင်ဗျားက သူ့သမီးကို ကြိုက်နေလို့လား ”

ဟုမေးမြန်းလေ၏။ စားတော်ကဲ ဘွန်အောင်က

“ မဟုတ်ပါဘူးကွာ၊ ဘိုရှူးမကြီးသားအမိ အထင်ကြီးတဲ့ကောင် ဟာ အလွန်ပါးပါးပြတယ်ကွ၊ ဒီကောင်မျိုးနဲ့ အတူနေရရင် ငါဘယ်လို စိတ်ချမ်းသာမှာမဟုတ်ဘူး၊ ဒီလိုနဲ့ သူတို့မင်္ဂလာဆောင်ပြီး နောက်တစ် နေ့ နံနက်မှာ ငါဟာ ထုံးစံအတိုင်း ငါးပိရည်တို့စရာနဲ့ ပုန်းရည်ကြီး သုပ်ကို ထမင်းဝိုင်းမှာ ပြင်ဆင်ထားခဲ့တယ်၊ အချိန်တန်တော့ ထမင်းစား





ခန်းထဲက မောင်းကလေးကို ဒုခနဲ ထုလိုက်တယ်၊ ဒီအခါမှာ ဘိုရှူးမကြီး သားအမိနဲ့ ဘိုရှူးကောင်ဟာ ဘွတ်တွေရှူတ်တွေပြောပြီး အိမ်ပေါ်က ဆင်းလာတယ်၊ ဘိုရှူးကောင်ဟာ ထမင်းစားခန်းထဲကို ရောက်တာနဲ့ ငါးပိနံ့ကိုရှူပြီး အလွန်ဆိုးဝါးတဲ့အနံ့အသက်ကို ရှူမိတဲ့ဟန်နဲ့ အိုးမိုင် ဂေါ့၊ ဘရိတ်ဖက်စ်စားမယ့်နေရာမှာ ဘာနံ့ကြီးရနေတာလဲ၊ ဗရီးဒတ်တီး ပဲလို့ ရေရွတ်လိုက်တော့ ဘိုရှူးမကြီးသားအမိဟာ မျက်စိမျက်နှာပျက်ပြီး ထမင်းဝိုင်းကို လှမ်းကြည့်တယ်၊ ဒီအခါမှာ သူတို့သားအမိ နေ့စဉ်စား နေတဲ့ ငါးပိရည်တို့စရာနဲ့ ပုန်းရည်ကြီးသုပ်ကိုမြင်တော့ မျက်လုံး ပြူးသွားတယ်၊ ဘိုရှူးမက ငါ့ကို မျက်စောင်းထိုးကြည့်ပြီး အိုး မိုင်ဒါလင်၊ ဒီဘတ္တလာ ကောင်က ဖူး(လ်)ပဲ၊ စိတ်သိပ်မကောင်းဘူး၊ တစ်ခါတလေ မြန်မာအရိုင်း အစိုင်းတွေစားတဲ့ ငါးပိရည်နဲ့ တို့စရာကို ပြင်ဆင်ပြီး ကျွေးမွေးလေ့ရှိတယ်၊ ဒါလင်ရှုံ့ရင် ဒီနေ့ဘရိတ်ဖက်စ်ကို ရှိုင်ရယ် ဟိုတယ်မှာ သွားစားကြမယ်လေလို့ ပြောတော့ ဘိုရှူးမကြီးကလဲ ငါ့ကို ဆဲဆိုပြီး ငါးပိရည်နဲ့ ပုန်းရည်ကြီးသုပ်ကို ခွေးကျွေးလိုက်လို့ပြောတယ်၊ ဒီတော့ငါဟာ သူတို့သားအမိရဲ့ ဘိုရှူးထပုံကို အလွန်အမြင်ကတ်သွား တယ်၊ ဒါကြောင့် သူတို့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး၊ ဒီမှာ ဘိုရှူးမ ကြီးသားအမိ၊ ခင်ဗျားတို့ဟာ အညာသူစစ်စစ်တွေ၊ ဘိုသွေး တစ်ပြား မှမပါဘူး၊ ကုလားချီးကောင်ရှေ့မှာ ငါးပိရည်နဲ့တို့စရာကို ရွံရှာသလို လုပ်မနေနဲ့၊ ခင်ဗျားတို့ နေ့တိုင်း ငါးပိရည်တို့စရာကိုမှ မြိန်မြိန်ရှက် ရှက်စားခဲ့တာ မေ့နေပြီလား၊ ငါးပိရည်နဲ့တို့စရာကို အာမခံနဲ့၊ ခင်ဗျား တို့လို ဘိုရှူးတွေရှိနေလို့ အချုပ်တန်းဆရာဖေက ကုလားမြင်သူ့အမေ မှီးတော့မလိုလို့ ရေးခဲ့တာလို့ ပြောပြီး ဘိုရှူးမကြီးအိမ်မှာ ရင်ကော့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆင်းခဲ့တယ်ကွ ''

ဟုပြောလေရာ ဝေလုက ရယ်မော၍

'' ဒီတစ်ခါတော့ ပိုင်တယ်ဗျာ ''

ဟု ချီးမွမ်းလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်မွေးပါးပြိုင်းမွေးများရှိသောလူကြီးက အနီးတွင် ဝင်ထိုင်၍ ရေမွှေးကြမ်းတစ်ခွက်ကို ငှဲ့သောက်ကာ အနီးတွင်ဝင်ထိုင်ပြီး

'' မင်းနဲ့ငါ မိတ်မဆက်ရသေးဘူး၊ ငါ့နာမည် ဒီပလို့ခေါ်တယ်၊ မင်း အဘိုးဟာ ငါ့ထက် ၁၀ နှစ်လောက် အသက်ကြီးပေမယ့် ခွန့်စား သွားလာတဲ့နေရာမှာ ဝါသနာတူလို့ ငါတို့နှစ်ယောက်ဟာ အတော်လေး တွဲခဲ့ဖူးတယ် ''

ဟုပြောလေရာ ဝေလု၏မျက်နှာဝင်းလက်သွားပြီး သူ့အဘိုးပြော ခဲ့ဖူးသော လူစွန့်စားဒီပဆိုသော လူကြီးအကြောင်းကို သတိရလိုက်၏။

ဝေလုက ဝမ်းသာအားရဖြင့်

'' လူစွန့်စား ဒီပဆိုတာ ဦးလေးလား ''

ဟု မေးမြန်းလေ၏။

ဦးဒီပကခေါင်းညိတ်၍

'' ဟုတ်တာပေါ့ကွာ၊ မင်းအဘိုးက ငါ့အကြောင်းတွေ ပြောဖူး တယ်နဲ့တူတယ် ''

ဟုပြောလေ၏။ ဝေလုက

'' ပြောဖူးတာပေါ့၊ ဦးလေးနဲ့အဘိုး အိန္ဒိယမှာ အတူတူတွဲပြီး စွန့်စွန့်စားစား ကျားပစ်ခဲ့တာကိုလဲ ပြောဖူးတယ်၊ တိဘက်က လားမား ဘုန်းကြီးတွေဆီမှာ တပည့်ခံခဲ့တာလဲ ပြောပြတယ်၊ အဘိုးပြောပြလို့



ကျွန်တော်ဟာ ဦးဒီပဆိုတဲ့ လူစွန့်စားကြီးကိုမြင်ဖူးချင်နေတာ၊ အခုမှ အကောင်အထည်လိုက် မြင်တွေ့ရတော့တယ် ''

ဟုပြောလေရာ ဦးဒီပက တဟားဟားရယ်မော၍

'' မင်းအဘိုးပြောတဲ့ပုံပြင်တွေထဲမှာ ငါက ဇာတ်လိုက်ဖြစ်နေ တာပေါ့ ''

ဟုပြောလေ၏။ ဝေလုက ခေါင်းညိတ်၍

'' ဦးလေးဟာ အတော်သတ္တိကောင်းတာပဲ၊ အိန္ဒိယမှာတုန်းက အလွန်မြင့်တဲ့ ရေတံခွန်ကြီးတစ်ခုပေါ်က အလောင်းအစားလုပ်ပြီး အလွတ်ခုန်ချပြခဲ့တယ်ဆို ''

ဟုပြောလေရာ လူကြီးက ရယ်မော၍

'' မင်းအဘိုးက ငါ့ကောင်းကြောင်းတွေပဲ ပြောပြသွားတာကိုး ကွ၊ မင်းအဘိုးဟာလဲ တကယ်သတ္တိခဲကြီးပါပဲကွာ၊ တိဘက်မှာတုန်းက ငါမလုပ်ဝံ့တဲ့အလုပ်ကို သူလုပ်ပြတယ် ''

ဟုပြောလေရာ ဝေလုသည် ဦးဒီပ၏စကားကို စိတ်ဝင်စားစွာ နားစွင့်ထားလေ၏။ ဦးဒီပက ဆက်လက်၍

'' တိဘက်ပြည်ဟာ ကမ္ဘာ့အမြင့်ဆုံးတိုင်းပြည်ကွ၊ သူတို့ဒေသ မှာ တိုက်တဲ့လေဟာ အတော်ပြင်းထန်တယ်၊ ဒါကြောင့် တိဘက်လူမျိုး တွေဟာ စွန်လွှတ်တာ အလွန် ဝါသနာပါတယ်၊ တိဘက်ပြည်က စွန်ကြီး တွေဟာ အလွန်ကြီးမားတယ်၊ ညဘက်ဆိုရင် စွန်ကို မီးထွန်းပြီး လွှတ် တော့ ကောင်းကင်ကိုကြည့်ရင် အလွန်လှပတယ်၊ နောက်ပြီး တိဘက် လူမျိုးတွေဟာ လေတံခွန်စီးတာ ဝါသနာပါသေးတယ်၊ လေတံခွန်ဆိုတာ သစ်သားကို ပိတ်စနဲ့ စွန်ပုံစံလုပ်ထားတဲ့ယာဉ်တွေပဲ၊ ဒီလေတံခွန်ပေါ်ကို

www.burmeseclassic.com



လူတွေလိုက်ပြီး စီးလေ့ရှိတယ် ''

ဟုပြောလေရာ ဝေလုသည် လွန်စွာအံ့ဩသွားလေ၏။ ပြီးနောက်

'' ကောင်းကင်ကိုရောက်အောင် ဘယ်လို ပျံတက်ရတာလဲ''

ဟုမေးမြန်းလေ၏။ ဦးဒီပက

'' တိဘက်ပြည်ဟာ ရာသီဥတုကြမ်းတမ်းတယ်၊ လေဟာ အလွန်ပြင်းထန်တယ်၊ အလွန်မြင့်မားတဲ့တောင်ကြီးတွေလဲရှိတယ်၊ လေတံခွန်စီးမယ့်သူတွေဟာ အလွန်မြင့်မားတဲ့တောင်တွေကို တက်ပြီး လေတံခွန်ကို ခိုတွဲပြီး ခုန်ချရတယ်၊ လူဟာ လေထဲကိုရောက်တာနဲ့ လေဟုန်နဲ့ ကောင်းကင်ကို မြင့်တက်သွားတယ်၊ ဆင်းချင်တဲ့အခါ လေရဲ့ အခြေအနေကိုကြည့်ပြီး လေတံခွန်ပေါ်က ကြိုးတွေကို အလျော့အတင်းလုပ်ပြီး ဆင်းရတယ်၊ အလွန်အန္တရာယ်များတဲ့အလုပ်ကွ၊ ပြင်းထန်တဲ့ လေပြင်းတစ်ချက်မိရင် လေတံခွန်ဟာ ပြောင်းပြန်လန်ပြီး မြေပြင်ကို ပြုတ်ကျသွားနိုင်တယ်၊ ဒါမှမဟုတ်ရင်လဲ လေတံခွန်မှာချုပ်ထားတဲ့ ပိတ်စတွေရဲ့ ချုပ်ရိုးဟာ လေ အရှိန်ကြောင့် ပြုတ်ထွက်ပြီး မြေပြင်ကို ဒလဟော ကျဆင်းနိုင်တယ်၊ နောက်ပြီးတော့ လျှင်မြန်တဲ့အရှိန်နဲ့ ပျံတက်နေတဲ့ လေတံခွန်မှာ ခိုတွဲပြီး လိုက်ရတာဆိုတော့ လေပြင်းတစ်ချက်မိရင် မြေပြင်ကို ပြုတ်ကျနိုင်သေးတယ်၊ ငါတို့ဟာ တိဘက်လားမား ဘုန်းကြီးတစ်ပါးနဲ့ ခင်မင်ခဲ့လို့ ဘုန်းကြီးက သူတို့နဲ့အတူ လေတံခွန်စီးဖို့ ဖိတ်ခေါ်တယ်၊ လေဟာ ဟူးဟူး တိုက်နေတဲ့ တောင်ကုန်းပေါ်က လေတံခွန်ကြီးတွေ တစ်စင်းပြီး တစ်စင်း ခုန်ချနေတာကိုကြည့်ပြီး ငါ အတော်ထိတ်လန့်နေမိတယ်၊ ငါ့ မျက်စိရှေ့မှာတင် လားမားဘုန်းကြီးတစ်ပါးဟာ လေပြင်းတစ်ချက်မိပြီး



လေတံခွန်ပြောင်းပြန်လန်သွားတယ်၊ ပြီးတော့ မြေပြင်က ကျောက်ဆောင်ပေါ်ကို အရုပ်လေးတစ်ရုပ်လို ပြုတ်ကျလာတယ်၊ ဒီမြင်ကွင်းကို ကြည့်ပြီး ငါဟာ လေတံခွန်ကို ဘယ်စီးဝံ့ပါ့မလဲ၊ သူတို့လို လေတံခွန်စီးတဲ့ အတွေ့အကြုံရှိသူတွေတောင် လေတံခွန်ပေါ်က ပြုတ်ကျပြီးတော့ သေနိုင်သေးတယ်၊ ငါတို့လို အတွေ့အကြုံမရှိတဲ့သူတွေဆိုရင် ပိုဆိုးပြီပေါ့၊ ဒီအချိန်မှာ မင်းအဘိုးဦးအိုက်ပန်က လေတံခွန်စီးဖို့ စိတ်အားထက်ထက်သန်သန်နဲ့ သဘောတူခဲ့တယ်၊ ပြီးတော့ လေဟာဟူးဟူးတိုက်နေတဲ့ ကောင်းကင်ပေါ်မှာ တိဘက်ဘုန်းကြီးတွေနဲ့ အပြိုင် လေတံခွန်ကို စီးပြခဲ့တယ် ''

ဟုပြောပြလေရာ ဝေလုသည် သတ္တိခဲအဘိုး၏မျက်နှာကို ပြန်လည် မြင်ယောင်မိလေ၏။ အဘိုးသည် ဘေးခြင်းတရားကို မထိမဲ့မြင် ပြုဝံ့သူဖြစ်၏။

လူကြီးကဆက်လက်၍ ဝေလုကိုကြည့်ကာ

'' မင်းလဲ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဖန်ဒီးဖြစ်နေသူဆိုတော့ ဦးအိုက်ပန်လို သတ္တိရှိမယ်လို့ ငါယူဆတယ်၊ ငါဟာ ဒီဒေသကို ရောက်လာတာ ဦးအိုက်ပန်ကိုခေါ်ပြီး မြန်မာပြည်ထိပ်ဖျားက တိဘက်နယ်စပ် နှင်းဖုံးတောင်တန်းဆီကို သွားမလို့ဘဲ ''

ဟုပြောလေ၏။ ဝေလုက မျက်လုံးပြူးသွားပြီး

'' အဲဒီဒေသကို သွားမယ်ဟုတ်လား။ လမ်းပန်းဆက်သွယ်ရေး သိပ်ခက်ခဲတယ်၊ လူသူအရောက်အပေါက်လည်း အလွန်နည်းတယ်၊ နောက်ပြီး မြေပြန့်ဒေသက လူတွေကို လက်မခံတဲ့ လူမျိုးစုတွေတောင် ရှိတတ်တယ်၊ အန္တရာယ်သိပ်ရှိတယ် ''

www.burmeseclassic.com



ဟု သတိပေးလိုက်လေ၏။ ဦးဒီပက သက်ပြင်းချ၍

" ဒီဒေသကို ငါမရောက်ဘူးပေမယ့် ဒီဒေသအကြောင်းကိုတော့ ကြားဖူးနေတာ ကြာပါပြီ၊ ဒါပေမယ့် စွန့်လွှတ်စွန့်စားဖို့ ငါသနားထိုက်တဲ့ ငါတို့နှစ်ယောက်အတွက်တော့ ဒီလိုအန္တရာယ်မျိုးတွေဟာ စိန်ခေါ်မှု တွေပါပဲ "

ဟုပြောလေရာ ဝေလုက ခေါင်းညိတ်၍

" စိန်ခေါ်မှုတွေ အများကြီးရှိနေတာတော့ အမှန်ပဲ၊ မြန်မာ ပြည်ထိပ်ဖျားမှာ တိဘက်ရွာကလေးတွေရှိတယ်၊ တရုတ်မြန်မာနယ် တစ်လျှောက်မှာ မြန်မာပြည်ပေါက် လူပုလေးတွေရှိတယ်၊ ဒီလူမျိုးစု ကို ထရုံလို့ ခေါ်ကြတယ် "

ဟုပြောလေ၏။ ဦးဒီပက စိတ်ဝင်စားစွာနားထောင်၍

" မြန်မာပြည်ပေါက် လူပုလေးတွေ ရှိတယ်လို့တော့ ကြား တယ်၊ သေသေချာချာမသိဘူး "

ဟုပြောလေရာ ဝေလုက ခေါင်းညိတ်၍

" ကျုပ်တို့တောင် လူပုလေးတွေကို များများစားစား မမြင် ဘူး။ အဘိုးမဆုံးခင်က မြန်မာပြည်ထိပ်ဖျား နောင်မွန်းကနေ ပန်နန် အနားထိအောင် ရောက်ဖူးတယ်၊ အဲဒီနေရာမှာ ရှုခင်းတွေသိပ်လှ ပဲ၊ မြန်မာပြည်ရဲ့ အလှအပဆုံး နေရာတွေပဲ၊ ဘယ်ကိုကြည့်ကြည့် ဖုံးတောင်တန်းတွေပဲ မြင်ရတယ်၊ ကမ္ဘာပေါ်မှာ ရှားပါးတဲ့ တာကင် ခေါ်တဲ့ သားမင်းကောင်၊ ကတိုးကောင်နဲ့ သမင်၊ ဒရယ်၊ ချေတို့ ကောင်တွေကိုလဲ တွေ့ရတတ်တယ်၊ နောက်ပြီး အလွန်ရှားပါးတဲ့ မျိုးတွေ၊ တောင်ဇလပ်ပန်းတွေ၊ တရုတ်လူမျိုးတွေ အလွန်တန်ဖိုး



နုမရင်းလို ဆေးမြစ်ဆေးဥတွေ၊ ခမ်းတောက်မြစ်၊ မချစ်ဥ စတဲ့ ဆေးပင် တွေ၊ အသက်ရှည်ဆေးလို့ခေါ်တဲ့ ဆေးအမျိုးမျိုးတွေကိုလဲ တွေ့ရနိုင် တယ် "

ဟုပြောလေရာစားတော်ကဲ ဘွန်အောက စိတ်ဝင်စားစွာဖြင့်

" ရှားပါးပစ္စည်းတွေ အတော်ထွက်တာပဲနော် "

ဟုပြောလေရာ ဝေလုက ခေါင်းညိတ်၍

" ထွက်တာပေါ့ဗျာ၊ ဒီထက်ပိုပြီး ထူးဆန်းတာက ဒီဒေသက ရွှေအလွန်ပေါတယ်၊ ရွှေရှာတဲ့နေရာမှာ ဒီပြင်ဒေသတွေကို မြစ်ချောင်း ထဲကကျင်ယူပြီး ရှာဖွေရတာမဟုတ်ဘူး၊ မြစ်ချောင်းကမ်းပါးနဲ့ တောင် စောင်း၊ တောင်ကမ်းပါးတွေမှာ မြေကြီးကို ဖြဲခွဲကြည့်ရင် ရွှေစိုင်ရွှေခဲ တွေ့ရတတ်တယ် "

ဟုပြောလေရာ စားတော်ကဲ ဘွန်အောက ဝမ်းသာအားရဖြင့် ရယ်မော၍

" ဟိ ဟိ ဒါဆိုရင်တော့ ဒီဒေသရောက်ရင် ကျုပ်တော့ ရွှေကို ရသမျှ ရှာပြီးယူမယ်၊ ရန်ကုန်ရောက်မှ မဂိုလမ်း (ယခု ရွှေဘိုသာလမ်း) သွားပြီးရောင်းစားမယ်၊ ပိုက်ဆံတွေရရင် အင်းလျားမှာ တိုက်တစ်လုံး ကားတစ်စီးဝယ်ပြီး ပိန်းမ သုံးယောက်ယူရမယ် "

ဟုပြောလေ၏။ ဘွန်အောင်၏ စကားကို နားထောင်၍ ဝေလုက ရယ်မောလိုက်ပြီး

" ရည်မှန်းချက်က အတော်ကြီးပါလား "

ဟု နောက်ပြောင်လေ၏။

ဦးဒီပက စိတ်အားထက်သန်စွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



'' ငါသွားချင်တာ အဲဒီနယ်မြေပဲ၊ ဒီနေရာကို မင်းလိုက်ပို့ပေးနိုင်မလား ''

ဟုမေးမြန်းလေ၏။ ဝေလုက သက်ပြင်းချ၍

'' ဒီဒေသဟာ အလွန်ထူးဆန်းပြီး လျှို့ဝှက်တဲ့နယ်မြေတစ်ခုပဲ၊ ကျုပ်ဟာ စွန့်စားသွားလာဖို့ ဝါသနာထုံတဲ့သူတစ်ယောက်ဖြစ်တဲ့အတွက် ဦးဒီပရဲ့စကားဟာ ရေငတ်သူကို ရေတွင်းထဲ ပစ်ချလိုက်သလိုပဲ၊ ဒါပေမယ့် ဒီဒေသကို ဘာရည်ရွယ်ချက်နဲ့ သွားမယ်ဆိုတာ ကျုပ်သိချင်တယ် ''

ဟုပြောလေ၏။ ဦးဒီပက ခေါင်းညိတ်၍

'' သိခွင့်ရှိပါတယ်ကွာ၊ ငါတို့ဟာ သေအတူရှင်မကွာ သွားမယ့်ရဲဘော်တွေပဲ၊ လျှို့ဝှက်ထားစရာမရှိပါဘူး ''

ဟုပြောရင်း ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်လိုက်ပြန်၏။ ပြီးနောက် ပတ်ဝန်းကျင်ကို လုံခြုံမှု ရှိမရှိ အကဲခတ်၍ လေသံတိုးတိုးဖြင့်

'' ငါ ဒီဒေသကိုသွားမှာက အလွန်ထူးဆန်းတဲ့ မိန်းမတစ်ယောက်နဲ့ တွေ့ဖို့ပဲ ''

ဟုပြောလေရာ ဝေလုက မျက်မှောင်ကြုတ်၍

'' အဲဒီမိန်းမက ဘာလူမျိုးလဲ၊ ရဝမ်လား၊ လီဆူလား၊ ဂျိမ်းဖောလား၊ ဒါမှမဟုတ် တိဘက်လား ''

ဟုမေးမြန်းလေ၏။ ဦးဒီပက ခေါင်းခါ၍

'' သူ ဘာလူမျိုးလဲဆိုတာတော့ ငါ တိတိကျကျ မသိဘူးကွ ''

ဟုပြောလေ၏။ ဝေလုက စိတ်ဝင်စားစွာဖြင့်

'' အဲဒီမိန်းမနဲ့ ဦးဝေလုဟာ ဘယ်မှာတွေ့ဖူးတာလဲ ''



ဟု မေးမြန်းလေ၏။ ဦးဒီပက

'' တွေ့တာတော့ နှစ်ကြိမ်ရှိပြီကွ၊ တစ်ကြိမ်ကတော့ အိပ်မက်ထဲမှာ၊ နောက်တစ်ကြိမ်က မှော်ဆရာမကြီးရဲ့ ရေခွက်ထဲမှာ ''

ဟုပြောလေရာ ဝေလုသည် ဦးဒီပ၏ မျက်နှာကို တအံ့တသြ ကြည့်လိုက်မိ၏။ ဤလူကြီး၏စကားသည် ကပေါက်တိကပေါက်ချာ နိုင်လှ၏။ ဤလူကြီးသည် စိတ်မှကောင်းရဲ့လားမသိ။

ဦးဒီပက တဟားဟားရယ်မော၍

'' ငါ့ကို ဒီလူကြီး ရူးနေပြီထင်လို့လား၊ မရူးပါဘူးကွာ၊ ငါ့စကားက အတည်ပြောတာပါ ''

ဟုပြောလေ၏။ ဝေလုက ခေါင်းကုတ်၍

'' ဦးဒီပစကားတွေကို နားထောင်ရတာတော့ အရူးတစ်ယောက် ပြောနေသလားအောက်မေ့ရတယ် ''

ဟုပြောလေ၏။ ဦးဒီပက သက်ပြင်းချ၍

'' ဒီအကြောင်းတွေကို ငါရှင်းပြပါမယ်ကွာ၊ ဒီလိုကွ၊ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ငါဟာ အိန္ဒိယက ဆာဓုကြီးတစ်ယောက်ဆီမှာ ဗေဒပညာတွေကို လေ့လာခဲ့ဖူးတယ်၊ ဒီလိုနဲ့ တစ်နှစ်လောက်ကြာတော့ ဟိမဝန္တာတောစပ်မှာ သီတင်းသုံးနေတဲ့ ဆာဓုကြီးရဲ့တဲကလေးဆီကို ရှူးအမျိုးသမီးတစ်ဦး ရောက်လာတယ်၊ အမျိုးသမီးကြီးက မှော်ဆရာမကြီးကွ၊ အီဂျစ်ပြည် ကိုင်ရိုမှာရှိတဲ့ လောကီပညာ အသင်းကြီးရဲ့ ဦးစီးခေါင်းဆောင်လဲဖြစ်တယ်၊ ဆရာကြီး ကိုင်ရိုနဲ့တောင် လောကီပညာရပ်တွေကို ပညာချင်း ဖလှယ်ခဲ့ဖူးတယ်လို့ သိရတယ်၊ အဲဒီ ဆရာမကြီးဟာ ဆာဓုကြီးဆီမှာရောက်နေတဲ့ ငါ့ရဲ့အနာဂတ်ကို

www.burmeseclassic.com



သူဟာတတ်တဲ့ပညာနဲ့ ကြည့်ပေးသွားတာပဲ၊ ဆရာမကြီးကပြောတယ်၊ ငါဟာဆင်တွေနဲ့ ပတ်သက်နေတယ်၊ ဆင်တွေရှိတဲ့နေရာကို သွားရလိမ့်မယ်၊ အဲဒီမှာ ဆင်စွယ်နန်းရှင်နဲ့တွေ့ပြီး ထူးခြားမှုတွေ အများကြီး ကြုံရမယ်လို့ပြောတယ်၊ ငါဟာ ဆင်စွယ်နန်းရှင်ဆိုတာကို စိတ်ဝင်စားလို့ မှော်ဆရာမကြီးကို အကြိမ်ကြိမ်မေးမြန်းခဲ့တယ်၊ ဒီတော့ ဆရာမကြီးက ငါမေးတာမဖြေဘဲ ရေခွက်တစ်ခွက်ကိုကြည့်ပြီး အတန်ကြာအောင် ရွတ်ဖတ်တယ်၊ ပြီးတော့ ငါ့ကို ရေခွက်ထဲကို ငုံ့ကြည့်ခိုင်းတယ်၊ ပထမကြည့်တော့ ရေဟာ ဘာမှမထူးဆန်းပါဘူး၊ အတော်လေးကြာတော့ ရေဟာ ကြည်လင်လာပြီးပုံရိပ်တွေ ထင်လာတယ် ''

ဟုပြောလေရာ ဝေလုသည် တအံ့တဩဖြင့်

'' ဟင်... ရေထဲမှာ ပုံရိပ်တွေ ထင်လာတယ် ဟုတ်လား အံ့ဩစရာပဲ ''

ဟုရေရွတ်လေ၏။ ဦးဒီပက ခေါင်းညိတ်၍

'' ဒီပညာမျိုးကိုတော့ ငါကြားဖူးနေတာ ကြာပါပြီကွာ၊ တကယ်လက်တွေ့တော့ ဒီတစ်ကြိမ်ပဲ ကြုံတွေ့သေးတယ်ကွ၊ ရေထဲမှာ မြင်ရတဲ့ ပုံရိပ်တွေက အလွန်ထူးဆန်းတယ်ကွ၊ ရေထဲမှာ အလွန်လှပတဲ့ ဒေသတစ်ခုရဲ့ ရှုခင်းတွေကိုမြင်ရတယ်၊ ရှုခင်းတွေပြီးတော့ တောင်ကြားလမ်းတစ်ခု မြင်ရတယ်၊ တောင်ကြားထဲကနေ ဆင်တွေထွက်လာတာ အများကြီးကွ၊ ဆင်အကောင်တစ်ရာလောက်ရှိမယ်၊ အဲဒီဆင်တွေရဲ့ အနောက်မှာ အလွန်လှပတဲ့ မိန်းမတစ်ယောက် လျှောက်လာတယ်၊ အဲဒီမိန်းမဟာ အသက် ၃၀ ဝန်းကျင်လောက်ပဲ ရှိသေးတယ်၊ ကြည့်ရတာ အလွန်ကျက်သရေရှိတာပဲ၊ သူ့ရဲ့ဆံပင်တွေဟာ လေထဲမှာ တလူလူလွင့်နေပြီး အဖြူရောင်ဝတ်စုံကို ဝတ်ထားတယ်၊ သူဟာ ဆင်တွေကိုကြည့်ပြီး တစ်စုံတစ်ရာကို ရေရွတ်လိုက်တော့ ဆင်တွေဟာ သူ့စကားကိုနားထောင်ပြီး စေလိုရာစေနိုင်တာကို တွေ့ရတယ်၊ ခဏကြာတော့မှ ရေခွက်ထဲက မြင်ကွင်းတွေဟာ မှုန်ဝါးသွားပြီး ဘာမှမမြင်ရတော့ဘူး ''



ဟုပြောလေရာ ဝေလုက တအံ့တဩဖြင့်

'' သိပ်ထူးဆန်းတာပဲ၊ ဒီလိုပညာမျိုးကို မြင်ဖူးချင်လိုက်တာ ''

ဟုရေရွတ်လေ၏။ ဦးဒီပက

'' ကံကြုံရင်တော့ တစ်နေ့ မြင်ဖူးမှာသေချာပါတယ်ကွာ၊ ဒီလိုနဲ့ ငါဟာ ဆာဒူးကြီးနဲ့ သုံးနှစ်နေပြီး လမ်းခွဲခဲ့တယ်၊ မြန်မာပြည်ကို ပြန်လာပြီး ရှမ်းပြည်နယ်ဘက်မှာ စိုက်ပျိုးရေးလုပ်ပြီးနေခဲ့တယ်၊ တစ်နေ့မှာ ရှမ်းပြည်နယ်ဘက်က ရွာလေးတစ်ရွာကို ခရီးလှည့်ရင်း ကံဆိုးချင်တော့ ငါဟာ ကြိုးတံတားတစ်ခုကို အဖြတ်မှာ ကြိုးတံတား ပြတ်ကျပြီး ချောက်ထဲကိုကျတယ်၊ ငါဟာ ကြိုးတံတားပေါ်က ပြုတ်ကျပြီး ကံကောင်းထောက်မလို့ သစ်ပင်ကြီးတွေရဲ့ သစ်ကိုင်းပေါ်က တစ်ဆင့်ပြီးတစ်ဆင့် ပြုတ်ကျတဲ့အတွက် အသက်မသေဘဲ မေ့မြောသွားခဲ့တယ်၊ မေ့မြောရင်း ငါ့ရဲ့ ဝိညာဉ်ဟာ လွင့်သွားပြီး မှော်ဆရာမကြီး ညွှန်ပြခဲ့တဲ့ အရပ်ကို ရောက်သွားတယ်၊ တောင်ကုန်းတောင်တန်းတွေ၊ တောင်ကြားတွေကို ကျော်ဖြတ်ပြီး ဆင်အုပ်ကြီးရှိတဲ့နေရာကို ရောက်သွားတယ်၊ ဆင်အုပ်ကြီးရဲ့ အလယ်မှာ ဆင်စွယ်နန်းရှင် မိန်းမချောလေးကိုမြင်တွေ့ရတယ်၊ သူမဟာ ဆင်အုပ်ရဲ့အလယ်က အကြီးဆုံးဆင်ကြီးကိုစီးပြီး သွားလာနေတယ်လို့ မြင်တွေ့ခဲ့တယ်ကွ ''

ဟုပြောလေရာ ဝေလုက စိတ်ဝင်စားစွာနားထောင်နေရာမှ

www.burmeseclassic.com



'' ဦးဒီပပြောတဲ့ အကြောင်းအရာတွေက စိတ်ဝင်စားဖွယ် ကောင်းပေမယ့် စိတ်ကူးယဉ်ဆန်တယ်၊ ယုံနိုင်စရာမရှိဘူး ''

ဟု မှတ်ချက်ချလေ၏။ ဦးဒီပက ခေါင်းညိတ်၍

'' ဒါဟာ တိဘက်မှာနေတုန်းက ဝိညာဉ်လွင့်တဲ့အတတ်ပညာကို လေ့လာဖူးတယ်ကွ၊ ဝိညာဉ်လွင့်တဲ့အတတ်ပညာကို လေ့ကျင့်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ ဒါပေမယ့် ကြိုးတံတားပေါ်က ပြုတ်ကျပြီး မေ့မြောသွားတဲ့အခါမှာတော့ ဝိညာဉ်လွင့်တဲ့ အတတ်နဲ့ အလိုအလျောက် သွားလာနေမိတယ်၊ ဒါဟာလဲ ထူးခြားမှုတစ်ခုပဲ၊ ဘာပဲဖြစ်ဖြစ် ဆင်စွယ်နန်းရှင် မိန်းမရှိတဲ့အရပ်ကို ငါမရောက်ရောက်အောင်သွားမယ်လို့ ဆုံးဖြတ်ထားတယ်၊ ဒါကြောင့် စွန့်လွှတ်စွန့်စားချင်တဲ့ဆန္ဒရှိရင် ငါတို့နဲ့ လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်ကွာ ''

ဟုပြောလေရာ ဝေလုသည် လူကြီး၏စကားများကိုနားထောင်၍ မျက်မှောင်ကြုတ်၍ စဉ်းစားနေလေ၏။

ဤရွာကလေးတွင် နေထိုင်စဉ် ဖန်ဒီးဘဝနှင့် စွန့်စွန့်စားစား နေရသဖြင့် ပျော်ရွှင်ဖွယ်ကောင်းလှသော်လည်း နတ်ဆရာနီပါ၏ ဖန်ဒီး အလုပ်ကို နတ်များက မနှစ်သက်ကြောင်းပြောဆိုသည့်အချိန်မှစ၍ ဆင်များကို ဖမ်းဆီးခြင်းကို မပြုလိုတော့ပေ။

လူစွန့်စား ဦးဒီပနှင့်လိုက်၍ ရေခဲပုံးတောင်တန်းများကို သွားရ ကောင်းနိုးနိုးဟု စဉ်းစားမိပြန်၏။

ထိုလူကြီးသည် အဘိုးဦးအိုက်ပန်နှင့် စိတ်ဓာတ်ချင်းတူညီသူ ဖြစ်၏။

အဘိုးသည် မီလာရီကာ ဦးအိုက်ပန်ဟု နာမည်သတင်းကြီးခဲ့





သော်လည်း သူ့ဘဝတစ်လျှောက်လုံး မြန်မာပြည်အနှံ့လှည့်လည်၍ စွန့်စားသွားလာခဲ့ဖူး၏။ အဘိုးပြောပြသော စွန့်စားခန်းများသည် စိတ်လှုပ်ရှားဖွယ်အတိဖြစ်၏။

ယခု ထိုစွန့်စားခန်းများကို ကိုယ်တိုင်ကြုံတွေ့နိုင်သော အခွင့်အရေးတစ်ခု ရရှိနေလေပြီ။ ဝေလုစဉ်းစားနေစဉ် စားတော်ကဲ ဘွန်အော ကဝင်၍

'' လိုက်ခဲ့ပါ ဝေလုရယ်၊ လူ့ဘဝဆိုတာ စွန့်စားခန်းတွေမရှိရင် ပျင်းရိငြီးငွေ့ဖို့ အင်မတန်ကောင်းပါတယ်၊ ငါဟာ စားတော်ကဲဘဝကို ပြတ်နိုးပေမယ့် မစွန့်စားရဘဲမနေနိုင်လို့ ဦးဒီပနောက်ကို လိုက်ခဲ့တာကွ၊ တကယ်တော့ လူတွေဟာ စွန့်စားမှုကို နှစ်သက်ကြပါတယ်ကွာ၊ ဒါကြောင့်လဲ ကမ္ဘာပေါ်မှာ လူသာမာန်တွေ မရောက်နိုင်တဲ့ အမြင့်ဆုံးတောင်ကြီးတွေ၊ အအေးဆုံးဒေသတွေကို စွန့်စွန့်စားစား သွားလာချင်တဲ့လူတွေ ရှိနေတာပေါ့ကွ၊ မင်းတို့အရပ်ဒေသကလေးဟာ ကျဉ်းမြောင်းလွန်းပါတယ်ကွာ၊ ဒီဒေသကလေးမှာ ဆင်ဖမ်းသမားတစ်ယောက်နဲ့ပဲ ဘဝကို ကုန်လွန်တော့မှာလား ''

—ဟု မြှောက်ထိုးပင့်ကော်လုပ်လေ၏။ ဝေလုသည် စားတော်ကဲ ဘွန်အော၏စကားကြောင့် စိတ်လှုပ်ရှားသွားပြီး လက်သီးဆုပ်ကာ

'' ဟုတ်တယ်နော်၊ ကျုပ်တို့ အရပ်ဒေသက ကျဉ်းကျဉ်းလေးပဲ၊ ဒီရွာကလေးမှာ ဖန်ဒီးဘဝနဲ့နေပြီး သေသွားလို့ရှိရင် အလွန်ပျင်းဖို့ကောင်းမှာပဲ၊ ကျုပ်ဘဝမှာ ဘယ်လိုအတွေ့အကြုံမျိုးမှ ရမှာမဟုတ်ဘူး၊ ရွာကလေးကထွက်ပြီး ခင်ဗျားတို့နဲ့လိုက်ခဲ့ဖို့ ဆုံးဖြတ်လိုက်ပြီ ''

ဟုပြောလေရာ ဦးဒီပက ဝမ်းသာအားရဖြင့် ရယ်မောကာ သူ၏



www.burmeseclassic.com

www.burmeseclassic.com



ပခုံးကိုဖက်လိုက်ပြီး

'' ဒါမှ ဦးအိုက်ပန်မြေးကွ၊ မင်းမှာ စွန့်စားသွားလာချင်တဲ့ မူလ ဓာတ်ခံရှိတယ်ဆိုတာ ငါရိပ်စားမိပါတယ်ကွာ၊ ဒါကြောင့် မင်းကို လိုက်ခဲ့ဖို့ ဖိတ်ခေါ်ရတာပဲ၊ မင်းဟာ ဒီအရပ်ဒေသကို သွားလာဖူးတယ်ဆိုတော့ ငါတို့ထက်စာရင် အတွေ့အကြုံကြီး အတွေ့အကြုံရှိမှာပဲ၊ နောက်ပြီးတော့ မင်းဟာ မိလာရှိကာ ပမ်းဖမ်းသမားဖြစ်နေတယ်၊ ဆင်တွေရှိတဲ့ အရပ်ကိုသွားရင် ဆင်အကြောင်း ရင်းနှီးကျွမ်းဝင်တဲ့သူပါရင် အကောင်းဆုံးပဲ၊ ဒါကြောင့် ငါတို့ခရီးကို တစ်ရက်နှစ်ရက်အတွင်း စတင်ကြမယ်ဟေ့၊ လမ်းခရီးမှာလိုအပ်တဲ့ ပစ္စည်းတွေကို မင်းရှာပြီးဝယ်ပါ၊ ပိုက်ဆံကို ငါထုတ်ပေးမယ် ''

ဟုပြောလေ၏။ ဝေလုက ခေါင်းညိတ်၍

'' ဦးဒီပတို့မှာ လားနှစ်ကောင်ပါလာတာပဲ၊ လားတွေပေါ်မှာ ရိက္ခာနဲ့ ဆေးဝါးတွေပြည့်စုံနေပြီ၊ ကျုပ်တို့သွားမယ့်ခရီးက ကြမ်းတမ်းတယ်၊ ပန်နန်ဒင်ကျော်ရင် လားတွေကိုတောင် သုံးလို့ရမှာမဟုတ်ဘူး ''

ဟုပြောလေရာ စားတော်ကဲ ဘွန်အောကဝင်၍

'' ဆင်တွေတောင် သွားလာနိုင်သေးတာ၊ လားတွေကို သုံးလို့မရဘူးလား ''

ဟု မေးမြန်းလေ၏။ ဝေလုက သက်ပြင်းချ၍

'' ဆင်တွေဟာလဲ တောင်ကြီးတွေကျော်ပြီး ကျုပ်တို့အရပ်ကို မလာနိုင်ဘူး၊ သူတို့ဟာ သီးခြားနယ်မြေပဲ၊ ကျုပ်တို့က တောင်ကြီးတွေ ကျော်ပြီးသွားရမှာ ''

ဟု ရှင်းလင်းပြလေ၏။





ဦးဒီပက တဲအိမ်ထဲတွင်ရှိသော အိတ်ကြီး ၃အိတ်ထဲမှ လက်နက်များကို ထုတ်ယူလိုက်ပြီး

'' လမ်းခရီးမှာ အန္တရာယ်တွေနဲ့ ရင်ဆိုင်ရနိုင်မယ်ထင်လို့ ခြောက်လုံးပြူးသေနတ်၊ ရိုင်ဖယ်သုံးလက်နဲ့ ကျည်ဆံတွေ အများကြီး ဝယ်လာခဲ့တယ်၊ တောတွင်းမှာ ယာယီတဲထိုးဖို့ ရွက်ဖျင်စတွေ၊ ကြိုးခွေတွေ၊ လက်နှိပ်ဓာတ်မီးတွေနဲ့ တောလိုက်ဓားမြှောင်၊ တောစီးဖိနပ်တွေ၊ ဆေးဝါးတွေ၊ မီးအိမ်တွေနဲ့ အနွေးထည်၊ စည်သွပ်ဘူးတွေ စုံနေတာပဲကွ ''

ဟုပြောလေရာ ဝေလုက ထိုပစ္စည်းများကို တအံ့တသြကြည့်၍

'' ပစ္စည်းတွေက အတော်စုံတာပဲ၊ ဒါနဲ့များ ကျုပ်ကို လိုတာရှိရင် ဝယ်ဦးလို့ပြောနေတယ် ''

ဟုရေရွတ်လေ၏။ ဦးဒီပက ရွက်ဖျင်အိတ်ထဲသို့ ပစ္စည်းများကို ပြန်ထည့်ပြီး

'' အစားအသောက်တော့ နည်းနည်းလိုမယ်ထင်တယ်၊ စည်သွပ်ဘူးတွေချည်းပဲ စားနေရရင် ငြီးငွေ့လာလိမ့်မယ်၊ ဒါကြောင့် အသားခြောက်တွေရသမျှ ဝယ်ပြီး စုဆောင်းခဲ့ပေတော့၊ ငါတို့ တစ်ရက်နှစ်ရက်အတွင်း ခရီးထွက်ချင်တယ်၊ မင်းရဲ့အလုပ်တွေကို လွှဲထားလို့ရတယ်မဟုတ်လား ''

ဟုမေးမြန်းလေ၏။ ဝေလုက ခေါင်းညိတ်၍

'' ရပါတယ်၊ ကျုပ်ရဲ့ဆင်ကြီးကို ဖန်ဒီး ဂျော်ဂျီလကြီးဆီမှာ ထားခဲ့ရမှာပဲ၊ လောလောဆယ်၊ ဂျော်ဂျီလကြီးက ကျုပ်ဆရာဆိုတော့ သူ့ဆီမှာခွင့်တောင်းရမှာပဲ ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ထိုနေ့ညက ညှော်သည်များနှင့် ညနက်အောင် စကားပြောခဲ့ပြီးနောက် ဝေလုသည် အိပ်ရာထဲတွင် အိပ်မပျော်ဘဲ ရှိလေ၏။

အန္တရာယ်အလွန်များသော ထူးဆန်းသည့်ခရီးကို ညှော်သည်နှစ်ယောက်နှင့် လိုက်ပါရပေတော့မည်။

ဤခရီး၌ သူ့အသက်ပင် ဆုံးရှုံးနိုင်သော်လည်း စွန့်စားမှုကို ဝါသနာထုံသူဖြစ်သဖြင့် နောက်မတွန့်လိုတော့ပေ။ ဘဝဟူသည် စိတ်လှုပ်ရှားဖွယ် စွန့်စားမှုကြီးတစ်ခုဟု အဘိုး ဦးအိုက်ပန် ပြောခဲ့ဖူး၏။

ঌ ঌ ঌ ঌ ঌ ঌ ঌ ঌ ঌ ঌ ঌ





နောက်တစ်နေ့တွင် သူ၏စွန့်စားခန်းခရီးကို ကျော်ဂျီလကြီးကို ပြောပြလိုက်လေ၏။ ကျော်ဂျီလကြီးသည် အံ့ဩဟန်မပြဘဲ

" မင်းရဲ့စိတ်ဓာတ်ကို ငါနားလည်ပါတယ်၊ တစ်နေ့နေ့မှာ ဒီလို ပြောလာမယ်ဆိုတာ ယုံကြည်ပြီးသားပါ၊ ဒါနဲ့ သူတို့က ဒီဒေသကို ဘာ ကိစ္စနဲ့သွားမှာလဲ "

ဟုမေးမြန်းလေ၏။ ဝေလုသည် ဦးဒီပ၏ အိပ်မက်ကို ပြောသင့် မပြောသင့် ချိန်ဆနေသဖြင့် ကျော်ဂျီလကြီးက သက်ပြင်းချလိုက်ပြီး

" လျှို့ဝှက်ချက်ဖြစ်နေရင်တော့ ငါ့ကို မပြောပါနဲ့တော့၊ ငါလည်း ချင်တော့ပါဘူး။ ဒါပေမယ့် ဒီလူတွေဟာ လူကောင်းဖြစ်ဖို့ အရေးကြီး တယ်၊ မကောင်းတဲ့အလုပ်ကိုတော့ မလုပ်မိစေနဲ့၊ နတ်ဘုရားတွေက



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဒဏ်ခတ်လိမ့်မယ် ''

ဟု သတိပေးလေ၏။

ဝေလုက ခေါင်းညိတ်၍

'' စိတ်ချပါ။ ကျုပ်ရဲ့စိတ်ဓာတ်ကို ဂျော်ဂျီလကြီးသိတယ် မဟုတ်လား ''

ဟုပြောလေရာ ဂျော်ဂျီလကြီးက ခေါင်းညိတ်ပြလေ၏။

ပြီးနောက်တွင်မှ ဂျော်ဂျီလကြီးက

'' မင်းရဲ့စွယ်စုံဆင်ကြီးကိုတော့ စိတ်ချပြီး ငါ့လက်ထဲမှာ ထားခဲ့ပါ။ သွားကာနီး သူကြီးကို အသိပေးသွားဦး၊ နတ်ဆရာနီပါဆီမှာလဲ ဆုတောင်းသွားဦး ''

ဟုမှာကြားလေ၏။

ဝေလုသည် ဂျော်ဂျီလကြီးထံမှ ပြန်လာပြီးသောအခါ ဆန်အရက်တစ်ပုလင်းကိုယူ၍ နတ်ဆရာနီပါထံသို့ ထွက်ခဲ့လေ၏။

ဝေလုက နီပါထံတွင် ခရီးထွက်မည့်အကြောင်း ဆုတောင်းလေရာ နတ်ဆရာက

'' နတ်မင်းကြီးတွေက ခရီးထွက်ဖို့ အမိန့်ချထားလိုက်ရင် ဒီလူကို ဘယ်သူမှ တားမြစ်လို့မရတော့ဘူး ''

ဟု ဆိုကာ ဝေလုကို ဆုမွန်ကောင်းများ တောင်းပေးလေ၏။ နတ်မင်းများအား ဆန်အရက်ကို ပူဇော်ပြသလေ၏။

ဝေလုသည် ထိုနေ့ညနေမှာပင် သူကြီးထံသွားရောက်၍ မြောက်စွန်းဒေသသို့ လမ်းပြအဖြစ် ခရီးထွက်မည့်အကြောင်းပြောလေရာ သူကြီးက စေတနာကောင်းဖြင့် တားမြစ်ရန် ကြိုးစားလေ၏။





'' မြောက်စွန်းဒေသကို သွားမလို့ ဟုတ်လား၊ ဒီဒေသမှာ အန္တရာယ်တွေ အများကြီးရှိတယ်ဆိုတာ မင်းသိတယ်မဟုတ်လား၊ ဒီလူတွေဟာ ရွှေရှာတဲ့သူတွေများ ဖြစ်နေမလား၊ ရွှေရှာမယ်ဆိုရင်တော့ မင်းတို့အသက်ကို ဖက်နဲ့ထုပ်ထားပေတော့၊ အဲဒီဒေသမှာ တစ်ဖက်နိုင်ငံကဝင်လာတဲ့ လူဆိုးလူမိုက်တွေရဲ့ ရန်ကလည်းရှိတယ်၊ မယဉ်ကျေးသေးတဲ့ ဒေသခံတွေကလည်း ရွှေရှာတဲ့သူတွေကို သဘောမကျဘူး၊ သဘာဝ ဘေးအန္တရာယ်တွေလဲ အများကြီးရှိတယ်၊ ဒီတော့ လမ်းပြမလုပ်ဖို့ ငါ တားချင်တယ် ''

သူကြီး၏ စကားဆုံးသောအခါ ဝေလုက သက်ပြင်းချ၍

'' မရတော့ဘူး သူကြီး၊ ကျုပ်က နီပါဆီမှာ ဆုတောင်းပြီးပြီ ''

ဟုပြောလေရာ သူကြီးသည် ဝေလုကို ကရုဏာသက်ဟန်ဖြင့်ကြည့်၍ ခေါင်းခါရမ်းလိုက်လေ၏။ နတ်ဆရာနီပါထံတွင် ခရီးထွက်မည့်အကြောင်း ဆုတောင်းပြီးလျှင် နတ်ဘုရားများကို တိုင်တည်ပြီးပြီဖြစ်သဖြင့် မည်သူမျှ တားမရတော့ချေ။

ဝေလုသည် ထိုနေ့မှာပင် ရွာထဲရှိ အိမ်များသို့ ခရီးထွက်မည့်အကြောင်း အသိပေးကာ ရွာထဲရှိ ရသမျှ အသားခြောက်များကို ဝယ်ယူလေ၏။ ရွာတွင် မုဆိုးအလုပ်ကို လုပ်ကိုင်သူများရှိသဖြင့် အသားခြောက်များစွာကို ဝယ်ယူနိုင်ခဲ့၏။

ထို့အပြင် ဆန်အရက်နှင့် ကျောက်စိမ်းပုတီးများ၊ ကျောက်စိမ်းလက်ကောက်များကို ရွာဖွေစုဆောင်းခဲ့လေ၏။

ကျောက်စိမ်းလက်ကောက်နှင့် ပုတီးများမှာ ဒေသခံခေါင်းဆောင်များနှင့်တွေ့လျှင် လက်ဆောင်ပေးရန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဒီပသည် ဝေလုဝယ်ယူလာသော ပစ္စည်းများကိုကြည့်၍

" မင်းမဆိုးဘူး။ လမ်းခရီးမှာ ဘာတွေလိုမလဲဆိုတာ ကောင်းကောင်းသိနေသားပဲ "

ဟုပြောလေရာ ဝေလုက

" ဒေသခံခေါင်းဆောင်တွေနဲ့တွေ့ရင် သူတို့နဲ့ ပြောဆိုဆက်ဆံနိုင်မယ့် လူတစ်ယောက်ရှိဖို့ သိပ်အရေးကြီးတယ်၊ သူတို့ရဲ့ဘာသာစကားကို ကျုပ်က အသင့်အတင့်ပြောတတ်တော့ အများကြီးအဆင်ပြေတာပေါ့ "

ဟုပြောလေ၏။

ထိုအခါ စားတော်ကဲဘွန်အောက

" ငါတို့ရဲ့လားတွေက ဘယ်အထိ အသုံးဝင်မှာလဲ "

ဟု မေးမြန်းလေ၏။ ဝေလုက

" လားတွေနဲ့ နောင်မွန်းအထိ ရောက်အောင်သွားမယ်၊ နောင်မွန် ရောက်ရင်တော့ လမ်းအခြေအနေကြည့်ပြီး လားတွေကို စွန့်သင့်ရင် စွန့်ရမှာပဲ "

ဟုပြောလေ၏။ ဘွန်အောက ဆက်လက်၍

" ငါတို့သွားမယ့်ဒေသက တိုင်းရင်းသားတွေက ဘာကိုးကွယ်ကြတာလဲ "

ဟု မေးမြန်းလေ၏။

ဝေလုက ခေါင်းညိတ်၍

" တိုင်းရင်းသားတွေကတော့ မိရိုးဖလာနတ်ကိုးကွယ်တာသာများပါတယ်၊ တိရစ္ဆာန်တွေနဲ့ ယဇ်ပူဇော်တဲ့ဓလေ့တောင်ရှိတယ်၊ အချို့





လဲ ခရစ်ယာန်သာသနာပြုတွေရဲ့ ကျေးဇူးကြောင့် ခရစ်ယာန်ဘာသာဝင်ဖြစ်နေပါပြီ၊ ဒီဒေသမှာ ဗုဒ္ဓဘာသာ မထွန်းကားဘူး။ မြောက်စွန်းဒေသမှာတော့ မဟာယာန ဗုဒ္ဓဘာသာကိုးကွယ်တဲ့ မြန်မာပြည်ပေါက်တိဘက်လူမျိုးတွေရှိတယ် "

ဟုပြောလေရာ ဘွန်အောက ဝေလု၏စကားကိုနားထောင်၍

" ခရစ်ယာန်သာသနာပြုတွေဟာ နိုင်ငံရပ်ခြားကတောင်လာပြီး မြန်မာပြည်ကို သာသနာပြုနိုင်ကြတယ်၊ ကျုပ်တို့ မြန်မာဘုန်းကြီးတွေကတော့ ကိုယ့်တိုင်းပြည်မှာကိုယ် သာသနာမပြုနိုင်ကြဘူးလား "

ဟု မေးမြန်းလေ၏။ ဝေလုက သက်ပြင်းချ၍

" ဒါတော့ ကျုပ်မသိဘူး၊ ကျုပ်တို့အမြင်မှာတော့ ခရစ်ယာန်သာသနာပြုတွေဟာ ဒုက္ခဆင်းရဲကို ပိုပြီးခံနိုင်တယ်၊ တစ်ခါတစ်ရံ စားစရာမရှိလို့ တောထဲက မျှစ်ချိုးပြီးပြုတ်စားနေတာတောင် တွေ့ဖူးတယ် "

ဟုပြောလေရာ ဦးဒီပကဝင်၍

" အခြေအနေမတူဘူးကွ၊ ခရစ်ယာန်သာသနာပြုတွေမှာ သူတို့ရဲ့ အိမ်သူဇနီးတွေက တောင်ပေါ်ဒေသအထိ လိုက်ပါလာပြီး ဝတ်ကြီးဝတ်ငယ်ပြုစုပေးကြတယ်၊ သူတို့ဟာ သားနဲ့မယားနဲ့ ထောက်ပံ့မှုကြီး ပြည့်ပြည့်စုံစုံနဲ့ သာသနာပြုနိုင်တယ်၊ မနက်စာ၊ ညစာကိုလဲ စားလို့ရတယ်၊ ချမ်းအေးတဲ့ရာသီဥတုဒဏ်ကိုလဲ ကုတ်အင်္ကျီအထပ်ထပ်ဝတ်ပြီး ခြေစွပ်ခေါင်းစွပ်နဲ့ ကာကွယ်ထားနိုင်တယ်၊ ငါတို့ မြန်မာဘုန်းကြီးတွေမှာ စောင့်ထိန်းရမယ့် ဝိနည်းသိက္ခာပုဒ်တွေ အများကြီးပဲ၊ ဒေသမှာ ချမ်းကွမ်းကိစ္စကလဲ အခက်အခဲရှိတယ်၊ အသည်းခိုက်အောင်အေးတဲ့

www.burmeseclassic.com



ရာသီဥတုဒဏ်ကိုလဲ ကတ္တီပါသက်န်းလေးရုံပြီး သတင်းသုံးရုံကလွဲပြီး ဘာများတတ်နိုင်မှာလဲ ''

ဟုပြောလေရာ ဝေလုက ခေါင်းညိတ်ထောက်ခံလိုက်ပြီး

'' ဦးဒီပပြောတာဟုတ်တယ်၊ သူတို့ ခရစ်ယာန်သာသနာပြုတွေက ကျုပ်တို့လူတွေလိုပဲ မိန်းမနဲ့သာသနာပြုနေကြတာဗျ ကဲ… ကျုပ်တို့ မနက်ဖြန် ခရီးထွက်မယ်ဆိုရင် လားတွေရဲ့ ကျန်းမာရေးအခြေအနေကို ကျုပ်စစ်ဆေးကြည့်ဦးမယ် ''

ဟုဆိုကာ ခြံထဲသို့ဆင်း၍ လားများကို စစ်ဆေးကြည့်ရှုလေရာ လားများသည် ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း တွေ့ရလေ၏။

ထိုအခိုက်မှာပင် သူ၏ခြံဝင်းထဲသို့ မရှန်နန်ရောက်ရှိလာပြီး အနီးတွင် ဝင်ထိုင်ကာ

'' ဝေလု၊ နင် ခရီးထွက်မလို့ဆို၊ ငါ့ကိုတောင် လာမနှုတ်ဆက်ဘူး ''

ဟု မကျေမနပ်ပြောလေ၏။ ဝေလုက သက်ပြင်းချ၍

'' ငါ ညနေရောက်ရင် နင့်ဆီလာမလို့ပါ၊ အခု နင် ရောက်လာတော့ အတော်ဖြစ်သွားတာပေါ့ ''

ဟုပြောလေရာ မရှန်နန်က

'' ဒီလောက်ဝေးတဲ့ခရီးကို နင်ဘာလို့သွားချင်ရတာလဲ ဝေလုရယ်၊ အခု တစ်ရွာလုံး နင့်အကြောင်းကိုပြောပြီး စိုးရိမ်နေကြတယ် ငါလဲ အရမ်းစိုးရိမ်တာပဲ ''

ဟုပြောလေ၏။ ဝေလုက ရှန်နန်၏လှပသောမျက်နှာကိုကြည့်၍





'' မစိုးရိမ်ပါနဲ့ ရှန်နန်ရယ်၊ ငါနဲ့သွားမယ့်လူကြီးတွေက အတွေ့အကြုံအများကြီးရှိတဲ့သူတွေပါ၊ သူတို့မှာ လမ်းခရီးအတွက် လိုအပ်မယ့် ပစ္စည်းတွေ အများကြီးပါတယ်၊ နောက်ပြီး မြောက်စွန်းဒေသကို အဘိုးရှိတုန်းက ငါရောက်ဖူးတာပဲ၊ ငါပြန်လာရင် နင့်အတွက် မြောက်စွန်းဒေသက လက်ဆောင်တွေ ဝယ်လာခဲ့မယ် ''

ဟုပြောလေရာ မရှန်နန်၏မျက်နှာ ဝင်းပသွားပြီး

'' တကယ်ပြောတာလား ဝေလုရယ်၊ နင်နဲ့ငါ ချစ်သောက်ပွဲ အတူတူလုပ်ပြီးတဲ့သူတွေဆိုတာ နင် မမေ့နဲ့နော်၊ နောက်ပြီးတော့ အို… ပြောရမှာရှက်လိုက်တာ၊ ငါ့ရဲ့ ခန္ဓာကိုယ်ကို နင်မြင်ဖူးပြီးဖြစ်နေပြီ၊ ငါ့ခန္ဓာကိုယ်ကို ငါယူမယ့်ယောကျ်ားကလွဲလို့ ဘယ်သူမှ မမြင်ဖူးစေရဘူးလို့ ငါ ဆုံးဖြတ်ချက်ချထားတယ် ''

ဟုပြောလေရာ ဝေလုသည် တစ်ခါက မြင်ဖူးခဲ့သော မိုးနတ်သမီးအလှကို မြင်ယောင်မိပြီး ရင်ထဲတွင် လှိုက်ဖိုသွားလေ၏။

မရှန်နန်သည် ထိုင်ရာမှ ထရပ်လိုက်ပြီး

'' ငါသွားတော့မယ်ဝေလု၊ နင်ပြန်လာမယ့်အချိန်ကို ငါစောင့်မျှော်နေပါမယ် ''

ဟုပြောကာ ခြံထဲမှ လှည့်မကြည့်ဘဲ ထွက်ခွာသွားလေ၏။

ဝေလုသည် လှပသော သူမ၏ခန္ဓာကိုယ်ကို မျက်စိတဆုံး ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

ↂ ↂ ↂ ↂ ↂ ↂ ↂ ↂ ↂ ↂ ↂ

www.burmeseclassic.com

www.burmeseclassic.com



ဝေလုတို့သည် နောက်တစ်နေ့နံနက်တွင် ကောက်ညှင်းပေါင်းနှင့် အသားခြောက်များကို စားသောက်ပြီးနောက် လား ၃ ကောင်ကို ဆွဲ၍ ခရီးထွက်ခဲ့လေ၏။ ရွာကို ဖြတ်သန်းသွားသောအခါ ရွာသူရွာသားများက အိမ်ပေါက်ဝက ထွက်ကြည့်ရင်း ဝေလုအား နတ်ဘုရားများက စောင့်ရှောက်ပါရန် ဆုမွန်ကောင်းများ တောင်းကြလေ၏။

ရွာပြင်သို့ ရောက်သောအခါ ဘွန်အောက

" လောလောဆယ် ငါတို့ ဘယ်ကိုသွားကြမှာလဲ "

ဟုမေးမြန်းလေ၏။

" ဆွမ်ပရာဘွမ်ကို သုံးရက်ခရီးသွားရမယ်၊ ဆွမ်ပရာဘွမ်



ရောက်ရင် မချမ်းသော၊ မချမ်းသောကတစ်ဆင့် နောင်မွန်းထိ ဆက်သွားကြမယ် "

ဟုပြောလေရာ ဘွန်အောက

" လမ်းတစ်လျှောက်လုံး လားတွေနဲ့ပဲ ခရီးဆက်ရမှာလား။ မိုင်ဘယ်လောက်ခန့်မှန်းခြေရှိသလဲ "

ဟု မေးမြန်းလေ၏။ ဝေလုက မျက်မှောင်ကြုတ်၍

" ခန့်မှန်းခြေ မိုင် ၂၀၀ ကျော်လောက် ခရီးဆက်ရလိမ့်မယ်၊ ခရီးအားလုံး ခြေလျင်နဲ့ပဲ သွားရမယ်၊ နောင်မွန်းကျော်ပြီးရင် လားတွေတောင် ရှေ့ပဆက်နိုင်တဲ့ လမ်းတွေရှိတယ် "

ဟုပြောလေရာ ဘွန်အောသည် မျက်လုံးပြူးသွားပြီး စိတ်ပျက်လက်ပျက်အမူအရာဖြင့်

" လမ်းခရီးမှာတင် အတော်ပင်ပန်းမယ့်ခရီးပဲ "

ဟုရေရွတ်လေ၏။

ဝေလုတို့လူစုသည် ရွာများတစ်ရွာပြီးတစ်ရွာ ကျော်ဖြတ်၍ ခရီးဆက်ခဲ့လေ၏။ ညနေစောင်းသောအခါ လီဆူရွာကလေးတစ်ရွာတွင် ရွာသူကြီးကို ခွင့်ပန်၍ တစ်ည တည်းခိုခဲ့လေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ ခရီးဆက်ခဲ့ပြန်၏။ ဆွမ်ပရာဘွမ်သို့ သုံးရက်ခရီးဆက်ရမည်ဖြစ်၏။

ဆွမ်ပရာဘွမ်သို့ နီးကပ်လာသောအခါ စမ်းချောင်းတစ်ခုကို ဖြတ်သန်းရန် ပြုလုပ်ထားသော ကြိုးတံတားသည် ပြတ်ကျသွားသဖြင့် ဝေလုတို့သည် တစ်ပက်လမ်းမှ ကွေ့ပတ်၍ ခရီးနှင်ရလေ၏။ ဝေလုက ကောင်းကင်ကိုမော့ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" စမ်းချောင်းကို ကွေ့ပတ်ပြီးဖြတ်တာ အချိန်အတော်ကုန်သွားတယ်၊ ကျုပ်တို့ရွာအဝင် နှောက်ကျလိမ့်မယ်၊ လမ်းတစ်ဝက်မှာ အိပ်ရတော့မယ်ထင်တယ် "

ဟုပြောလေရာ ဦးဒီပက သူ၏ ကျောပိုးအိတ်ထဲမှ မြေပုံကိုကြည့်၍ ဘစ်နေရာကို လက်ညှိုးညွှန်ပြလိုက်ပြီး

" နေဦးကွ၊ ဒီနေရာမှာ ဘုရားကျောင်းပျက်လား၊ စေတီလား တစ်ခုရှိတယ်၊ မြေပုံထဲမှာ တိတိကျကျတော့ ဖော်ပြမထားဘူး၊ ငါတို့ အဲဒီမှာ ညအိပ်လို့ရတယ် "

ဟုပြောလေ၏။ ခဏကြာအောင် ခရီးဆက်ပြီးနောက် လားတစ်ကောင်ဖြင့် ခရီးဆက်လာသော လက်ဖက်ခြောက်ကုန်သည် ၃ ဦးကို တွေ့ရလေ၏။

စားတော်ကဲဘွန်အောက လားပေါ်တွင် ချိတ်ဆွဲထားသော ဝါးကျည်တောက်များကိုမြင်လျှင်

" ဟိုက်... ကောက်ညှင်းကျည်တောက်တွေကွ၊ ညစာစားရအောင် ဝယ်ကွာ "

ဟုပြောလေ၏။ ဝေလုက ရယ်မော၍

" အဲဒါကောက်ညှင်းကျည်တောက်မဟုတ်ဘူး၊ လက်ဖက်ခြောက်တွေ၊ လက်ဖက်ရွက်ကို ဆွတ်ပြီးပြီးချင်း အရင့်ရော အနုပါ ဝါးကျည်တောက်ထဲကို ဆန့်သလောက် တူတစ်ချောင်းနဲ့ဆောင့်သွင်းပြီ ကြပ်တင်ပစ်ကြတယ်၊ ကြပ်ခိုးစော်နံပေမဲ့ ဒီဒေသမှာတော့ ဒါဟာ အကောင်းဆုံးလက်ဖက်ခြောက်ပဲ "

ဟုပြောလေ၏။ ဝေလုက လက်ဖက်ခြောက်ကုန်သည်များထံသို့





သွား၍ ဘုရားကျောင်းပျက်နှင့် မည်မျှဝေးကွာကြောင်း မေးမြန်းလေရာ ကုန်သည်တစ်ဦးက မျက်စိမျက်နှာပျက်သွားပြီး

" ဒီဘုရားကျောင်းကြီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့တယ်၊ ချောင်းမှာရေလျှံပြီး ကမ်းတစ်ဖက်ကို မကူးနိုင်တဲ့အခါ ခရီးသွားတွေဟာ ဘုရားကျောင်းကိုပဲ အားကိုးပြီး အိပ်စက်ခဲ့ရတယ်၊ ကျုပ်တို့အဖေတွေလက်ထက်တုန်းက ကျောင်းစောင့်က ဧည့်သည်တွေကို တည်းခိုခွင့်ပေးတယ်၊ တည်းခိုတဲ့သူတွေက ကျောင်းအတွက်လိုအပ်တဲ့ပစ္စည်း ပြန်လှူသွားကြတယ် "

ဟုပြောလေရာ ဦးဒီပက မျက်မှောင်ကြုတ်၍

" ဒါဆိုရင် ကျောင်းစောင့်က အသက်ကြီးပြီပေါ့ "

ဟု မေးမြန်းလေ၏။ လက်ဖက်ကုန်သည်တစ်ဦးက ခေါင်းညိတ်၍

" အသက်ကြီးပါပြီ၊ ဒါပေမယ့် ကျောင်းစောင့်ကြီးက တန်ခိုးရှိတယ်၊ ပညာတတ်တယ်၊ လူတွေကို သူ့ရဲ့မှော်ပညာနဲ့ အနိုင်ယူနိုင်တယ်၊ သူ့ရဲ့တန်ခိုးအစွမ်းနဲ့ မိစ္ဆာကောင်ကြီးကို ဖန်ဆင်းနိုင်တယ်၊ ဒါကြောင့် လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ကျောင်းမှာဘယ်သူမှ ညမအိပ်ရဲတော့ဘူး၊ ခရီးသွားရင်း ချောင်းမှာရေလျှံရင် တောထဲမှာပဲ ညအိပ်လေ့ရှိတယ်၊ ဒါကြောင့် မိတ်ဆွေတို့ ဘေးဒုက္ခမဖြစ်ချင်ရင် ကျောင်းကိုမသွားပါနဲ့ "

ဟုစေတနာကောင်းဖြင့် သတိပေး၍ ခရီးဆက်သွားလေ၏။

စားတော်ကဲဘွန်အောက မျက်စိမျက်နှာပျက်၍

" စွန့်စားချင်တဲ့သူတွေတော့ ထိတ်လန့်သည်းဖိုတွေနဲ့ လာတွေ့နေပြီ၊ ကျုပ်တို့ဘယ်လိုလုပ်ကြမလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။ ဦးဒီပက

" ဘုရားကျောင်းစောင့်ဆိုတဲ့လူကို ငါစိတ်ဝင်စားတယ်၊ သွား ကြည့်ကြတာပေါ့ "

ဟုပြောလေ၏။

ဘွန်အောက ဝေလုၡ၏လက်မောင်းကိုကိုင်၍

" ဒီမှာဝေလု၊ ငါက သရဲကြောက်တတ်တယ်၊ ဒါကြောင့် ထိတ်လန့်စရာတစ်စုံတစ်ခုနဲ့တွေ့ရင် ငါ့အနားက မခွာပါနဲ့ကွာ "

ဟုတောင်းပန်လေ၏။ ဝေလုက ၎င်း၏အမူအရာကိုကြည့်၍ ရယ်မောကာ

" ခင်ဗျားပြောတော့ စွန့်စားချင်တယ်ဆို၊ လောကမှာ ငါ ကြောက်တဲ့လူမမွေးသေးဘူး၊ သတ္တိခဲကြီးဆို၊ ဘယ်လိုဖြစ်တာလဲ "

ဟုမေးမြန်းလေ၏။ စားတော်ကဲဘွန်အောက

" သတ္တိရှိတယ်ဆိုတာ လူအချင်းချင်းကိုပြောတာ၊ မမြင်ရတဲ့ သရဲတစ္ဆေကို ပြောတာမဟုတ်ဘူး၊ သရဲမကြောက်တဲ့သူဆိုတာ သတ္တိ ရှိလို့မဟုတ်ဘူး၊ သရဲတစ္ဆေကို တကယ်ရှိတယ်မထင်လို့ကွ၊ တကယ် တော့ သရဲတစ္ဆေဆိုတာ တကယ်ရှိတယ်၊ တကယ်ရှိမှန်းသိတဲ့သူကလဲ ကြောက်ကိုကြောက်တယ်၊ မျက်ကန်းတစ္ဆေမကြောက်ဆိုတဲ့စကားလဲ ရှိတာပဲကွာ "

ဝေလုကရယ်မော၍

" ကျုပ်ကတော့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သရဲကိုမကြောက်ဘူး ဒါကြောင့် ခင်ဗျားထက်သာတယ် "

ဟုပြောလေ၏။ ဝေလုတို့သည် တစ်နာရီနီးပါး လမ်းလျှောက်





ပြီးနောက် ဘုရားကျောင်းပျက်ကြီးတစ်ခုကို တွေ့ရလေ၏။

ဤဒေသတွင် ဘုရားကျောင်းပျက်ကြီးရှိနေသည်မှာ အလွန် ထူးဆန်းလှ၏။

သည် ဘုရားကျောင်းပျက်ကို စိတ်ဝင်စားစွာကြည့်ရှု၍ သက် ပြင်းချလိုက်ပြီး

" လူသူ အရောက်အပေါက်နည်းပြီး တာသာကိုးကွယ် ယုံ ကြည်မှု နောက်ကျတဲ့ ဒေသမျိုးမှာ ဘုရားကျောင်းရှိနေတာ အထူး အဆန်းတစ်ခုပဲ၊ ဘုရားကျောင်းက တရုတ်ဘုရားကျောင်းကွ၊ ဖို့အထင် တော့ လွန်ခဲ့တဲ့နှစ်ပေါင်း များစွာက တရုတ်ပြည်ဘက်က တန်ခိုးကြီးဖော ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး တည်ဆောက်ခဲ့တာဖြစ်မယ် "

ဟု မှတ်ချက်ချလေ၏။ ဝေလုတို့လူစု ကျောင်းရှေ့သို့ ရောက် သောအခါ ကျောင်းကြီးသည် လွန်စွာဟောင်းနွမ်းဆွေးမြေ့နေပြီး ကျောင်းကြီး၏ နံရံများတွင် ရေညှိများ တွယ်ကပ်ပေါက်ရောက်နေ ကြောင်းတွေ့ရလေ၏။

ကျောင်းကြီးသည် ရှေးက လုပသော အနုပညာလက်ရာ များဖြင့် ခံ့ညားထည်ဝါမည်ထင်၏။

၎င်းတို့လူစု ကျောင်းရှေ့သို့ရောက်သောအခါ ကျောင်းထဲမှ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော အဘိုးအိုတစ်ဦးသည် တောင် ဝှေးကို တဒေါက်ဒေါက်ထောက်၍ ထွက်လာလေ၏။ ဦးဒီပက အဘိုး အိုကို ဦးညွတ်၍

" ကျွန်တော်တို့က ခရီးသွားတွေပါ၊ ရွာကိုအချိန်မီ မရောက် နိုင်လို့ ဘုရားကျောင်းမှာ တစ်ညအိပ်ခွင့်ပေးဖို့ တောင်းပန်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ အဘိုးအိုက ၎င်းတို့လူစုကို စူးရှသော မျက်လုံးများဖြင့်ကြည့်၍ အက်ကွဲသောအသံဖြင့်

" မင်းတို့က ဒေသခံတွေမဟုတ်ဘူးနော် "

ဟုမေးမြန်းလေ၏။ ဦးဒီပက ခေါင်းညိတ်၍

" ဟုတ်ပါတယ်၊ ဆွမ်ပရာဘွမ်ကို သွားမယ့်ခရီးသည်တွေပါ၊ တစ်ညအိပ်ခွင့်ပေးဖို့ တောင်းပန်ပါတယ် "

ဟုပြောလေ၏။ အဘိုးအိုက ၎င်းတို့လူစုကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" ကျုပ် ဒီကျောင်းမှာ ကျောင်းစောင့်လုပ်နေတာ အနှစ် ၄၀ ရှိပြီ၊ ကျောင်းစောင့်နေရာကို ဆက်ခံဖို့ လူမရောက်မချင်း ဒီနေရာမှာ ဆက်စောင့်ရဦးမှာပဲ၊ လွန်ခဲ့တဲ့ ၅ နှစ်ကစပြီး ဒီကျောင်းမှာ ဘယ်ဧည့်သည်မှ လက်မခံဖို့ ဆုံးဖြတ်ခဲ့တယ်၊ အရင်တုန်းကတော့ ဒေသခံတွေဟာ ချောင်းရေကြီးတဲ့နေ့တွေဆိုရင် ကျုပ်ကျောင်းမှာ ညအိပ်တည်းခိုလေ့ရှိတယ်၊ ဒါပေမဲ့ အခုတော့ ဧည့်သည်တွေကို လက်မခံနိုင်တာ ခွင့်လွှတ်ပါ၊ ဒီကျောင်းနဲ့ ဝေးဝေးမှာ ညအိပ်စခန်းချဖို့လို့ မေတ္တာရပ်ခံပါတယ် "

ဟုပြောလေရာ ဦးဒီပက သက်ပြင်းချ၍

" နေဝင်တော့မယ်၊ ကျွန်တော်တို့က ဒီဒေသကို မကျွမ်းကျင်တဲ့အတွက် ကျောင်းမှာပဲ ညအိပ်ခွင့်ပြုဖို့ တောင်းပန်ပါတယ် "

ဟုဆိုပြန်၏။ ကျောင်းစောင့်အဘိုးအိုက ခေါင်းခါရမ်း၍

" မဖြစ်နိုင်ပါဘူး၊ ကျောင်းနဲ့ ခပ်ဝေးဝေးမှာ အိပ်ဝက်ဖို့ ကြိုးစားပါ "

ဟုဆိုကာ တောင်ဝှေးကို တဒေါက်ဒေါက်ထောက်၍ ထွက်သွား





သွားလေ၏။ ဘွန်အောက အဘိုးအို၏ နောက်ကျောကိုကြည့်၍

" မှော်ပညာတတ်တယ်ဆိုတာ ဒီအဘိုးကြီးဖြစ်လိမ့်မယ်၊ ကျုပ်တို့ သူ့ကျောင်းနဲ့ ခပ်ဝေးဝေးမှာ ညအိပ်ကြရအောင် "

ဟုပြောလေ၏။ ဦးဒီပသည် ကျောင်းနှင့် မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် အိပ်စက်ရန် ပြောလေ၏။

ဘွန်အောက ကျောင်းပျက်ကြီးကို မဝံ့မရဲကြည့်၍

" ကျောင်းနဲ့ သိပ်နီးနေတယ်၊ ကျုပ်တို့ကို မှော်ဆရာအဘိုးကြီး ဒုက္ခပေးနေဦးမယ် "

ဟုပြောလေရာ ဦးဒီပက ရယ်မော၍

" စွန့်လွှတ်စွန့်စားဖို့ ထွက်လာတဲ့သူက ဒီလောက်သူရဲဘောကြောင်ရလား၊ မင်းကို ဘာအန္တရာယ်မှမဖြစ်ဖို့ ငါတာဝန်ယူတယ်၊ ဒီနေ့ည ဒီမှာပဲ အိပ်ကြမယ်၊ ညဘက် တောကောင်တွေရဲ့ အန္တရာယ်ကို ကာကွယ်လို့ရအောင် ထင်းခြောက်တွေရှာပြီး မီးဖိုဟေ့၊ မီးဖိုပြီးရင် ငါးသေတ္တာတွေကို မီးဖိုမှာနွေးရအောင်၊ ဒီနေ့ညစာကို ငါးသေတ္တာပဲ ဝါးပေတော့၊ ပြီးရင် ရေနွေးအိုးတည်ဟေ့၊ ကော်ဖီဖျော်ရအောင် "

ဟုပြောလေ၏။ ထို့နောက်တွင်မှ ငါးသေတ္တာများကို စားသောက်ပြီးနောက် ကော်ဖီသောက်ကြလေ၏။

ဘွန်အောက

" ထမင်းချက်ပြီး အသားခြောက်နဲ့စားရင် အရသာပိုထူးမယ် "

ဟုပြောလေ၏။ ဦးဒီပက

" ထမင်းချက်ဖို့ အချိန်မရှိတော့ဘူးကွ၊ ဒီနေ့ညမှာ ငါတို့အားလုံး နိုးနိုးကြားကြားနေရမယ်ဟေ့၊ အိပ်ချင်ရင်ယင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့်အိပ်ကွ ''

ဟု ဆိုကာ ရိုင်ဖယ်သေနတ်များကို ကိုယ်စီထုတ်၍ အသင့်အနေအထား ရှိနေစေ၏။ ညအတော်နက်သောအခါ ဘွန်အောက အမှောင်ထဲသို့ မဝံ့မရဲကြည့်၍

'' ဒီအချိန်ထိတော့ ဘာသူ့ရဲ့မှ မတွေ့သေးဘူး အိပ်ချင်ပြီကွာ၊ ငါတော့ အိပ်တော့မယ်၊ မင်းနဲ့ ဦးဒီပတစ်လှည့်စီ စောင့်ကြဦး၊ ခဏနေရင် ငါ့ကိုနိုးပြီး မင်းတို့အိပ်ပေါ့ ''

ဟုဆိုကာ စောင်ကို ခေါင်းမြီးခြုံ၍ အိပ်စက်လေ၏။

ဦးဒီပနှင့် ဝေလုကမူ အိပ်စက်ခြင်းမရှိဘဲ နိုးနိုးကြားကြား ရှိနေပြန်၏။

ညသန်းခေါင်ကျော်သောအခါ ဦးဒီပက ဝေလုဘက်သို့လှည့်၍

'' မနက်ကျရင် ခရီးဆက်ရဦးမယ်၊ ဒီတော့ မင်းအိပ်ရင်အိပ်၊ ကျုပ်ပဲစောင့်နေပါမယ် ''

ဟုပြောလေ၏။ ထိုအခိုက်မှာပင် အမှောင်ထဲမှ ကြောက်မက်ဖွယ်သတ္တဝါကြီးတစ်ဦး၏ အသံကိုကြားလိုက်ရလေ၏။

ဘွန်အောသည် ခေါင်းမြီးခြုံ၍ အိပ်စက်နေရာမှ စောင်ကို ကမန်းကတန်းခွာ၍

'' အမလေး... ဘာသံကြီးလဲ ''

ဟု အော်ဟစ်လိုက်လေ၏။

အသံကြီးသည် ကြောက်မက်ဖွယ်ကောင်းလှသဖြင့် တောဆင်များကိုပင် ရဲရဲဝံ့ဝံ့ ဖမ်းဆီးတတ်သော ဝေလုပင်လျှင် ထိတ်လန့်သွားလေ၏။

ဦးဒီပက အမှောင်ထဲသို့ စူးစိုက်ကြည့်၍





'' သေနတ်တွေအသင့်ပြင်ထား ''

ဟု သတိပေးလိုက်လေရာ ဝေလုနှင့် ဘွန်အောသည် သေနက်များကိုကိုင်၍ အမှောင်ထဲသို့ ချိန်ထားလိုက်ကြ၏။

ဘွန်အောက အသံတုန်တုန်ယင်ယင်ဖြင့်

'' သူ့ရဲ့ကို သေနတ်နဲ့ပစ်လို့ ဘယ်ရမှာလဲ၊ ဒီဟာ ကျောင်းမှက်ကြီးက မှော်ဆရာလူကြီးလွှတ်လိုက်တာပဲ ဖြစ်မယ် ''

ဟုရေရွတ်ကာ ဝေလု၏အနီးသို့ တိုးကပ်လေ၏။

ထိုအခိုက်မှာပင် ကျယ်လောင်သောအသံကြီးကို အနီးကပ်ကြားရပြီး ၎င်းတို့၏အရှေ့သို့ လွန်စွာကြီးမားသောသတ္တဝါကြီး တစ်ကောင်ရောက်ရှိလာလေ၏။ သတ္တဝါကြီးသည် ကျယ်လောင်သောအသံကိုပြု၍ မီးပုံရှိရာသို့ လျှောက်လှမ်းလာလေ၏။

သတ္တဝါကြီးသည် လူတစ်ရပ်ကျော်ခန့်မြင့်မားပြီး တစ်ကိုယ်လုံးအမွေးများဖုံးလွှမ်းနေကာ အမှောင်ထဲမှ ရုတ်တရက်ထွက်လာသဖြင့် မိစ္ဆာကောင်ကြီးဟု ယူဆကာ ဘွန်အောက ထိတ်လန့်တကြားဖြင့်

'' အမလေး... မိစ္ဆာကြီးဗျို့ ''

ဟု အော်ဟစ်လေ၏။ ဦးဒီပက သတ္တဝါကြီးကို မီးပုံ၏အလင်းရောင်ဖြင့် သေချာစွာကြည့်ရှုံမက လက်ထဲရှိ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ပြီး

'' ဘွန်အော စွတ်အော်မနေနဲ့၊ ဒါ မိစ္ဆာမဟုတ်ဘူး၊ လူဝံကြီးဘွ၊ အင်မတန်ကြီးမားတဲ့ လူဝံအမျိုးအနွယ်ပဲ၊ ဒီကောင်ကြီးကို သေနတ်နဲ့မပစ်ကြနဲ့၊ သတ်ပစ်ရမှာ နှမြောဖို့ကောင်းတယ် ''

ဟုပြောလေရာ ဘွန်အောသည် လူဝံမှန်းသိသွား၍ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ရွှံ့စိတ်များလျော့ပါးသွားပြီး

" ဒါ… ဒါဆိုရင် ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ "

ဟုမေးမြန်းလေ၏။ ဦးဒီပက ခေါင်းညိတ်၍

" ဘာမှမပူပါနဲ့၊ ငါ ကြည့်စီစဉ်လိုက်မယ် "

ဟုပြောရင်း အမှောင်ထဲသို့ လှမ်းကြည့်၍ အော်ဟစ်လိုက်လေ၏။

" ကျောင်းစောင့်ကြီးခင်ဗျာ၊ လူဝံကြီးကို အမြန်ဆုံး ပြန်ခေါ်ပါ။ ကျုပ်တို့မှာ ရိုင်ဖယ်သေနတ်ကိုယ်စီပါပါတယ်၊ လူဝံကြီးအသက်ကို မသတ်ချင်တဲ့အတွက် ကျောင်းစောင့်ကြီးကို ပြန်ခေါ်ဖို့ မေတ္တာရပ်ခံနေတာပါ "

ဟု အော်ဟစ်လိုက်လေ၏။ ဦးဒီပ၏ စကားအဆုံးတွင် အမှောင်ထဲမှ ကျောင်းစောင့်အဘိုးကြီးထွက်လာပြီး လူဝံကြီးကို ထူးဆန်းသော အသံပြုလိုက်ရာ လူဝံကြီးသည် ဝေလုတို့လူစုကို ခြောက်လှန့်နေရာမှ နောက်ကြောင်းသို့ ပြန်လှည့်သွားလေ၏။

ကျောင်းစောင့်ကြီးသည် တောင်ဝှေးကို တဒေါက်ဒေါက်ထောက်၍ အနီးသို့ရောက်လာပြီး

" သင်တို့ဟာ လူသူတော်ကောင်းတွေဖြစ်ပါစေလို့ ကျုပ်ဆုတောင်းပါတယ်၊ မီးပုံကြီးကိုငြိမ်းပြီး ကျောင်းထဲကိုလိုက်ခဲ့ကြပါ "

ဟုဆိုကာ ကျွန်ုပ်တို့လူစုအား ကျောင်းပျက်ကြီးအတွင်းသို့ ခေါ်ဆောင်သွားလေတော့၏။ ကျောင်းပျက်ကြီးသို့ ရောက်သောအခါ ကျောင်းစောင့် အဘိုးအိုက ကျောင်းအတွင်းရှိ နံရံတွင် ချိတ်ဆွဲထားသော မီးတုတ်နှစ်ခုကို မီးများထွန်းညှိလိုက်လေ၏။





မီးတုတ်များ၏ အလင်းရောင်ဖြင့် ကျောင်းပျက်ထဲသို့ ကြည့်သောအခါ နံရံပေါ်တွင် မျောက်မင်းစွန်းဝူခုန်းနှင့် ဆရာတော်၏ အနောက်သို့ ခရီးထွက်ခြင်းအကြောင်းကို ရုပ်လုံးရုပ်ကြွများနှင့် အရုပ်ဖော်ထားလေ၏။

နံရံပေါ်ရှိ ပန်းပုရုပ်များသည် ကာလရှည်ကြာသော်လည်း ကျောင်းစောင့်ကြီး၏ ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် ကောင်းမွန်စွာ ရှိနေဆဲဖြစ်၏။

ဦးဒီပက ဘုရားကျောင်းပျက်အတွင်းရှိ ပန်းပုလက်ရာများကို ကြည့်ရှု၍

" ဘုရားကျောင်းပျက်ရဲ့ သက်တမ်းဟာ အနှစ် ၄၀၀ လောက်ရှိပြီ "

ဟုမှတ်ချက်ချလေ၏။ ကျောင်းစောင့်အဘိုးအိုက ကျောင်းပျက်အတွင်းရှိ ကျောက်လှေကားထစ်များကို လက်ညှိုးရှိမ်းပြ၍

" ထိုင်ကြပါ "

ဟုပြောလေ၏။ ပြီးနောက် ၎င်းကိုယ်တိုင် ကျောက်ခုံကြီးပေါ်တွင် ဝင်ထိုင်လိုက်ပြီး

" ကျောင်းကြီးအတွက် စိုးရိမ်လို့ လူဝံကြီးနဲ့ ခြောက်လှန့်ခဲ့ရတာ ကျုပ်ကိုခွင့်လွှတ်ပါ၊ တကယ်တော့ ကျုပ်မသေခင်မှာ ကျောင်းထဲက အဖိုးတန်ပစ္စည်းတွေ တစ်ခုမှ မပျောက်စေချင်လို့ပါ "

ဟုပြောလေရာ ဦးဒီပက

" ကျွန်တော်တို့ နားလည်ပါတယ်၊ ကျောင်းပျက်ကြီးရဲ့ အကြောင်းရာဇဝင်ကို ပြောပြပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။ ကျောင်းစောင့်အဘိုးအိုက ချောင်းဟန့်၍

" လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀ ကျော်လောက်က တရုတ်ပြည်ဘက်က မြို့စားရဲ့သမီးတော်လေးဟာ မင်းပြစ်မင်းဒဏ်သင့်ပြီး မြန်မာပြည်ဘက်ကို ထွက်ပြေးခဲ့တယ်၊ တကယ်တော့ သမီးတော်လေးမှာ အပြစ်မရှိပါဘူး။ ဘုရင်မင်းမြတ်က သမီးတော်လေးကို သိမ်းပိုက်ဖို့ ကြံစည်စားတယ်၊ သမီးတော်လေးကတော့ လောကီကိစ္စတွေကို ငြီးငွေ့ပြီး သာသနာ့အကျိုးကို သယ်ပိုးချင်စိတ်ရှိတယ်၊ သမီးတော်လေးက မျောက်မင်းစွန်းဝူခုန်းနဲ့ ဆရာတော်လိုပဲ အနောက်ကို ခရီးဆက်ပြီး တရုတ်ပြည်ကို သာသနာထွန်းကားအောင် လုပ်စေချင်တဲ့ ဆန္ဒရှိတယ် ဒါကြောင့် ဘုရင်မင်းမြတ်ရဲ့ဆန္ဒကို ငြင်းပယ်ခဲ့တယ်၊ အဲဒီမှာ မင်းပြစ်မင်းဒဏ်သင့်ပြီး တရုတ်ပြည်ထဲကနေ ထွက်ပြေးခဲ့တယ်၊ သမီးတော်လေးဟာ ထွက်ပြေးရင်း စည်းစိမ်ဥစ္စာတွေနဲ့ ကျွန်ယုံတော် အချို့ ခေါ်သွားခဲ့တယ်၊ သမီးတော်ရဲ့ဆန္ဒကတော့ မင်းပြစ်မင်းဒဏ်နဲ့ ထွက်ပြေး တိမ်းရှောင်ရင်း အနောက်ကိုခရီးဆက်ပြီး အိန္ဒိယက သာသနာကို လေ့လာဖို့ပဲ၊ ဒါပေမယ့် ခရီးလမ်းက ကြမ်းတမ်းလွန်းလို့ လမ်းခရီးမှာတင် ကျန်းမာရေးချို့တဲ့ပြီး ခရီးမဆက်နိုင်တော့ဘူး၊ သမီးတော်ဟာ ကျောက်ကြီးရှိတဲ့နေရာမှာပင် သေဆုံးသွားခဲ့တယ်၊ သူသေကာနီးမှာ လူယုံတော်ကြီးကို သူ့ရဲ့စည်းစိမ်ဥစ္စာတွေကိုထုခွဲပြီး ဒီနေရာမှာ ဘုရားကျောင်းဆောက်ဖို့ မှာကြားသွားခဲ့တယ်၊ သမီးတော်ဟာ သူခေါင်းချခဲ့တဲ့နယ်မြေမှာ ဘုရားကျောင်းတစ်ခု ရှိစေချင်တဲ့ဆန္ဒနဲ့ပေါ့ "

ဟုပြောလေရာ ဘွန်အော့က ကျောင်းစောင့်ကြီးကို မျက်မှောင်ကြုတ်ကြည့်၍



" ဒီအကြောင်းတွေကို ဘယ်လိုလုပ် သိနေတာလဲ "

ဟု မေးမြန်းလေ၏။ ကျောင်းစောင့် အဘိုးအိုက ဘွန်အော့၏ မျက်နှာကိုကြည့်၍

" သမီးတော်ရဲ့ အားအကိုးရဆုံး ကျွန်ယုံကြီးဟာ ကျုပ်ပါပဲ "

ဟုပြောလေရာ ဝေလုတို့အားလုံး ကျောင်းစောင့်ကြီးကို တအံ့တသြကြည့်လိုက်လေ၏။ ဘွန်အော့က မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြင့်

" တိမ်းရှောင်လာတဲ့ မင်းသမီးဟာ လွန်ခဲ့တဲ့အနှစ် ၄၀၀ ကျော်ကဆို၊ ဒါဆိုရင် ကျောင်းစောင့်ကြီးဟာ ကျွန်ယုံတော်ကြီး ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ကျွန်ယုံတော်ကြီးရှိနေရင် အသက် ၄၀၀ ကျော်ရှိမှ ဖြစ်မှာပေါ့ "

ဟုပြောဆိုလေရာ ကျောင်းစောင့်အဘိုးအိုက သက်ပြင်းချ၍

" မင်းသမီးရဲ့ ကျွန်ယုံတော်ကြီးဟာ ကျုပ်ပါပဲ၊ ကျုပ်အသက်ဟာ အသက် ၄၀၀ တော့မရှိသေးပါဘူး။ အသက် ၈၀ ကျော်ပဲ ရှိပါသေးတယ် "

ဟုပြောလေ၏။ ထိုအခါ ဝေလုကဝင်၍

" ဒါဆိုရင် ကျောင်းစောင့်ကြီးဟာ ဘယ်လိုလုပ် မင်းသမီးရဲ့ ကိုယ်ရံတော်ဖြစ်နိုင်မှာလဲ "

ဟုပြောလိုက်လေ၏။ ကျောင်းစောင့်ကြီးက ခေါင်းညိတ်၍

" လွန်ခဲ့တဲ့ ဘဝပေါင်းများစွာက မင်းသမီးရဲ့ကိုယ်ရံတော် ဖြစ်ခဲ့ဖူးပါတယ်၊ ကျုပ်ဟာ ဘယ်ဘဝရောက်နေသည်ဖြစ်စေ၊ မင်းသမီးရဲ့ ကိုယ်ရံတော်ဘဝကို ပြန်သတိရပါတယ်၊ သတိရတဲ့ အချိန်ရောက်တိုင်း ဒီကျောင်းကြီးကို ရောက်အောင်လာပြီး ကျောင်းစောင့်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တာပါပဲ ''

ဟုပြောလိုက်လေရာ ဝေလုတို့အားလုံး အံ့ဩသွားလေ၏။

ကျောင်းစောင့်ကြီး၏ စကားသည် လွန်စွာထူးဆန်းပြီး မယုံနိုင်ဖွယ်ကောင်းလှ၏။

ကျောင်းစောင့်ကြီးက သက်ပြင်းချ၍

'' သင်တို့အားလုံး မယုံနိုင်အောင် ဖြစ်နေမယ်ထင်တယ်၊ ကျုပ်ဟာ မင်းသမီးရဲ့ ကိုယ်ရံတော်ဘဝနဲ့ ခြောက်ဘဝတိတိ ပြောင်းခဲ့ပြီးပါပြီ၊ ကျောင်းတော်ကြီး မပျက်စီးသရွေ့ ကျောင်းစောင့်ဘဝက ကျွတ်မှာမဟုတ်ပါဘူး။ ဒီလိုဘဝပြောင်းခဲ့တာကို သက်သေပြချက်တစ်ခုအနေနဲ့ ကျောင်းတော်ကြီးရဲ့ အနောက်ဘက်မှာ ကျောက်စာတိုင်တစ်ခုလုပ်ပြီး ကျောက်ထက်အက္ခရာတင်ခဲ့ပါတယ်၊ သင်တို့အားလုံးကို နောက်တစ်နေ့မှာပြပါမယ် ''

ဟုပြောလေ၏။ ဦးဒီပက ကျောင်းစောင့်ကြီး၏စကားကို စိတ်ဝင်စားစွာ နားထောင်၍

'' အတော်လေး ထူးဆန်းတဲ့ဖြစ်ရပ်တစ်ခုပဲ၊ ဒါကြောင့်လဲ ဒီဒေသမှာရှိတဲ့ တိုင်းရင်းသားတွေဟာ ကျောင်းစောင့်ကြီးကို ထူးဆန်းတဲ့ မှော်ဆရာကြီးလို့ ထင်မြင်ကြတာကိုး၊ ဒီဘဝမှာ ကျောင်းအနီးကို လာတဲ့သူတွေကို ဘာကြောင့် ခြိမ်းခြောက်လွှတ်ရတာလဲ ''

ဟုမေးမြန်းလေ၏။ ကျောင်းစောင့်ကြီးက သက်ပြင်းချ၍

'' ဟိုး အရင်ဘဝတွေတုန်းကတော့ ကျောင်းကြီးကိုရောက်လာတဲ့သူတွေကို နားခိုခွင့်ပေးခဲ့ပါတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ ၅နှစ်လောက်ကစပြီး ကျောင်းတော်မှာ ဘယ်သူကိုမှ တည်းခိုခွင့်မပေး



တော့ဘူး။ ဒါဟာ ချောမောလှပတဲ့ မိန်းမလှလေးတစ်ယောက်နဲ့ ပတ်သက်နေပါတယ် ''

ဟုပြောလေရာ ဝေလုတို့လူစုသည် ကျောင်းစောင့်ကြီး၏ စကားကို စိတ်ဝင်စားစွာဖြင့် နားစွင့်လိုက်ကြလေ၏။

ကျောင်းစောင့်ကြီးက

'' လွန်ခဲ့တဲ့ ၅နှစ်လောက်က ညမှောင်ရီပျိုးစ အချိန်မှာ မိန်းမချောလေးတစ်ယောက်ဟာ ကျုပ်ရဲ့ကျောင်းကို ရောက်လာပါတယ်၊ မိန်းကလေးဟာ ချောလွန်းလို့ နတ်သမီးလေးလား အောက်မေ့ရတယ်၊ သူ့တစ်ကိုယ်လုံးလဲ အမွေးအကြိုင်တွေ ဆွတ်ဖျန်းထားတယ်၊ သူဟာ ခရီးသွားတစ်ယောက်မို့လို့ ကျောင်းမှာ ညအိပ်ခွင့်ပြုဖို့ ခွင့်တောင်းခဲ့တယ်၊ ကျုပ်လဲ မိန်းကလေးတစ်ယောက်တည်း တောကြီးရဲ့ အလယ်မှာ ဘေးဒုက္ခရောက်မှာစိုးလို့ တည်းခိုခွင့်ပေးခဲ့တယ်၊ သူဟာ ညအိပ်ရာဝင်ကာနီးမှာ ထူးဆန်းတဲ့ ကဗျာလေးတွေကိုရွတ်ပြီး အိပ်ပျော်သွားတယ်၊ မနက် ကျုပ်အိပ်ရာလဲနိုးရော မိန်းကလေးကို မတွေ့ရတော့ဘူး၊ ကျောင်းတော်မှာရှိတဲ့ တစ်တောင်လောက်ရှိတဲ့ မျောက်မင်းစွန်းပူခုန်းရုပ်ကလေးဟာလဲ ပျောက်ဆုံးသွားခဲ့တယ်၊ မိန်းကလေးဟာ မျောက်မင်းစွန်းပူခုန်းအရုပ်ကို ခိုးယူသွားခဲ့တယ်၊ မျောက်မင်းရုပ်ဟာ ကျောင်းရဲ့အတွင်းပိုင်းမှာ ထုလုပ်ထားခဲ့တယ်၊ ဒါကို မိန်းကလေးက အောက်ခြေကိုဖြတ်ပိုင်းပြီး ခိုးယူသွားခဲ့တာပဲ၊ ဒီအချိန်ကစပြီး လူတွေကို ကျုပ်အတော်စိတ်နာသွားတယ်၊ ကျောင်းမှာ နားခိုခွင့်ပေးတဲ့သူတွေက ကျောင်းရဲ့ပစ္စည်းတွေကို ပြန်ခိုးသွားခဲ့တယ်၊ ဒါကြောင့် ကျောင်းမှာ ဘယ်သူ့မှ တည်းခိုခွင့်မပေးတော့ဘူး၊ ဒါပေမယ့် ကျောင်းကိုရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ခရီးသွားတွေဟာ ကျုပ်စကားကို နားမထောင်ဘဲ ကျောင်းမှာ အတင်းအကြပ်တည်းခိုခဲ့တယ်၊ ဒါကြောင့်လဲ သူတို့ကို လူဝံကြီးနဲ့ ခြိမ်းခြောက်ပြီး မောင်းထုတ်ရတာပဲ၊ လူဝံကြီးဟာ နှောင်ထဲမှာ တစ်ယောက်တည်းနေတဲ့ကျုပ်ကို ခင်မင်တွယ်တာနေတယ်၊ သူဟာ နေ့ဘက်ဆိုရင် ကျောင်းအနောက်က လိုဏ်ဂူကြီးမှာ နေတာများတယ်၊ ကျောင်းမှာ အတင်းအကြပ်လာပြီး တည်းခိုဖို့ ကြိုးစားတဲ့သူတွေဆိုရင် ကျုပ်က လူဝံကြီးအကူအညီနဲ့ ခြိမ်းခြောက် လွှတ်ခဲ့တယ် ''

ဟု ရှင်းလင်းပြလေရာ ဝေလုတို့လူစုသည် ကျောင်းစောင့်ကြီး၏ဘဝကို နားလည်စာနာပီသလို ဖြစ်သွားလေ၏။

ကျောင်းစောင့်ကြီးသည် ဘဝပေါင်းများစွာအထိ သူ၏သခင်မကို သစ္စာစောင့်သိရိုသေခဲ့သော ကျွန်ယုံတော်ကြီးပင်ဖြစ်၏။

ကျောင်းစောင့်ကြီးက ဆက်လက်၍

'' ကဲ... ညလဲ အတော်နက်နေပြီ၊ အချိန်ရှိတုန်း သင်တို့ မြန်မြန် အိပ်ဖို့ ကြိုးစားကြပါ၊ မနက်ကျရင် ခရီးဆက်ဦးမယ်မဟုတ်လား ''

ဟုပြောလေရာ ဝေလုတို့လူစုသည် ကျောင်းအတွင်းမှပင် အိပ်စက်ရန် ကြိုးစားရလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ၎င်းတို့လူစုသည် နေအတော်မြင့်မှ အိပ်ရာနိုးကြလေ၏။

အိပ်ရာနိုးသောအခါ ကျောင်းစောင့်ကြီးကျွေးသော နို့ဆန်ပြုတ်များကို သောက်ရလေ၏။ ကျောင်းစောင့်ကြီးသည် ကျောင်းနှင့် ခပ်လှမ်းလှမ်းတွင် ဆိတ်များကိုမွေးမြူထားလေ၏။ ကျောင်းစောင့်ကြီးက





'' လူတွေဟာ ကြောက်စရာရှိပြီဆိုရင် စဉ်းစားတွေးခေါ်နိုင်မှ မရှိတော့ဘူး၊ ကျောင်းအနောက်က ဆိတ်ခြံထဲက ဆိတ်တွေကို တောင် ကြောက်ကြတယ်၊ ဆိတ်တွေကို ကျုပ်မွေးထားတဲ့ မိစ္ဆာကောင်တွေကိုကျွေးဖို့လို ထင်ကြတယ် ''

ဟုပြောလေ၏။ ဝေလုတို့သည် ခဏကြာသောအခါ ဘဝများစွာအထိ မိမိသခင်အပေါ် သစ္စာစောင့်သိရိုသေသော ထူးသည့် ကျောင်းစောင့်ကြီးကိုနှုတ်ဆက်၍ ခရီးထွက်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေလုတို့သည် ထိုနေ့ နေ့လယ်မှာပင် ဆွမ်ပရာဘွမ်သို့ ရော
ခဲ့လေ၏။ ဆွမ်ပရာဘွမ်မြို့ပေါ်ရှိ ထမင်းဆိုင်တစ်ဆိုင်တွင် သွား၍ ထို
ညအဖို့ ဆွမ်ပရာဘွမ်ထမင်းဆိုင်၌သာ ညအိပ်ရန် ဆုံးဖြတ်ခဲ့လေ၏

ညသို့ရောက်သောအခါ ထမင်းဆိုင်ရှေ့ မြေကွက်လပ်
မီးပုံကြီးများဖို၍ ထိုင်ကြပြီးနောက် ဝေလုက

" ဆွမ်ပရာဘွမ်ကနေ ပချမ်းဘောအထိ လားတွေနဲ့ပဲ
ဆက်ရမယ်၊ လမ်းခရီးတော့ မကောင်းသေးဘူး၊ ကားလမ်းမပေါက်
မချမ်းဘောကနေ နောင်မွန်းအထိလဲ လားတွေနဲ့ပဲ ခရီးဆက်ရမှာပဲ

ဟုပြောလေ၏။ ဘွန်အောက မီးပုံထဲသို့ ထင်းများကို
ထည့်ရင်း

" မနေ့ညက မိစ္ဆာကောင်ကြီးကို ကြောက်လို့ ရဲရဲဝံ့ဝံ့





ဘူး၊ ဒီနေ့ညကျတော့လဲ အိပ်ရမှာ မျက်လုံးကြောင်နေတယ်၊ အိပ်
ခါနီးမှာ ပုံပြင်တစ်ပုဒ်လောက် နားထောင်ရရင် သိပ်ကောင်းမှာပဲ၊ ဦးဒီပ
ပြောပြပါဗျာ "

ဟု တောင်းဆိုလေ၏။ ဦးဒီပက ရယ်မော၍

" မင်းကတော့ ငါ့ဆီက တစ်ခုခုညှစ်မထုတ်ရရင် ထမင်းစား
ဝင်တဲ့ကောင်ပဲ၊ ဒါပေမယ့် ဒီနေ့ည ငါ့ဆီက ပုံနားထောင်မယ့်အစား
ဝေလုဆီက ဆင်တွေနဲ့ ပတ်သက်တဲ့ ထူးဆန်းတဲ့ ဗဟုသုတတစ်ခု
လောက်ကို မေးမြန်းသင့်တယ်ကွ "

ဟုပြောလေရာ ဘွန်အောက ခေါင်းတညိတ်ညိတ်ဖြင့်

" ဟုတ်တယ်၊ ဝေလုက ငယ်ငယ်ရွယ်ရွယ်နဲ့ ဖန်ဒီးဖြစ်နေတဲ့
ကောင်ပဲ၊ ဆင်တွေနဲ့ပတ်သက်ပြီး သိတာအများကြီးရှိမှာပဲ၊ အင်း...
သူ့ဆီက ဘာမေးရင်ကောင်းမလဲ "

ဟု ရေရွတ်လေ၏။

ဝေလုက ရယ်မော၍

" မေးချင်တာမေးဗျာ၊ ကျုပ်သိသလောက်ဖြေပေးမယ် "

ဟုပြောလေ၏။ ဝေလု၏စကားအဆုံးတွင် ဘွန်အောက စဉ်း
စားဟန်ပြု၍

" ဟုတ်ပြီ၊ ဆင်တွေရဲ့ မိတ်လိုက်ပုံကိုမေးရမယ်၊ ဆင်တွေ
ဘယ်လိုမိတ်လိုက်သလဲ "

ဟု မေးမြန်းလေ၏။ ဝေလုကရယ်မော၍

" မေးမဲ့မေးတော့လဲ တကယ့်ခေါင်းကိုမှ မေးတော့တာပဲ၊
ဆင်တွေဟာ ဒီပြင် ခြေလေးချောင်းသတ္တဝါတွေနဲ့ မိတ်လိုက်ပုံ အကူ



www.burmeseclassic.com

www.burmeseclassic.com



တူပါပဲ၊ ဒါပေမယ့် ထူးခြားတာက ဆင်ဟာ အရှက်အကြောက်ကြီး
တယ်၊ ဆင်တွေဟာ မြင်ကွင်းမှာ ဘယ်တော့မှ မိတ်လိုက်လေ့မရှိ
ဆင်မိတ်လိုက်တာကို မြင်ရဖို့ အင်မတန်ခဲယဉ်းပါတယ်၊ ဆင်တွေ
ဒီကိစ္စနဲ့ပတ်သက်ရင် အလွန်သိုသိုသိပ်သိပ် နိုင်တယ်လို့ ဆိုနိုင်တယ်
ဝါရင့် ဆင်ဖမ်းသမားတွေတောင် ဆင်မိတ်လိုက်တာကို တစ်သက်မှာ
တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးတဲ့သူတွေ ရှိတယ် ''

ဟုပြောလေရာ ဘွန်အောက စိတ်ဝင်စားစွာဖြင့်

'' ဟင်... ဒါဆိုရင် မင်းရော ဆင်မိတ်လိုက်တာ မမြင်ဖူး
လား ''

ဟု မေးမြန်းလေ၏။

ဝေလုက ရယ်မော၍

'' ကျုပ်ကတော့ ကံကောင်းတယ်လို့ ဆိုနိုင်တယ်၊ လွန်ခဲ့
နှစ်က တောစပ်မှာ မီလာရှိကာလေ့ကျင့်ရင်း ရွာထဲက ဆင်နှစ်ကောင်
ဟာ မမြင်ကွယ်ရာကိုထွက်လာပြီး မိတ်လိုက်တာ မြင်ခဲ့ဖူးတယ်၊ မိတ်
လိုက်ပုံကတော့ အခြားခြေလေးချောင်းသတ္တဝါတွေနဲ့ ဘာမှ ထူးခြား
မရှိပါဘူး၊ တောဆင်ရိုင်းတွေတောင် ဆင်အုပ်ထဲမှာ မိတ်လိုက်လေ့မရှိ
ညလူခြေတိတ်ချိန်ရောက်ရင် ဆင်ထီးဟာ ဆင်မကို မြူဆွယ်လေ့ရှိ
ဆင်မက အကြိုက်တွေ့ရင် ဆင်အုပ်ထဲက မမြင်ကွယ်ရာကို တိတ်
တဆိတ်ထွက်သွားပြီး မိတ်လိုက်လေ့ရှိတယ်၊ မနက် မိုးလင်းကာနီး
ဆင်အုပ်ထဲကို တိတ်တဆိတ် ပြန်ဝင်လေ့ရှိတယ်၊ ရယ်စရာကောင်း
က လူတွေမှာ အချစ်နဲ့ပတ်သက်ရင် မနာလို ဝန်တိုမှုတွေရှိသလို ဆင်
မှာလဲ ရှိတတ်တယ်ဗျ ''





ဟုပြောလေရာ ဘွန်အောက စိတ်ဝင်စားစွာဖြင့်

'' ပြောစမ်းပါဦး၊ အချစ်နဲ့ပတ်သက်လာရင် သတ္တဝါတိုင်းဟာ
အမှားမကင်းနိုင်ကြဘူး ''

ဟုပြောလေ၏။

'' တောဆင်ရိုင်းအုပ်ထဲမှာ ဆင်အုပ်ကို ထိန်းသိမ်းရတဲ့
ခေါင်းဆောင်ကြီးတွေဟာ ဆင်ပျိုမတွေကို ဆင်ပေါက်တွေမြူဆွယ်တာ
မကြိုက်ဘူး၊ ဆင်ပျိုမတွေကို သူတို့ပဲ အပိုင်သိမ်းထားချင်ကြတယ် ''

ဟုပြောလေရာ ဘွန်အောက ရယ်မော၍

'' သဝန်တိုအချစ်ပေါ့ ''

ဟု မှတ်ချက်ချလေ၏။ ဝေလုက ဆက်လက်၍

'' ခေါင်းဆောင်ဆင်ကြီးဟာ အချစ်နဲ့ ပတ်သက်ရင် ဘယ်
လောက် သဝန်တိုစိတ်ကြီးသလဲဆိုရင် ဆင်ပေါက်တွေကို ညအချိန်
စောင့်ပြီးတောင် ဖမ်းလေ့ရှိတယ်၊ ဆင်ပျိုမတစ်ကောင်အနီးကို ဆင်
ပေါက်တစ်ကောင် ချဉ်းကပ်တာတွေ့ရင် နီးရာသစ်ပင်သစ်ကိုင်းကို ချိုးပြီး
ဆင်ပေါက်ကို တဖြန်းဖြန်းရိုက်နှက်လေ့ရှိတယ်၊ ကျောက်ခဲတွေ ဘာတွေ
နဲ့လဲ ပစ်ပေါက်ပြီး မောင်းထုတ်တတ်ကြတယ်၊ ဆင်ဖမ်းသမားတွေဟာ
ညအချိန်မှာ ဒီအသံတွေကို နားစွင့်ပြီး ဆင်အုပ်ကိုရှာဖွေတယ် ''

ဟုပြောလေ၏။

ထိုအခါ ဘွန်အောက

'' ဒါဆိုရင် ဆင်အုပ်တွေမှာ ဆင်ခေါင်းဆောင်ကြီးနဲ့ ဆင်ပျိုမ
တွေဟာ တစ်ကောင်နဲ့တစ်ကောင် အချစ်နေရာလုပွဲအတွက် သုံးပွင့်
ဆိုင်ဇာတ်လမ်းတွေ အများကြီးဖြစ်မှာပဲနော် ''



www.burmeseclassic.com

www.burmeseclassic.com



ဟုမှတ်ချက်ချလေ၏။ ဝေလုက ခေါင်းညိတ်၍

" ဖြစ်တာပေါ့ဗျာ၊ အချစ်အတွက် တိုက်ပွဲတွေဘာတွေ ဆင်နွှဲရတာတောင်ရှိတယ်၊ ဆင်တွေဟာ အသက် ၁၈ နှစ်နဲ့ ၂၀ ကြားမှာ စတင်မိတ်လိုက်လေ့ရှိတယ် "

ဟုပြောကာ သူ၏စကားကို အဆုံးသတ်လိုက်လေ၏။ ထိုနေ့ညက ၎င်းတို့အားလုံး ညနက်မှ အိပ်ပျော်သွားလေ၏။ နောက်တစ်နေ့သို့ရောက်သောအခါ မချမ်းဘော်သို့ စတင်ခရီးဆက်ခဲ့လေ၏။

ဝေလုသည် လားများကို မနက်စောစောထ၍ အစာကျွေး ရေတိုက်ကာ ခရီးဆက်ခဲ့လေ၏။ ဝေလုတို့ခရီးဆက်ပြီး မျှားမကြာမီတွင် ၎င်းတို့၏လမ်းပေါ်တွင် လွန်စွာကြီးမားသော အထုပ်ကြီးတစ်ထုပ်ကို လွယ်ထားသော အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် လူတစ်ဦးသည် လမ်းပိတ်ထိုင်နေလေ၏။

ဝေလုက လမ်းပိတ်ထိုင်နေသောလူကိုကြည့်၍

" လမ်းဖယ်ပေးပါဦး၊ လားတွေသွားလို့မရတော့ဘူး "

ဟုပြောလေရာ ထိုသူက တဟားဟားရယ်မော၍

" လားတွေသွားလို့မရတော့ဘူးဟုတ်လား၊ ဘာလို့မရမှာလဲ မြေလျှိုးပြီး မိုးပျံသွားပြီးရောက်အောင်သွားရင် ရတာပေါ့ "

ဟုပြောဆိုလေ၏။ ဘွန်အောက ခေါင်းခါ၍

" စိတ်မကောင်းဘူးနဲ့တူတယ် "

ဟုရေရွတ်လေ၏။ ဦးဒီပက ထိုသူကိုကြည့်၍

" မင်းဒီမှာထိုင်နေရင် နောက်ကျသွားလိမ့်မယ်၊ ဟိုနားမှာ ရတနာအိုးကြီးတွေလို့ လူတွေအလုအယက်ဖြစ်နေကြပြီ "



ဟုပြောလေရာ အရူးက ထိုင်ရာမှခုန်ထ၍

" ဘယ်မှာလဲ ရတနာအိုး "

ဟုမေးမြန်းလေ၏။ ဦးဒီပက နောက်ကြောင်းကို လက်ညှိုးထိုးပြ၍

" ဒီလမ်းအတိုင်း နည်းနည်းလေးလျှောက်သွားရင် ရတနာတွေနဲ့တွေ့မယ် "

ဟုပြောလေရာ အရူးသည် ဝေလုတို့လာခဲ့သောလမ်းသို့ တစ်ဟုန်ထိုးပြေးသွားလေ၏။ ဘွန်အောက ရယ်မော၍

" ဒီနည်းနဲ့ဖယ်တော့လဲ အရူးဟာမှ မတတ်နိုင်ပါလား၊ အရူးမှာတောင် လောဘရှိသားပဲ "

ဟုရေရွတ်လေ၏။

ဝေလုတို့သည် အတန်ကြာအောင် ခရီးနှင်ပြီးနောက် ဇရပ်ကြီးတစ်ဆောင်သို့ ရောက်ခဲ့လေ၏။ ဇရပ်၏နဘေးတွင် လားများကို ကြိုးချည်ထားကြောင်းတွေ့ရ၏။

ဇရပ်ပေါ်တွင် လူများအုပ်စုဖွဲ့၍ တစ်စုံတစ်ရာကို ဝိုင်းဝန်းကြည့်ရှုနေကြ၏။ ဦးဒီပက ဇရပ်ပေါ်ရှိ လူအုပ်စုကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" လောင်းကစားသမားတွေနဲ့တူတယ် "

ဟုပြောလေရာ ဘွန်အောက

" ဟဲဟဲ... လောင်းကစားဝိုင်းကိုမြင်ရင် မထိုးဘဲမနေနိုင်ဘူး၊ နည်းနည်းပါးပါးတော့ ဝင်ထိုးလိုက်ဦးမှ "

ဟုပြောလေ၏။ ဦးဒီပက ဇရပ်အနီးရှိ သစ်ပင်ရိပ်ကိုကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာခဏနားပြီး ထမင်းစားကြတာပေါ့ "

ဟုပြောလေ၏။ ဝေလုတို့သည် ဇရပ်တစ်ဖက်ရှိ သစ်ပင်ရိပ်တွင် လားများကို ရေတိုက်လေ၏။ ပြီးနောက် ဇရပ်ပေါ်ရှိ လူအုပ်ရှိရာသို့ လျှောက်ခဲ့လေ၏။

လူအုပ်စု၏အလယ်တွင် လူတစ်ဦးထိုင်နေပြီး သူ၏ရှေ့တွင် လွန်စွာလှပသော မိန်းမပျိုရုပ်လေး ၅ ရုပ်ချထားလေ၏။ ထိုအရုပ် လေးများ၏ အရွယ်သည် လက်ညှိုးခန့်အရွယ်ရှိပြီး အရုပ်ကလေးများ ဆင်စွယ်ဖြင့်ပြုလုပ်ထားလေ၏။

ထိုသူသည် အရုပ်ကလေးများကို ပရိသတ်အား လက်ညှိုး ညွှန်ပြရင်း

" ဒီအရုပ် ဆင်စွယ်နန်းတော်က မင်းသမီးလေးတွေပါ၊ မင်း သမီးငါးယောက်က ညီအစ်မငါးဖော်ပါ၊ မင်းသမီးလေးတွေဟာ သမီးလေးတွေကို ချောမောလှပပေမဲ့ တစ်ယောက်နဲ့တစ်ယော မာနချင်းပြိုင်ပြီး မတည့်ကြဘူး၊ မကြာခဏ စကားများရန်ဖြစ် တယ်၊ ညီအစ်မတွေ ကတောက်ကဆဖြစ်တိုင်း စံနန်းဆောင်တွေ ဆင်းသွားကြပါတယ်၊ ဟော...အခုလဲ ဆင်စွယ်မင်းသမီးထဲက ဆုံးမင်းသမီးဟာ ညီအစ်မတွေနဲ့စိတ်ဆိုးပြီး စံနန်းဆောင်တစ်ခု တစ်ယောက်တည်း သွားနေပါတယ် "

ဟုပြောကာ ဆင်စွယ်မင်းသမီးလေးကို ယွန်းဖြင့်ပြုလုပ် သော အိမ်ပုံစံခွက်ကလေးဖြင့် အုပ်လိုက်လေ၏။

ထိုသူ၏အပြုအမူကို ဝိုင်းအုံကြည့်နေသူများသည် တောင်မခတ်တန်း ကြည့်ရှုနေလေ၏။ ထိုသူက ဆက်လက်၍





" ဆင်စွယ်မင်းသမီးလေး လေးယောက်ကတော့ စံနန်းဆောင် တစ်လုံးထဲမှာပဲ အတူကျန်နေရစ်ခဲ့ပါတယ် "

ဟုဆိုကာ ယွန်းဖြင့်ပြုလုပ်ထားသော အိမ်ပုံစံခွက်ကလေးဖြင့် အုပ်လိုက်လေ၏။ ယွန်းခွက်အုပ်လိုက်သူက ပရိသတ်များဘက်သို့ လှည့်၍ ယွန်းအိမ်ကလေးများကို လက်ညှိုးညွှန်ပြကာ

" အားလုံးမြင်တဲ့အတိုင်း မင်းသမီးလေးတစ်ပါးက စံနန်း တော်မှာရှိတယ်၊ ကျန်မင်းသမီးလေးပါးကွ စံနန်းဆောင်တစ်ခုမှာ ကျန် ရစ်ခဲ့တယ်၊ ပိုက်ဆံထိုးကြပါ၊ မှန်ရင် အလျော်ရမယ်၊ ရပ်ကြည့်တော့ အမြတ်မရှိဘူးနော်၊ ထိုးကြည့်မှ အကျိုးရှိမယ် "

ဟုပြောလိုက်လေ၏။ ထိုအခါ ဝိုင်းအုံကြည့်ရှုနေသော ပရိသတ် က အားတက်သရောဖြင့် အိတ်ထဲတွင်ရှိသောငွေစက္ကူများ ငွေအကြွေ စေ့များကို ထုတ်ယူကြလေ၏။

ဝေလုသည် ထိုမြင်ကွင်းကိုကြည့်၍ ထိုးသားများဘက်မှ သေ ချာပေါက်အနိုင်ရမည်ဟုတွေးကာ အိတ်ထဲရှိ ငွေစက္ကူများကိုထုတ်၍ ထိုးလေ၏။ ဝိုင်းအုံကြည့်ရှုနေသော ပရိသတ်များသည်လည်း မင်း သမီးလေးယောက်ရှိသော ယွန်းအိမ်လေးရှေ့တွင် ငွေစက္ကူများကို ပုံလေ၏။ ဒိုင်လုပ်သူက

" ကိုယ့်ပိုက်ဆံ ကိုယ်မှတ်ထားကြပါ၊ လျော်တဲ့အခါ အမှား အယွင်းဖြစ်မှာစိုးလို့ပါ "

ဟုပြောလေရာ ထိုးသားများသည် မိမိငွေစက္ကူများကို လက် ဖြင့်သေချာစွာ ဆုပ်ကိုင်ထားလေ၏။ ထိုးသားအားလုံး ငွေစက္ကူများ၊ ငွေအကြွေစေ့များ ပုံပြီးသောအခါ ဒိုင်လုပ်သူက ယွန်းအိမ်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဖြင့်ကိုင်၍

" အားလုံးလက်ကလေးတွေ နောက်ဆုတ်ကြပါ၊ ယွန်းအိမ်ကလေးဖွင့်ပါတော့မယ် "

ဟုဆိုကာ မင်းသမီးလေးယောက်ရှိသော ယွန်းအိမ်ကလေးကို လက်ဖြင့်အသာကိုင်၍ ဖြည်းညှင်းစွာ ဖွင့်လိုက်လေ၏။ ထိုအခါ ယွန်းအိမ်ထဲ၌ မင်းသမီးလေးယောက်မရှိတော့ဘဲ မင်းသမီးနှစ်ယောက်သာ ကျန်ခဲ့လေရာ ထိုးသားများသည် တအံ့တဩဖြင့် ဟာခနဲ အော်ဟစ်လိုက်လေ၏။

ဝေလုသည် ယွန်းအိမ်ကလေးကိုကြည့်၍ ပါးစပ်အဟောင်းသား ဖြစ်နေစဉ် ဒိုင်လုပ်သူက ရယ်မော၍

" ဟော... မင်းသမီးလေးနှစ်ယောက်ပဲ ကျန်တော့တယ်၊ ကျန်တဲ့နှစ်ယောက်ကတော့ စိတ်ဆိုးပြီး ဆင်းသွားတဲ့ညီမလေးကို သွားချော့နေလေရဲ့ "

ဟုဆိုကာ ယွန်းအိမ်တစ်လုံးကို ဖွင့်ပြလေရာ မင်းသမီးတစ်ယောက်သာရှိသော ယွန်းအိမ်ထဲတွင် မင်းသမီး သုံးယောက်ရောက်နေကြောင်းတွေ့ရလေ၏။

ဒိုင်လုပ်သူက ငွေစက္ကူများ၊ ငွေအကြွေစေ့များကို သိမ်းဆည်းသွားလေရာ ထိုးသားများသည် တအံ့တဩရေရွတ်ကာ ပိုက်ဆံများကို ဆုံးရှုံးလိုက်ရပြန်၏။

လောင်းကစားဒိုင်သည် ထိုကဲ့သို့ အကြိမ်ကြိမ်အနိုင်ရခဲ့ဟန်ရှိ၏။ သူ၏အရှေ့တွင် ငွေစက္ကူပုံကြီးရောက်နေလေ၏။ ဝေလုက စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ရာမှ ထရပ်လိုက်ရာ ဦးဒီပနှင့်ဘွန်အောက ဆ်



လှမ်းလှမ်းမှ ရပ်ကြည့်နေလေ၏။ ဦးဒီပက

" ဘယ်လိုလဲဝေလု၊ အဲတော်လေးနေသာထိုင်သာရှိသွားပြီလား၊ မင်းကို အတွေ့အကြုံရအောင် တမင်လွှတ်ပေးလိုက်တာကွ၊ လောကမှာ အချို့သောအတွေ့အကြုံတွေဟာ ကိုယ်တိုင်ကြုံတွေ့ရမှ သင်ခန်းစာယူလို့ရတယ်၊ သူတစ်ပါးပြောရင် နားလည်ဖို့မလွယ်ဘူး၊ ဥပမာ– မီးဆိုတာ ပူမှန်းမသိတဲ့ကလေးကို မီးဟာပူတယ်လို့ ပြောရင် သူဘယ်လိုမှ နားလည်မှာမဟုတ်ဘူး။ ပူတယ်ဆိုတဲ့ အကြောင်းကို လက်တွေ့ပြလိုက်မှ ယုံကြည်တော့တယ်၊ အခုတော့ လက်တွေ့သိလိုက်ပြီမဟုတ်လား "

ဟုမေးမြန်းလေရာ ဝေလုက ခေါင်းညိတ်၍

" သိပါပြီဗျာ၊ သိပ်အံ့ဩဖို့ကောင်းတာပဲ၊ ကျုပ်တို့မျက်စိရှေ့မှာတင် မင်းသမီးလေးယောက်ကနေ နှစ်ယောက်ဖြစ်သွားတယ်၊ ဘယ်လိုဖြစ်သွားမှန်းမသိလိုက်ဘူး "

ဟုပြောလေ၏။ စားတော်ကဲဘွန်အောကလည်း ဝေလု၏မျက်နှာကိုကြည့်၍ တဟားဟားရယ်မောကာ

" ဟားဟားဟား... လောကအတွေ့အကြုံမရှိတဲ့ ဆင်ဖမ်းသမားလေး၊ လူတွေအကြောင်းကို အများကြီးသိရဦးမယ် "

ဟုပြောလေ၏။ ထိုအခိုက်မှာပင် ဇရပ်ပေါ်ရှိလူများသည် ဆူဆူညံညံဖြင့် ဒိုင်လုပ်သူကို ဝိုင်းဝန်းထားကြပြီး ဗလကောင်းကောင်းလူက

" ဟေ့ကောင်... မင်းက မကောင်းတဲ့အောက်လမ်းနည်းနဲ့ ငါတို့ ပိုက်ဆံတွေကို ညာယူသွားတာပဲ၊ ဒါကြောင့် ပိုက်ဆံတွေ ပြန်မပေး



www.burmeseclassic.com

www.burmeseclassic.com

ရှင်းဒိဗရုပ်တာ ဘယ်လိုမှ မခွာရဘူး ”

တု ကြိမ်းမောင်းလေ၏။ ဒိုင်လုပ်သူက စပါဖြဖြမျက်နှာပေးဖြင့် ကြည့်၍

“ ကျုပ် ဘာအောက်လမ်းနည်းမှ မသုံးဘူး၊ ခင်ဗျားတို့ ကျေနပ်လို့ထိုးတာပဲ၊ အခုမှ ပိုက်ဆံပြန်တောင်းလို့ရမလား၊ နိုင်ရင် ခင်ဗျားတို့ နိုင်တဲ့ပိုက်ဆံ ကျုပ်ကိုပြန်ပေးမှာလား ”

ဟုမေးမြန်းလေ၏။ ထိုအခါ ဗလကောင်းကောင်းလူက ခေါင်းဆောင်၍

“ ဒီမှာဟေ့ကောင်၊ ဘာပဲဖြစ်ဖြစ် ငါတို့ပိုက်ဆံတွေ ပြန်မရမချင်း ဒိဇရုပ်ပေါ်က မဆင်းရဘူး ”

ဟုဆိုကာ ထိုသူအား ချုပ်ကိုင်ထားကြလေ၏။ ဦးဒီပက ဒိုင်လုပ်သူနှင့်ထိုးသားများကိုကြည့်၍ တဟားဟားရယ်မောကာ

“ ဝေလု ကြည့်ထားပေတော့၊ အတွေ့အကြုံတွေအများကြီး ထပ်ရလိမ့်မယ်၊ ဒိုင်လုပ်တဲ့ကောင်ကို ချုပ်ထားတဲ့ဗလကြီးဟာ လောဘအကြီးဆုံးဖြစ်လိမ့်မယ်၊ သူဟာ အနိုင်ရမယ်ဆိုရင်တော့ ပိုက်ဆံတွေကို ပြုံးပြုံးကြီးယူသွားမဲ့ကောင်မျိုးကွ၊ ရှုံးတဲ့အခါကျတော့ ညစ်ပြီပေါ့ကွာ၊ အဲဒါ လူ့သဘာဝပဲ၊ လူ့ရဲ့လောဘဟာ ဘယ်တော့မှ မှုသတ်နိုင်ဘူး၊ ရလေလိုလေပဲကွ၊ ဓားစာတုန်းက မင်းတောင် သေချာပေါက် အနိုင်ရမယ်ဆိုပြီး လောဘစိတ်ဝင်လာတယ်မဟုတ်လား၊ ဒါပေမယ့် ဗလကြီးက သူထင်တဲ့အတိုင်းဖြစ်မှာမဟုတ်ဘူး၊ ဒိုင်လုပ်တဲ့ကောင်ဟာ အရှုပ်တကော့ ထိပ်ခေါင်ဂျင်မောင်မောင်ဆိုတဲ့ ကောင်ကွ၊ ဒီကောင်ဟာ မရှုပ်ဘဲမနေနိုင်ဘူး၊ အတော်လည်တဲ့ကောင် ”





ဟုပြောလေရာ ဝေလုက တအံ့တသြဖြင့် ဦးဒီပကိုကြည့်၍

“ သူ့ကိုသိနေတယ်ပေါ့ ”

ဟုရေရွတ်လေ၏။ ဦးဒီပက ရယ်မော၍

“ သိတာပေါ့ကွာ၊ ကဲ... ဂျင်မောင်မောင် ဗလကြီးတို့လူစုကို ဘယ်လိုဖြေရှင်းမလဲဆိုတာ ကြည့်ပေတော့ ”

ဟုပြောလေ၏။

ဂျင်မောင်မောင်ဆိုသောလူက ဗလကြီး၏လက်မှ ရုန်းမထွက်နိုင်သဖြင့် ခေါင်းခါရမ်းလိုက်ပြီး

“ ခင်ဗျားတို့လွန်ပြီဗျာ၊ ကျုပ်မှာအရေးတကြီးသွားစရာကိစ္စတစ်ခုရှိတယ်ဗျ၊ ကျုပ်ကိုလွှတ်ပါဗျာ ”

ဟုလေသံပျော့ကလေးဖြင့် တောင်းပန်လိုက်လေ၏ ဗလကြီး ကပြုံးပြုံး၍

“ အေး... သွားစရာရှိရင်သွားရမယ်၊ မင်းကိုယ်မှာလွယ်ထားတဲ့လွယ်အိတ်ကိုတော့ ထားခဲ့ရမယ် ”

ဟုပြောလေ၏။ ဂျင်မောင်မောင်ဆိုသူသည် ဆင်စွယ်မင်းသပိတ်ကလေးဖြင့် လောင်းကစားဝိုင်းပြုလုပ်စဉ် အနိုင်ရသောငွေများကို သိမ်းကျုံး၍ လွယ်အိတ်ထဲသို့ ထိုးထည့်ထားရှိ၏။

ဗလကြီး၏စကားကြောင့် ဂျင်မောင်မောင်ဆိုသူသည် အကျပ်ရိုက်သွားပုံရလေ၏။ ဂျင်မောင်မောင်သည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုကုတ်လိုက်ပြီး

“ ခက်တာပဲဗျာ၊ ခင်ဗျားတို့ဟာ အတော်အပြောရခက်တဲ့ကျုပ်တယ်၊ ကျုပ်မှာလဲ သွားစရာက သိပ်အရေးကြီးနေတယ်၊ ကဲ ...



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ထားခဲ့ရင် ကျုပ်ကို တကယ်လွှတ်ပေးမှာလား ''

ဟုမေးမြန်းလေရာ ဗလကြီးအနီးတွင် ဝိုင်းအုံနေသူများက သံပြိုင်

'' လွှတ်မေးမယ် ''

ဟုပြောလေ၏။ ဂျင်မောင်မောင်က ဗလကြီးကိုကြည့်၍

'' ခင်ဗျားတို့ယောကျ်ားကတိနော်၊ ကျုပ်မှာ သွားစရာကိစ္စက သိပ်အရေးကြီးနေတယ် ''

ဟုပြောလေရာ ဗလကြီးက ယောကျ်ားကတိဖြစ်ကြောင်း ပြောလေ၏။

ထိုအခါ ဂျင်မောင်မောင်က လွယ်အိတ်မောင်းဖောင်းကြီးကို စလွယ်သိုင်းလွယ်ရာမှ ဗလကြီးလက်သို့ ထိုးထည့်လိုက်လေ၏။ ဗလကြီးသည် လွယ်အိတ်ရသောအခါ ဂျင်မောင်မောင်အား လွှတ်လိုက်လေရာ ထိုသူသည် ဇရပ်အောက်သို့ဆင်း၍ မြင်းတစ်စီးပေါ်သို့ တက်ကာ တစ်ရှိန်ထိုး စီးသွားလေ၏။

ဗလကြီး၏ လက်ထဲသို့ လွယ်အိတ်ရောက်သောအခါ လောင်းကစားဝိုင်းတွင် ပိုက်ဆံရှုံးသူများသည် ဝိုင်းအုံ၍ မိမိဆုံးရှုံးသောငွေများကို အလုအယက်ပြောကြလေ၏။

ဗလကြီးသည် အားလုံး၏တစ်ယောက်တစ်ပေါက်ပကားများ ကို နားထောင်၍ လက်ကာပြလိုက်ပြီး

'' ဟိုး... နေပါဦး၊ လွယ်အိတ်ထဲက ပိုက်ဆံတွေကို ရေတွက်ကြည့်မယ်၊ ပြီးတော့မှ ခင်ဗျားတို့ကို အညီအမျှခွဲဝေပေးမယ် ''

ဟုပြောလေရာ ဝိုင်းအုံနေသူများက တစ်ယ ာက်တစ်ပေါက်နှင့်





'' အို... အညီအမျှခွဲဝေပေးလို့ ဘယ်ရမှာတုန်း၊ ကျုပ်တို့က အများကြီးရှုံးသွားတာပဲ၊ နည်းနည်းလေးရှုံးတဲ့သူတွေကို အညီအမျှခွဲဝေပေးလို့ ဘယ်တရားမျှတမှာလဲ ''

ဟုပြောလေ၏။ ထိုအခါ ဗလကြီးက

'' ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဝေစုများများယူရမှာပဲ၊ ဒီကောင်ကို ကျုပ်က အမိအရဖမ်းပြီး လွယ်အိတ်ကို ယူထားလို့ရတာ ''

ဟုပြန်ပြော၏။ ထိုအခါ လူအုပ်ထဲမှ မကျေနပ်သူများက ကန့်ကွက်ကြပြန်၏။ လွယ်အိတ်ထဲရှိ ငွေစက္ကူများကို ရေတွက်ကြည့်ရန် တောင်းဆိုသူများက တောင်းဆိုကြပြန်၏။

ထို့နောက်တွင်မူ ဗလကြီးက ဆူညံနေသောလူအုပ်ကိုလက်ကာပြ၍

'' ဟေ့လူတွေ နေစမ်းပါဦးဗျာ၊ ပိုက်ဆံတွေ ရေတွက်ကြည့်ဦးမယ် ''

ဟုဆိုကာ ဇရပ်ကြမ်းပြင်ပေါ်တွင် ဖင်ချထိုင်လေ၏။ သူ၏အနီးတွင် လူများစိတ်ဝင်စားစွာဖြင့် ဝိုင်းဝန်းကြည့်ရှုလေ၏။

ဗလကြီးသည် လွယ်အိတ်ကိုဖင်မှကိုင်၍ကြမ်းပေါ်သို့ ငွေစက္ကူများကို သွန်ချလိုက်လေ၏။ ထိုအခါ ကြမ်းပြင်ပေါ်သို့ ကျလာသော အရာများကိုကြည့်၍ ဗလကြီးနှင့်ကြည့်ရှုနေသော လူအုပ်သည် ဟာခနဲဖြစ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် လွယ်အိတ်ထဲမှထွက်လာသော အရာများသည် ငွေစက္ကူများမဟုတ်ဘဲ စက္ကူများဖြစ်နေ၍ဖြစ်၏။

ဗလကြီးသည် တအံ့တသြဖြင့် ကြည့်ရှုရင်း

www.burmeseclassic.com



" ဟင်… ပိုက်ဆံတွေ ဘယ်ရောက်သွားလဲ "

ဟုရေရွတ်လေ၏။ ဝိုင်းဝန်းကြည့်ရှုနေသော လူအုပ်သည် စက္ကူ

အပိုင်းအစများကိုကောက်ယူကြည့်ရင်း

" ပိုက်ဆံတွေက ဘာဖြစ်လို့ စက္ကူအပိုင်းအစတွေဖြစ်သွား

တာလဲ၊ ဒီလူဟာ မှော်ဆရာဖြစ်ရမယ်၊ မှော်ပညာနဲ့ ပိုက်ဆံတွေကို

စက္ကူဖြစ်အောင်လုပ်လိုက်တာပဲ "

ဟုတစ်ယောက်တစ်ပေါက် ပြောဆိုကြလေရာ ဇလကြီးသည်

စက္ကူအပိုင်းအစများအလယ်တွင် တစ်ယောက်တည်း အူကြောင်

ကြောင်ထိုင်၍ ကျန်ရစ်ခဲ့လေ၏။

ခဏကြာလျှင်စက္ကူအပိုင်းအစများကိုကြည့်၍ ဒေါသတကြီး

ခြေဖြင့်ဆွလိုက်ပြီး

" ဟေ့ကောင်၊ မင်းဘာသာ မှော်ဆရာပဲဖြစ်ဖြစ်၊ ငါကတော့

မကြောက်ဘူး၊ လမ်းမှာတွေ့ရင်တော့ ငါရှုံးသွားတဲ့ပိုက်ဆံကို ပြန်ရ

အောင် တောင်းရမှာပဲ "

ဟုအော်ဟစ်လိုက်လေ၏။

ထို့နောက် စက္ကူအပိုင်းအစများကိုကြည့်၍ တစ်စုံတစ်ရာကို

မြင်ဟန်ဖြင့်

" အလို… ဒီမှာဘာရေးထားပါလိမ့် "

ဟုရေရွတ်လေရာ လူအုပ်သည် ၎င်း၏အနီးသို့ စိတ်ဝင်စားစွာ

သွားကြည့်ကြလေ၏။ စက္ကူအပိုင်းအစတစ်ခုတွင် မင်အနီဖြင့်စာရေး

ထားလေ၏။ စာမှာ

" ပိုက်ဆံတွေစက္ကူဖြစ်သွားတာ စိတ်မကောင်းပါဘူး၊ ကံမကောင်း





သေးရင်တော့ ပြန်ဆုံကြသေးတာပေါ့။

(ဂျင်မောင်မောင်)

ဟူ၍ဖြစ်လေ၏။ ဝေလုသည် ဇလကြီးနှင့်ဂျင်မောင်မောင်ဆို

သူ၏အဖြစ်ကို အစမှအဆုံးကြည့်၍ နားမလည်ဟန်ဖြင့် ဦးဒီပကို

ကြည့်လိုက်လေ၏။ ဘွန်အောက ရယ်မော၍

" ဒါဘာမှ မထူးဆန်းပါဘူးကွာ၊ ဂျင်မောင်မောင်ဟာ အစ

ကတည်းက သူ့အနိုင်ရတဲ့ပိုက်ဆံတွေကိုလွယ်အိတ်ထဲထည့်ချင်ယောင်

ဆောင်ပြီး သူ့အင်္ကျီအတွင်းအိတ်တွေထဲမှာ ထည့်ထားတာကွ၊

ဒီကောင်ကလူလည် ဒီလိုအတွေ့အကြုံမျိုးတွေရှိနေပြီ "

ဟုရှင်းလင်းပြလေ၏။ ဝေလုက စိတ်လှုပ်ရှားစွာဖြင့်ကြည့်၍

" ဟင်… ဂျင်မောင်မောင်က ပိုက်ဆံတွေကို အတွင်းအိတ်ထဲ

ထည့်ထားတယ်ဟုတ်လား၊ ကျုပ်တို့မြင်တာကတော့ လွယ်အိတ်ထဲ

ကို သိမ်းကျုံးထည့်နေတာပဲ "

ဟုပြောလိုက်လေ၏။ ဦးဝေလုက တဟားဟားရယ်မော၍

" ဒါဟာ ဂျင်မောင်မောင်ရဲ့လက်လှည့်ပညာပေါ့ကွာ၊ ဂျင်

မောင်မောင်ဟာ ငယ်ငယ်က မျက်လှည့်ပညာကို သင်ယူခဲ့ဖူးတယ်၊

နောက်ဆုံးမှာ ဟိုစပ်စပ် သည်စပ်စပ်လုပ်လွန်းလို့ မျက်လှည့်ဆရာက

မောင်းထုတ်လိုက်တယ်၊ မျက်လှည့်ဆရာက မောင်းထုတ်တော့

ဂျင်မောင်မောင်ဟာ မျက်လှည့်ပွဲက ဒီအတိုင်းထွက်မသွားဘူး၊ မျက်

လှည့်ဆရာရဲ့သမီးကို ခိုးပြေးသွားတယ်၊ ဒီအချိန်ကစပြီး ဂျင်မောင်

မောင်ဟာ မျက်လှည့်ပညာနဲ့ လိမ်လည်တဲ့ပညာကိုပေါင်းပြီး ဒိတ်ရှိုဝိုင်း

သျှောက်လိမ်နေတာပဲ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြလေရာ ဝေလုက သက်ပြင်းချ၍

" ဒီလူဟာ လူလိမ်တစ်ယောက်ပေါ့ "

ဟုပြောလေ၏။ ဘွန်အော့ကဝင်၍

" ဂျင်မောင်မောင်ဟာ လူလိမ်ပေမဲ့ ကောင်းတဲ့အချက်လေး တွေရှိပါတယ်၊ သူဟာ ရောက်လေရာနေရာမှာ လိမ်လို့ရတဲ့ပိုက် လေးတွေကို ရပ်ရွာကောင်းကျိုးအတွက် လှူဒါန်းသွားလေ့ရှိတယ် ဒါပေမယ့် လှူဒါန်းတဲ့နေရာမှာတောင် လိမ်တဲ့အကျင့်ကိုမဖျောက် လို့ ထူးထူးဆန်းဆန်းအကြံနဲ့လှူဒါန်းလေ့ရှိတယ် "

ဟုပြောလေ၏။ ဝေလုက စိတ်ဝင်စားစွာဖြင့်

" ဘယ်လိုထူးထူးဆန်းဆန်းတွေလုပ်တာလဲ "

ဟုမေးမြန်းလေ၏။ ဘွန်အော့က

" သူဟာ ရွာတစ်ရွာကိုရောက်လို့ ဒီရွာရဲ့တံတားလေး အသစ်ပြုပြင်ပေးချင်တယ်ဆိုရင် ရွာလူကြီးဆီကို ရတနာမြေပုံလို့ မြေပုံညွှန်းတစ်ခုကို မရောက်ရောက်အောင် ပို့ပေးတယ်၊ သူကြီး ထူးထူးဆန်းဆန်းရောက်လာတဲ့မြေပုံကိုကြည့်ပြီး မြေပုံညွှန်းအတိုင်း သွားတူးရင် မြေကြီးထဲက အိုးဖြစ်ဖြစ်၊ သေတ္တာတစ်လုံးပဲဖြစ်ဖြစ် ရလေ့ရှိတယ်၊ သူကြီးနဲ့ရွာသူရွာသားတွေ တအံ့တသြနဲ့ အိုးထဲက ပစ္စည်းတွေကိုကြည့်တော့မှ ငွေစက္ကူနဲ့စာတစ်စောင်ကိုမြင်ရမယ်၊ ထဲမှာ သူကုသိုလ်ကောင်းမှုပြုချင်တာကို တိတိကျကျရေးသားထား တယ်၊ မြေပုံညွှန်းကို တူးမိတဲ့သူတွေဟာ နောက်ဆုံးမှာတော့ သူ ချင်တာကို လုပ်ပေးရတော့တယ် "

ဟုပြောလေရာ ဝေလုက ခေါင်းညိတ်၍



" ရွာသူကြီးဟာ သူ့ရဲ့ကိုယ်ကျိုးအတွက်အသုံးပြုရင်ရော ... "

ဟုမေးမြန်းလိုက်လေ၏။ ဘွန်အော့က ခေါင်းခါ၍

" ဒီလိုဘယ်သူမှ မလုပ်ဝံ့ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ...င်မောင်မောင်က မြေပုံညွှန်းထဲကစာမှာ သူ့ရဲ့ဆန္ဒကို မလိုက်နာခဲ့ရင် ...ကြီးရှစ်ထပ်မှာ ချိုးကပ်ပြီး သံသရာအဆက်ဆက်မှာ ဘေးဒုက္ခခံ ...ပါစေ ဘာညာဆိုပြီး ကျိန်စာအရှည်ကြီးတိုက်ခဲ့တာဗျ "

ဟုပြောလေရာ ဝေလုက ရယ်မော၍

" ဒီလူဟာအကြံအတော်ပိုင်တဲ့သူပဲ၊ လူလိမ်ဖြစ်နေတာနှိုး ...တယ် "

ဟုမှတ်ချက်ချလေ၏။

ထို့နောက်တွင်မူ ဝေလုတို့သည် လားများကိုဆွဲ၍ ခရီးဆက် ...ကြပြန်၏။ မြို့တစ်နေရာသို့ရောက်သောအခါ ထမင်းဆိုင်တစ်ဆိုင်ကို ...မြင်သဖြင့် ထမင်းစားရန် ဘွန်အော့က အကြံပြုလေ၏။

ထမင်းဆိုင်ထဲသို့ရောက်သောအခါ စားပွဲထိုးလူငယ်နှစ်ဦးကို ဘွန်အော့က ထမင်းဟင်းများ မှာယူလေ၏။ စားပွဲထိုးများသည် ထမင်း ...ဟင်းများကို ဆိုင်နောက်သို့ သွားမယူသေးဘဲ စားပွဲတစ်လုံးသို့ သွားကာ ...ကျောပေးထိုင်နေသူတစ်ယောက်ကို ဝိုင်းအုံကြည့်ရှုနေလေ၏။

ဘွန်အော့တို့သည် ဗိုက်ဆာနေသဖြင့် စားပွဲထိုးများကိုကြည့် ၍ ထမင်းဟင်းများကို အလျှင်အမြန်လာပို့ရန် ပြောဆိုလေ၏။ သို့သော် စားပွဲထိုးများသည် ထမင်းဝိုင်းများကို စိတ်မဝင်စားဘဲ ကျောပေးထိုင်နေ သူကိုသာ စိတ်ဝင်စားနေလေ၏။ ဘွန်အော့က မကျေမနပ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ဒီလူတွေ ဘယ်လိုလဲ၊ ဗိုက်ဆာလို့သေတော့မယ် "

ဟုညည်းညူလေ၏။ ထိုအခါ ဦးဒီပက ရယ်မော၍

" ငါတို့ဒီနေ့တော့ ထမင်းစားရမှာမဟုတ်ဘူးကွ၊ စားပွဲထိုးတွေဟာ ဂျင်မောင်မောင်ရဲ့လေကြောမှာမျောနေပြီ၊ ဂျင်မောင်မောင်ဘာတွေလိမ်နေသလဲဆိုတာ သွားကြည့်ပေတော့ "

ဟုပြောလေရာ ဝေလုသည် စိတ်ဝင်စားစွာဖြင့် ထိုင်ရာမှ ကမန်းကတန်းထ၍ ထိုစားပွဲဝိုင်းသို့သွားကြည့်လေ၏။

ထိုအခါ ဂျင်မောင်မောင်သည် ငွေလက်စွပ်တစ်ကွင်းကို စားပွဲထိုးများအားပြ၍

" ကျုပ်ရဲ့လက်စွပ်ဟာ နယ်နယ်ရရမဟုတ်ဘူးနော်၊ ရောက်လေရာနေရာမှာ ဘာလုပ်လုပ်ကံကောင်းလေ့ရှိတယ်၊ ခင်ဗျားတို့ အားလုံးကို အန်စာဝိုင်းမှာနိုင်အောင် ကစားလို့ရတယ်၊ ဒါဟာ လက်စွပ်ကလေးရဲ့အစွမ်းပဲ "

ဟုဆိုကာ စားပွဲထိုးများတစ်ယောက်ပြီးတစ်ယောက်ကို အန်စာပစ်ပြလေ၏။ အန်စာပစ်တိုင်းပင် ဂျင်မောင်မောင်က အပွင့်များစွာရရှိအောင် ပစ်နိုင်ခဲ့လေ၏။

ထိုအခါ စားပွဲထိုးများမှ ဖဲဝါသနာပါသူတစ်ဦးသည် ဖဲထုပ်တစ်ထုပ်ကိုယူ၍ ကုလားဖန်ထိုးကာ ဂျင်မောင်မောင်နှင့်တစ်ပွဲပြီး တစ်ပွဲကစားကြရာ ဂျင်မောင်မောင်က ပွဲတိုင်းဆက်၍ အနိုင်ရလေရာ စားပွဲထိုးများသည် ဂျင်မောင်မောင်၏လက်စွပ်ကို လွန်စွာအထင်ကြီးသွားလေ၏။ ဂျင်မောင်မောင်က သူ၏စကားကို စားပွဲထိုးများစိတ်ဝင်စားနေမှန်းသိ၍





" ဒီလက်စွပ်ကို ငွေ ၅၀၀၀ နဲ့ရောင်းဖို့ကြံစည်ထားတယ်၊ ခင်ဗျားတို့အားလုံး လက်စွပ်ကိုမြင်တွေ့ခွင့်ရတာ သိပ်ကံကောင်းတာပဲ၊ ဒီတော့ ကျုပ်ကို ဒီနေ့နေ့လယ်စာ အလကားကျွေးရမယ် "

ဟုတောင်းဆိုလိုက်လေ၏။

ထိုအချိန်မှာပင် ဦးဒီပက တဟားဟားရယ်မော၍ ဂျင်မောင်မောင်၏အနီးသို့လျှောက်လာပြီး

" ဂျင်မောင်မောင်၊ ဂျင်မောင်မောင် ထမင်းတစ်ပွဲစားရဖို့ကိစ္စလောက်ကို လူငယ်တွေဆီက အပူမကပ်ပါနဲ့ကွာ၊ မင်းစားချင်ရင် နေ့လယ်စာကို ကျုပ်တို့ဝိုင်းမှာ လာစားနိုင်ပါတယ် "

ဟုပြောလေရာ ဂျင်မောင်မောင်က မျက်မှောင်ကြုတ်၍ အနောက်သို့လှည့်ကြည့်ကာ ဦးဒီပကိုမြင်သည်နှင့်

" ဟင်… ဦးဒီပပါလား၊ ဘယ်လိုလုပ်ပြီး ဒီဒေသကိုရောက်နေတာလဲ "

ဟုမေးမြန်းလေ၏။ ဦးဒီပက ရယ်မော၍

" အေးအေးဆေးဆေးပြောပြတာပေါ့ကွာ၊ နေ့လယ်စာ အတူလာစားပါဦး "

ဟုဖိတ်ခေါ်လေ၏။ ထိုအခါ ဂျင်မောင်မောင်က ဦးဒီပတို့ဝိုင်းသို့ ကူးသန်းလာလေတော့၏။ ဦးဒီပက ဝေလုတို့ကိုမျက်လုံးဝေ့ကြည့်၍

" ငါ့လူတွေနဲ့မိတ်ဆက်ပေးဦးမယ်၊ စားတော်ကဲ ဘွန်ဒေါဘိုတော့ မင်းသိပြီးသားပါ၊ ဝေလုနဲ့မိတ်ဆက်ပေးရမယ်၊ ဝေလုကဘုံးကောင်းလွှင်ပြင်က ဆင်ဖမ်းသမားလေးပဲ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အိုးလွှတ်စွန့်စားဝံ့တဲ့သူတစ်ယောက်ပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ဂျင်မောင်မောင်က ဝေလုကို စပ်ဖြဲဖြဲကြည့်၍

'' ဇရပ်ပေါ်မှာတုန်းက ကျုပ်နဲ့ဆုံခဲ့ဖူးတယ်ထင်တယ်၊ ကိုယ့်လူအတွေ့အကြုံတစ်မျိုး တိုးသွားတာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒီလိုအရပ်ဒေသမျိုးမှာ ဦးဒီပတို့လူစုနဲ့ဆုံရတာ ကျုပ်တော့ ဝမ်းမသာနိုင်ဘူး။ သိပ်စိတ်ညစ်တယ် ''

ဟုပြောလေ၏။ ဦးဒီပက တဟားဟားရယ်မော၍

'' ကိုယ့်လူရှေ့ဆက်ပြီး အများကြီးစိတ်ညစ်ရဦးမယ်၊ ဒါကြောင့် စိတ်မညစ်ချင်ဘူးဆိုရင်တော့ ကျုပ်တို့နဲ့လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ် ''

ဟုပြောလေရာ ဂျင်မောင်မောင်က ခေါင်းခါ၍

'' ဒါတော့ သည်းခံပါ။ ဦးဒီပနဲ့လိုက်ဖို့ ကျုပ်လုံးဝ စိတ်မပါပါဘူး ''

ဟုပြောလေရာ ဦးဒီပက ရယ်မော၍

'' ကိုယ့်လူစိတ်ဝင်စားပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကိုယ့်လူက စွန့်လွှတ်စွန့်စားရမှာကို ဝါသနာထုံတဲ့လူတစ်ယောက်မို့ပါ၊ ဒါမှမဟုတ်ရင်တော့ ကျုပ်ရဲ့အဆက်အသွယ်တွေကနေ ဒီဒေသမှာ ဂျင်မောင်မောင်ရောက်နေတယ်လို့ ဒေါ်စိန်ကြောင်နီလာဆီကို သတင်းပို့လိုက်မယ် ''

ဟုပြောလေရာ ဂျင်မောင်မောင်၏မျက်နှာ အကြီးအကျယ်ပျက်သွားပြီး

'' အမလေး... ဒီမိန်းမကြီးဆီကိုတော့ သတင်းမပို့လိုက်ပါနဲ့၊ ခင်ဗျားတို့နဲ့လိုက်ဆိုရင်လဲ လိုက်ပါ့မယ်၊ ဒီမိန်းမကြီးနဲ့အတူနေရတာ ငရဲပြည်မှာနေရတာထက် ဆိုးတယ် ''





ဟုအလန့်တကြားပြောလေ၏။ ဦးဒီပက တဟားဟားရယ်မော၍

'' ဟဲဟဲ... ဒီလိုမှပေါ့၊ ဒီတော့ ကျုပ်တို့အဖွဲ့မှာ လူအင်အားတစ်ယောက်တိုးတဲ့အထိမ်းအမှတ်အနေနဲ့ နေ့လယ်စာထမင်းဝိုင်းကို ကြတာပေါ့ ''

ဟုပြောလိုက်လေ၏။

ထို့နောက်တွင်မူ ဂျင်မောင်မောင်နှင့် ဝေလုထို့အုပ်စုသည် နေ့လယ်စာကို မြိန်ရှက်စွာ စားသောက်ကြလေ၏။

ဝေလုသည် ထမင်းစားရင်း ဂျင်မောင်မောင်ကို မသိမသာ အကဲခတ်လေရာ ဂျင်မောင်မောင်သည် ပျော်ရွှင်တတ်သူတစ်ယောက်ဟု သိရလေ၏။

ဂျင်မောင်မောင်သည် ပြတင်းပေါက်ကို မျက်နှာမူထားရာမှ အပြင်ဘက်သို့ စပ်ဖြဲဖြဲကြည့်လိုက်ပြီး

'' ဟဲဟဲ... ကျုပ်ရဲ့မိတ်ဆွေကြီးတွေရောက်လာပြီ၊ ရသေ့ရေ လိုက်ဦးမှ ''

ဟုဆိုကာ သူ၏နောက်ကျောတွင် ခေါက်၍ထားသော ရသေ့ တန်းကို လျှင်မြန်စွာပြောင်းလဲဝတ်ဆင်လိုက်ပြီး ခေါင်းပေါ်တွင် ခေါက်ချာကို ဆောင်းလိုက်ရာ စက္ကန့်ပိုင်းအတွင်း ရသေ့ကြီးတစ်ပါး သွားလေ၏။

ဝေလုသည် ထမင်းဝိုင်းမှာတင် လျှင်မြန်စွာရသေ့တစ်ပါး တွင်သို့ ကူးပြောင်းသွားသော ဂျင်မောင်မောင်ကို ပါးစပ်အဟောင်း ကြည့်နေလေ၏။ ဂျင်မောင်မောင်သည် ထိုသို့ရုပ်ပြောင်းဂျပ်လွှဲ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ရန် နှစ်ပေါင်းများစွာ လေ့ကျင့်ထားပုံရ၏။

တစ်မိနစ်မပြည့်မီပင် ရှီးရှီးလူတစ်ယောက်ဘဝမှ ရသေ့ဘဝသို့ ပြောင်းသွားလေ၏။ ဂျင်မောင်မောင်က ဦးဒီပကို ရယ်ကျဲကျဲ ကြည့်၍

" မြို့တစ်ပတ်လှည့်ပြီး အလှူခံလိုက်ဦးမယ် "

ဟုဆိုကာ ကြေးစည်ကို နှောင်ခနဲထု၍ ထွက်ခွာသွားလေ၏။

ထိုအခိုက်မှာပင် ဂျင်မောင်မောင် ဖုံးကျထားခဲ့သော ဗလကြီးတို့လူစုသည် ဆူညံစွာအော်ဟစ်ငြင်းခုန်၍ ထမင်းဆိုင်ထဲသို့ ဝင်လာကြလေ၏။ ရသေ့အသွင် ပြောင်းထားသော ဂျင်မောင်မောင်က ဗလကြီးကို ခပ်တည်တည်ကြည့်၍

" ငြင်းခုန်မနေနဲ့ကွ၊ ငြင်းခုန်ခြင်းနဲ့အကျိုးမဖြစ်နိုင်ဘူး၊ သည်းခံကြ၊ သည်းခံကြ၊ သည်းခံရင် နိဗ္ဗာန်ရောက်နိုင်တယ်၊ သည်းခံခြင်းရဲ့အကျိုးက ငါးပါးတောင်ရှိတယ်ကွယ့်၊ (၁) လူအများချစ်ခင်ခြင်း၊ (၂) ဘေးရန်မများခြင်း၊ (၃) အပြစ်မရှိခြင်း၊ (၄) မတွေမဝေသေရခြင်း၊ (၅) သုဂတိဘုံသို့ သွားရခြင်းတဲ့ မှတ်ထားကြ၊ မှတ်ထားကြ "

ဟုဆိုလိုက်ရာ ဗလကြီးတို့လူစုသည် အောင့်သက်သက်ဖြင့် ခေါင်းညိတ်လိုက်ကြလေ၏။ ထိုအခါမှပင် ဂျင်မောင်မောင်က ကျေနပ်သွားဟန်ဖြင့်ကြေးစည်ကို နှောင်ခနဲမည်အောင်ထုကာ ဆိုင်ထဲမှ ထွက်ခွာသွားလေ၏။

ဝေလုသည် ဂျင်မောင်မောင်၏နောက်ကျောကိုကြည့်ပြီး

" ပိုင်လှချည်လား "

ဟု ချီးမွမ်းလိုက်လေ၏။ စားတော်ကဲဘွန်အောက

" ဟဲဟဲ... ဂျင်မောင်မောင်ရဲ့အစွမ်းက အဲဒါပဲကွ၊ ဒီကောင်





ဟာ စက္ကန့်ပိုင်းအတွင်း ရသေ့လိုလို၊ ဘိုးသူတော်လိုလို ဖြစ်အောင် ပြောင်းလဲသွားနိုင်တယ်၊ နောက်ပြီး သူရဲ့ရသေ့ဝတ်စုံဟာ အထူးစပယ်ရှယ်ချုပ်ထားတာကွ၊ ခေါင်းပေါ်က စွပ်ချလိုက်ရုံပဲ၊ ဒီကောင့်တစ်ကိုယ်လုံးမှာ ပရိယာယ်တွေ မာယာတွေ မြည့်နှက်နေတယ် "

ဟုပြောလေ၏။

ဝေလုကဆက်လက်၍

" ဂျင်မောင်မောင်ဟာ သူ့ရသတ္တိနဲ့ ပြည့်စုံတဲ့ အမူအရာရှိတယ်၊ ဒါပေမယ့် ဒေါ်စိန်ကြောင်နီလာကိုတော့ သူအတော်ကြောက် ပုံရတယ်၊ အဲဒါဘာဖြစ်လို့လဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ ဦးဒီပက တဟားဟားရယ်မော၍

" ဒါဟာ ဂျင်မောင်မောင်ရဲ့ အားနည်းချက်ပဲကွ၊ ဒီအကြောင်းတွေကို ဘွန်အောကိုမေးကြည့်ပါကွာ "

ဟုပြောလေ၏။ ဝေလုက မေးမြန်းကြည့်သောအခါ

" ဂျင်မောင်မောင်ဟာ မလိမ်မညာရရင် ထမင်းစားမဝင်တဲ့ကောင်ကွ၊ ငယ်ငယ်တုန်းက ကျောင်းနေကတည်းက ဆရာ၊ ဆရာမတွေကို အမျိုးမျိုးလိမ်ညာလှည့်ဖြားတတ်တယ်၊ သူဟာ မျက်လှည့်အဖွဲ့တစ်ဖွဲ့မှာ ထူးချွန်အောင် မျက်လှည့်ပညာသင်ပြီးကတည်းက သူ့ကို အတောင်တပ်ပေးသလိုဖြစ်သွားတာပဲ၊ မျက်လှည့်ဆရာကြီး ဆီကလျှပ်ပြောင်းရှုပ်ထွေးအတတ်ပညာကိုတောင် မရရအောင် လိမ်ညာလှည့်ဖြားပြီး သင်ယူထားတယ်၊ နောက်တော့ ဆရာကြီးက သူ့ရဲ့လိမ်ညာမှုတွေကို ရိပ်စားမိသွားပြီး မျက်လှည့်အဖွဲ့က မောင်းထုတ်တဲ့အခါ ဆရာကြီးရဲ့သမီးကို မရရအောင် ခိုးပြေးသွားခဲ့တယ်၊ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးသမီးနဲ့ တစ်နှစ်လောက်ပဲပေါင်းပြီး ခွာပြဲသွားကြတယ်၊ ဒီလိုနဲ့ အလိမ့်တကာ့ထွတ်ခေါင် ဂျင်မောင်မောင်ဟာ မန္တလေးမှာ ဘိုးတော်မောင်မောင်ဆိုပြီး နာမည်သတင်းကြီးခဲ့တယ်၊ ဘိုးတော်မောင်မောင် အနားမှာ မိန်းမချော၊ မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေခဲ့တယ်၊ ဘိုးတော်မောင်မောင်ဟာ သူ့ရဲ့မျက်လှည့်ပညာအစွမ်းနဲ့ အမျိုးမျိုး လှည့်ဖြားပြီး နာမည်သတင်းကြီးခဲ့တယ်၊ ဘိုးတော်မောင်မောင်ဟာ တစ်နေ့တော့ စိန်ကြောင်နီလာဆိုတဲ့ မိန်းမတစ်ယောက်နဲ့ တွေ့ဆုံခဲ့ တယ် ''

ဟုပြောလေရာ ဝေလုက စိတ်ဝင်စားစွာဖြင့်

'' နာမည်က အထူးအဆန်းပါလား ''

ဟု ရေရွတ်လိုက်လေ၏။ စားတော်ကဲ ဘွန်အောက ဆက် လက်၍

'' နာမည်က ထူးသလို လူကလဲ ထူးတယ်ကွ၊ စိန်ကြောင်နီ လာဆိုတဲ့ မိန်းမဟာ ဂျင်မောင်မောင်ထက် အသက်ကြီးတယ်ကွ၊ ဒါပေမယ့် အသက်ကြီးပေမယ့် မပျက်စီးသေးဘူးလို့ ဆိုနိုင်တယ်၊ လှသလောက်ခက်ထန်တယ်၊ ချမ်းသာလိုက်တာကလဲ တကယ့်ကိုကို တက်ပဲ မိုးကုတ်က သူဌေးမလေ၊ ဂျင်မောင်မောင်ဟာ စိန်ကြောင်နီ လာကို မြင်မြင်ချင်းသဘောကျသွားတယ်၊ ရုပ်ရည်ကလဲ ခွဲမက်စရာ ကောင်းတဲ့အပြင် ချမ်းသာလိုက်တာကလဲ ဆယ်သက်စားလို့မကုန် ဘူး ဒါကြောင့် ဘိုးတော်ဘဝနဲ့ပဲ စိန်ကြောင်နီလာကို လက်ထပ်ခွင့်တောင်း တယ်၊ စိန်ကြောင်နီလာကလဲ ဘိုးတော်မောင်မောင်ကို သဘောကျနေပြီ ဒါပေမယ့် စိန်ကြောင်နီလာဟာ ဘိုးတော်မောင်မောင်ကို စိတ်မချတဲ့





အတွက် တစ်သက်လုံးအနိုင်ယူမယ့်နည်းလမ်းကို ကြိုတင်ရှာဖွေထားခဲ့ တယ်၊ အဲဒါကတော့ မန္တလေးမဟာမြတ်မုနိ ဘုရားကို ဂျင်မောင်မောင် ကိုခေါ်သွားတယ်၊ ပြီးတော့ သစ္စာရေသောက်ခိုင်းပြီး သူမကို ဒီတစ် သက်မှ ဘယ်လိုအကြောင်းကိစ္စနဲ့မှ ထိခိုက်အောင် မရိုက်နှက်ပါဘူးလို့ သစ္စာဆိုခိုင်းတယ်၊ သစ္စာဖောက်ဖျက်ပါက ကြောက်စရာဘေးဒုက္ခတွေ အမျိုးမျိုးဖြစ်ပါစေလို့ ကျိန်ဆိုခဲ့တယ် ''

ဟုပြောလေရာ ဝေလုက ဝံ့ကာ်ပြင်းချ၍

'' ဂျင်မောင်မောင်ကလဲ သစ္စာဆိုတာပဲလား ''

ဟု မေးမြန်းလေ၏။ ဘွန်အောက ခေါင်းညိတ်၍

'' ဒီတုန်းက ဂျင်မောင်မောင်ကလဲ ချောမောလှပပြီး ပိုက်ဆံ ချမ်းသာတဲ့ စိန်ကြောင်နီလာလို မိန်းမကို လက်မလွှတ်ချင်လို့ ဒီအတိုင်း သစ္စာဆိုခဲ့တယ်၊ ပြီးတော့ သူတို့နှစ်ယောက်လက်ထပ်လိုက်ပြ ဂျင်မောင်မောင်ဟာ သူဌေးတစ်ယောက်ဖြစ်ခဲ့တယ်၊ ဒါပေမယ့် မကြာ ပါဘူးကွာ၊ ဂျင်မောင်မောင်ဟာ မလိမ်မရှုပ်ရရင် မနေနိုင်တဲ့ကောင် ဆိုတော့ လစ်ရင်လစ်သလို ဒီမြို့မိန်းမတွေနဲ့ ရှုပ်ဖို့ ကြိုးစားတော့တာပဲ၊ ဒါပေမယ့် စိန်ကြောင်နီလာဟာ နှယ်နှယ်ရရ မိန်းမ မဟုတ်တဲ့အတွက် အလစ်မပေးဘဲ ဂျင်မောင်မောင်နောက်ကို တဒေါက်ေကာက်လိုက်ပြီး အရှက်လိုက်ခွဲတော့တာပဲ၊ စိန်ကြောင်နီလာဟာ အရှက်အဖော် ကင်းမဲ့ တဲ့ မိန်းမကွ၊ တစ်ခါတုန်းက ဂျင်မောင်မောင်ဟာ စိန်ကြောင်နီလာရဲ့ အလစ်မှာ ငွေတိုးချေးစားတဲ့ အပျိုကြီးတစ်ယောက်နဲ့ မြေဒေါ်မြင်မှာ သွားအိပ်နေတယ်၊ သူတို့အိပ်ပြီး မကြာပါဘူး၊ ညသန်းခေါင်အချိန်ကြီးမှာ အိမ်ရှေ့ကို စိန်ကြောင်နီလာရောက်လာပြီး အော်ကြီးဟစ်ကျယ် ဆဲဆို



www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲ၊ ဂျင်မောင်မောင်ကလဲ ပြတင်းပေါက်က ခုန်ချပြီး ထွက်ပြေးရတယ်၊ ဒါပေမယ့် ဂျင်မောင်မောင်က လစ်ရင်လစ်သလို မိန်းမတွေနဲ့ ရှုပ်တယ်၊ တစ်နေ့တော့ စိန်ကြောင်နီလာဟာ ဈေးချိုရဲ့ လူစည်ကားတဲ့ အချိန်မှာ ဈေးလယ်ခေါင်သွားပြီး ဂျင်မောင်မောင် မိန်းမရှုပ်တဲ့အကြောင်းတွေကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြီး ငိုယိုတော့တာပဲ၊ လူတွေကလဲ စိန်ကြောင်နီလာကို မျောက် ပွဲလို ဝိုင်းကြည့်ပြီး အံ့ရှုအာသက်ကြတယ်၊ မိန်းမရှုပ်တဲ့ ဂျင်မောင်မောင်ကိုလဲ တစ်မြို့လုံးဝိုင်းပြီးမေတ္တာပို့ကြတယ်၊ ဒီအချိန်ကစပြီး မန္တလေးမြို့က မိန်းမပျိုတွေက ဂျင်မောင်မောင်ကိုမြင်ရင် ကြောက်စရာသတ္တဝါလို ဝေးဝေးရှောင်ကြတယ်၊ ဂျင်မောင်မောင် အကြီးအကျယ်နာမည်ပျက်တော့တာပေါ့၊ စိန်ကြောင်နီလာဟာ ပါးစပ်နဲ့ပြောရင် လုံးဝမဖြုံတဲ့မိန်းမ၊ ရိုက်နှက်ပြီးဆုံးမဖို့ကျတော့လည်း တစ်သက်လုံးလက်ဖျားနဲ့မထိပါဘူးလို့ ဘုရားမှာသစ္စာဆိုထားတဲ့အတွက် အခက်တွေ့နေတယ်၊ နောက်ဆုံးတော့ ဂျင်မောင်မောင်ဟာ သူ့ဇနီးဘဝကို စွန့်ပြီး အိမ်ပေါ်က ဆင်းပြေးခဲ့တယ်၊ သူဟာ မလိမ်မကောက်ရင် မနေနိုင်တဲ့ကောင်လေ၊ ဒါပေမယ့် ဂျင်မောင်မောင် ဘယ်ကိုပြေးပြေး စိန်ကြောင်နီလာက မရရအောင်လိုက်ရှာပြီး အတင်းဆွဲခေါ်လေ့ရှိတယ်၊ ဒါကြောင့် ဂျင်မောင်မောင်ဟာ စိန်ကြောင်နီလာဆိုတဲ့ အသံ ကြားရင် အလွန်ထိတ်လန့်တယ်၊ စိန်ကြောင်နီလာကလဲ ဂျင်မောင်မောင်ရဲ့ သတင်းအနံ့ကိုသာရပါစေ မြန်မာပြည်အနှံ့သာမကဘူး၊ ကမ္ဘာကို ပတ်ရှာမယ့် မိန်းမပဲ ''

ဟုပြောလိုက်ရာ ဖေလုက ရယ်မော၍

'' အတော်လိုက်တဲ့ လင်မယားပဲ ''



ဟုရေရွတ်လိုက်လေ၏။

ဖေလုတို့သည် ထမင်းဆိုင်တွင် စကားကောင်းနေစဉ် ဂျင်မောင်မောင်ပြန်ရောက်လာ၏။

သူသည် ရသေ့ဝတ်များကို မည်သည့်နေရာတွင် လဲလှယ်လာသည်မသိ၊ ကောင်းဘွိုင်ဆန်ဆန် အဝတ်အစားများကို ဝတ် ဆင်၍ ပြန်လည်ရောက်ရှိလာလေ၏။ ဂျင်မောင်မောင် ပြန်ရောက်လာသောအခါ ဦးဒီပက မြန်မာပြည်မြောက်စွန်းဒေသသို့ သွားရောက်လိုသော ရည်ရွယ်ချက်ကို ပြောပြလေ၏။ ဦးဒီပ၏ စကားဆုံးသောအခါ ဂျင်မောင်မောင်က မျက်မှောင်ကြုတ်၍

'' ဦးဒီပရဲ့ ရည်ရွယ်ချက်ကတော့ အတော့်ကို မရေမရာရှိတာပဲ၊ မြန်မာပြည်မြောက်ဖျားက ဆင်တွေနဲ့နေတဲ့ မိန်းမတစ်ယောက်ကိုသွားရှာမယ်၊ ဒီမိန်းမဟာ ချောမောလှပပြီး ဆင်တွေကို နိုင်နင်းတယ်၊ ဒါပေမယ့် ဒါတွေဟာ တိတိကျကျပြောနိုင်တာတွေ မဟုတ်ဘူးနော်၊ ဒီမြင်ကွင်းတွေကို ဦးဒီပက မှော်ဆရာမကြီးရဲ့ရေခွက်ထဲမှာမြင်ခဲ့တယ်၊ ကြိုးတံတားပေါ်ကပြုတ်ကျတဲ့အခါ ဝိညာဉ်လွင့်နိုင်ပြီး အဲဒီဒေသကို ရောက်ခဲ့တယ်လို့ဆိုတယ်၊ ဒီအကြောင်းလေးနှစ်ခုတည်းနဲ့ မြောက်စွန်းဒေသကို စွန့်စွန့်စားစားသွားတော့မှာပေါ့ ''

ဟုပြောလေရာ ဦးဒီပကခေါင်းညိတ်၍

'' ကောင်းတာပေါ့ကွာ၊ ထူးထူးဆန်းဆန်းအတွေ့အကြုံတွေ့လိုချင်တဲ့ ငါလိုလူတစ်ယောက်အတွက်တော့ ဒါဟာ စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်၊ ဘယ်လိုလဲ မင်းက ငါတို့ခရီးကို အဓိပ္ပါယ်မရှိဘူးဆိုပြီး မလိုက်ချင်ဘူးလား ''



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။ ဂျင်မောင်မောင်က တဟဲဟဲရယ်မော၍

" အခုအချိန်မှာ ဦးဒီပက မလိုက်နဲ့ဆိုပြီး အတင်းမောင်းထုတ် ရင်တောင် တောင်းပန်ပြီး လိုက်တော့မှာပဲ ဒီလိုအတွေ့အကြုံမျိုး ရဖို့မလွယ်ဘူးဗျ "

ဟုပြောလေရာ ဦးဒီပက တဟားဟားရယ်မောလိုက်လေ တော့၏။ ပြီးနောက် ဦးဒီပကပင် ဆက်လက်၍

" ငါတို့သွားမယ့်ခရီးက ထူးထူးဆန်းဆန်း အတွေ့အကြုံတွေ အများကြီးရနိုင်သလို စိတ်ဝင်စားစရာတွေလဲ အများကြီးရနိုင်တယ် ဒါတွေကိုရဖို့ သေချာသွားတာကတော့ နဂါးနက်တွေကို ဒီဒေသမှာ တွေ့နေရတယ်၊ ဒီကောင်တွေဟာ ငါတို့နဲ့တိုက်တိုက်ဆိုင်ဆိုင် ဒီဒေသ ကိုရောက်နေတာတော့ ထူးဆန်းတာပဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ရောက်နေတယ်ဆိုတာ စဉ်းစားလို့မရဘူး "

ဟုပြောလေ၏။ ဦးဒီပ၏ စကားကြောင့် ဂျင်မ်မောင်မောင်၏ အားလုံး တအံ့တသြဖြစ်သွားလေ၏။ စားတော်ကဲ ဘွန်အော အထိတ်တလန့်ဖြင့်

" နဂါးနက်တွေ ရောက်နေတယ်၊ ဒါဆိုရင်တော့ အန္တရာယ် ပဲ၊ ကျုပ်နဲ့ ဒီကောင်တွေ ရန်ငြိုးရန်စရှိတယ် "

ဟု ရေရွတ်လေရာ ဂျင်မောင်မောင်က

" ကျုပ်လဲ ဒီကောင်တွေနဲ့ဆုံတိုင်း လိမ်တာကောက်တာ များ လွန်းလို့ ကျုပ်ကိုအသေသတ်ချင်နေကြတယ်၊ ဒါနဲ့နေပါဦး၊ ဦးဒီပ နဂါးနက်တွေကို ဘယ်မှာတွေ့လို့လဲ "

ဟုမေးမြန်းလေ၏။ ဦးဒီပက လေသံတိုးတိုးဖြင့်





" ငါတို့သွားမယ့်လမ်းမှာ လမ်းပိတ်ထိုင်နေတဲ့ အရူးဟာ နဂါးနက်အဖွဲ့က ကောင်ကွ၊ ဒီကောင်ကိုငါမှတ်မိတယ်၊ ဒီကောင်တွေ ငါတို့နောက်ကိုလိုက်နေတာတော့ မဟုတ်ဘူးကွ "

ဟုပြောလေ၏။ ဦးဒီပ၏ စကားကိုနားထောင်၍ ဝေလုက စိတ်လှုပ်ရှားစွာဖြင့်

" နဂါးနက်ဆိုတာ ဘာတွေလဲ၊ လူဆိုးဓားပြတွေလား "

ဟုမေးမြန်းလေ၏။ ဦးဒီပကရယ်မော၍

" ဒီကောင်တွေဟာ လူဆိုးဓားပြတွေထက်ပိုပြီး ကြောက်စရာကောင်းတဲ့လူတွေကွ၊ သူတို့အဖွဲ့ဟာ အစွမ်းအစရှိတဲ့သူတွေ အားလုံးစုပြီး မြန်မာပြည်နဲ့ အိမ်နီးချင်းနိုင်ငံတွေက လှည့်လည်ပြီး ဂမ္ဘီရနဲ့ပတ်သက်တဲ့ လူမသိ၊ သူမသိ လျှို့ဝှက်ပညာတွေ၊ ရှေးဟောင်း ပစ္စည်းတွေ၊ ရတနာသိုက်တွေကို ရှာဖွေစုဆောင်းလေ့ရှိတယ်၊ တစ်ခါ တလေလည်း အင်္ဂလိပ်နဲ့ဂျပန်အတွက် သူလျှိုလုပ်ပေးတာတောင် ရှိတယ်၊ သူတို့အဖွဲ့ရဲ့ အဖွဲ့ဝင်တွေဟာ ဂျပန်နဲ့တရုတ်မှာတောင်ရှိကြ တယ်၊ အတော်အင်အားတောင့်တင်းတဲ့အဖွဲ့ပဲကွ၊ မြန်မာပြည်မှာရှိ တဲ့အဖွဲ့နဲ့တော့ တစ်ခါက ငါနဲ့ ရန်ဖြစ်ဖူးတယ်ကွ၊ ရခိုင်ပြည်နယ်ဘက်က ရှေးဟောင်းဘုရားတစ်ဆူဟာ လျှင်လှုပ်တာနဲ့ ဌာပနာတိုက်ပေါက်ပြီး အဖိုးတန်ပစ္စည်းတွေပေါ်လာတယ်၊ ဒါတွေကို နဂါးနက်အဖွဲ့က လုယူ မယ်ကြံလို့ ငါကဝင်တားလိုက်တယ်၊ အဲဒီမှာ ငါနဲ့ထိပ်တိုက်တွေ့ပြီး ငါ့ကိုရန်ငြိုးဖွဲ့တော့တာပဲ၊ ကဲ... ဘာပဲဖြစ်ဖြစ် ငါတို့အားလုံးသတိထား တော့ ထားကြပေါ့၊ အချိန်မရှိတော့တဲ့အတွက် ဒီနေ့ညဒီမြို့မှာပဲ အိပ် ကြမယ်၊ မနက်ဖြန်ကျမှ ခရီးဆက်ကြမယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ထမင်းဆိုင်ပိုင်ရှင်ကို ခွင့်တောင်းကာ အိပ်စက်ခဲ့လေ၏။

နောက်တစ်နေ့နံနက်စောစောထ၍ ခရီးဆက်ခဲ့ပြန်၏။ သူတို့၏ ခရီးတွင် ဂျင်မောင်မောင်ပါဝင်လာသဖြင့် ဖျင်းရိညည်းငွေ့စရာ မကောင်းတော့ပေ။ ဂျင်မောင်မောင်နှင့် စားတော်ကဲဘွန်အောသည် တစ်ဦးနှင့် တစ်ဦး နောက်ပြောင်ကျီစယ်နေလေ၏။

ဦးဒီပသည် ခရီးလမ်းတစ်လျှောက်လုံး အန္တရာယ်ကို မျက်ခြည် မပြတ် စောင့်ကြည့်နေကြောင်းတွေ့ရ၏။

ဆွမ်ပရာဘွမ်မှ မချမ်းဘောရောက်သည့်အထိ ကုန်သည်များ မှလွဲ၍ မည်သည့်အန္တရာယ်ကိုမျှ မတွေ့ရပေ။

ဂျင်မောင်မောင်သည် လမ်းခရီးတစ်လျှောက်လုံး ထိုဒေသ၏ အကြောင်းများကို ဝေလုထံတွင်စိတ်ရှည်လက်ရှည်မေးမြန်းနေလေ၏။

စားတော်ကဲဘွန်အောကမူ တရုတ်သံဝဲဝဲဖြင့် မြန်မာသီချင်း ကြီးသီချင်းခန့်များကို အော်ဟစ်သီဆို၍ လိုက်ပါလာလေရာ ဂျင်မောင် မောင်မှာ နားမခံနိုင်သဖြင့် နားထဲသို့ဂွမ်းများကိုဆို့ကာ လိုက်ပါလာ လေ၏။

ထိုကိစ္စကို ဘွန်အောသိသွားသောအခါ မကျေနပ်သဖြင့်

'' ဒီမှာကျုပ်ရဲ့သာယာတဲ့ သုတီအသံကို ခင်ဗျားက နားခံ နိုင်ဘူးဆိုရင် ခင်ဗျားမှာ အနုပညာခံစားတဲ့စိတ်ခေါင်းပါးနေပြီ၊ တရုတ် ပညာရှိကြီး ကွန်ဖြူးရှပ်က ပြောဖူးတယ်၊ အနုပညာခံစားစိတ် မရှိတဲ့ သူဟာ စိတ်သဘောထားနူးညံ့သိမ်မွေ့မှု မရှိနိုင်ဘူးတဲ့၊ စိတ်သဘော ထား နူးညံ့သိမ်မွေ့မှုမရှိတာယ်ဆိုတာ ရိုင်းစိုင်းတာကိုဆိုတာပေါ့၊ ဒီတော့





ခင်ဗျားဟာ ရိုင်းစိုင်းနေပြီ၊ ရိုင်းစိုင်းပြီဆိုမှတော့ ယုတ်မာပြီပေါ့၊ ခင်ဗျား ဟာ လူယုတ်မာကြီးလည်းဖြစ်နေပြီ ယုတ်မာပြီဆိုမှတော့ ကောက်ကျစ် ပြီပေါ့၊ ဒီတော့ခင်ဗျားဟာ ကောက်ကျစ်ယုတ်မာတဲ့ ဝံပုလွေဖြစ်နေပြီ၊ ဒါကြောင့် ဒီနေ့ကစပြီး ခင်ဗျားကို ဝံပုလွေကြီးလို့ ခေါ်မယ်၊ ဂျင်မောင် မောင်မဟုတ်တော့ဘူး၊ ဝံပုလွေမောင်မောင် ''

ဟုပြောဆိုလေရာ ဂျင်မောင်မောင်က တဟားဟားရယ်မော နေလေတော့၏။

နောင်မွန်းသို့ရောက်သောအခါ ဝေလုတို့လူစုသည် ထမင်းဆိုင် တစ်ဆိုင်တွင် တစ်ညအိပ်တည်းခိုကြလေ၏။

နောက်တစ်နေ့နံနက်တွင် အိပ်ရာစောစောထ၍ ဝေလုက ခရီးလမ်းနှင့်ပတ်သက်၍ သတိပေးစကားကို ပြောလေတော့၏။

ဝေလုက

'' ကျုပ်တို့ခရီးက ဒီအချိန်ကစပြီး ကြမ်းတမ်းတဲ့ တောတောင် ကြီးတွေ၊ ရေစီးသန်တဲ့ချောင်းတွေ၊ မိုးထိအောင်မြင့်မားတဲ့ တောင် ကြီးတွေကို ကျော်ဖြတ်ရမယ်၊ ဘယ်ကိုကြည့်ကြည့် ဆီးနှင်းတွေ ဖုံး လွှမ်းနေတဲ့ တောင်ကြီးတွေကိုလဲ မြင်ရမယ်၊ ဒေသခံလူမျိုးစု ခေါင်း ဆောင်တွေနဲ့လဲ တွေ့ရလိမ့်မယ်၊ အချို့သော လူမျိုးစုခေါင်းဆောင်တွေ ဟာ ယဉ်ကျေးမှုသိမ်မွေ့မှု ရှိပေမဲ့ အချို့သောလူမျိုးစုလေးတွေဟာ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာတွေကို သိပ်နားမလည်သေးဘူး၊ ကျုပ် တို့ မြန်မာဘုန်းကြီးကိုမြင်ရင်တောင် ဘုန်းကြီးမှန်းမသိကြဘူး ဘုန်း ကြီးကို ဆရာကြီးလို့ပဲ ခေါ်ကြတယ်၊ ခရစ်ယာန်သာသနာပြုတွေ တောင် မထိုးဖောက်နိုင်သေးတဲ့အရပ်တွေလဲရှိတယ်၊ မြန်မာပြည်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အထူးခြားဆုံး မျိုးနွယ်ဝင်တွေဖြစ်တဲ့ တရုံလူပုလေးတွေလဲရှိနေတယ်၊ မြန်မာပြည်ထိပ်ပျားမှာဆိုရင် မဟာယာနဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ တိဘက်ရွာကလေးတွေရှိတယ်၊ ခရစ်ယာန်ဘာသာထိုးဖောက်နိုင်တဲ့ ရဝမ်လူမျိုးစုတွေရဲ့ ရွာကလေးတွေလဲရှိတယ်၊ နတ်ဆရာနဲ့ ယဇ်ပူဇော် နေဆဲရှိတဲ့ ရွာကလေးတွေလဲ ရှိတယ် ''

ဟုပြောလေရာ ဂျင်မောင်မောင်က အလန့်တကြားထ၍

'' ဟိုက်... ဒါဆိုရင် ကျုပ်တို့ကိုဖမ်းပြီး ယဇ်ပူဇော်ရင် ဘယ်လို လုပ်မလဲ ''

ဟုမေးမြန်းလေ၏။ ဝေလုက လက်ကာပြ၍

'' လူကိုတော့မလုပ်ပါဘူး၊ တိရစ္ဆာန်တွေကို ယဇ်ပူဇော်တာ ပါ ''

ဟုပြောလေ၏။

မှတ်ချက်။ ။ ၁၉၂၀ ဝန်းကျင် လွန်ခဲ့သောနှစ်ပေါင်း (၈၀)ကာလ ကိုသာ ဆိုလိုခြင်းဖြစ်၏။ ယနေ့ခေတ်ကာလတွင် ရှေးကထက်စာလျှင် တိုင်းရင်းသားတို့၏ယဉ်ကျေးမှု များစွာတိုးတက်ခဲ့ပေပြီ။

(စာရေးသူ)

ဦးဒီပက သက်ပြင်းချ၍

'' ဒီအချိန်ကစပြီး ငါတို့ခရီးဟာ အန္တရာယ်တွေနဲ့ စတွေ့ တော့မယ်ဆိုတာ သတိရှိစေချင်တယ်၊ လမ်းခရီးက ကြမ်းတမ်းခက် ထန်တယ်၊ ရာသီဥတုကလည်း ဆိုးဝါးတယ်၊ ငါတို့အားလုံးရဲ့ ရှေ့က နဂါးနက်တွေဟာ ဒီအချိန်မှာ ငါတို့ကိုကောင်းကောင်းဒုက္ခပေးနိုင် တယ်၊ ငါ့အထင် နဂါးနက်တွေဟာ ငါတို့ရှေ့မှာ တစ်နှစ်လောက်စော ပြီး ရောက်နေတယ်လို့ယူဆတယ်၊ သူတို့ဘာလို့ ဒီဒေသကို ရောက် နေတာလဲမသိဘူး၊ ဒီကောင်တွေဟာ ဒီအချိန်ကစပြီး ငါတို့ကို ကောင်း ကောင်း ဒုက္ခပေးတော့မယ်၊ သူတို့အုပ်စုဟာ အရည်အချင်းရှိတဲ့သူ တွေပါသလို လူအင်အား၊ လက်နက်အင်အား အလွန်တောင့်တင်း တယ်၊ ငါတို့ကို ကောင်းကောင်းဒုက္ခပေးနိုင်တယ် ''



ဟုသတိပေးလိုက်လေ၏။

ဝေလုက ဆက်လက်၍

'' ဒီအချိန်ကစပြီး ခရီးလမ်းမှာ ကျွန်တော့်ရဲ့ သတိပေးချက် တွေကို အားလုံးလိုက်နာကြပါ ''

ဟုပြောလေရာ ဘွန်အောက် ရယ်မော၍

'' တစ်လမ်းလုံး တပည့်လုပ်လာတဲ့ဝေလုဟာ ဒီအချိန်ကစပြီး ဆရာကြီးလုပ်ပါတော့မယ်၊ သူ့စကားကိုအားလုံးနားထောင်ကြပါ၊ သူ့နောက်ကို လိုက်ကြပါ၊ ကျုပ်တို့မြန်မာစကားပုံရှိတယ်၊ လမ်းမသိရင် ဘယ်သူ့နောက်လိုက်ဆိုလားပဲ ''

ဟုဆိုလိုက်ရာ ဂျင်မောင်မောင်က တဟားဟားရယ်မော လေတော့၏။

ဝေလုတို့အဖွဲ့သည် ထိုအချိန်မှစပြီး ကြမ်းတမ်းသောခရီးလမ်း ကို စတင်ခဲ့လေ၏။

ရွံ့နွံများ၊ ချောင်းမြောင်းများကို ကျော်ဖြတ်ပြီးနောက် ရေစီး သန်သော နန်းကီယုမြစ်ကို ရောက်လေ၏။

ဝေလုက မြစ်တစ်ဖက်ကမ်းကို ငေးမျှော်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



" မြစ်တစ်ဖက်ကမ်းမှာ ရဝမ်လူမျိုးတွေရဲ့ နမ်းခမ်းရွာရှိတယ်၊ ရွာသူကြီးဆီမှာ ခွင့်တောင်းပြီး ဒီနေ့ည ရွာမှာအိပ်ခွင့်ရအောင် ကြိုးစားရမှာပဲ၊ အရေးကြီးတာတစ်ခု မှာထားချင်တယ်၊ ရဝမ်ရွာကိုရောက်ရင် ကျုပ်ရဲ့အမူအရာကိုကြည့်ပြီး တသွေမတိမ်း လိုက်လုပ်ကြပါ "

ဟုပြောလေရာ ဂျင်မောင်မောင်က ခေါင်းကုတ်၍

" ဒါဆိုရင် ငါတို့က မင်းကို မျက်တောင်မခတ်တမ်းကြည့်ပြီး လိုက်လုပ်နေရမှလား "

ဟုမေးမြန်းလေ၏။ ဘွန်အောကလည်း နားမလည်ဟန်ဖြင့်

" ဟုတ်တယ်၊ တစ်ချိန်လုံး မင်းကို ကြည့်မနေနိုင်ဘူး၊ မျက်စိညောင်းတယ် "

ဟုပြောဆိုလေ၏။ ဝေလုက သက်ပြင်းချ၍

" ရဝမ်လူမျိုးတွေနဲ့တွေ့ရင် ရန်သူမဟုတ်ဘဲ မိတ်ဆွေဖြစ်ကြောင်းပြတဲ့အနေနဲ့ ကျုပ်က လက်တစ်ဖက်မြှောက်ပြီး နှုတ်ဆက်မယ်၊ အဲဒီအခါကျရင် ကျုပ်နှုတ်ဆက်သလို လိုက်နှုတ်ဆက်ရမယ်၊ အဲဒီလို မနှုတ်ဆက်တဲ့သူကို ရဝမ်တွေက သူတို့ရဲ့ ရန်သူတွေလို့ အသိအမှတ်ပြုလိမ့်မယ်၊ ရန်သူလို့ အသိအမှတ်ပြုပြီးရင်တော့ ခင်ဗျားတို့ မသက်သာဘူးသာ မှတ်ပေတော့ "

ဟုပြောလေရာ ဘွန်အောတို့သည် အထိတ်တလန့် ဖြစ်သွားလေ၏။

ဝေလုတို့သည် မြစ်တစ်ဖက်ကမ်းသို့ရောက်သောအခါ စောင့်ကြည့်နေသော ရဝမ်လူမျိုးအချို့ကို တွေ့လိုက်ရ၏။ ရဝမ်လူမျိုးများနှင့်ဆုံလျှင် ဝေလုက လက်တစ်ဖက်ကို မြှောက်၍





' ဖာမရာ အီးရော '

ဟုအော်ဟစ်နှုတ်ဆက်လိုက်လေရာ ကျန်လူအားလုံးကလည်း ဝေလုကဲ့သို့ လက်တစ်ဖက်မြှောက်ကာ ဖာမရာအီးရော လှမ်းလိုက်သဖြင့် ရဝမ်လူမျိုးများသည် မိတ်ဆွေဟု သတ်မှတ်လိုက်လေ၏။

ဝေလုသည် ရဝမ်လူမျိုးတို့၏ ဘာသာစကားကို အသင့်အတင့် ပြောဆိုတတ်သဖြင့် ခရီးသွားများဖြစ်ကြောင်း ပြောဆိုလိုက်လေရာ ရွာသားများသည် ရွာသူကြီးထံသို့ ခေါ်သွားလေ၏။

သူကြီးနှင့်တွေ့သောအခါ ဝေလုတို့လူစုက တညီတညာဖြင့် ' ဖာမရာအီးရော ' ဟု လက်တစ်ဖက်မြှောက်၍ နှုတ်ဆက်လိုက်ပြန်ရာ ရွာသူကြီးသည် သဘောကျသွားပြီး ရွာ၌တစ်ညတည်းခိုခွင့်ပြု လေ၏။

ၡင်းတို့စားသောက်ရန် ညစာကို ရွာသူကြီးကပင် ကျွေးမွေးပြီး ညစာနှင့်အတူ ဝါးကျည်တောက်များကို ယူလာပေးသဖြင့် ဂျင်မောင်မောင်က စိတ်ဝင်စားစွာဖြင့်

" ဘာတွေလဲ "

ဟုတိုးတိုးမေးမြန်းလေ၏။ ဝေလုက

" ဂျစ်ဖူးလို့ခေါ်တယ်၊ ဆန်အရက်တွေလေ သောက်ကြည့် အိပ်အရသာရှိတယ် "

ဟုဖြေလိုက်ရာ ဂျင်မောင်မောင်နှင့်ဘွန်အောသည် အငမ်းမရ သောက်လေ၏။ ဝေလုက ဦးဒိပကိုကြည့်၍

" ဦးဒိပ နည်းနည်းသောက်လိုက်ပါ၊ မသောက်ရင် သူကြီးက စိတ်ဆိုးလိမ့်မယ် "

ဟုပြောလိုက်ရာ ဦးဒိပသည် ဂျစ်ဖူးခေါ် ဆန်အရက်များကို



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်သောက်လေ၏။

နောက်တစ်နေ့တွင် ကျောပိုးအိတ်ကိုယ်စီကိုထမ်း၍ ခရီးဆက်ခဲ့ကြပြန်၏။ ဝေလုတို့သည် လွန်စွာမြင့်မားသော တောင်ကြီးတစ်လုံးကို စတင်တက်ခဲ့လေ၏။ တောင်တက်ခရီးသည် ရှည်လျားလှသဖြင့် ဂျင်မောင်မောင်နှင့်ဘွန်အောသည် တညည်းညည်း တညူညူ လုပ်နေလေ၏။ ဝေလုက တောင်ကိုမော့ကြည့်၍

'' ကျုပ်တို့ ဒီတောင်ကြီးကို ငါးနာရီလောက်တက်ရမယ်၊ ဒီတောင်ဟာ ပေ ၂၅၀၀ ကျော်မြင့်တဲ့ နမ်းခမ်းရာဇီတောင်ကြီးပဲ''

ဟုပြောလေ၏။ ဘွန်အောနှင့်ဂျင်မောင်မောင်က ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး

'' ဘာပဲဖြစ်ဖြစ် ခဏနားမယ်ကွာ၊ ပင်ပန်းလှပြီး ခြေတွေလက်တွေ မသယ်ချင်တော့ဘူး၊ ကော်ဖီလေးဘာလေးဖျော်သောက်ပြီး ဘီစကစ်လေးဘာလေး စားရအောင် ''

ဟုပြောလေ၏။ ထိုအခိုက်မှာပင် ဂျင်မောင်မောင်၏ခေါင်းပေါ်တွင် ဆောင်းထားသော ဦးထုပ်သည် မြေပေါ်သို့ လွင့်စင်ကျလေ၏။ ဘွန်အောက မျက်မှောင်ကြုတ်၍

'' ဟိုက်... ဦးထုပ်က အလိုလိုလွင့်ကျသွားပါလား၊ သရဲခြောက်ပြီနဲ့တူတယ် ''

ဟုရေရွတ်လေရာ ဦးဒီပက ဂျင်မောင်မောင်ကိုလှမ်းကြည့်လေ၏။ ထိုအခိုက် ၎င်းတို့၏အနီးရှိမြေကြီးများသည် ဖွာခနဲ ဖွာခနဲဖြစ်သွားသဖြင့် ဦးဒီပက

'' ရန်သူ ငါ့တို့ကို ပစ်နေပြီ၊ သစ်ပင်တွေနောက်ကို အမြန်ဝင်ကြ ''

ဟုဆိုလိုက်ရာ ဝေလုတို့အားလုံး ဦးဒီပ၏အနောက်သို့လိုက်ကြလေ၏။ ဘွန်အောက ဦးဒီပကိုကြည့်၍ နားမလည်ဟန်ဖြင့်

'' ကျုပ်တို့ကို ဘယ်ကပစ်နေတာလဲ၊ သေနတ်သံလဲမကြားရပါလား ''

ဟုမေးမြန်းလေ၏။ ဦးဒီပက ကျောက်တုံးအကွယ်မှတောင်ပေါ်သို့မော့ကြည့်ပြီး

'' တောင်ပေါ်က ဆော်နေတာကွ၊ သေနတ်သံမကြားရတာ အသံတိတ်ကိရိယာတပ်ထားလို့ကွ ''

ဟုပြောလေ၏။ ဂျင်မောင်မောင်က မျက်မှောင်ကြုတ်၍

'' မြန်မာပြည်မှာ ဒီလိုသေနတ်မျိုးရှိလို့လား၊ ကျုပ်တော့ နိုင်ငံခြားမှာပဲ ကြားဖူးတယ် ''

ဟုရေရွတ်လေ၏။ ဦးဒီပက

'' ဂျာမန်တွေမှာ ဒီလိုသေနတ်မျိုးတွေ တီထွင်နေပြီကွ၊ မြန်မာပြည်မှာတော့ ငါတောင်အခုမှ ကြုံဖူးတာပဲ၊ ငါ့အထင်တော့ နဂါးနက်တွေဟာ နိုင်ငံခြားမှာတောင် အသင်းအဖွဲ့ရှိတယ်ဆိုတော့ အဲဒီက ရထားတာဖြစ်မယ် ''

ဟုပြောလေရာ ဘွန်အောက ဇက်ပုပ်၍

'' ကံကောင်းလို့ ကျုပ်တို့မသေတာပဲ၊ ဒီကောင်တွေ လက်တော့အတော်ဖြောင့်ပုံရတယ် ''

ဟုပြောလေရာ ဦးဒီပက ရိုင်ဖယ်သေနတ်ကိုထုတ်၍ ရန်သူကို ချောင်းမြောင်းကြည့်ရှုလေ၏။ ဂျင်မောင်မောင်က ခေါင်းပြူကြည့်ရင်း







www.burmeseclassic.com

www.burmeseclassic.com



" သူတို့လက်တည့်မတည့် စမ်းချင်ရင် ကျောက်တုံးနောက်ကို တစ်ခုခုထုတ်ပြလိုက်ပါလား "

ဟုပြောလေ၏။ ဘွန်အောက သူ၏ကျောပိုးအိတ်ထဲမှ သံမဏိ မတ်ခွက်ကိုထုတ်၍ အနီးရှိ သစ်ကိုင်းခြောက်တစ်ခုဖြင့် ချိတ်လိုက်ပြီး ကျောက်တုံးအပေါ်သို့ လှုပ်ရှားပြလေ၏။

ထိုအခိုက်မှာပင် ဂုင်း၏ မတ်ခွက်သည် သေနတ်ကျည်ထိမှန် ပြီး အဝေးသို့လွင့်ထွက်သွားလေ၏။

ဘွန်အောက အထိတ်တလန့်ဖြင့်

" ဟိုက်... ဒီကောင်တွေ အတော်လက်တည့်ပါလား။ ငါ့မတ် ခွက်တော့ သွားပါပြီကွာ "

ဟု ရေရွတ်လေ၏။ ဂျင်မောင်မောင်ကလည်း

" ငါ့ရဲ့ဦးထုပ်လဲ ပျက်သွားပြီကွ "

ဟု ရေရွတ်ကာ အနီးရှိ သစ်ကိုင်းခြောက်များကိုယူ၍ သူ၏ ကုတ်အင်္ကျီကိုချွတ်ကာ ဝတ်ဆင်ပြီး ဦးထုပ်ဆောင်းပေးလေ၏။

ပြီးနောက် ကျောက်တုံးအကွယ်မှ တရွေ့ရွေ့ မြှောက်တင် လိုက်၏။ ဝေလုက ကျောက်တုံးနောက်တွင်ဝပ်ရင်း

" ဟော့လူ၊ ဘာလုပ်မလို့လဲ၊ ရန်သူက လှမ်းပစ်ထည့်လိုက် ဦးမယ် "

ဟု သတိပေးလေရာ ဂျင်မောင်မောင်က ရယ်မော၍

" ဒီကောင်တွေ ပစ်အောင်ပဲ တမင်လုပ်ပြနေတာကွ "

ဟုပြောလေ၏။ ထိုအခါမှာပင် အင်္ကျီဝတ်ဆင်ထားသော သစ် ကိုင်းခြောက်ကို ကျည်ဆံထိမှန်သွားပြီး ဂျင်မောင်မောင်က လှရုပ်ကို





မြေပေါ်သို့ ဖြည်းညင်းစွာ ပစ်ချလိုက်လေ၏။

ဘွန်အောက ဂျင်မောင်မောင်ကိုကြည့်၍

" ဘာလုပ်တာလဲ ဝံပုလွေကြီး "

ဟု မေးမြန်းလေ၏။ ဂျင်မောင်မောင်က ရယ်မော၍

" ဒီကောင်တွေကို ငါ့ရဲ့ပရိယာယ်နဲ့ လှည့်စားလိုက်တာကွ "

ဟုပြောလေ၏။

ဘွန်အောက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့်

" ဟင်... ခင်ဗျားက ဒီလောက်အန္တရာယ်တွေကြားမှာ အသက်လုနေတဲ့အချိန်မှာတောင် သူတစ်ပါးကို လိမ်ညာချင်သေး သယ် "

ဟုတအံ့တဩ ရေရွတ်လေ၏။

ဂျင်မောင်မောင်က ရယ်မော၍

" ဟဲ ဟဲ... ငါဟာ သူများကိုမလိမ်ရရင် ထမင်းစားမဝင်ဘူးကွ၊ ခုတလော မင်းတို့နဲ့နေရတဲ့အချိန်မှာ မလိမ်ရလို့ နေမထိ ထိုင်မသာ ဖြစ်နေတာကွ "

ဟုပြောလေ၏။ ထိုအခိုက်မှာပင် ဦးဒီပက ရန်သူများ၏နေရာ ကို ရှာဖွေတွေ့ရှိပြီး ရိုင်ဖယ်ဖြင့် နှစ်ချက်သုံးချက် ပစ်ခတ်လိုက်ရာ ရန်သူသည် အပစ်ရပ်သွားလေ၏။

ဦးဒီပက ရန်သူ၏အရိပ်အကဲကိုကြည့်၍ ကျောက်တုံးနောက် ကွယ်မှ ထွက်လိုက်ပြီး

" ဒီကောင်တွေပြေးပြီကွ "

ဟုပြောလေ၏။ ပြီးနောက် သတိကြီးစွာထား၍ ရန်သူများ



www.burmeseclassic.com

www.burmeseclassic.com



စွန့်ခွာခဲ့သောနေရာသို့ သွားရောက်ကြည့်ရှုလေရာ သစ်ပင်ကြီး၏ အကွယ်တွင် ကျည်ဆံအခွံများနှင့် သွေးကွက်တစ်ကွက်ကို တွေ့ရလေ၏။ ဦးဒီပတ

" ငါပစ်လိုက်တာ ဒီကောင်တစ်ကောင်ရဲ့ လက်မောင်းကို ရှပ်ထိသွားတယ်ထင်တယ်၊ မင်းတို့ ဒီအချိန်ကစပြီး သတိထားပေတော့ "

ဟုသတိပေးလေ၏။ ဝေလုတို့သည် မြင့်မားသော နမ်းခမ်းရာဇီတောင်ကြီးကိုဆက်၍ တက်ခဲ့ကြပြန်၏။

တောင်ကြီး၏အပေါ်သို့ရောက်သောအခါ အဆင်းလမ်းနှင့် ကြုံတွေ့ရပြန်၏။ တောင်ဆင်းလမ်းကိုကြည့်၍ ဘွန်အောက

" တောက်... လျှာထွက်လုမတတ် တက်လိုက်ရတာကွာ၊ တောင်ပေါ်ရောက်တော့လဲ အဆင်းလမ်းကြီးက မနည်းပါလား "

ဟု ညည်းညူလေ၏။ ဝေလုက သတိထား၍ ရှေ့မှ ဦးဆောင်ဆင်းလိုက်ပြီး

" အဆင်းလမ်းဆိုပြီး မပေါ့ဆလိုက်နဲ့၊ ရေညှိတွေနင်းမိပြီး တောင်ပေါ်က ဒလိမ့်ခေါက်ကွေးကျသွားမယ် "

ဟုပြောလေရာ ဂျင်မောင်မောင်က မျက်နှာရှုံ့မဲ့၍

" ရေညှိတွေကြောက်ရတဲ့အထဲ တောင်ဖြုတ်တွေကလဲ တစ်ကိုယ်လုံး လိုက်ကိုက်နေတယ် "

ညနေစောင်းသောအခါ တောင်ကြီးအောက်သို့ပြန်ရောက်ပြီး အားလုံးခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။

စားတော်ကဲဘွန်အောက တောင်ကြီးကိုပြန်မော့ကြည့်၍





" အမလေး ပင်ပန်းလိုက်တာဗျာ၊ ပေ ၂၅၀၀ ကျော်ကြီးကို တက်ပြီးမှ အောက်ကိုပြန်ဆင်းရတယ် "

ဟု ညည်းညူပြန်၏။ ဝေလုက ဘွန်အောင်၏လက်ကိုဆွဲ၍

" ညည်းမနေနဲ့ဗျ၊ ရှေ့မှ နန့်တီးချောင်းကို ရောက်တော့မယ်၊ နန့်တီးချောင်းကလဲ ရေစီးသိပ်သန်တယ်၊ ချောင်းကိုဖြတ်ကူးဖို့ သိပ်ခက်တယ် "

ဟုပြောလေရာ ဂျင်မောင်မောင်ကဝင်၍

" မင်းရဲ့ခရီးက မခက်တာဘာရှိသေးလဲ၊ တစ်လမ်းလုံးခက်နေတာပဲ "

ဟု ညည်းညူလေ၏။

ပြီးနောက်တွင်မူ ဝေလုတို့လူစုသည် ရေစီးသန်လှသော နန့်တီးချောင်းကို ကြိမ်ဖြင့်ပြုလုပ်ထားသော ကြိုးတံတားဖြင့် ဖြတ်သန်းခဲ့လေ၏။

ကြိုးတံတားသည် ရေလယ်ခေါင်တွင် တလှုပ်လှုပ်ဖြစ်နေ၍ ဖြတ်သန်းသူတိုင်း အသည်းထိတ်ရင်ဖိုဖြစ်ကြ၏။

ကြိုးတံတားတစ်ဖက်ကမ်းသို့ရောက်သောအခါ ဝေလုက ၎င်းတို့အားလုံးကို အနားယူစေ၍ ခဏကြာသောအခါ

" ကဲ... အားလုံးထကြ၊ ခရီးဆက်မယ်၊ နှစ်ဖာလုံလောက် လျှောက်ပြီးရင် ရွာတစ်ရွာကို ရောက်လိမ့်မယ်၊ ကျုပ် အရေးကြီးတာ တစ်ခု မှာချင်တယ်၊ အားလုံး သေချာနားထောင်ကြပါ၊ ဒီရွာက လူစိမ်းလက်ခံလေ့မရှိဘူး၊ သူတို့ရွာမှာ တည်းခိုဖို့ခွင့်တောင်းရတာ သိပ်ခက်တယ်၊ ခွင့်မပေးရင်လည်း ရွာပြင်မှာပဲ အိပ်ကြတာပေါ့ "

www.burmeseclassic.com

ဟုပြောလေ၏။ ထိုအခါ ဘွန်အောက

" ဒီကောင်တွေက အတော်ကြီးကျယ်ပါလား၊ သူတို့က ဘာလူမျိုးလဲ၊ လူစိမ်းကို ဘာလို့လက်မခံတာလဲ "

ဟုမေးမြန်းလေ၏။ ဝေလုက သက်ပြင်းချ၍

" သူတို့ကို ဘာလူမျိုးမှန်းမသိဘူး၊ ဒါပေမယ့် စကားကတော့ ကျုပ်တို့ပြောတဲ့ ဘာသာစကားပဲပြောတာပဲ၊ သူတို့ရွာမှာ လူစိမ်းလက်မခံတာ အကြောင်းရှိတယ်၊ ကျုပ်အဘိုးမသေခင်က မြောက်စွန်းဒေသကို ခရီးထွက်ရင်း ဒီရွာမှာ ညအိပ်ဖူးတယ်၊ သူတို့ရွာက ရွာသူတွေဟာ ထူးထူးခြားခြား ချောမောလှပကြတယ်၊ ရွာမှာ အရုပ်ဆိုးအကျည်းတန်တဲ့လူ မရှိသလောက်ပဲ၊ ဒီလိုအချောအလှတွေ စုနေတဲ့ရွာဆိုတော့ ရွာသူမိန်းကလေးတွေကို လူစိမ်းနဲ့မပေးစားချင်တာနဲ့ လူစိမ်းတွေကို ခပ်ကင်းကင်းနေတယ်ထင်ပါရဲ့ "

ဟုပြောလေရာ ဂျင်မောင်မောင်က သူ၏ပေါင်ကို လက်ဖြင့်ပုတ်၍

" ဟိုက်... ဒီရွာမှာ တည်းခွင့်မရဘူးဆိုရင်တောင် ခဏလောက် အလည်အပတ်သွားလို့မရဘူးလား "

ဟု စပ်ဖြဲဖြဲပြောလေ၏။ စားတော်ကဲဘွန်အောကလည်း

" ဟုတ်တယ်ကွ၊ ငါလဲ သိပ်စိတ်ဝင်စားနေပြီ "

ဟုပြောလေရာ ဝေလုက သက်ပြင်းချ၍

" အလည်အပတ်တော့ သွားလို့ရပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားတို့ရွာထဲရောက်ရင်တော့ ရွာသူအပျိုချောတွေကို တစ်ယောက်မှ တွေ့ခွင့်ရမှာမဟုတ်ဘူး၊ သူတို့အားလုံး ပုန်းနေမှာသေချာတယ် "



ဟုပြောလေရာ ဂျင်မောင်မောင်က စိတ်မလျှော့လိုသေးဘဲ

" ဘာပဲဖြစ်ဖြစ်၊ ရွာမှာတည်းခိုခွင့်ရအောင် ခွင့်တောင်းကြည့်တာပေါ့ကွာ၊ ဟဲ ဟဲ... ကံကောင်းရင် မိန်းမချောလေးတွေနဲ့ မတွေ့ဘူးလို့ဘယ်သူမှ မပြောနိုင်ဘူး "

ဟုပြောလေ၏။ ဝေလုသည် ၎င်းတို့၏ဆန္ဒကို မငြင်းပယ်တော့ဘဲ ရွာဆီသို့ ဦးတည်လျှောက်ခဲ့လေ၏။

ရွာကို သစ်လုံးများဖြင့်ကာရံထားလေ၏။ ဘွန်အောက ရွာကို အဝေးမှလှမ်းကြည့်၍

" ငါတို့အရင်ရောက်ခဲ့တဲ့ရွာတွေနဲ့မတူဘူး၊ ရွာကို အခိုင်အမာသစ်လုံးတွေနဲ့ ကာရံထားတယ်၊ ဒါဟာ ရွာထဲမှာ အဖိုးတန်ပစ္စည်းတွေရှိနေတယ်ဆိုတဲ့သဘောပဲ "

ဟုပြောဆိုလေရာ ဂျင်မောင်မောင်က တဟားဟားရယ်မောလေ၏။ ထိုအခိုက်မှာပင် ၎င်းတို့လူစုကိုရွာသားများမြင်သောအခါ လှုပ်လှုပ်ရွရွဖြစ်သွားပြီး လှံရှည်များကို ကိုင်ဆောင်ထားသော ရွာသားငါးယောက်ခန့်ရောက်လာ၏။

ဝေလုက ၎င်းတို့ကိုဦးညွှတ်၍ ခရီးသွားများဖြစ်ကြောင်း ပြောဆိုကာ ရွာ၌တစ်ညတည်းခိုခွင့်တောင်းလေ၏။

ထိုအခါ ရွာသားများက လူစိမ်းဧည့်သည်ကို ညအိပ်တည်းခိုခွင့်မပြုနိုင်ကြောင်း ငြင်းဆန်လေ၏။

ဝေလုသည် ရွာသားများကို နှစ်ကြိမ်သုံးကြိမ်ခန့် တောင်းပန်ကြည့်သော်လည်း ရွာသားများက ခါးခါးသီးသီးငြင်းဆန်မြဲနေလေ၏

၎င်းတို့ပြောဆိုနေဟန်ကို နားထောင်၍ ဂျင်မောင်မောင်က

www.burmeseclassic.com

www.burmeseclassic.com

“ မင်းတို့ဘာတွေပြောနေကြတာလဲ၊ ငါတို့ကိုလည်း ဘာသာပြန်ပြပါဦး၊ သိချင်လှပြီ ”

ဟုပြောလေ၏။

ဝေလုက သက်ပြင်းချ၍

“ ခင်ဗျားတို့ရဲ့ရုပ်လက္ခဏာကိုကြည့်ပြီး ရွာသူ မိန်းမချောတွေအတွက် စိတ်မချဘူးနဲ့တူတယ်၊ လုံးဝတည်းခိုခွင့်မပြုနိုင်ဘူးတဲ့ ”

ဟုပြောဆိုလေရာ စားတော်ကဲဘွန်အောက မခံချိမခံသာဖြစ်သွားပြီး

“ ကျုပ်တို့က နိုင်ငံပေါင်းစုံမှာလှည့်ပြီး မိန်းမလှလေးတွေကို ကြည့်ခဲ့တာဗျ၊ ဘာမဟုတ်တဲ့ တောသူတွေကိုမကြည့်ရရင်လဲ ဘာမှမဖြစ်ပါဘူး၊ သူတို့ရွာမှာ အိပ်ခွင့်မပြုရင် ကိုယ့်ဘာသာနေရာရှာပြီး အိပ်မယ် ”

ဟု မကျေမနပ်ပြောဆိုလေ၏။ ဦးဒီပဝင်၍

“ ဒီရွာမှာအိပ်ခွင့်မရဘူးဆိုတာ ငါကြိုတင်တွက်ဆပြီးသားပါ၊ ဒါတော့ ခရီးဆက်ကြမယ်ပေါ့ ”

ဟုပြောလေ၏။ ဝေလုက ခေါင်းခါ၍

“ ခရီးဆက်လို့မဖြစ်ဘူးဗျ၊ ကျုပ်တို့ဒီအချိန်မှ ခရီးဆက်ရင် နိုင်ငွန်ဘွန်တောင်ကြီးကို တက်တဲ့အခါ တောင်ပေါ်မရောက်ခင် နေဝင်သွားလိမ့်မယ်၊ ဒါကြောင့် ဒီရွာပတ်ဝန်းကျင်မှာပဲ နားခိုတာ အကောင်းဆုံးပဲ ”

ဟုပြောလေ၏။ ထို့နောက်တွင်မူ ဝေလုတို့သည် ရွာပတ်ဝန်းကျင်ရှိ ညအိပ်ရန်ကောင်းမွန်မည့်နေရာကို ရှာဖွေလေရာ လွင်ပြင်



ကျယ်ကြီးတစ်ခုသို့ ရောက်ခဲ့ပြီး လွင်ပြင်၏တစ်နေရာတွင် ပေ ၂၀ မြင့်သော ကျောက်ဆောင်တစ်ခုကို တွေ့ရသဖြင့် ထိုနေရာ၌ စခန်းချရန် ပြင်လိုက်၏။ ထိုအခါ ဘွန်အောက

“ ပင်ပန်းရတဲ့အထဲ ကျောက်ဆောင်ပေါ် တက်အိပ်ဦးမယ်၊ အောက်မှာ အိပ်လို့မရဘူးလား ”

ဟုမေးမြန်းလေ၏။ ဝေလုက ခေါင်းခါ၍

“ မရဘူးဗျ၊ ဟောဒီလွင်ပြင်ကြီးဟာ ဆင်ရိုင်းတွေ ကျက်စားတဲ့နေရာပဲတယ်၊ ညဘက်အိပ်နေတုန်း၊ ဆင်ရိုင်းအုပ်နဲ့ဖြတ်သွားရင် ဒုက္ခရောက်သွားမယ် ”

ဟုပြောလေရာ ဘွန်အောမေးပါးစပ်ပိတ်သွားလေ၏။ ဝေလုတို့သည် ကျောက်ဆောင်ပေါ်သို့ တက်ကြလေ၏။

ပြီးနောက် ဘွန်အောက မီးမွှေး၍ ရေနွေးတည်ရန် ပြင်ဆင်လေ၏။ ဝေလုက ဦးဒီပကိုကြည့်၍

“ ဦးဒီပရဲ့ စိတ်ကူးအိပ်မက်ထဲမှာ ဒီနေရာတွေကို ရောက်ဖူးသလား ”

ဟု မေးမြန်းလေ၏။ ဦးဒီပက ခေါင်းခါ၍

“ ဒီနေရာတွေကိုတော့ မရောက်ဖူးပါဘူးကွာ၊ ဒီနေရာမှာ ဆင်တွေရှိတယ်နော် ”

ဟုပြောလေ၏။ ဝေလုက ခေါင်းညိတ်၍

“ ဆင်ရိုင်းအုပ်တွေဘာတွေ ရှိတတ်တယ် ”

ဟုပြောလေ၏။

၎င်းတို့၏စကားမဆုံးမီတွင် ရွာဘက်ရှိ စည်းရိုးတံခါးပွင့်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆင်တစ်ကောင်ထွက်လာလေ၏။

ဆင်ပေါ်တွင်လူတစ်ယောက် လိုက်ပါလာပြီး ထိုဆင်နောက်မှ ရွာသားများကို တွေ့ရလေ၏။ ဝေလုက ၎င်းတို့ကိုကြည့်၍

" ဆင်ပေါ်ကလိုက်လာတာ ကျုပ်လိုဖန်ဒီးနဲ့တူတယ်၊ ဒီလူ ဆင်ဖမ်းထွက်မလို့နဲ့တူတယ် "

ဟုရေရွတ်လေ၏။ ရွာသားတစ်စုသည် ဆင်ကြီးတစ်ကောင် လွင်ပြင်ထဲသို့ ဦးတည်လာလေ၏။ ထိုအခိုက်မှာပင် ဖုံများ တထော ထောင်းထလာသဖြင့် ဂျင်မောင်မောင်က အထိတ်တလန့်ဖြင့်

" ဟိုမှာ ဖုန်တွေ ထနေပါလား၊ ဘာဖြစ်တာလဲ "

ဟုမေးမြန်းလေ၏။ ဝေလုက မျက်မှောင်ကြုတ်ကြည့်၍

" ဆင်ရိုင်းအုပ်ရောက်လာတာဗျ၊ ဆင်ရိုင်းအုပ်နဲ့ ဆင် ရွာသားတွေ တန်းတွေ့တာပဲ၊ ဒီလူတွေ ကံကောင်းတယ် "

ဟုပြောလေ၏။ ဘွန်အောက စိတ်ပါဝင်စားစွာဖြင့်

" ဟဲ ဟဲ... ဒီနေ့တော့ ငါတို့ကံကောင်းတယ်ကွ၊ တောင် မြင့်ကြီးပေါ်ကနေ ရှခင်းကောင်းတောင်းနဲ့ ဆင်ဖမ်းတာကို အစအ မြင်ရမယ်၊ ဒီလိုအခွင့်အရေးမျိုး ကြုံရခဲတယ် "

ဟုပြောလေ၏။ ဆင်ဖမ်းထွက်ခြင်းကို ကိုယ်တိုင်မြင်တွေ့ရ ဖြစ်သဖြင့် ဦးဒီပတို့မှာလည်း စိတ်ပါဝင်စားနေလေ၏။

ရွာသားများသည် ဆင်ရိုင်းအုပ်ကို မြင်သောအခါ လှုပ်ရှား ဖြစ်သွားပြီး ဆင်ပေါ်တွင် လိုက်ပါလာသူမှာ ကြိုးတုတ်တုတ်ကြီး အရှိန်ယူ၍ ဝှေ့ရမ်းနေလေ၏။ ဘွန်အောက

" ကြည့်လို့ကောင်းတယ်ကွ "



ဟုပြောဆိုလေရာ ဝေလုက မျက်မှောင်ကြုတ်၍

" ဟင်... ဘယ်လိုလုပ်နေတာလဲ၊ ဒီလူဟာ ဖန်ဒီးမှဟုတ်ရဲ့ လား၊ ဒုက္ခရောက်တော့မှာပဲ "

ဟု ရေရွတ်လေ၏။ ဦးဒီပက

" ဘာဖြစ်လို့လဲ "

ဟုမေးမြန်းလေ၏။ ဝေလုက ဆင်ပေါ်တွင် လိုက်ပါသွားသူကို ကြည့်၍

" ဟိုမှာကြည့်၊ ကြိုးကို စက်ဝိုင်းပုံသဏ္ဌာန်လွဲနေတယ်၊ ဒီလို လွဲပြီး ဆင်ဖမ်းလို့မရဘူး၊ ဒီလူဟာ ရွာသားတွေအလယ်မှာ သူ့ရဲ့ ကောင်းလုပ်တဲ့သဘောနဲ့ ဟန်ရေးပြနေတာပဲ၊ ဆင်ရိုင်းအုပ်နဲ့တွေ့ရင် ဒုက္ခရောက်တော့မှာပဲ "

ဟု စိုးရိမ်တကြီးပြောလေ၏။ ဝေလုသည် ထိုမြင်ကွင်းကို စိတ် လှုပ်ရှားစွာဖြင့် ထကြည့်လိုက်ပြီး

" ဟေ့လူတွေ၊ ပြန်လှည့်၊ ပြန်လှည့်၊ ဒုက္ခရောက်လိမ့်မယ် "

ဟု အသံကုန်အော်ဟစ်လေ၏။ ဝေလု၏ အသံကြောင့် ဆင် နောက်တွင် လိုက်ပါနေသော ရွာသားများက လှည့်ကြည့်ပြီး ဆင်ပေါ် က လူသို့ပြေး၍ ပြောလေ၏။

သို့သော် ဆင်ပေါ်ကလူသည် နားဝင်တန်မရှိဘဲ သူ့ရဲ့ကောင်း လုပ်လိုဟန်ဖြင့် ကြိုးကြီးကို ဟန်ပါပါဝှေ့ရမ်း၍ ဆင်ရိုင်းအုပ်ရှိရာသို့ ဦးတည်သွားနေလေ၏။ ရွာသားများသည် ဆင်ရိုင်းအုပ်နီးလာသော အခါ သစ်ပင်များပေါ်သို့တက်၍ နေရာယူကြလေ၏။

ဝေလုသည် ဦးဒီပ၏ ကျောပိုးအိတ်ထဲမှ မှန်ဘီလူးကို ထုတ်

www.burmeseclassic.com



၍ စိတ်လှုပ်ရှားစွာဖြင့် ဆင်ပေါ်ကလူကို ကြည့်လေ၏။

ထိုသူ စီးနင်းလိုက်ပါလာသော ဆင်ယဉ်သည် ဆင်ရိုင်းအုပ် အနီးသို့ တိုးကပ်သွားလေ၏။

ဆင်ရိုင်းများသည် ဆင်ယဉ်ကိုတွေ့သောအခါ နောက်သို့ တိမ်းရှောင်သွားလေ၏။

ဆင်ဖမ်းသမားသည် ဆင်ရိုင်းများက တိမ်းရှောင်သွားသော အခါ အားတက်သရော ဆင်အုပ်အတွင်းသို့ အတင်းလိုက်သွား လေ၏။

ဝေလုက ခေါင်းခါရမ်း၍

'' ဒုက္ခပါပဲ ''

ဟု တီးတိုးရေရွတ်လေ၏။ ဆင်ရိုင်းအုပ်ထဲမှ ဆင်ကြီးတစ် ကောင်သည် အုပ်စုထဲမှ ခွဲထွက်ပြေးသဖြင့် ဆင်ဖမ်းသူသည် ထိုဆင် ၏အနောက်သို့ တစ်ဟုန်ထိုးလိုက်လေ၏။

ဆင်နှစ်စီးနီးကပ်လာသောအခါ ဆင်ဖမ်းသူသည် ဟန်ပါပါဖြင့် ကြိုးကွင်းကို လေထဲတွင်ဝှေ့ရမ်း၍ ဆင်ကိုပစ်လိုက်ရာ ကံကောင်း ထောက်မစွာဖြင့် ဆင်ကြီး၏ခွေလိပ်ထားသော နှာမောင်းပေါ်သို့ ကျလေ၏။

တောဆင်သည် နှာမောင်းပေါ်ကျလာသော ကြိုးကွင်းကို နှာ မောင်းဖြင့်တွန်းလှန်လိုက်ရာ ကြိုးကွင်းသည် လည်ပင်းပေါ်သို့ စွပ်ကျ သွားလေ၏။ ထိုအခါ တောဆင်သည် ထိတ်လန့်တကြားပြေးလေ တော့၏။

ဝေလုက ထိုမြင်ကွင်းကိုကြည့်၍

'' ဒုက္ခပါပဲ၊ ကြိုးကိုမလျှော့ပေးဘဲ တင်းထားတယ် ''



ဟု ရေရွတ်လေ၏။ ဆင်ယဉ်ပေါ်မှလူသည် ကြိုးကို တင်းတင်း ဆွဲ၍ထားလေရာ တောဆင်က ထိတ်လန့်တကြား လှည့်လည်ပြေး သွားနေသဖြင့် ဆင်ယဉ်သည် ခွန်အားချင်းမမျှသောကြောင့် နောက် မှ တရွတ်တိုက်လိုက်ပါနေရ၏။

ဆင်ရိုင်းသည် လွင်ပြင်ထဲမှ လှည့်ပတ်ပြေးလွှားနေရာမှ ရပ် ကြည့်နေသော ဆင်ရိုင်းအုပ်ထဲသို့ ပြေးလွှားလေရာ ဆင်ရိုင်းအုပ်တစ် ခုလုံး အုတ်အော်သောင်းနင်းဖြစ်သွားလေ၏။

ဆင်ရိုင်းများကလည်း လွင်ပြင်တစ်ဖက်သို့ ပြေးလွှားသွား လေ၏။ ဆင်ရိုင်းသည် လွင်ပြင်တစ်ဖက်ရှိ သစ်ပင်ကြီးများ ကျောက် ဆောင်ကျောက်တန်းများဘက်သို့ ဦးတည်ပြေးလေ၏။

ဆင်ပေါ်မှ လူအတွက် အန္တရာယ်က လွန်စွာကြီးမားနေလေ၏။ ဆင်ယဉ်၏ ခန္ဓာကိုယ်သည် သစ်ပင်ကြီးများနှင့် ပွတ်တိုက်ပြေးလွှား နေလေရာ ထိုသူသည် သစ်ပင်သစ်ကိုင်းများနှင့် မတိုက်မိစေရန် အထိတ်တလန့် ရှောင်တိမ်းနေရ၏။

ဆင်ဖမ်းသမားသည် အတွေ့အကြုံမရှိသော ဖန်ဒီးတစ်ယောက် ဖြစ်သဖြင့် ဒုက္ခဖြစ်နေလေ၏။

သူသည် ဆင်ပေါ်မှ အောက်သို့မကျရန် ကြိုးစား၍ ထိန်းသိမ်း ထာ ပတ်ဝန်းကျင်ကို အကူအညီတောင်းရန် ကြိုးစားလေ၏။

သို့သော် တစ်ရှိန်ထိုးပြေးနေသော ဆင်ပေါ်မှလူကို မည်သူမျှ ထယ်တင်ရန် မဖြစ်နိုင်တော့ချေ။

ထိုအခိုက်မှာပင် တစ်ရှိန်ထိုးပြေးနေသော ဆင်ရိုင်းကြီးသည် သစ်ပင်တစ်ပင်အနီးမှ ဖြတ်ပြေးလေရာ အိမ်ဆင်မှာလည်း ကြိုးများ၏

www.burmeseclassic.com

www.burmeseclassic.com



တင်းကြပ်မှုကြောင့် နာကျင်လှသောကြောင့် ဆင်ရိုင်းနောက်မှ သစ်ပင်ကို ပွတ်၍ ပြေးလိုက်ရလေ၏။

ဆင်ပေါ်မှလူသည် သစ်ပင်နှင့် တိုက်မိလျှင် စိစိညက်ညက်ကြေသွားနိုင်သဖြင့် ဆင်၏တစ်ဖက်သို့ ထိတ်လန့်တကြား ရှောင်တိမ်းလေ၏။ သို့သော် အရှိန်လွန်ပြီး ဝမ်းဗိုက်၏တစ်ဘက်သို့ လျှောကျလေရာ ဝေလုတို့လူစုသည် မကြည့်ရက်သဖြင့် မျက်လုံးများကို မှိတ်လိုက်လေ၏။

အတန်ကြာသောအခါ မျက်လုံးဖွင့်ကြည့်လိုက်ရာ ဆင်ပေါ်မှလူသည် ကံကောင်းထောက်မစွာဖြင့် ဆင်နင်းမခံရဘဲ ဆင်၏ ဝမ်းဗိုက်တစ်ဖက်တွင် တွဲလောင်းကြီး လိုက်ပါလာလေ၏။

ထိုသူ၏ ခြေထောက်နှင့် ဆင်ဖမ်းသောကြိုးမှာ ချိတ်မိနေပြီး တွဲလောင်းဖြစ်နေခြင်းဖြစ်၏။

ဦးဒီပက သက်ပြင်းချ၍

" ကြိုးနဲ့ချိတ်နေလို့ တော်သေးတာပေါ့ကွာ၊ ဒါပေမယ့် အချိန်မရွေး ပြုတ်ကျနိုင်တယ် "

ဟုပြောလေ၏။ ထိုအချိန်တွင် ဆင်ရိုင်းကြီးသည် လွင်ပြင်၏ တစ်ဖက်မှ တစ်ရှိန်ထိုးပြေးလွှားလာပြန်လေ၏။

ဘွန်အောက ဆင်ရိုင်းကြီးနှစ်ကောင် တစ်ရှိန်ထိုးပြေးလွှားလာသည်ကိုကြည့်၍ မျက်လုံးပြူးသွားပြီး

" ဒုက္ခပဲ၊ ငါတို့ဘက်ကို ပြေးလာနေပြီ၊ တောင်ကုန်းနဲ့ ဝင်တိုက်မိပြီး တောင်ပြိုကျရင် ငါတို့အားလုံး အလိမ့်ခေါက်ကွေးကျပြီး ဆင်နင်းခံရလိမ့်မယ်၊ ဦးဒီပ သေနတ်နဲ့ ပစ်လို့မရဘူးလား "



ဟုမေးမြန်းလေ၏။ ဦးဒီပက ခေါင်းခါ၍

" ရိုင်ဖယ်သေနတ်လောက်နဲ့ ဆင်ပစ်လို့မရဘူးကွ၊ ဆင်ပစ်သေနတ်နဲ့ ပစ်မှရတာ "

ဟုပြောလေ၏။

ဆင်ကြီးနှစ်ကောင်သည် အရှိန်အဟုန်ဖြင့် ဝေလုတို့ဘက်သို့ ဦးတည်ပြေးလာ၏။ ဆင်ရိုင်းကြီးသည် လွန်စွာမပါးနပ်လှ၏။

သူ၏ကိုယ်တွင် စွပ်မိနေသော ကြိုးကွင်းမှ လွတ်မြောက်ရန် သစ်ပင်ကြီးများနှင့် ပွတ်တိုက်၍ ကြိုးပြတ်ထွက်အောင် ကြိုးစားလေ၏။ ဝေလုသည် ဆင်ယဉ်၏ဝမ်းဗိုက်တစ်ဖက်တွင် တွဲလောင်းဖြစ်နေသောသူ မကြာမီ အသက်ဆုံးတော့မည်ဖြစ်ကြောင်း ရိပ်မိ၍ ဆင်ဖမ်းသမားတစ်ဦးဗိုဗီ ထွက်ဆဲမိလိုက်၏။

ထိုသူ၏အသက်ကို သူမည်သို့ ကယ်တင်ရမည်နည်း။

ထိုအချိန်တွင် ဆင်ကြီးနှစ်ကောင်သည် ဝေလုတို့ရှိရာ တောင်မြင့်ကြီးနှင့် လွန်စွာနီးကပ်နေလေပြီ။

ဘွန်အောနှင့် ဂျင်မောင်မောင်သည် တောင်မြင့်ကြီးလှုပ်ခါသွားလျှင် အောက်သို့မကျနိုင်ရန် ကိုင်တွယ်စရာများကို ရှာဖွေနေလေ၏။ ဝေလုသည် ဆင်များ၏လမ်းကြောင်းကိုကြည့်၍ တစ်စုံတစ်ခုပြုလုပ်ရန် ပြင်ဆင်လိုက်၏။

ဝေလု၏အကြံအစည်ကို ဦးဒီပက သဘောပေါက်ဟန်မဖြင့်

" ဝေလု ဖြစ်ပါ့မလား၊ အန္တရာယ်သိပ်များတယ်နော် "

ဟုသတိပေးလေ၏။ ဝေလုက လက်ကာပြ၍

" စွန့်စားကြည့်တာပေါ့၊ ဒီလိုမှမလုပ်ရင် ဟိုလူအသက်ဆုံး

www.burmeseclassic.com



လိမ့်မယ် ''

ဟုပြောလေ၏။ သူ၏စကားဆုံးသည်နှင့် ဆင်ရိုင်းကြီးသည် တောင်ကုန်းအနီးသို့ရောက်လာပြီး သူ၏ခန္ဓာကိုယ်ကို မြေသားများဖြင့် ပွတ်ဆွဲလိုက်ရာ မြေအချို့ပြိုကျသွားလေ၏။

ဆင်ယဉ်မှာလည်း တောင်ကုန်းအနီးမှ ပွတ်ဆွဲ၍ပြေးလေ၏။ ဝေလုသည် မြေသားများ ပြိုကျနေသည့်ကြားမှအားယူ၍ ဆင်ယဉ်ပေါ်သို့ ခုန်ချလိုက်၏။

ဝေလုသည် ဆင်ယဉ်၏ အမြီးဘက်သို့ကျသဖြင့် ဆင်ပေါ်ရှိကြိုးကို ကမန်းကတန်းဆွဲ၍ ခိုတွယ်တက်လိုက်၏။

ဆင်နှစ်ကောင်သည် အဟုန်ပြင်းစွာ ပြေးလွှားနေဆဲဖြစ်၏။ ဝေလုသည် ကျွမ်းကျင်သော ဖန်ဒီးတစ်ဦးပီပီ ဆင်နှစ်ကောင်ကို ကောင်းမွန်စွာ ထိန်းနိုင်မည်ဟု ယုံကြည်စိတ်ဖြစ်ပေါ်နေမိ၏။

သူသည် ဆင်ပေါ်တွင် တွဲလောင်းဖြစ်နေသောသူ၏ ခြေထောက်ကိုဆွဲကိုင်၍ ဆင်ပေါ်သို့ ခက်ခက်ခဲခဲ ဆွဲတင်လိုက်ရာ ထိုသူသည် ဆင်ပေါ်သို့ ပြန်ရောက်လာ၏။

သူ၏တစ်ကိုယ်လုံးမြေသားများ ပေကျံနေပြီး ကံကောင်းထောက်မစွာဖြင့် ဒဏ်ရာမရရှိဘဲ သတိကောင်းစွာရနေဆဲဖြစ်၏။ ဝေလုက ထိုသူ၏ခန္ဓာကိုယ်ကို ထိန်းကိုင်ရင်း

'' ဖြေးဖြေးချချ ကိုင်ထားပါ၊ ဆင်နှစ်ကောင်ကိုရပ်အောင် ကျုပ် ကြိုးစားမယ် ''

ဟုပြောလေရာ ထိုသူသည် ကမန်းကတန်းခေါင်းညိတ်ပြလေ၏။ ထိုသူသည် လွန်စွာထိတ်လန့်တုန်လှုပ်နေဟန်ရှိ၍ ဝေလုက





အားပေးသည့်အနေဖြင့်ပြုံးပြလိုက်ပြီး

'' မကြောက်နဲ့၊ ကျုပ်က ဖန်ဒီးတစ်ယောက်ပဲ၊ ဆင်တွေကို ကောင်းကောင်းနိုင်တယ် ''

ဟုပြောလေ၏။ ဝေလုသည် သူ၏ခါးတွင်ချိတ်ဆွဲထားသော ချွန်းအသေးစားဖြင့် ဆင်ယဉ်ကိုထိုး၍ သတိပေးလိုက်ရာ ဆင်ယဉ်သည် ပြန်လည်အသက်ဝင်လာဟန်ရှိလေ၏။

ဝေလုသည် ဆင်ရိုင်းအား ပြေးနိုင်သလောက်ပြေးစေရန် ပေ ၅၀ ခန့်ရှည်သော ဆင်ဖမ်းကြိုးကို လျှော့၍ပေးလေ၏။

ဆင်ရိုင်းသည် ကျွမ်းကျင်သောဖန်ဒီးက ကြိုးကို အလျှော့အတင်းလုပ်ပေးသဖြင့် မောပန်းလာပြီး မပြေးနိုင်တော့ချေ။

ထိုအခါမှပင် ဝေလုသည် ဆင်နှစ်ကောင်ကြားမှ အကွာအဝေးကို နီးနိုင်သမျှနီးစေရန် ကြိုးများကို စုစည်းပြီး ဆင်ပေါ်တွင် ရစ်ပတ်ထားလိုက်၏။

ဆင်နှစ်ကောင်သည် တဖြည်းဖြည်း နီးကပ်လာလေ၏။ ဆင်နှစ်စီး အနီးကပ်ယှဉ်နိုင်သောအချိန်သို့ရောက်သောအခါ ဝေလုက တောလိုက်ဓားမြှောင်ဖြင့် ဆင်ရိုင်း၏နားရွက်ကို သွေးစို့ရုံမျှ လှီးလိုက်လေ၏။

ဆင်၏နားရွက်သည် နုနယ်သောနေရာဖြစ်သဖြင့် ဆင်ရိုင်းသည် ဖန်ဒီး၏အမိန့်ကို ထိုအချိန်မှစ၍ စတင်၍ နာခံလေတော့၏။

ဝေလုသည် ဆင်ယဉ်ဖြင့် ဆင်ရိုင်းကိုယှဉ်တွဲ၍ ရွာဘက်သို့ မောင်းနှင်လာလေရာ စိုးရိမ်ကြီးစွာဖြင့် စောင့်ကြည့်နေသော ရွာသားများသည် လက်နက်များကိုမြှောက်၍ ဟေးခနဲအော်ဟစ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကို ရွာတံခါးဆီသို့ မောင်းနှင်လေရာ ရွာတံခါးထိပ်တွင် တောဝက်စွယ်ကွပ်ထားသော ဖြူမွေးထိုးဦးထုပ်ဆောင်းထားပြီး အနီရောင်ဝတ်စုံကို ခြုံထားသည့် ရွာသူကြီးကိုတွေ့လိုက်ရ၏။

ရွာသူကြီး၏ကိုယ်တွင် ဓားတစ်ချောင်းကိုလည်း အဆွင်တန်ဆာ အဖြစ် လွယ်ထားလေ၏။

ဦးဒိပတို့လူစုသည် ဝေလု၏ ဆင်ကြီးနောက်မှ လမ်းလျှောက်၍ လိုက်လာလေ၏။ ဂျင်မောင်မောင်က ရယ်မော၍

" ဟဲ ဟဲ... ဝေလုကျေးဇူးကြောင့် ငါတို့ရွာထဲကို ဝင်ခွင့်ရပြီ၊ မိန်းမချောလေးတွေနဲ့ တွေ့ရတော့မယ်၊ ရွာစည်းရိုးကို သစ်လုံးတွေနဲ့ ကာရံထားရအောင် မိန်းကလေးတွေ ဘယ်လောက်ချောလို့လဲ "

ဟု ရေရွတ်လေ၏။ ဆင်ကြီးနှစ်ကောင် ရွာထဲသို့ဝင်သောအခါ ရွာအဝင်လမ်းမများတွင် ထွက်၍ ကြည့်ရှုနေသော မိန်းမပျိုများကို တွေ့ရလေ၏။

မိန်းမပျိုများသည် ရုပ်ရည်သန့်ရှင်းစင်ကြယ်ပြီး ချောမောလှပကြသဖြင့် ဂျင်မောင်မောင် နှင့် ဘွန်အောသည် ပျော်ရွှင်သွားလေ၏။

ဝေလုသည် ရွာလယ်ကွက်လပ်ဆီသို့ ဆင်ကြီးကို ဆွဲခေါ်လေရာ ဆင်ကြီးသည် မရောက်ဖူးသော အရပ်ဒေသသို့ ရောက်နေသဖြင့် ထိတ်လန့်တုန်လှုပ်နေလေ၏။

ထိုရွာရှိ ရွာသူရွာသားများသည် ဆင်ဖမ်းအလုပ်ကို မကျွမ်းကျင်သော်လည်း ဝေလု၏ခိုင်းစေမှုကို ကောင်းစွာနာခံ၍ ဆင်အား ကြိုးများဖြင့် ချည်နှောင်လေတော့၏။

ဝေလုတို့ ဖမ်းဆီးရမိကာစဆင်ရိုင်းသည် ခြေထောက်တွင် ထူး





ထည့်မခံသဖြင့် ဆင်၏ရှေ့ခြေထောက်နှင့် နောက်ခြေထောက်ကို ကြိုးများဖြင့် ချည်နှောင်ပြီး သစ်ပင်၏ ပင်စည်များ၌ ချည်နှောင်လေ၏။

ဆင်ရိုင်းကို မလှုပ်နိုင်အောင် ချည်နှောင်ပြီးသောအခါ ဝေလုက ဆင်ယဉ်နှင့် ချည်နှောင်ထားသောကြိုးကို ဖြည်လိုက်ပြီးနောက် ဆင်ယဉ်ကို ခပ်လှမ်းလှမ်းသို့ သွားစေပြီး ဆင်ယဉ်ပေါ်မှ ဆင်ဖမ်းသမားနှင့် အတူဆင်းလေ၏။

ထိုအခါ အနီးသို့ အနီရောင်ဝတ်ရုံဝတ်ဆင်ထားသော ရွာသူကြီးရောက်ရှိလာပြီး

" ကျုပ်သားလူမိုက်ရဲ့အသက်ကို ကယ်တင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေဟာ အသက်ငယ်ပေမယ့် အလွန်တော်တဲ့ ဖန်ဒီးတစ်ယောက်ပါပဲ "

ဟုချီးမွမ်းလိုက်လေရာ ဝေလုသည် ၎င်းကယ်တင်လာသောသူသည် ရွာသူကြီး၏ သားဖြစ်ကြောင်းသိသွားလေ၏။

သူကြီးသားကို ရွာသူရွာသားများက ထမ်းစင်ဖြင့် နတ်ဆရာထံသို့ ခေါ်သွားလေ၏။ နတ်ဆရာသည် ဆန်အရက်ဖြင့် ကြက်များ ပူဇော်၍ နတ်များထံတွင် ဆုတောင်းပေးမည်ဖြစ်၏။

ထို့နောက် ၎င်း၏ကိုယ်မှ ဒဏ်ရာများကို ဆေးဝါးများလိမ်းကျံပေးလေ၏။ ရွာသူကြီးက ဝေလုကိုကြည့်၍

" မိတ်ဆွေတို့ ဧည့်သည်တွေကို ကျုပ်တို့ရွာရဲ့ စည်းကမ်းကိုဖယ်ဖျက်ပြီး ရွာထဲမှာ နားနေခွင့်ပြုပါမယ်၊ ဒီနေ့ည ရွာမှာ ညအိပ်ကြပါ "

ဟု ဖိတ်ခေါ်လေ၏။ ထိုအခါ ဝေလုက ဦးဒိပတို့လူစုဘက်သို့ လှည့်၍ သူကြီး၏အမိန့်ကို ဘာသာပြန်ပြလိုက်ရာ ဘွန်အောတို့သည်

www.burmeseclassic.com



မျှော်ရှင်သွားပြီး

'' ဒီရွာက မိန်းမချောလေးတွေကို အားရပါးရ ကြည့်ခွင့်ရပြီ ''

ဟုကြွေးကြော်လေ၏။

ရွာသားများသည် ဝေလုတို့လူစုအား ရွာလယ်ရှိ သစ်လုံးများဖြင့် ဆောက်ထားသော အိမ်တစ်လုံးကို ခေါ်သွားလေ၏။

ဂျင်မောင်မောင်သည် ရွာသားများ ဆောက်လုပ်ထားသော အိမ်ကိုကြည့်၍

'' ဒါဟာ ရွာထဲက အိမ်တွေနဲ့ ပုံစံမတူဘူးဗျ။ အကောင်းဆုံးပဲ၊ ဆောက်ထားတဲ့ပုံစံက မြေပြန့်ဒေသက ကျုပ်တို့မြန်မာအိမ်တွေနဲ့ အတော်ဆင်တယ် ''

ဟုပြောလေရာ ဝေလုက ခေါင်းညိတ်၍

'' ဒါဟာ သူတို့ရွာရဲ့ဧည့်သည်လက်ခံတဲ့ အဆောင်ဗျ။ တစ်ဖက်ရွာက ရွာသူကြီးတွေ အလည်အပတ်လာရင် ဒီအိမ်မှာ တည်းခိုခိုင်းလေ့ရှိတယ် ''

ဟုပြောလေ၏။ ထိုအခါ စားတော်ကဲ ဘွန်အောက တဟဲဟဲရယ်မော၍

'' ဒါဆိုရင် ငါတို့က အထူးဧည့်သည်တော်တွေပေါ့၊ အစားအသောက်ကောင်းတွေနဲ့ ဧည့်ခံမယ်နဲ့တူတယ် ''

ဟုပြောလေရာ ဝေလုက ရယ်မော၍

'' ဒီနေ့ညအစီအစဉ်တွေကို ခင်ဗျားတို့သဘောကျမှာ သေချာတယ်၊ ကျုပ်တို့ကို အစားအသောက်ကောင်းကောင်းနဲ့ ဧည့်ခံရုံမကဘူး၊ မိန်းမလှလေးတွေရဲ့ ရင်ခုန်ဖို့ကောင်းတဲ့အကနဲ့ ဖြေဖျော်လိမ့်မယ် ''



ဟုပြောလေရာ ဘွန်အောနှင့် ဂျင်မောင်မောင်သည် လွန်စွာသဘောကျသွားလေ၏။ ညသို့ရောက်သောအခါ ရွာသားများသည် ဝေလုတို့ခြံထဲသို့လာ၍ မီးဖိုကြီးတစ်ခုကိုပြုလုပ်ကာ တောဝက်ကို သီတံဖြင့်ထိုး၍ကင်နေလေ၏။ ဆန်အရက်ထည့်ထားသော ကျည်တောက်များကိုလည်း ယူလာလေ၏။

ခဏကြာလျှင် ရွာသူကြီးရောက်လာပြီး ဝေလုတို့အား အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း ပြောလေ၏။

ထိုအခါ ဘွန်အောက ဝေလုကို မကျေမနပ်ကြည့်၍

'' ဟေ့ကောင်၊ မင်းပြောတာလွဲနေပြီ၊ အစားအသောက်နဲ့ ဧည့်ခံမယ်တဲ့၊ မိန်းမလှလေးတွေနဲ့ ရင်ခုန်စရာအကကို ရှုစားရမယ်ဆို ''

ဟုပြောဆိုလေ၏။ ဝေလုက ရယ်မော၍

'' အရင်မလိုပါနဲ့ဗျာ၊ ခဏစောင့်ကြည့်ပါ၊ လာပါလိမ့်မယ် ''

ဟုပြောလေ၏။ ဝေလု၏ စကားမဆုံးမီ ခြံဝင်းထဲသို့ မိန်းမလှလေး ၁၀ ယောက်ခန့် ရောက်ရှိလာသဖြင့် ဘွန်အောနှင့် ဂျင်မောင်မောင်သည် မျက်လုံးပြူးသွားလေ၏။

မိန်းမလှလေးများသည် လုံချည်အပြူရောင်နှင့် ကတ္တီပါရင်ဖုံးအကျီအနက်ရောင်ကို ဝတ်ဆင်ထား၏။

ရောင်စုံပုတီးများကို ဆွဲထားပြီး နားကွင်းများနှင့် နားကိုအလှဆင်ထား၏။

သူမတို့အားလုံး အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ပေါက်တူညီကြပြီး ဆွဲဆောင်အားအလွန်ကောင်းသော လှပျိုကြီကလေးများဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့သည် ပြုံးချိုသောမျက်နှာလေးများဖြင့်ကြည့်ကာ ဝါးကျည်တောက်ထဲမှ ဆန်အရက်များကို သေးငယ်သော ကျည်တောက်လေးထဲသို့ လောင်းထည့်ပေးလေ၏။

ဂျင်မောင်မောင်က ၎င်းတို့၏အလှကို တအံ့တသြကြည့်ရှုရင်း

" ငါဟာ မြန်မာပြည်ထဲမှာရော၊ မြည်ပနိုင်ငံတွေမှာပါ တိုင်းရင်းသား လှပျိုဖြူလေးတွေကို တွေ့ဖူးပါတယ်၊ ဒါပေမယ့် တိုင်းရင်းသားတွေ ဘယ်လောက်လှလှ သူတို့ရဲ့ကိုယ်လုံးကိုယ်ပေါက်နဲ့ လူပ်ရှားသွားလာဟန်တွေဟာ တိုင်းရင်းသားဇာတိ လုံးဝမပျောက်ဘူး မြို့သူတွေနဲ့ နည်းနည်းတော့ ကွာခြားတာပဲ၊ ဒါပေမယ့် ဒီမှာတွေ့နေတဲ့ မိန်းကလေးတွေကတော့ တကယ်ခေတ်ဆန်တဲ့ မြို့သူတွေရဲ့ မျက်နှာပေါက်နဲ့ ကိုယ်လုံးကိုယ်ပေါက်ရှိတယ်၊ သူတို့ကို ခေတ်ပေါ်အဝတ်အစားဝတ်ပေးပြီး စကော့ဈေး (ယခု–ဗိုလ်ချုပ်အောင်ဆန်းဈေး) မှာလျှောက်ခိုင်းရင်း တောသူတွေလို့ ဘယ်သူမှ ထင်မှာမဟုတ်ဘူး ဒါကြောင့်လဲ ဒီရွာက အချောအလှနဲ့ပတ်သက်ရင် နာမည်ကြီးနေတာပဲ "

ဟု မှတ်ချက်ချလေ၏။ မိန်းမပျိုလေးများသည် တောဝက်သားများကို ဖြူသွယ်သော လက်ကလေးများဖြင့် ဖဲ့ယူကာ ဝေလုတို့စားသောက်ရန် ပြင်ဆင်ပေးလေ၏။ ဂျင်မောင်မောင်နှင့် ဘွန်အောသည် မိန်းကလေးများ၏အလှကို မျက်လုံးကျွတ်မတတ် ရှုစားရင် စားသောက်နေလေ၏။

၎င်းတို့၏ အမူအရာကို စိတ်မချနိုင်သဖြင့် ဝေလုက

" ဟော့လူတွေ၊ ကြည့်ရုံသာကြည့်ကြနော်၊ လက်တွေ ဘာတွေ





သွားမကိုင်နဲ့၊ ပြဿနာတက်ကုန်မယ် "

ဟုပြောလေရာ ဂျင်မောင်မောင်ကရယ်မော၍

" ဟဲ ဟဲ... စိတ်ချပါကွာ၊ ငါတို့ကို ဒီလောက်တောင် အထင်မသေးပါနဲ့၊ အရိုင်းအကဲကိုနားလည်ပါတယ်၊ ငါတို့ကိုဧည့်ခံနေတဲ့ ခြံဝင်းကြီးအရှေ့က မြေကွက်လပ် မှောင်ရိပ်ထဲမှာ ဒူးလေးနဲ့လုံ့ရှည်ကိုင်ထားတဲ့ ရွာသားတွေရှိနေတယ်ကွ၊ ဒီကောင်တွေဟာ ငါတို့ အရိုင်းအကဲကိုကြည့်နေတာ၊ မိန်းကလေးတွေကို ငါတို့လက်သရမ်းလိုက်တာနဲ့ ဆော်ဖို့အသင့်ပဲ၊ ဒီကောင်တွေဟာ မီးစံတစ်ဖက် ရေမှုတ်တစ်ဖက်ကောင်တွေကွ "

ဟုပြောလေ၏။ ထိုညက ညအတော်နက်သည်အထိ ဝေလုတို့လူစုကို မိန်းမချောလေးများက ဧည့်ခံပြုစုပြီးနောက် ရွာသူကြီးက ၎င်းတို့အား ၎င်းတို့အဖွဲ့အား ကောင်းမွန်စွာအိပ်စက်ရနိုင်ရန် ဆူမွန်ကောင်းများ တောင်း၍ ပြန်သွားလေ၏။

ဝေလုတို့သည် ထိုနေ့ညက ကောင်းမွန်စွာအိပ်စက်ခဲ့လေ၏။ နောက်တစ်နေ့နံနက်တွင် ခရီးဆက်မည်ပြုလေရာ ရွာသူကြီးရောက်လာပြီး ဝေလုကို တစ်စုံတစ်ရာပြောဆိုနေကြောင်းတွေ့သဖြင့် ဘွန်အောက

" မင်တို့ဘာတွေလာပြောနေတာလဲ "

ဟုမေးမြန်းလေ၏။ ဝေလုက ဦးဒီပကိုကြည့်၍

" မနေ့က ဖမ်းခဲ့တဲ့ဆင်ရိုင်းကို ဆင်ယဉ်ဖြစ်အောင်လုပ်ဖို့ သူတို့မှာ အတွေ့အကြုံမရှိလို့ အခက်တွေ့နေတယ်၊ ဒါကြောင့် ဒီရွာမှာ ခဏနေပြီး သူတို့ကိုအကူအညီပေးပါလို့ ပြောနေတယ်၊ ဒီရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



နေခိုက်၊ ကျုပ်တို့အားလုံးကို လိုလေသေးမရှိအောင် ပြုစုထားမယ်လို့ ပြောတယ် ''

ဟုပြောလေရာ ဂျင်မောင်မောင်က တဟဲဟဲရယ်မော၍

'' ပွတာပဲ ''

ဟု ရေရွတ်လေ၏။ ဦးဒီပက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

'' ဆင်ရိုင်းကို ဆင်ယဉ်ဖြစ်အောင် လေ့ကျင့်ဖို့ အချိန် ဘယ်လောက်လိုသလဲ ''

ဟုမေးမြန်းလေ၏။ ဝေလုက လက်သုံးချောင်းထောင်ပြ၍

'' သုံးပတ်လောက်ပါပဲ၊ သုံးပတ်လောက် လေ့ကျင့်လိုက်ရင် ဆင်ဟာ၊ လိမ္မာယဉ်ကျေးပြီး လူကို အန္တရာယ်မပေးနိုင်တော့ဘူး။ ကျုပ်က ဦးဒီပရဲ့ဆန္ဒကို မမေးရသေးလို့ သူတို့ကိုတော့ အဖြေမပေးရသေးဘူး ''

ဟုပြောလေ၏။

ဦးဒီပက သက်ပြင်းချ၍

'' ဒါဆိုရင်လဲ အကူအညီပေးလိုက်ပါကွာ၊ ဆင်ပေါ်ကလူရဲ့ အသက်ကိုတောင် ကယ်တင်ခဲ့ပြီးမှ ဆင်ကိုလဲ လိမ္မာယဉ်ကျေးအောင် လေ့ကျင့်ပေးရမှာပေါ့ကွာ၊ မင်းဟာ လူငယ်ဖြစ်ပေမယ့် ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်တာတွေ့ရတယ်၊ ဂျင်မောင်မောင်နဲ့ ဘွန်အောကတော့ သိပ်စိတ်မချရဘူးကွ၊ ဒီရွာမှာ မိန်းမလှလေးတွေပေါတယ်၊ ရက်ကြာကြာနေရင် ဒီတဏှာရူးနှစ်ကောင်ကြောင့် ပြဿနာဖြစ်မှာတော့ စိုးရိမ်တယ် ''



ဟုပြောလေရာ ဘွန်အောက တခစ်ခစ်ရယ်မော၍

'' ဂျင်မောင်မောင်ရေ ငါတို့ကို တဏှာရူးတွေလို့ စွပ်စွဲနေပြီ၊ တော့ ဦးဒီပ တစ်ဆိတ်လွန်ပြီထင်တယ် ''

ဟုပြောလေရာ ဂျင်မောင်မောင်ကလည်း

'' ဟုတ်ပါ့ဗျာ၊ ကျုပ်တို့က ဒီလောက်မဆိုးသေးပါဘူး ''

ဟုပြောလေ၏။ ဦးဒီပက ခေါင်းခါ၍

'' မင်းတို့အကြောင်းကို ငါသိတယ်၊ တားလို့လည်း မရပါဘူး၊ တယ်တော့ ဒီလိုရွာကို ရောက်မယ်မှန်းသိရင် မင်းတို့နှစ်ကောင်ကို ခေါ်ပါဘူးကွာ ''

ဟု ညည်းညူလေ၏။

ဝေလုသည် ဦးဒီပ၏ ခွင့်ပြုချက်ရသည်နှင့် သူကြီးထံသို့သွား၍ ဆင်ကြီးကို လိမ္မာယဉ်ကျေးအောင် လေ့ကျင့်ပေးမည်ဟု ကတိပေးလိုက်၏။

သူကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။ ဝေလုက ဆင်ပေါ်က ပြုတ်ကျသော သူကြီးသား၏ ကျန်းမာရေးအခြေအနေကို မေးမြန်းလေရာ သူကြီးက

'' ဒီကောင် ကျန်းမာပါတယ်၊ ဒဏ်ရာကြီးကျယ်တာတစ်ခုမှ မရှိဘူး။ ဒီကောင်ဟာ အတော်မိုက်တယ်၊ သူတစ်သက်မှာ ဆင်တစ်ကောင်မှ မစီးဖူးဘဲနဲ့ ရွာသားတွေမြှောက်ပေးတာနဲ့ ဖန်တီးလုပ်ဖို့ကြိုးစားတယ်၊ ဆင်ယဉ်ပေါ်ကပြုတ်ကျတော့ သူ့ကို ဘယ်သူမှမကယ်နိုင်တော့ဘူး။ ကျုပ်တို့အားလုံး နတ်မင်းကြီးတွေကိုပဲ ဆုတောင်းရတယ်၊ အဲဒီမှာ မင်းတွေ့၊ တောင်ကုန်းပေါ်က ခုန်ချပြီး ကျုပ်သားအသက်ကို ကယ်

www.burmeseclassic.com



လိုက်တာမြင်တော့ နတ်မင်းကြီးတစ်ပါး လူယောင်ဖန်ဆင်းပြီး ကယ်တင်တယ် မှတ်လိုက်တယ် ''

ဟုပြောကာ ဝေလုကို အားပါးတရ ချီးမွမ်းလေ၏။ ရှာသားများသည် ဝေလု၏အနီးတွင် ဝိုင်းအုံနေပြီး ကာလသားအရွယ် ရှယ်များက ဝေလု၏လက်မောင်းကို ကိုင်တွယ်၍ သူရဲကောင်းဟန်ဖြင့် အထင်တကြီး ရှိနေလေ၏။

ဝေလုက ဘွန်အောတို့ဘက်သို့လှည့်၍

'' ကဲ… စားတော်ကဲကြီးနဲ့ လူလိမ်ကြီး၊ ဒီအချိန်ကစပြီး ကျုပ်အတူ ဆော်ဘိုင်သီချင်းဆိုဖို့ လိုက်ခဲ့ပေတော့၊ ဆင်ကြီးကိုချော့လိုတယ် ''

ဟုပြောလေရာ စားတော်ကဲဘွန်အောက

'' စားတော်ကဲကွ၊ ဆင်ဖမ်းသမားမဟုတ်ဘူး၊ ဒါကြောင့် ငါတို့ ဆော်ဘိုင်မဆိုနိုင်ဘူး၊ ဆင်အနားကိုလဲ မကပ်ရဲဘူး၊ တော်ကြာ ဆင်ရိုင်းက နင်းလိုက်ရင် ဘယ်လိုလုပ်မလဲ ''

ဟုငြင်းဆန်လေ၏။ ဂျင်မောင်မောင်ကလည်း

'' ဟုတ်တယ်၊ ငါလဲ ဆင်အနားမကပ်ရဲဘူး၊ ငါတို့မျိုးရိုးဆက် ဖယားမှာ ဆင်နင်းခံရပြီး သေတဲ့သူမရှိသေးဘူး ''

ဟု ငြင်းဆန်ပြန်၏။ ဝေလုက ခေါင်းတုတ်၍

'' ဒီမှာ ဆင်ကြီးကို ဆော်ဘိုင်ဆိုပြီး ချော့ဖို့ကိစ္စမှာ ကျုပ်တစ်ယောက်တည်းလုပ်လို့ရဘူး၊ ခင်ဗျားတို့ပါမှဖြစ်မယ်၊ ခင်ဗျား သေသေချာချာ စဉ်းစားကြည့်စမ်း၊ ကျုပ်တို့ကို တစ်ရွာလုံးက သူ ကောင်းတွေလို့ ထင်နေကြတယ်၊ မိန်းမလှလေးတွေကလဲ အလွန်



ဝင်စားနေတယ်၊ ဆော်ဘိုင်ဆိုမယ့်နေရာကလဲ ရွာလယ်က မြေကွက်လပ်ကြီးမှာ၊ ကျုပ်တို့အနားမှာ မိန်းမချောလေးတွေ ဝိုင်းအုံကြည့်နေမှာ မြင်ယောင်သေးတယ်ဗျာ ''

ဟုဆိုလိုက်ရာ ဂျင်မောင်မောင်နှင့် ဘွန်အောသည် အနည်းငယ်စိတ်ပါလာလေ၏။ ဂျင်မောင်မောင်က လက်ဖျစ်တီး၍

'' ဟုတ်ပြီ၊ ဒါဆိုရင်တော့ မဆိုးဘူး၊ ငါတို့ကိုသတ္တိရှင်တွေဆိုပြီး မိန်းကလေးတွေ အထင်ကြီးနိုင်တယ်၊ နောက်ဆုံးမှာ အထင်ကြီးစိတ်ကနေ ချစ်ခင်စိတ်ဝင်လာပြီး ဒီရွာက မပြန်နိုင်ပါနဲ့တော့ ကိုကိုရယ် ဆိုရင် ဘယ်လိုလုပ်မလဲ ''

ဟုပြောလေ၏။ ဘွန်အောကလည်း

'' သိပ်ဟုတ်တာပေါ့ကွာ၊ ချစ်ချင်းအစ အထင်ကြီးစိတ်ကတဲ့၊ ဒါ ကဲ အခုချက်ချင်း ဆော်ဘိုင်သွားဆိုမယ် ''

ဟု အားတက်သရောပြောလေ၏။

ဝေလုတို့သည် ရွာလယ်ကွက်လပ်သို့ ထွက်ခဲ့လေ၏။ ရွာလယ်ကွက်လပ်တွင် တောဆင်ရိုင်းကို ကြိုးများအထပ်ထပ်၊ တုတ်နှောင်ထားသည်။ ထိုနောက်တွင်မူ ဝေလုက ဆင်ဦးကင်းပေါ်သို့တက်၍ ဘွန်အောနှင့် ဂျင်မောင်မောင်က ဆင်၏ခြေထောက်နှင့် ဝမ်းဗိုက်အောက်တွင် မဝံ့မရဲနေရာယူကာ ဆော်ဘိုင်သီချင်းကို သီဆိုကြလေ၏။

၎င်းတို့သည် ဆော်ဘိုင်သီချင်းကိုမရသော်လည်း ဝေလုသီဆိုသည့်အတိုင်း လိုက်ဆိုကြပြီး ဆင်၏ ခန္ဓာကိုယ်အနှံ့ကို လက်ဖြင့်ပွတ်သပ်ကြလေ၏။ ဝေလုက ကြည်လင်ပြတ်သားသောအသံဖြင့်

ဆော်ဘိုင်×× ဆော်ဘိုင်×× ဆော်ဘိုင်လော့××

www.burmeseclassic.com

www.burmeseclassic.com



ဘာဘူရယ် ဆော်ဘိုင်×× ဆော်ဘိုင်××

ဆော်ဘိုင်လော့××ဘာဘူရယ် ဆော်ဘိုင်××

အီကမ်×× အီနမ်×× ပတ္တိုင်ပတ္တိုင်×× ဆိုကမ်××

ပတ္တိုင်ပတ္တိုင်×× ဆိုကမ်မနတ်××

ဟု ဦးဆောင်သီဆိုလေရာ ဂျင်မောင်မောင်နှင့် ဘွန်အောကလည်း အော်ဟစ်သီဆိုကြလေတော့၏။

ရင်းတို့၏ သီဆိုသံကြောင့် ရွာသူရွာသားများနှင့် ကလေးငယ်များသည် စိတ်ဝင်တစားလာရောက်ကြည့်ရှုကြလေ၏။

သို့သော် ချောမောလှပသော မိန်းမလှလေးများ ရောက်မလာသဖြင့် ဘွန်အောနှင့် ဂျင်မောင်မောင်သည် သီချင်းဆိုရင်း မျက်နှာများရှုံ့မဲ့လာလေ၏။

မည်သို့ပင်ဖြစ်စေ ဝေလုနှင့်အတူ နေ့စဉ်ဆော်ဘိုင်သီချင်း ဆို၍ ဆင်ရိုင်းကို ချော့မြှူရလေ၏။

ဆင်ရိုင်းကို ချော့မြှူရင်း ထာနာဟုခေါ်သော အစာကိုကျွေးရ၏။

ထာနာသည် ဖုက်ပျောအူဖတ်နှင့် ခုံညှင်းဖတ်ကို ဆားနှင့်ထည့်ထုပ်ထားခြင်းဖြစ်၏။

ဆင်ရိုင်း၏ ထိခိုက်ဒဏ်ရာ ရထားသော နေရာများကိုလည်း ဆေးထည့်ပေးရ၏။ ဆေးမှာ ကြောင်လျှာပင်အခေါက်မှုန့်ကို အရည်ကျော်ထားခြင်းဖြစ်၏။

ထိုဆေးကို ဆင်၏ခန္ဓာကိုယ်ရှိ ကြိုးဖြင့် ပွတ်တိုက်ထားသောအနာများသို့ လိမ်းကျံပေးရ၏။



သူကြီးနှင့်သူ၏သားသည် ဝေလုခေါင်းဆောင်၍ ဆော်ဘိုင်သီချင်းဆိုပုံကို နေ့စဉ်လာကြည့်၍ အလွန်သဘောကျနေလေ၏။

နှစ်ပတ်ခန့်ဆော်ဘိုင်သီချင်းဆို၍ ဆင်၏တစ်ကိုယ်လုံးကို ထိတွေ့ပွတ်သပ်ပြီးသောအခါ ဆင်ကြီးသည် လိမ္မာယဉ်ကျေးလာလေ၏။

ဘွန်အောက သူ၏လက်နှစ်ဖက်ကိုထောင်ကြည့်၍

'' ဆော်ဘိုင်ဆိုပြီး ဆင်ကိုပွတ်သပ်ရလွန်းလို့ ဖါ့ရဲ့နနယ်သိမ်မွေ့တဲ့ လက်တွေကြမ်းရှကုန်ပြီ၊ ဒါပြီးရင် ဘာလုပ်ရမှာလဲ ''

ဟု မေးမြန်းလေ၏။ ဝေလုက ရယ်မော၍

'' မနက်ဖြန်ကစပြီး အဂစ်ဇားလုပ်ရမယ်၊ အဂစ်ဆိုတာ လာ၊ ဇားဆိုတာသွားလို့ အဓိပ္ပါယ်ရတယ်၊ ဆင်ကိုသွားလာပုံကို သင်ပြပေးရတာကို အဂစ်ဇားလုပ်တယ်ခေါ်တယ် ''

ဟုပြောလေရာ နောက်တစ်နေ့တွင် ဝေလုတို့သည် ဆင်နားရွက်ကို အပေါက်ဖောက်၍ ကြိုးချည်ရလေ၏။

ပြီးနောက် ဝေလုက ဆင်၏လည်ဂုတ်တွင်တက်စီးပြီးသူကြီးသားကို အနောက်မှ ထိုင်စိုင်းလေ၏။

ဆင်ယဉ်ကိုရှေ့မှ လျှောက်စေ၍ ကွေ့ကွေ့ကောက်ကောက်သွားစေ၏။ ဆင်ရိုင်းသည် ဆင်ယဉ်သွားရာနောက်သို့ တကောက်ကောက်လိုက်လေ၏။

ဝေလုက ဆင်ကို ဘယ်ကွေ့စေချင်လျှင် ဘယ်ဘက်နားအုံ၊ ညာဘက်သို့ကွေ့စေချင်လျှင် ညာဘက်နားအုံသို့ ခြေမဖြင့်ထိ၍ အသိပေးလေ၏။

အနောက်မှလိုက်သော သူကြီးသားကလည်း ဆင်နားရွက်ကို

www.burmeseclassic.com



ဖောက်ချည်ထားသောကြိုးကိုကိုင်၍ ကွေ့စေချင်သောဘက်ကို ကြိုးဆွဲပေးရလေ၏။

ဤသို့ဖြင့် တစ်ရက်ပြီးတစ်ရက်ကြာလာသောအခါ ဝေလုတို့ခိုင်းစေခြင်းကို ဆင်သည် နားလည်လာလေ၏။

အဂစ်ဇားပြုလုပ်ရာတွင်လည်း ဆင်ကို ချီးမွမ်းသည့်အနေဖြင့် သီချင်းဆိုပေးရ၏။ ဝေလုသည် ကြည်လင်ပီသသောအသံဖြင့်

*အဆာတေ×× အဆာတေ×× အဂစ်ဇား*

*လော့ဘာဘူရယ်×× အဂစ်ဇား*

ဟုသီဆို၍ လိုက်ပါလေ၏။ ဆင်အားလှည့်စေချင်လျှင် ရွှီးရွှီးဟု အော်ဟစ်၍ ရပ်စေချင်လျှင် **အောထော** ဟု အော်ဟစ်ရ၏။

ဆင်သည် တဖြည်းဖြည်းနားလည်လာလျှင် ရှေ့ကလေ့ကျင့်ပေးနေသော ဆင်ယဉ်ကို တဖြည်းဖြည်းခွာ၍ လေ့ကျင့်ရ၏။

နောက်ပိုင်းတွင် ဆင်ရိုင်းသည် တစ်ကောင်တည်း သွားလာနိုင်လာ၏။

ဝေလုက ခြေထောက်ဖြင့်ဖိကုပ်၍ ခိုင်းစေသောအခါ နားရွက်ကြိုးဆွဲထားသော သူကြီးသားကို ဆင်ပေါ်သို့ မလိုက်စေတော့ဘဲ တစ်ဦးတည်း ဆင်ကို အမောင်းကျင့်ပေးလေ၏။

သုံးပတ်ခန့်လေ့ကျင့်ပြီးသောအခါ ဆင်ရိုင်းကို ရွာထဲသို့ လှည့်လည်မောင်းနှင်ပြလေရာ ရွာသူရွာသားများသည် လွန်စွာသဘောကျလေ၏။

ရွာသူ အပျိုချောလေးများသည် အိမ်ပြင်သို့ထွက်၍ ဝေလုအားကောင်းချီးသြဘာပေးလေ၏။



သူ့ရဲကောင်းကို ဂုဏ်ပြုသည့်အနေဖြင့် ပန်းများဖြင့် ပစ်ပေါက်ကြလေ၏။

ထိုမြင်ကွင်းကိုကြည့်၍ ဘွန်အောက

"ကြည့်စမ်း ဝေလုတို့ကြီးမွားနေလိုက်တာ၊ ဆော်ဘိုင်သီချင်းဆိုပြီး ဆင်တစ်ကိုယ်လုံးကို ၁၀ ရက်လောက် ပွတ်သပ်ချော့မြူရတဲ့ ငါတို့ကိုတော့ ဘယ်သူမှ ကောင်းချီးမပေးဘူး"

ဟု မကျေမနပ်ရေရွတ်လေ၏။ ထိုနေ့ညတွင် ဝေလုက ၎င်းတို့အားလုံးကိုခေါ်၍

"ဆင်ရိုင်းက ဆင်ယဉ်ဖြစ်အောင် လေ့ကျင့်ပြီးသွားပြီ၊ ကျုပ်တို့ ခရီးကို မနက်ဖြန် ဆက်ကြမယ်"

ဟုပြောလေ၏။ ထိုအခိုက်မှာပင် ရွာသူကြီးသားအဖနှင့် ရွာ၏အကြီးအကဲများ ဝင်ရောက်လာလေ၏။ ရွာအကြီးအကဲများ၏ လက်ထဲတွင် လင်ပန်းတစ်ချပ်ပါရှိပြီး လင်ပန်းထဲတွင် ကောက်ညှင်းပေါင်းနှင့် ကြက်ကောင်လုံးကြော်နှင့် အရက်အိုးတစ်အိုးပါရှိလေ၏။

ဝေလုသည် ရွာသူကြီးသားအဖကိုမြင်သောအခါ ကြိုဆို၍ အိမ်ထဲသို့ ခေါ်သွားလေ၏။

ရွာသူကြီးနှင့် အကြီးအကဲများ အိမ်သို့ရောက်ရှိလာပုံဆန်းလှသဖြင့် မေးမြန်းလေရာ ရွာသူကြီးက ဝေလု၏ မေးခွန်းကိုမဖြေသေးဘဲ ရွာအကြီးအကဲများက ဝေလုကို ၎င်းတို့၏အရှေ့တွင် တင်ပျဉ်ခွေ ထိုင်ခိုင်းလေ၏။

ဝေလုသည် အူကြောင်ကြောင်ဖြင့် ရွာအကြီးအကဲများရှေ့ တွင် ထိုင်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ခရုသင်းမှုတ်၍ ခြံဝင်းထဲသို့ ဝင်လာသော နတ်ဆရာကိုတွေ့ရလေ၏။ နတ်ဆရာ၏လက်ထဲတွင် အဖြူရောင်ပန်းကုံးများ ပါရှိလာ၏။

နတ်ဆရာသည် တင်ပျဉ်ခွေထိုင်နေသော ဝေလုရှေ့တွင် ဒူးထောက်ထိုင်ချ၍ တစ်စုံတစ်ရာကို ရေရွတ်နေလေ၏။

ခဏအကြာတွင် ရေရွတ်ပြီးစီးသည်နှင့် ဝေလု၏ ခေါင်းပေါ်သို့ ပန်းကုံးများစွပ်ချလိုက်၏။ ထိုအချင်းအရာကိုကြည့်၍ ဂျင်မောင်မောင်က

" ရွာအကြီးအကဲက ဝေလုကို ဂုဏ်ပြုပန်းကုံးစွပ်နေပြီ "

ဟုထင်ကြေးပေးလေ၏။

နတ်ဆရာသည် ပန်းကုံးစွပ်ပြီးသောအခါ ဝေလုကို လင်ပန်းထဲရှိ ဝါးကျည်တောက်ယေမှ အရက်ကိုသောက်စေ၏။

ဝေလုက အူကြောင်ကြောင်ဖြင့် အရက်တစ်ငုံသောက်လိုက်၏။

အရက်သောက်ပြီးသောအခါ ကောက်ညှင်းပေါင်းနှင့် ကြက်သားကြော်ကိုလည်း စားစေ၏။

ဝေလုက ကောက်ညှင်းပေါင်းအနည်းငယ်နှင့် ကြက်ကြော်ကို စားလိုက်၏။

ထိုအခါ နတ်ဆရာက ခရုသင်းကိုမှုတ်၍ ဝေလု၏ခေါင်းကို လက်ဖြင့်ဖိကာ အပြီးသတ်ဆုတောင်းလေ၏။

ပြီးနောက် နတ်ဆရာပြန်သွားသောအခါ ရွာသူကြီးနှင့် ရွာအကြီးအကဲများသည် ပျော်တပြုံးပြုံးဖြစ်နေသော အမူအရာရှိလေ၏။

ဝေလုက ၎င်းတို့၏ ပြုံးဖြီးဖြီးမျက်နှာများကို ကြည့်၍

" နတ်ဆရာက ကျွန်တော်ကို ဘာလုပ်သွားတာလဲ "





ဟု မေးမြန်းလေ၏။ ထိုအခါ ရွာသူကြီးက ရယ်မော၍

" ဒီလိုပါ မိတ်ဆွေလေး၊ မိတ်ဆွေလေးဟာ ကျုပ်ရဲ့သားကို သက်စွန့်ဆံဖျား ကယ်တင်ပေးခဲ့တယ်၊ ဒါကြောင့် မိတ်ဆွေရဲ့ကျေးဇူးဟာ ကျုပ်သားအပေါ်မှာ အကြွေးတင်ပြီးဖြစ်နေပါတယ်၊ ကျုပ်တို့မျိုးနွယ်စုတွေဟာ လူဦးရေအရ အလွန်နည်းပါးနေပေမယ့် ကျေးဇူးတရားကို အလွန်သိတတ်ပါတယ်၊ ဒါကြောင့် မိတ်ဆွေရဲ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ကျုပ်ရဲ့သမီးနဲ့လက်ထပ်ထိမ်းမြားပေးတာပါ "

ဟုပြောလေရာ ဝေလုသည် ပါးစပ်အဟောင်းသားဖြစ်သွားပြီး

" ဘာ... ကျုပ်ကို လက်ထပ်ပေးတယ်၊ ကျုပ် မိန်းမယူလို့ ဘယ်ဖြစ်မလဲ၊ ဒီနေ့ပဲ ရွာက ထွက်ဖို့ပြင်ဆင်နေတာကွ၊ ကျုပ်ဘို့မှာ အလွန်အရေးကြီးတဲ့ခရီးတစ်ခုကို သွားရဦးမယ်၊ ဒီခရီးကပြန်လာရင် အသက်ရှင်မယ်၊ မရှင်ဘူးဆိုတာတောင် မပြောနိုင်ဘူး၊ ဒါကြောင့် မိန်းမယူဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး "

ဟု အကြောက်အကန်ငြင်းဆန်လေ၏။

ထိုအခါ ရွာသူကြီးက

" မိတ်ဆွေတို့ ခရီးဆက်မယ်ဆိုတာ ကျုပ်တို့သိပါတယ်၊ ဒါပေမယ့် ခရီးမဆက်မီ ကျုပ်သမီးကိုယူပါ၊ ခရီးဆက်ပြီး အသက်ရှင်ခဲ့လို့ရှိရင် ရွာကိုပြန်လာပါ၊ ဒါဆိုရင်ကျုပ်သမီးက မိတ်ဆွေအတွက် သားကောင်းရတနာလေးဖွားမြင်ပြီး ဖြစ်နေပါလိမ့်မယ် "

ဟုပြောလေရာ ဝေလုက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ကုတ်၍

" ဒုက္ခပါပဲဗျာ၊ ဦးဒီပရေ ကျုပ်တော့ ဒုက္ခရောက်နေပြီဗျို့ "



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ဂျင်းတို့နားလည်အောင် အဓိပ္ပါယ်ကို ဘာသာပြန် ပြလေ၏။ ဘွန်အောက စကားဆုံးသည်နှင့်

" ဟိုက်၊ ကောင်းလိုက်တဲ့ကံကွာ၊ မိန်းမတစ်ယောက် အလကားရဦးမယ်၊ မင်းနဲ့ငါ နေရာချင်းလဲလိုက်ချင်တယ် ဝေလုရယ် "

ဟု အားကျဟန်ဖြင့် ပြောဆိုလေ၏။ ဦးဒီပက ရယ်မော၍

" ဒါဟာ မျှော်လင့်မထားတဲ့ အခက်အခဲတစ်ခုပေါ့ကွာ၊ လောကမှာ တစ်ခါတစ်ခါ မျှော်လင့်မထားတဲ့ ရှုထောင့်တွေကနေ အခက်အခဲလေးတွေ ပေါ်လာတတ်တယ်၊ ဒီအခါမှာ ပြဿနာကို စိတ်အေးလက်အေးတုံ့ပြန်တာ အကောင်းဆုံးပဲ၊ ဒီတော့ လက်ထပ်တဲ့ကိစ္စကို မင်းကငြင်းမယ်ဆိုရင် ဘာဖြစ်မလဲမေးကြည့်လိုက် "

ဟုပြောလေ၏။ ဝေလုက ဦးဒီပ၏ မေးခွန်းအတိုင်း ရွာသူကြီးကို မေးမြန်းလိုက်သောအခါ ရွာသူကြီးက မဖြေဘဲ သူကြီးသားက ဝင်၍

" ကျုပ်တို့မျိုးနွယ်စုတွေဟာ လူဦးရေအလွန်နည်းပါတယ်၊ စုစုပေါင်းမှ ၃၀၀ ကျော်လောက်ပဲရှိတော့တယ်၊ လူဦးရေနည်းပါးပေမယ့် ကိုယ့်အမျိုးအနွယ်ရဲ့ဂုဏ်ကို အင်မတန်ထိန်းပါတယ်၊ အရှက်အကြောက်လဲ အလွန်ကြီးတယ်၊ မိတ်ဆွေက ကျုပ်ညီမကို မယူဘူးလို့ ငြင်းလိုက်ရင် ညီမဟာ သူ့ကိုယ်သူ သတ်သေမှာသေချာတယ်၊ ကျုပ်တို့မျိုးနွယ်စုတွေရဲ့ အယူအဆအရ လက်ထပ်ဖို့ ငြင်းဆန်ခံရတဲ့ မိန်းမဟာ အလွန်ရှက်ဖို့ကောင်းပါတယ် "

ဟုပြောလေရာ ဝေလုသည်

" ဒုက္ခပါပဲ "

ဟု ရေရွတ်လိုက်လေ၏။ သူကြီးသားက ဆက်လက်၍





" ကျုပ်အဖေဟာ သူကြီးဖြစ်တဲ့အတွက် နွားတွေ၊ ဆိတ်တွေ၊ ဝက်တွေ အများကြီးပိုင်ပါတယ်၊ ရွှေတွေလဲ စုဆောင်းထားတာ အများကြီးရှိပါတယ်၊ ဒါတွေဟာ ကျုပ်နဲ့ ညီမလေး နှစ်ယောက်တည်း ပိုင်ပါတယ်၊ ဒီပစ္စည်းတွေကို မိတ်ဆွေကိုလဲ ခွဲပေးမှာပါ၊ အခုဆိုရင် ဆင်နှစ်ကောင်ကိုတောင် ပိုင်ဆိုင်နေပါပြီ၊ နောက်ပြီး ကျုပ်ညီမဟာ ရွာမှာအချောဆုံးအလှဆုံးဖြစ်လို့ နတ်ဆရာကတောင်သူ့ကို နတ်သမီးလို့ အမည်ပေးထားပါတယ် "

ဟုပြောပြန်ရာ ဝေလုသည် ပိုမို၍ အံ့ကျပ်ရိုက်သွားပြီး ထိုစကားများကို ဦးဒီပတို့အား ဘာသာပြန်ပြလေ၏။

ဦးဒီပက ခေါင်းခါရမ်း၍

" ဒီပုံအတိုင်းဆိုရင်တော့ မင်းမှာ ငြင်းဆန်စရာအကြောင်း မြချက်မရှိတော့ဘူး၊ ရွာသူ မိန်းကလေးကို ယူလိုက်ပေတော့၊ နှစ်ရက်သုံးရက်လောက် ပေါင်းသင်းပြီးရင်တော့ ငါတို့ခရီးဆက်ကြမယ်၊ ငါတို့ရဲ့ခရီးကို ဒီထက်မိုပြီး ရက်ရွှေ့လို့မသင့်တော့ဘူးလို့ ငါစိတ်ထဲမှာ အလိုလိုသိနေတယ် "

ဟုပြောလေရာ ဂျင်မောင်မောင်က ဝေလု၏ ပခုံးကိုဖက်၍

" ကောင်းလိုက်တဲ့ ကုသိုလ်ကံဗျာ၊ ဒါဟာ ရှေးဘဝ အဆက်ဆက် ကောင်းမှုကုသိုလ်ရဲ့ အကျိုးကျေးဇူးတွေပဲ "

ဟု ချီးမွမ်းလေတော့၏။

ဝေလုသည် ရွာသူကြီးသားအဖနှင့် အကြီးအကဲများ၏ သန္တိုမည်သို့မျှ မငြင်းဆန်နိုင်တော့ဘဲ သူကြီးသမီးကို လက်ထပ်ယူရန် ခေါင်းညိတ်လိုက်ရလေတော့၏။

www.burmeseclassic.com



သူကြီးက ဝမ်းသာအားရဖြင့် ညနေစောင်းလျှင် မင်္ဂလာပွဲကို ကျင်းပမည်ဖြစ်ကြောင်း ပြောကာ ဝေလုတို့ထံမှ ပြန်သွားလေ၏။

~~~~~~~~~~~

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်

**ခင်မြတ်သူရ**

အမှတ် (၅)၊ အသောကလမ်း၊ ကျောက်မြောင်း၊

ရန်ကုန်သို့ လိပ်မူ၍ ရေးသားနိုင်ပါသည်။





ညနေသို့ရောက်သောအခါ ဝေလုတို့လူစုကို သူကြီးအိမ်သို့ ရွာသားအချို့က လာရောက်ခေါ်ယူလေ၏။

ဘွန်အောက ဝေလုကိုလက်ဆွဲခေါ်၍

" ကဲ… သတို့သားကြီး သွားကြပါစို့ "

ဟုပြောလေရာ ဝေလုသည် ကြောင်ငေးငေးအမူအရာနှင့် ၎င်းတို့၏နောက်သို့ လိုက်ခဲ့လေ၏။

သူကြီး၏ အိမ်ဝိုင်းထဲတွင် လူအများစုဝေးနေပြီး နှစ်ပေခန့်မြင့်သော ဝါးကွပ်ပျစ်တစ်လုံးကို ခြံ၏အလယ်တွင် တည်ဆောက်ထားကြောင်းတွေ့ရလေ၏။ သူကြီး၏လူများက ဝေလုကို အိမ်ထဲသို့ခေါ်သွားပြီး အနီရောင်ဝတ်ရုံကြီးတစ်ခုကို ကိုယ်ပေါ်တွင် လွှမ်းခြုံပေးလေ၏။



www.burmeseclassic.com
~~~~~~~~~~~

ခေါင်းတွင်လည်း အဖြူရောင် ခေါင်းပေါင်းတစ်ခုကို ခံပေါင်းပေးလေ၏။ ဂျင်မောင်မောင်က ဝေလု၏ ဝတ်စားဆင်ယင်ပုံကိုကြည့်၍

" မင်းပုံကိုကြည့်ပြီး အောက်ပြည်အောက်ရွာက နတ်ကတော်တွေကို သတိရတယ်ဟေ့၊ တစ်ပုံစံတည်းပဲ "

ဟု နောက်ပြောင်လေ၏။

ဘွန်အောက

" ဟေ့ကောင် သတို့သမီးကို မေးကြည့်လေကွာ၊ ကိုယ်နဲ့ လက်ထပ်ရမယ့် မိန်းမကို မြင်ဖူးထားရမှာပေါ့ "

ဟု မြှောက်ထိုးပင့်ကော်လုပ်လေ၏။ ဝေလုက စိတ်ရှုပ်ဟန်ဖြင့်

" မမေးချင်ပါဘူးကွာ၊ ဘယ်သူပဲဖြစ်ဖြစ်၊ သူတို့ ကျေနပ်အောင် လက်ထပ်လိုက်ပြီး ကျုပ်တို့ခရီးကို ဆက်ကြမှာပဲ "

ဟုပြောလေ၏။ ဂျင်မောင်မောင်က သူ၏ခါးကိုတို့၍

" ဒီမှာဝေလု၊ မင်း ဒီလိုလွယ်လွယ်မပြောနဲ့၊ ဒီရွာကမိန်းကလေးနဲ့ အနည်းဆုံးသုံးညလောက်အိပ်ပြီးမှ ခရီးထွက်လို့ ရမှာမဟုတ်လား၊ မိန်းမနဲ့လက်ထပ်ပြီးရင် အဲဒီမိန်းကလေးက ကိုယ့်ဇနီးဖြစ်သွားပြီး သူတို့ပြောသလို ငါတို့ခရီးကပြန်လာရင် ကလေးတွေဘာတွေတောင် မွေးနေလောက်ပြီ "

ဟုပြောလေရာ ဝေလုသည် လွန်စွာတုန်လှုပ်သွားလေ၏။ ဤရွာမှ မိန်းမပျိုနှင့် လက်ထပ်ပြီးလျှင် အဘူတူအိပ်ရပေမည်။

ဝေလုမျှော်လင့်ထားသည်မှာ သူကြီးမိသားစုကျေနပ်စေရန် ဟန်ပြလက်ထပ်ပြီး မိမိတို့ခရီးကိုဆက်ရန်ဖြစ်၏။

ယခုတော့ လက်ထပ်ရုံမကဘဲ သူစိမ်းမိန်းမတစ်ယောက်နှင့်





အတူ အိပ်ရပေဦးမည်။ ထို့ကြောင့် အထိတ်တလန့်ဖြင့်

" ဟာ... ဒီလိုတော့ မဖြစ်ဘူးနဲ့တူတယ်၊ ကျုပ်တို့က သူတို့ ကျေနပ်အောင် လက်ထပ်ပေးတာပဲ၊ အတူတူအိပ်လို့ ဘယ်ဖြစ်မလဲ၊ သူစိမ်းမိန်းမနဲ့ ယောကျ်ားဟာ အတူတူအိပ်လို့ မသင့်တော်ပါဘူး "

ဟု ငြင်းဆန်လေ၏။ ဘွန်အောက

" ဟေ့ကောင်၊ မင်းဘာအူကြောင်ကြောင်လုပ်နေတာလဲ၊ လက်ထပ်ပြီးမှ ညမအိပ်လို့ရမလားကွ "

ဟုပြောလေ၏။ ဝေလုက

" ကျုပ်က အမှန်တကယ်လက်ထပ်တာမှ မဟုတ်တာ၊ သူတို့ ကျေနပ်အောင် လက်ထပ်တာကိုလက်ခံပြီး ခရီးထွက်မှာပဲ "

ဟု ငြင်းဆန်လေရာ ဂျင်မောင်မောင်ကဝင်၍

" မင်းက အမှန်တကယ်မဟုတ်ပေမယ့် သူတို့ကအမှန်တကယ်ကွ၊ ဒါကြောင့် မအိပ်လို့မရဘူး "

ဟုပြောလေ၏။ ထိုအခိုက်မှာပင် အနီးသို့ သူကြီးသားရောက်လာသဖြင့် ဘွန်အောက

" မင်းယောက်ဖရောက်လာပြီဟေ့ "

ဟုပြောလေ၏။ သူကြီးသားက ဝေလုကိုရယ်ကျဲကျဲကြည့်၍

" ဘာတွေပြောနေကြတာလဲ၊ ဟိုမှာ ငါ့ညီမလာပြီ ကြည့်လိုက်စမ်း မလှဘူးလား "

ဟုဆိုသဖြင့် ခြံဝင်းထဲသို့ကြည့်လိုက်လေ၏။ ထိုအခါ ခြံဝင်းထဲရှိ အိမ်ငယ်တစ်လုံးမှ မိန်းမပျိုလေးယောက်ခြံရံလာသော မိန်းမချောလေးကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အရပ်အမောင်းမှာ ရှည်သွယ်မြင့်မားပြီး နို့နှစ်ရောင် အသားအရေရှိလေ၏။ မျက်ဝန်းများမှ ညှို့ဝင်အားကောင်းလှပြီး ဝေလုနှင့် မျက်လုံးချင်းဆုံအောင်ကြည့်လိုက်ရာ ဝေလုသည် ရင်ထဲတွင် ရှိန်းခနဲဖြစ်သွားလေ၏။

သူနှင့်လက်ထပ်ရမည့်မိန်းမသည် ညှို့ဝင်အားကောင်းလွန်းလှ၏။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း ထပ်မက်ဖွယ်အဆင်းရှိ၏။

ဤမျှရင်ခုန်စရာကောင်းသောမိန်းမနှင့် အတူတူအိပ်ရလျှင် သူ မည်သို့ ဖြစ်မည်မသိ။

ဝေလုက မိန်းမချောလေးကို မျက်လုံးပြူးကြည့်၍

'' ဒုက္ခပါပဲ ''

ဟု ရေရွတ်လေ၏။ ဘွန်အောနှင့် ဂျင်မောင်မောင်ကလည်း ပါးစပ်အဟောင်းသားကြည့်၍

'' အမလေး... လှလှချည်လား၊ နေရာချင်းလဲလိုက်ချင်တယ် ဝေလုရယ် ''

ဟုရေရွတ်လေ၏။ သူကြီးသားက ဝေလု၏ပခုံးကိုဖက်၍

'' ဘယ်လိုလဲ ကျုပ်ညီမက လှတယ်မဟုတ်လား ''

ဟု မေးမြန်းလေရာ ဝေလုက ခေါင်းညိတ်၍

'' လှပါတယ် ''

ဟုဖြေလေ၏။ သူကြီးသားက မျက်နှာရှုံ့ပိပိအရှက်ရှိဟန်မရှိဘဲ

'' မိတ်ဆွေလို ဖန်ဒီးတစ်ယောက်ကို ညီမပေးလိုက်ရတာ သိပ်ကျေနပ်တယ်၊ လက်ထပ်ပြီးရင် ကျုပ်ညီမက သိပ်ချောတော့ အနားကခွာနိုင်မှာတောင်မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ်၊ ကျုပ်ကိုဖန်ဒီးပညာ



သင်ပေးရမယ်၊ ကျုပ် ဖန်ဒီးသိပ်လုပ်ချင်တယ် ''

ဟု အားပေးလေ၏။ ထို့နောက်တွင်မူ ရွာသူကြီးနှင့်မိသားစု က ဝေလုအား ခြံဝင်းအလယ်ရှိ ဝါးကွပ်ပျစ်ပေါ်သို့ထိုင်စေ၏။

ဝေလုထိုင်ပြီးသောအခါ သူနှင့်လက်ထပ်ရမည့် မိန်းမလှလေး သည် ဆင်မယဉ်သာဟန်ဖြင့် လျှောက်လှမ်းလာလေ၏။ သူမသည် အနီနှင့်အနက်ဖောက်ထားသော အဖြူရောင်ထဘီနှင့် ကတ္တီပါ ကိုယ် ကြပ်အကျီအနက်ရောင်ကို ဝတ်ဆင်ထား၏။ ဖြူဆွတ်သော မွေးပွ ခြုံထည်ကို ခေါင်းတွင်ဆောင်း၍ လက်တွင် ကျောက်စိမ်းလက်စွပ် များနှင့် အလှဆင်ထား၏။

ကွပ်ပျစ်ပေါ်သို့တက်ကာနီးတွင် ဝေလုနှင့်သူမသည် ဒုတိယ အကြိမ် မျက်လုံးချင်းဆုံပြီး ဝေလု၏ရင်ထဲတွင် လှိုက်ဖိုသွားပြန်၏။

သူမသည် အနီးကပ်ကြည့်လေ ပိုမိုဆွဲဆောင်အားကော င်း လေဖြစ်၏။

သူမ၏ ကတ္တီပါကိုယ်ကြပ်အကျီသည် လည်ပင်းကို အလွန် ဟိုက်ထားသဖြင့် လှပသောရတနာကို အထင်းသားတွေ့မြင်နေရ၏။

သူမ ဝေလု၏နံဘေးတွင် ဝင်ထိုင်ပြီးသောအခါ ရွာသူရွာသား များသည် သူကြီး၏ အိမ်ဝင်းအတွင်းသို့ ရောက်ရှိလာပြီး ကောက် ညှင်းဖြင့်ပြုလုပ်ထားသော မုန့်များကို စားသောက်ကြလေ၏။

တီးဝိုင်းအဖွဲ့က ပြွေတိုပြွေရှည်များကို နာပျော်ဖွယ်ကောင်း အောင် မှုတ်လေတော့၏။ ဘွန်အောတို့လူစုသည် အထူးဧည့်သည် တော်အနေဖြင့် တောဝက်သားများနှင့် ဆန်အရက်များကိုဧည့်ခံလေ ရာ ဘွန်အောသည် ပျော်ရွှင်လွန်းသဖြင့် သီချင်းများကို အော်ဟစ်

www.burmeseclassic.com

www.burmeseclassic.com



သီဆိုလေတော့၏။

ဂျင်မောင်မောင်ကလည်း ရွာသားတစ်ဦးထံမှ ခေါနှစ်လက်ကို ငှားရမ်း၍ ခေါနှစ်လက်သိုင်းကို ကပြလေ၏။

ဝေလုမှာမူ မပျော်နိုင်ဘဲ ဤမျှချောမောလှပသော မိန်းကလေးနှင့် ရှေ့ဆက်၍ မည်သို့မည်ပုံ စခန်းသွားရမည်ကို တွေးတောနေလေ၏။

ရွာသားများသည် မင်္ဂလာပွဲစတင်သည်နှင့် ခြံရှေ့ရှိ ကွက်လပ်ကြီးတွင် မီးပုံများဖိုပြီး ဝင်ရောက်ကခုန်ကြလေ၏။

ထိုအခိုက်မှာပင် ခြံဝိုင်းအတွင်းသို့ လက်နက်ကိုယ်စီကိုင်ထားသော မုဆိုးများဝင်ရောက်လာသဖြင့် ဝေလုတို့လူစုသည် လှုပ်လှုပ်ရှရှဖြစ်သွားလေ၏။

ဦးဒီပသည် ဝေလု၏နောက်နားမှကပ်၍

" ငါတို့ရန်သူ နဂါးနက်တွေရောက်လာပြီဟေ့၊ ဒီကောင်တွေ ရွာထဲကို ဘယ်လိုရောက်လာ်လဲ မသိဘူး "

ဟု ရေရွတ်လေရာ ဝေလုက အနီးတွင်ရှိသော ရွာသားတစ်ဦးကို မျက်နှာစိမ်းများဝင်ရောက်လာခြင်းနှင့် ပတ်သက်၍ မေးမြန်းလေ၏။

ထိုအခါ ရွာသားများက ယနေ့သည် မင်္ဂလာပွဲကျင်းပသောနေ့ဖြစ်၍ မင်္ဂလာရှိသောနေ့တစ်နေ့ဖြစ်ကြောင်း၊ ထို့ကြောင့် မည်သည့်ဧည့်သည်ကိုမဆို ရွာထဲသို့ ဝင်ရောက်ခွင့်ပြုထားကြောင်း၊ မင်္ဂလာပွဲပြီးလျှင် ရွာပြင်သို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြောလေ၏။

ဦးဒီပနှင့် ဘွန်အောတို့သည် နဂါးနက်အဖွဲ့သားများ မင်္ဂလာပွဲသို့ ရောက်ရှိနေသဖြင့် အထူးသတိထားနေကြ၏။





သို့သော နဂါးနက်များသည် ရွာထဲတွင် သောင်းကျန်းဝံ့ဟန်မတူဘဲ ဦးဒီပတို့လူစုကို အကဲခတ်၍ မင်္ဂလာပွဲအပြီးတွင် ပြန်လည်ထွက်ခွာသွားလေ၏။ မင်္ဂလာပွဲကို ညဉ့်ဦးပိုင်းအချိန်ထိကျင်းပကာ ရွာသူရွာသားများ၏ ဆုမွန်ကောင်းတောင်းသံနှင့်အတူ အဆုံးသတ်လိုက်လေ၏။

မင်္ဂလာပွဲပြီးသည်နှင့်အမျှ ဝေလု၏ရင်ခုန်နှုန်းများ ပိုမိုမြန်ဆန်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးနှင့် သူကြီးကတော်ကြီးက ဝေလုကို သားယောကျ်ား တစ်ယောက် ကောက်ရသလို ခံစားရကြောင်း ပြုံးရွှင်စွာပြောဆို၍ ဝေလုနှင့် သမီးဖြစ်သူနေထိုင်ရန် အိမ်ဝိုင်းအတွင်း အသစ်ဆောက် ထားသော အိမ်ကိုပြလေ၏။

ထိုအခါမှပင် သူကြီးမိသားစုသည် ဝေလုတို့နေထိုင်ရန် အစစ အရာရာ ကြိုတင်ပြင်ဆင်ထားကြောင်း သိရလေ၏။

အိမ်သစ်ကလေးသည် သေးငယ်သော်လည်း လှပပြီး နေချင် စဖွယ်ရှိ၏။

သူကြီးမိသားစုသည် ဝေလုနှင့် သတို့သမီးအား အိမ်ပေါက်ဝ အထိ လိုက်လံပို့ဆောင်ပေးလေ၏။





ဘွန်အောတို့သည် အိမ်ကလေးကိုကြည့်ရှုရင်း သဘောကျ နေလေ၏။ အားလုံး၏ မျက်နှာပြုံးရွှင်ကြည်နူးနေသော်လည်း ဝေလု တစ်ယောက်သာ မျက်နှာ မအီမသာရှိနေလေ၏။

ထိုအခါ ဦးဒီပက ရယ်မော၍ လေသံတီးတိုးဖြင့်

“ ဘယ်လိုလဲ သတို့သားလောင်းကြီး မင်းမျက်နှာကြည့်ရတာ ခမ်းနှုတ်ဆေးစားပြီး အိမ်သာရှာမတွေ့တဲ့လူရဲ့မျက်နှာပဲ၊ ကဲ ရော၊ ခင်းကိုသနားတာနဲ့ ငါ့ရဲ့ဆေးနည်းနည်းချီးမြှင့်လိုက်မယ် ”

ဟုပြောလေရာ ဝေလုက မျက်မှောင်ကြုတ်၍

“ ဘာဆေးလဲ၊ အားတိုးဆေးတွေဘာတွေတော့ မပေးနဲ့ဗျာ၊ စိတ်ညစ်ရတဲ့အထဲ ”

ဟု ညည်းညူလေ၏။ ဦးဒီပက လေသံတီးတိုးဖြင့် ဝေလု၏ သက်ထဲသို့ လွှန်စွာသေးငယ်သော ကျောက်စိမ်းပုလင်းလေးကို ထည့် ဆေးလိုက်ပြီး

“ ဒါအိပ်ဆေးကွ၊ ဆေးသောက်ပြီး ၅ မိနစ်အတွင်း အိပ် ပျော်သွားလိမ့်မယ်၊ အရေးကြီးတာကတော့ ဆေးကို အိပ်ကာနီး ၅ မိနစ်ကျမှသောက်၊ ကြိုသောက်ထားရင် ၅ မိနစ်ပြည့်တာနဲ့ တွေ့တဲ့ နေရာမှာ အိပ်ပျော်သွားလိမ့်မယ်၊ နည်းနည်းပဲသောက်နော် ”

ဟုပြောလေရာ ဝေလုသည် ဆေးပုလင်းကို အသက်ကယ် ဆေးအလား ဝမ်းသာအားရဆုပ်ကိုင်၍

“ ကျေးဇူးပါပဲဗျာ၊ အိပ်ဆေးသာမရရင် ကျွန်တော်တော့ ဒုက္ခပါပဲ ”

ဟုပြောလေရာ ဦးဒီပက သက်ပြင်းချ၍ ဝေလုကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" မင်းရဲ့ယောကျ်ားကောင်းပီသတဲ့စိတ်ဓာတ်ကို ငါ ချီးကျူးပါတယ်ကွာ "

ဟုပြောလိုက်လေတော့၏။

ထိုအခိုက်မှာပင် ရေချိန်လွန်နေသော ဘွန်အောနှင့် ဂျင်မောင်မောင် ရောက်လာပြီး

" ဘာတွေကျိတ်ပြီး သင်ပေးနေတာလဲဗျ၊ ဝေလုရယ်၊ မင်းဘဝကို အားကျတယ်ကွာ၊ ငါတို့သာဆိုရင် မိန်းမလှလေးကိုယူပြီး တစ်သက်လုံး ဒီရွာကမခွာတော့ဘူး "

ဟုတစ်ယောက်တစ်ပေါက်ပြောဆို၍ ဦးဒီပနှင့်အတူ ထွက်ခွာသွားလေ၏။

မိန်းမလှလေးသည် အိမ်အတွင်းသို့ ရောက်ရှိနေပြီး အဝတ်အစားများကို လဲလှယ်နေဟန်ရှိ၏။ ဝေလုသည် ပုတီးများဖြင့် ခန်းဆီးပုံသဏ္ဌာန်ပြုလုပ်ထားသော အိပ်ခန်းအတွင်းသို့ ချောင်းကြည့်လိုက်သောအခါ ကြမ်းပြင်ပေါ်တွင် အဖြူရောင် သိုးမွေးထည်များကို အထပ်ထပ်ခင်းထားသော အိပ်ရာကို မြင်ရလေ၏။

အိပ်ခန်းအတွင်း၌ ခွက်ငယ်လေးများဖြင့် ဆီမီးခွက်ကလေးများကို ထွန်းညှိထား၏။ ထိုအခိုက်မှာပင် အနီးသို့ မိန်းမလှလေး ရောက်လာပြီး ဝေလု၏ ဝတ်ရုံနီကြီးကို ကူညီ၍ ချွတ်ပေးလေ၏။ သူမက ချစ်စဖွယ်ပြုံး၍

" ရှင် ကျွန်မနဲ့လက်ထပ်ရတာ သဘောကျရဲ့လား "

ဟု မေးမြန်းလေရာ ဝေလုက သက်ပြင်းချ၍ ခေါင်းညိတ်ပြလိုက်၏။ သူမက ဝေလု၏တစ်ကိုယ်လုံးကို စူးစူးစိုက်စိုက်ကြည့်၍





" ရှင်ဟာ သတ္တိအလွန်ရှိတယ်နော်၊ ကျွန်မအစ်ကိုရဲ့အသက်ကို ကယ်ခဲ့တာ တစ်ရွာလုံးက အံ့သြနေကြတယ် "

ဟု ချီးမွမ်းလေ၏။ သူမက ဆက်လက်၍

" ရှင့်ကျေးဇူးတွေကို ဆပ်တဲ့အနေနဲ့ ရှင့်ကို ကျွန်မလက်ထပ်ရမယ်လို့ အဖေတို့ကပြောတော့ ကျွန်မ အလွန်ပျော်သွားတယ်၊ ရှင့်ကို ကျွန်မသဘောကျတယ်၊ ရှင်ဟာ ဆင်ကိုသီချင်းဆိုပြီး ချော့သိပ်တာ နားထောင်လို့သိပ်ကောင်းတယ်၊ အဲဒီသီချင်းကို ကျွန်မကို ဆိုပြပါဦး "

ဟုပြောလေရာ ဝေလုသည် စိတ်မပါသဖြင့် ခေါင်းခါရမ်းလိုက်ပြီး

" နောက်တော့မှာ ကျုပ်ဆိုပြပါမယ်၊ ညဘက်ကြီးမဆိုချင်ဘူး "

ဟု ငြင်းဆန်လေ၏။ ထိုအခါ မိန်းမလှလေးက

" ဒါဆိုရင်လည်း ကျွန်မတို့အိပ်ကြမယ်လေ၊ ဆီမီးခွက်တွေ လိုက်ငြိမ်းလိုက်ဦးမယ် "

ဟုဆိုကာ အိပ်ခန်းအပြင်သို့ ထွက်ခွာသွားလေ၏။

ဝေလုသည် သူမထွက်သွားသောအခါ ကျောက်စိမ်းပုလင်းလေးကိုဖွင့်၍ အတွင်းမှ အမှုန့်များကို ကမန်းကတန်း မျိုချလိုက်လေ၏။

ဦးဒီပ၏ဆေးသည် သွေးဆေးကဲ့သို့သော အံ့ရသာရှိလေ၏။

ဝေလုသည် ဆေးသောက်ပြီးသည်နှင့် ကြမ်းပြင်ပေါ်တွင် အထပ်ထပ်စွာ ဖြန့်ခင်းထားသော သိုးမွေးမွေ့ရာဆီသို့သွားကာ လှဲလိုက်၏။

၎င်းတို့သည် ခေါင်းအုံးနှင့်အိပ်စက်သော ဓလေ့ရှိပုံမရပေ။

ထိုအခိုက်မှာပင် မိန်းမလှလေးသည် ဆင်ငယ်ဦသာဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝေလုထံ၏ အနီးသို့ တိုးကပ်လာ၏။

ဝေလုသည် ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လာလေ၏။ အိပ်ခန်းထဲရှိ ဆီမီးခွက်အလင်းရောင်အောက်တွင် သူမသည် နတ်သမီးတစ်ယောက်ကဲ့သို့ လှပနေလေ၏။ သူမက ဝေလုကိုကြည့်၍

" ရှင်ဘယ်လိုဖြစ်နေတာလဲ၊ နေမကောင်းဘူးလား "

ဟုမေးမြန်းလေ၏။ ဝေလုသည် အိပ်ဆေးအစွမ်းက ရုတ်တရက်ပြလာသဖြင့်

" ဟုတ်တယ်၊ ကျုပ် နေမကောင်းဘူး၊ အိပ်လဲ အရမ်းအိပ်ချင်နေတယ်၊ အိပ်တော့မယ် "

ဟုဆိုကာ ဝါးခနဲသမ်း၍ အိပ်ပျော်သွားလေ၏။ မိန်းမလှလေးသည် စကားပြောရင်း အိပ်ပျော်သွားသော ဝေလုကို မကျေမနပ်ကြည့်၍

" ဟင်း... ဘယ်လိုလူလဲမသိဘူး၊ လက်ထပ်တဲ့ညမှာတောင် အိပ်ပျော်သွားတယ် "

ဟုရေရွတ်ကာ ထိုနေ့ညအဖို့ အိပ်မပျော်နိုင်ဘဲ တလူးလူးတလွန့်လွန့်ဖြင့် မိုးလင်းသွားလေ၏။

နောက်တစ်နေ့နံနက် ဝေလုအိပ်ရာနိုးသောအခါ မိန်းမလှလေးသည် အငွေ့တထောင်းထောင်းထနေသော နို့ဆန်ပြုတ်ကို ဝေလုသောက်ရန် ယူလာပေးလေ၏။

ဝေလုက နို့ဆန်ပြုတ်ကို ကျိတ်မှိတ်၍သောက်နေစဉ် ဘွန်အောနှင့် ဂျင်မောင်မောင်အိမ်ရှေ့သို့ ရောက်လာပြီးလျှင်

" သတို့သားကြီး၊ အိပ်ရာကနိုးပြီလား၊ ညကအိပ်လို့ပျော်ရဲ့လား၊ ငါတို့တော့ မင်းကိုအားကျပြီး အိပ်မပျော်ဘူးမောင် "





ဟု တစ်ယောက်တစ်ပေါက် ဆူညံစွာပြောဆိုနေလေ၏။ ဝေလုက ၎င်းတို့ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" ဘာကိစ္စလဲဗျ "

ဟုမေးမြန်းလေရာ ဦးဒီပက အခေါ်လွှတ်လိုက်ကြောင်းပြောသဖြင့် ဝေလုက နို့ဆန်ပြုတ်ကိုပင် ကုန်အောင်မသောက်တော့ဘဲ ဘွန်အောတို့နှင့် လိုက်ခဲ့ရာ မိန်းမလှလေးသည် မျက်နှာညှိုးငယ်စွာဖြင့် ကျန်ရစ်ခဲ့လေ၏။ ဦးဒီပနှင့် တွေ့သောအခါ ၎င်းက

" ငါတို့ သန်ဘက်ခါ ခရီးဆက်ကြမယ်၊ ပြင်ဆင်စရာရှိတာ ကြိုတင်ပြင်ဆင်ရမယ်၊ ဒီရွာရဲ့အပြင်ဘက်မှာ ငါတို့ရဲ့ရန်သူ နဂါးနက်တွေ ရှိနေမှာသေချာတယ် "

ဟုပြောလေရာ ဝေလုက ခေါင်းညိတ်၍

" ကျုပ်ကလဲ အမြန်ဆုံး ခရီးထွက်ချင်နေတာ ဒီရွာမှာ ကြာကြာနေရင်ခက်မယ် "

ဟုပြောလေ၏။ ဦးဒီပက ရယ်မော၍

" မခက်ပါဘူးကွာ၊ မင်းကို တစ်သက်လုံးကျွေးမွေးထားမယ့် မိန်းမနဲ့ ဆွေမျိုးတွေရှိနေပြီ "

ဟု နောက်ပြောင်လေ၏။

ဝေလုသည် တောဆင်ရိုင်းကြီးထံသို့သွား၍ တစ်နေကုန် အချိန်ဖြုန်းနေပြီး ညရောက်သောအခါမှပင် အိမ်သို့ပြန်ခဲ့လေ၏။

အိမ်ပေါက်ဝတွင် မိန်းမလှလေးက ဆီးကြို၍

" ရှင့်ကိုကြည့်ရတာ ပင်ပန်းလိုက်တာ တစ်နေ့ကုန်လတော့



www.burmeseclassic.com

နားနားနေနေနေပါဦး။ ထမင်းစားချိန် ပြန်လာမယ်ထင်လို့ ကျွန်မ ဟင်းတွေချက်ပြီး စောင့်မျှော်နေခဲ့တယ် ''

ဟု ဝမ်းနည်းဟန်ဖြင့်ပြောလေရာ ဝေလုက သူမကိုကြည့်၍ စိတ်မကောင်းဖြစ်သွားမိ၏။

သူမနှင့်လက်ထပ်သောကိစ္စတွင် မည်သူက မှားယွင်းနေသည် မသိ။

အမှန်စင်စစ် မိမိ၏ဆန္ဒကို မေးမြန်းခြင်းမရှိဘဲ သမီးပေး၍ ကျေးဇူးဆပ်ရန် ပြင်ဆင်သော သူကြီးမိသားစု၏ အမှားပင်ဖြစ်လိမ့်မည်။ သို့သော် ကျေးဇူးရှင်ကို ဤကဲ့သို့ ကျေးဇူးဆပ်ရသော ဓလေ့ထုံးစံသည် ၎င်းတို့၏ ရိုးရာထုံးစံပင်ဖြစ်ပုံရ၏။

ဝေလု၏အမူအရာကိုကြည့်၍ မိန်းမလှလေးက သက်ပြင်းချ၍

'' ရှင့်ဘာတွေ စဉ်းစားနေတာလဲ၊ ရှင် ကျွန်မနဲ့နေရတာ မပျော်လို့လား ''

ဟုမေးမြန်းလေ၏။ ဝေလုက ခေါင်းခါ၍

'' ပျော်ပါတယ်၊ ဒါပေမယ့် နောင်နှစ်ရက်ကြာရင် ခရီးဆက်ရမယ်လို့ ငါ့ဆရာကပြောတယ်၊ ဒီအကြောင်းကို တွေးနေလို့ပါ ''

ဟုပြောလေ၏။ သူမသည် ဝေလု၏အဖြေကြောင့် မျက်နှာညှိုးငယ်သွားပြီး

'' ရှင့်ဆရာကလဲ ချက်ချင်းကြီး ခရီးထွက်ဖို့ပြင်တယ်နော်၊ တကယ်ဆို ကျွန်မတို့လက်ထပ်တာ ဘာမှမကြာသေးဘူး ''

ဟုပြောလေ၏။ ပြီးနောက် ကြမ်းပြင်ပေါ်တွင် မြေခွက်များဖြင့် သူမပြင်ဆင်ထားသော ထမင်းနှင့်ဟင်းများကို တွေ့ရလေ၏။



ဝေလုသည် ဗိုက်ထဲတွင် ဆာလောင်နေသဖြင့် ထမင်းဟင်းများကို ပြောင်စင်အောင် စားလိုက်လေ၏။

ထမင်းစားပြီးကာမှ သူမကိုသတိရ၍

'' မင်းစားပြီးပြီလား ''

ဟု မေးမြန်းလေရာ သူမကခေါင်းညိတ်၍

'' ကျွန်မဆာလို့ စားနှင့်ပြီးပြီ၊ ရှင် အခုလို ကျွန်မချက်တဲ့ ဟင်းတွေကို အားပါးတရ စားတာမြင်တော့ ကျွန်မသိပ်ပျော်တယ်၊ ရှင် ကျွန်မနဲ့ယူတာ မပျော်ဘူးထင်လို့ ကျွန်မ ဝမ်းနည်းနေရတယ် ''

ဟုပြောလေရာ ဝေလုက မိန်းမလှလေးကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

'' မင်းနာမည် ဘယ်လိုခေါ်သလဲ ''

ဟု စကားလမ်းကြောင်းကို လွှဲလိုက်လေ၏။ သူမက ပန်းကန်များကို ရွှေ့ပြောင်းရင်း

'' ကျွန်မကို မွေးကတည်းက သိပ်ချောသိပ်လှလို့ နတ်သမီးလို့ အမည်ပေးတယ်၊ နောက်တော့ နတ်ဆရာက နတ်သမီးလို့ပေးရင် နတ်မင်းတွေက မကြိုက်မှာစိုးတာနဲ့ နာမည်ပြောင်းခိုင်းတယ်၊ နောက်တော့ မင်းသမီးလို့ အမည်ပြောင်းလိုက်တယ် ''

ဟုပြောလေရာ ဝေလုက သူမ၏ချောမောလှပသော မျက်နှာကိုကြည့်၍

'' နာမည်နဲ့လူ လိုက်ဖက်ညီပါပေတယ် ''

ဟု ချီးမွမ်းမိလေ၏။

သူမက ဝေလု၏အနီးတွင် ထိုင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" ရှင်တို့ ခရီးထွက်မယ့် အကြောင်းကိုပြောပြပါ "

ဟု မေးမြန်းလေ၏။

ဝေလုသည် သူမကို ကွယ်ဝှက်ထားချင်စိတ် မရှိသောကြောင့် ဦးဒီပ၏ ထူးဆန်းသော ရည်ရွယ်ချက်အကြောင်းကို ပြောပြလိုက်ရင်း

" ငါတို့အဖြစ်ဟာ စိတ်ကူးယဉ်ဆန်လွန်းပါတယ်၊ မော်ဆရာမကြီးရဲ့ ရေခွက်ထဲမှာ မြင်ရတဲ့ ပုံရိပ်သဏ္ဍာန်တွေကို အဟုတ်ထင်ပြီး လိုက်ရှာနေကြတယ် "

ဟုပြောလေရာ သူမက တအံ့တသြနှားထောင်ရင်း

" ရှင်တို့ဟာ စိတ်ကူးယဉ်တာမဟုတ်ဘူး၊ အဲဒါတွေဟာ တကယ်ရှိတယ် "

ဟု အထိတ်တလန့်ပြောလေ၏။

သူမ၏စကားကြောင့် ဝေလုက မျက်လုံးပြူးသွားပြီး

" ဟင်... ဒါတွေဟာ တကယ်ရှိတယ် ဟုတ်လား၊ မင်းဘယ်လိုလုပ်သိသလဲ "

ဟု မေးမြန်းလေ၏၊ သူမက စိတ်လှုပ်ရှားစွာဖြင့်

" ကျွန်မတို့ ဒေသမှာရှိတဲ့ လူကြီးသူမတွေဟာ သူ့အကြောင်းကို ပုံပြင်ဒဏ္ဍာရီလို ပြောလေ့ရှိတယ်၊ အသက်သိပ်ရှည်တယ်၊ အသက်အရွယ်ကြီးရင့်သွားရင်လဲ မကြာမီ ပြန်ပြီးနုပျိုသွားလေ့ရှိတယ်လို့ ဆိုတယ်၊ ကျွန်မတို့ အဘိုးအဘွားတွေတောင် သူ့အကြောင်းကို ဒဏ္ဍာရီလိုပြောဆိုကြတယ်၊ သူဟာ ဆင်တွေကို နိုင်နင်းပြီး အုပ်ချုပ်တယ်လို့ ပြောတာကြားဖူးတယ်၊ သူ့ကို ဆင်စွယ်နန်းရှင်လို့ ခေါ်လေ့ရှိတယ် "





ဟုပြောလေရာ ဝေလုက တအံ့တသြဖြင့်

" သူ့နာမည် ဆင်စွယ်နန်းရှင်တဲ့လား "

ဟု ရေရွတ်လေ၏။ သူမက ခေါင်းညိတ်၍

" သူဟာ လူသူမရောက်နိုင်အောင် ဝေးလံတဲ့ တောင်ကြားမှာ ဆင်တွေကို အုပ်ချုပ်ပြီးနေတယ်တဲ့၊ အလွန်ချောမောလှပပြီး တန်ခိုးရှိတယ်တဲ့ "

ဟုပြောလေ၏။ ဝေလုက ထိုင်ရာမှ ဝုန်းခနဲထ၍

" ဒီအကြောင်းတွေကို ငါ့ဆရာကိုသွားပြောရင် သူသိပ်ဝမ်းသာမယ်၊ ဒီတော့ သူ့တို့ဆီကို အမြန်ဆုံးသွားပြောရမယ် "

ဟုဆိုကာ အိမ်ထဲမှ အပြေးထွက်ခဲ့လေတော့၏။

ဦးဒီပတို့ လှုစုထံသို့ရောက်သောအခါ ဆင်စွယ်နန်းရှင်ဆိုသော မိန်းမ၏အကြောင်းကို ပြောပြလိုက်လေ၏။ ဦးဒီပက အားတက်သရောဖြင့်

" ငါ့ရဲ့အိပ်မက်ဟာ တကယ်မှန်နေပြီပေါ့၊ ထူးထူးဆန်းဆန်းတွေ တွေ့ဆုံနေချင်တဲ့ ငါတို့အတွက် ဒါဟာ လမ်းစတစ်ခုပဲ၊ မနက်ဖြန် ဒီအကြောင်းတွေကို သူကြီးဆီမှာ ဆက်စုံစမ်းကြည့်ပါ "

ဟုပြောလေ၏။

ဝေလုသည် ထိုညကလည်း မိန်းမလှလေး၏ မာယာညှို့ကွင်းမှ အလွတ်ရုန်း၍ အိပ်ဆေးအနည်းငယ်ကိုသောက်ကာ အိပ်ပျော်သွားခဲ့၏။

မိန်းမလှလေးသည် ဝေလုကို မကျေမနပ်ကြည့်၍ ဝေခွဲမရသောအတွေးများဖြင့် မနက်မိုးလင်းကာနီးမှ အိပ်ပျော်သွားလေ၏။

www.burmeseclassic.com



နောက်တစ်နေ့တွင် ဝေလုသည် သူ၏ယောက္ခမဖြစ်သူ သူကြီးထံသို့သွား၍ ဆင်စွယ်နန်းရှင်ဆိုသော မိန်းမနှင့်ပတ်သက်၍ မေးမြန်းလေရာ သူကြီးက အံ့သြဟန်ဖြင့်ကြည့်၍

" မင်းတို့ ခရီးထွက်မယ်ဆိုတာ ဆင်စွယ်နန်းရှင်နဲ့တွေ့ဖို့လား။ သူ့ကိုတွေ့ဖို့ကမလွယ်ပါဘူး။ ခရီးလမ်းက အလွန်ကြမ်းတမ်းတယ်၊ နောက်ပြီးသူဟာ ရိုးရိုးလူသားတစ်ယောက်မှမဟုတ်တာ၊ တန်ခိုးရှင်တစ်ယောက်ပဲ၊ ဆင်တွေကို လိုသလို ထိန်းချုပ်နိုင်တယ်၊ နှစ်တွေအများကြီး ပြောင်းပေမယ့် အသက်ကြီးမသွားဘူး။ သူ့အသက်အရွယ်က နုပျိုတုန်းပဲ၊ နောက်ပြီး သူဟာ လူတွေနဲ့အတွေ့မခံဘူး။ ဒါကြောင့် ဒီခရီးကိုမထွက်ဖို့ပြောချင်တယ် "

ဟုပြောလေရာ ဝေလုက သက်ပြင်းချ၍

" ဒါဟာ ကျွန်တော့်ဆန္ဒမဟုတ်ပါဘူး။ ကျွန်တော့်ဆရာရဲ့ဆန္ဒပါ၊ ဒါကြောင့် သူ့ကိုတားဆီးဖို့မဖြစ်နိုင်ပါဘူး "

ဟုပြောလေ၏။ သူကြီးသည် ဝေလု၏စကားကြောင့် မည်သည့်စကားကိုမျှမဆိုတော့ဘဲ ရွာသို့အမြန်ဆုံးပြန်လာရန်သာမှာ ကြားပြီး ဂိုအပ်သောရိက္ခာများကို စုဆောင်းပေးလေ၏။

ထိုနေ့နေ့လယ်တွင် မိန်းမလှလေး၏ဆန္ဒအရ နတ်ဆရာနီပါထံတွင် သွားရောက်၍ ခရီးလမ်းတွင် အန္တရာယ်များကိုရှောင်ကွင်းပြီး ဝေလု ပြန်လည်ရောက်နိုင်၊ မရောက်နိုင် နတ်ဆရာကိုမေးမြန်းလေ၏။

နတ်ဆရာက သေးငယ်သောကျောက်တုံးလေးများကို ဖိုဒီ စုပုံရှေ့လျှားပြီး

" အန္တရာယ်တွေ အများကြီးတွေ့မယ်၊ ဒါပေမယ့် သင်ပြန်





ရောက်လာပြီး မင်းသမီးနဲ့ပေါင်းဖက်ရမယ် "

ဟုပြောလေရာ မိန်းမလှလေးသည် ပျော်ရွှင်သွားဟန်ဖြင့် မျက်နှာဝင်းလက်သွားလေ၏။ သူမက လေသံရွှင်ရွှင်ဖြင့်

" ဒါဆိုရင်တော့ ကျွန်မစိတ်ချသွားပြီ၊ နတ်ဆရာရဲ့ဗေဒင်က ဘယ်တော့မှ မမှားဘူး "

ဟုပြောလေ၏။ ဝေလုသည် မိန်းမလှ၏ ပျော်ရွှင်မြူးတူးနေသော အမူအရာကိုကြည့်၍ မိမိနှင့်ပတ်သက်၍ အလေးအနက်ထားသော သူမ၏ စိတ်သဘောထားကို ရိပ်စားမိလိုက်၏။

ထိုခန့်က သူမက ဆင်ရိုင်းကြီးထံသို့မသွားရန် အကြိမ်ကြိမ် တောင်းပန်သဖြင့် ဝေလုသည် သူမနှင့်တစ်နေကုန်နေခဲ့၏။

ထိုအခါ သူမသည် အလွန်ပျော်ရွှင်နေပြီး ဝေလုအား ကောက်ညှင်းဖြင့် ပြုလုပ်ထားသော ရိုးရာမုန့်အမျိုးမျိုးကို ပြုလုပ်၍ ကျွေးမွေးလေ၏။ ဝေလုသည် ထိုမုန့်များကို မနှစ်သက်သော်လည်း စိတ်အားထက်သန်နေသောသူမကို အားနာသလိုရှိ၍ ကောင်းမွန်ကြောင်း ပြောလေ၏။

ထိုအခါ သူမသည် ပိုမိုစိတ်အားထက်သန်စွာဖြင့် မုန့်များကို ပြုလုပ်ကျွေးမွေးလေ၏။

ညနေသို့ရောက်သောအခါ ဝေလုသည် ဦးဒီပတို့ထံသို့ ရောက်ခဲ့လေ၏။ ဦးဒီပနှင့် ဘွန်အောတို့သည် ခရီးထွက်ရန် စိတ်အားထက်သန်နေလေ၏။

ဝေလုသည် ဦးဒီပတို့ကိုခေါ်ယူကာ သူကြီးနှင့် သက်ကြီးဝါကြီးများထံတွင် ဆင်စွယ်နန်းရှင်မိန်းမနှင့်ပတ်သက် မေးမြန်းခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့အားလုံးက ဆင်စွယ်နန်းရှင်သည် မြောက်စွန်းဒေသ လူသူအရောက်အပေါက်နည်းပါးသော အရပ်ဒေသတွင်ရှိပြီး တန်ခိုးရှင်တစ်ဦးဖြစ်မည်ဟု ထင်မြင်ယူဆကြလေ၏။

ရွာသူရွာသားများသည် မြောက်စွန်းဒေသရှိ လျှို့ဝှက်သော တန်ခိုးရှင်မထံသို့ ငင်းတို့လူစုသွားမည်ဆိုသဖြင့် အံ့သြနေဟန်ရှိ၏။

ရွာသူကြီးသည် ငင်းတို့လူစုအား မသွားရန်အကြိမ်ကြိမ် တားမြစ်ကြလေ၏။

ဝေလုသည် ထိုနေ့ည အိမ်သို့ပြန်ရောက်သောအခါ သူမကို အိမ်တံခါးဝတွင် တိတ်ဆိတ်စွာ ထိုင်စောင့်နေကြောင်းတွေ့ရ၏။

ဆီမီးခွက်များ၏ အလင်းရောင်ဖြင့် သူမကိုကြည့်လိုက်ရာရှည်လျားသော ဆံပင်များကို ဖားလျားချထားပြီး မျက်နှာညှိုးငယ်စွာ ထိုင်နေရှာ၏။ ဝေလုက သူမကိုကြည့်၍

" မင်းနေမကောင်းဘူးလား "

ဟု မေးမြန်းလေရာ သူမက ဝေလုကို တွေတွေကြီး စိုက်ကြည့်ရင်း ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ကာ မည်သည့်စကားကိုမျှ မဆိုဘဲနေလေ၏။

ဝေလုက ရင်ထဲတွင် မောလျသလိုဖြစ်လာပြီး သူမ၏ဆံစများကို အခိုပွါယ်မဲ့ ပွတ်သပ်နေ၏။

ထိုမိန်းမကို သူ သံယောဇဉ်တွယ်နေသလားမသိ။

ခွဲခွာရတော့မည်ဆိုသောအခါ ရင်ထဲတွင် မွန်းကြပ်လာသယောင် ခံစားရ၏။

သူမနှင့်နှစ်ယောက်တွဲ၍ အိပ်ခန်းထဲသို့ ဝင်ခဲ့လေ၏။ ဝေ



သည် နောက်ဆုံးကျန်နေသော အိပ်ဆေးကိုသောက်ရန် သူမအလစ်ကို စောင့်နေလေ၏။ သူမက ဝေလုကို မျက်လုံးချင်းဆုံအောင်ကြည့်၍

" ဒီနေ့ ရှင်နဲ့ ကျွန်မရဲ့ အတူတူအိပ်ရတဲ့ နောက်ဆုံးညပဲ"

ဟုတီးတိုးပြောလေ၏။ သူမ၏စကားသံသည် ဝေလု၏နားထဲတွင် ပဲ့တင်ထပ်နေသယောင် ခံစားရ၏။

ထို့နောက် သူမက ဝေလုအနီးမှ ထရပ်လိုက်ပြီး

" ကျွန်မ ဆီမီးခွက်တွေ သွားမှုတ်လိုက်ဦးမယ် "

ဟုပြောလေ၏။ ဝေလုသည် သူမထွက်သွားသောအခါ အိပ်ရာနောက်တွင်ရှိသော အိပ်ဆေးပုလင်းလေးကို လက်လှမ်းလိုက်၏။ ကျောက်စိမ်းပုလင်းထဲတွင် ဝေ့းဆေးမှုန့်များ အနည်းငယ်သာရှိတော့၏။

သူသည် ကျောက်စိမ်းပုလင်းကို လှုပ်ခါလိုက်ပြီး ပါးစပ်ဟကာ ဝေ့းဆေးများကို လောင်းထည့်ရန် ကြံစည်လိုက်၏။

ထိုအခိုက်မှာပင် သူမအနောက်မှရောက်လာပြီး ကျောက်စိမ်းပုလင်းလေးကို ဆတ်ခနဲလုကာ အမှန်းထောင့်သို့ လွှင့်ပစ်လိုက်ပြီး

" ကျွန်မဟာ ရှင့်ရဲ့ တရားဝင်မိန်းမပါ။ ရှင်နဲ့ ကျွန်မကြားမှာ အိပ်ဆေးပုလင်း မလိုပါဘူး "

ဟုတီးတိုးပြောကာ ရင်ခွင်ထဲသို့ တိုးဝင်လာလေ၏။

www.burmeseclassic.com

[illegible]

ဝေလုံသည်ညီ နောက်တစ်နေ့နံနက် အိပ်ရာနိုးသော်အခါ အနီး
တွင် အိပ်ပျော်နေသော သူမကိုကြည့်၍ [illegible]
[illegible] သူမနှင့် [illegible]
လိုက်ရှိ [illegible]
[illegible] ရှာ [illegible] ပျော်ရွှင်ဖွယ်ကောင်း
သော ဆင်ဖမ်းသမားတစ်ယောက်၏ဘဝကို စိတ်ကူးယဉ်ကြည့်မိ [illegible]

ထိုအခါ [illegible] ပျော်ရွှင်ဖွယ်အတိ ဖြစ်နေ၏။

ကျယ်ဝန်းသော ... မြေပြန့်လွင်ပြင်တွင် ဆင်ယဉ်ကြီးတစ်ကောင်
ကို သူမနှင့်အတူစီး၍ လှည့်လည်သွားလာကြမည်။

သူမ၏ဆံပင်များလေထဲတွင် တလူလူလွင့်နေပြီး သူ၏ရင်ခွင်
ထဲတွင် သူမရှိနေမည်။





ထိုအခိုက်မှာပင် သူမ အိပ်ရာမှနိုးလာပြီး ဝေလုံကို မျက်
တောင်မခတ်တန်းကြည့်၍

" ရှင်တို့ ဒီနေ့သွားတော့မယ်နော်၊ အန္တရာယ်ကို ဂရုစိုက်ပါ၊
ဘယ်လို အန္တရာယ်တွေပဲကြုံကြုံ ရှင်စာစ်နေ့ ရွာကိုပြန်လာမယ်ဆို တာ
ကျွန်မယုံတယ်၊ နတ်ဆရာရဲ့စကားဟာ အမြဲမှန်လေ့ရှိတယ်၊ ရှင်အခုပဲ
ကျွန်မ်ရှေ့က ထွက်သွားပါတော့၊ ရှင့်ကို ကျွန်မ လိုက်မပို့နိုင်ဘူး၊
ကျော်ခိုင်းထွက်ခွာသွားတဲ့ ရှင့်နောက်ကျောကိုကြည့်ပြီး ကျွန်မ
မျက်ရည်မကျချင်ဘူး

ဟုပြောလေရာ ဝေလုံသည် ရင်ထဲတွင် ဆို့နင့်သယောင်ခံ
စားလိုက်ရ၏။ ထို့ကြောင့် သူမကို ရင်ခွင်ထဲသို့ ပွေ့ဖက်လိုက်ရင်း

" စိတ်ချပါ၊ ကျုပ်ပြန်လာပါမယ်၊ ဘေးမသီရန်မခဘဲ ရွာကို
အရောက်ပြန်လာခဲ့ပါမယ်၊ ကျုပ်တို့ပြန်ဆုံတဲ့အခါ ပျော်စရာကောင်းတဲ့
ဘဝဖြစ်မှာပါ

ဟုပြောရင်း သူမကိုနှုတ်ဆက်၍ ထွက်ခွာလာခဲ့လေ၏။ ဦးဒိပ
တို့လူစုသည် ခရီးထွက်ရန် အသင့်ဖြစ်နေကြောင်းတွေ့ရ၏။

ဦးဒိပတို့သည် သူကြီးနှင့် ရွာအကြီးအကဲများကို လိုက်လံ
နှုတ်ဆက်လေ၏။

သူကြီးက ခရီးလမ်းဝန်းသာယာဖြောင့်ဖြူးစေရန် ဆုမွန်
ကောင်းများ ပို့သလိုက်လေ၏။

ပြီးနောက် ဝေလုကို သူ၏အနီးသို့ခေါ်ကာ အဖြူရောင်
ကျောက်တုံးလေးတစ်တုံးကို လက်ထဲသို့ထည့်ကာ

" ဒီကျောက်တုံးလေးဟာ ကံကောင်းတဲ့အဆောင်ပါ၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ မျိုးရိုးစဉ်ဆက် ဒီကျောက်တုံးလေးကို ထိန်းသိမ်းခဲ့ကြတယ်၊ အန္တရာယ်တွေနဲ့ကြုံရင် ကျောက်တုံးလေးက သင့်ကို ကယ်တင်ပေးပါလိမ့်မယ်၊ ရွာကို အမြန်ဆုံးပြန်နိုင်အောင်လဲ ကြိုးစားပါ ''

ဟုဆိုလေရာ ဝေလုက အမြန်ဆုံးပြန်မည့်အကြောင်း ကတိပြုလိုက်လေ၏။

ထို့နောက်တွင်မူ ရွာကလေးမှ ထွက်ခဲ့လေတော့၏။ ရွာသူရွာသားများသည် ဝေလုတို့လူစုကို တိတ်ဆိတ်စွာကြည့်ရှု၍ ကျန်နေခဲ့လေ၏။ ဝေလုသည် ရွာဦးကျောင်းကြီး၏ အမြောက်ဘက်သို့ ရောက်သောအခါ ရွာကလေးကို တစ်ချက်ဝှဲ့စောင်းကြည့်လိုက်၏။

လွန်ခဲ့သော တစ်လခန့်က ရွာကလေးကို လူမျိုးတဝနှင့် ဝင်ရောက်ခဲ့၏။

ယခုတော့ မမျှော်လင့်တဲ့ အိမ်ထောင်သည်ဖြစ်ခဲ့ပေပြီ။

ဦးဒီပသည် ရွာပြင်သို့ရောက်သည်နှင့် လက်နက်များကို ထုတ်၍ အဆင်သင့်ပြင်ထားလိုက်၏။

'' နဂါးနက်တွေ ငြိမ်နေတာကြာပြီကွ၊ ဒီကောင်တွေဟာ အငြိုးအတေးကြီးတယ်၊ ငါတို့ရဲ့ရန်သူက လက်တစ်ကမ်းမှာ ရှိနေနိုင်တယ် ''

ဟုပြောလေ၏။ ဝေလုတို့သည် မြန်မာပြည်မြောက်ပိုင်းဒေသသို့ တရွေ့ရွေ့ ခရီးဆက်ခဲ့လေ၏။

လမ်းတစ်လျှောက်တွင် တောင်ဇလပ်ပန်းပင်များ၊ နမရင်းဆေးမြစ်များ၊ ခန်းတောက်ဆေးပင်များကို တွေ့ရှိရလေ၏။

ဦးဒီပသည် နမရင်းဆေးမြစ်အချို့ကို တူးဖော်ယူရင်း





'' ဒီဆေးမြစ်တွေကို တရုတ်တွေ သိပ်သဘောကျတယ်၊ တွေ့အားတိုးဆေးအမျိုးမျိုး ဖော်လေ့ရှိတယ် ''

ဟုပြောလေ၏။

ဝေလုတို့သည် လွန်စွာကြည်လင်သော နန်းတီးချောင်းကို ဖြတ်သန်းရလေ၏။ ထိုအရပ်ရှိရေမှာ ကြည်လင်လွန်းသဖြင့် ဘွန်အောက တအံ့တသြကြည့်ကာ

'' ရေကကြည်လှချည်လား၊ ရေထဲက ငါးတွေကို အတိုင်းသားမြင်နေရတယ် ''

ဟုပြောလေ၏။

ဝေလုက ခေါင်းညိတ်၍

'' တိဘက်တွေနေတဲ့ စိန်ရှူးဝမ်မြစ်ကမ်းဘက်မှာဆိုရင် တောင်ပေါ်က ရေခဲတွေအရည်ပျော်ကျပြီး ချောင်းထဲစီးဝင်လို့ ရေအောက်ကြမ်းပြင်ကို မှန်သားလို ထွင်းဖောက်ပြီး မြင်ရတယ် ''

ဟုပြောလေ၏။ နန်တီးချောင်းတစ်ဖက်သို့ ရောက်သောအခါ ဦးဒီပက မျက်မှောင်ကြုတ်၍

'' အားလုံး မြေပေါ်မှာဝပ်လိုက်ကြ ''

ဟု အမိန့်ပေးလိုက်ရာ ဝေလုတို့မြေပေါ်တွင် ဝပ်လိုက်သည်နှင့် သေနတ်သံများကြားရလေ၏။

၎င်းတို့၏ အနီးပတ်ဝန်းကျင်တွင် ကျည်ဆန်များ လာရောက်ထိမှန်၏။

ဦးဒီပက

'' ဒီကောင်တွေ ချောင်းတစ်ဖက်က တောင်ကုန်းပေါ်မှာရှိ

www.burmeseclassic.com

ရွာထဲက ''

ဟုဆိုကာ ရှိင်ဖယ်သေနတ်ပြောင်းရှိန်၍ ပြန်ထည့်လိုက်လေတော့၏။

ဂျင်မောင်မောင်နှင့် ဘွန်အောကလည်း အသေနတ်ကိုယ်စီဖြင့် ပစ်ခတ်ကြ၏။

ရွာလယ်သို့ သေနတ်နှင့် ချုံနှင့်ထဲမှ သိုက်ထဲကို ကွယ်၍ ကြည့်ရှုနေမိ၏။

ဂျင်မောင်မောင်သည် ရန်သူများရှိရာသို့ မျက်ရှုရဲဆန့်စွာဖြင့် မျက်တောင်မခတ်ပဲ သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်ခတ်လေ၏။ ဘွန်အောက စိုးရိမ်တကြီး

'' ဟော့လူ၊ အတင့်မရဲနဲ့ ''

ဟု အော်ပြောလိုက်၏။ ထိုအခါ ရန်သူများက ဂျင်မောင်မောင်သည် ရန်သူကို ဘယ်လိုမျှ မကြောက်ရွံ့ဘဲ ပစ်ခတ်နေသော ဂျင်မောင်မောင်သည် ရန်သူ၏ ကျည်ဆံ ထိမှန်ပြီး မြေပေါ်သို့ လဲကျသွားလေ၏။

ဝေလုနှင့် ဘွန်အောသည် စိုးရိမ်တကြီး ပြေးလာကြပြီး

'' ဂျင်မောင်မောင်ကြီး ထိသွားပြီ ''

ဟု အော်ဟစ်လိုက်ကြလေ၏။

သို့သော် ဦးဒီပက ရန်သူကိုမဲ၍ ပစ်ခတ်နေရာမှ လှည့်၍ ကြည့်ပြီး

'' သေစမ်းပါစေကွာ၊ ဒီလိုကောင်မျိုး ၁၀ ကြိမ်သေလည်း မနည်းဘူး ''

ဟု ပြောလေရာ အားလုံးက ဒေါသအကြီးဖြင့်

''ဦးဒီပ ဘာတွေ ပြောနေတာလဲ၊ ကျုပ်တို့ရဲ့ခေါင်းဆောင် ရဲဘော်အချင်းချင်း ဒီလိုသဘောထားရလား ''

ဟု ဘွန်အောက ပြောလိုက်လေ၏။ ထိုအချိန်မှာပင် ရန်သူတို့က ဆက်ပြီး ပစ်ခတ်လာပြန်ရာ ဝေလုနှင့် ဘွန်အောတို့သည် ပစ်ခတ်နေရာမှ ဂျင်မောင်မောင်ထံ ပြေးလာကာ ဂျင်မောင်မောင်ကို ဆွဲကာ ပုန်းခိုလိုက်ကြလေ၏။ ဘွန်အောနှင့် ဝေလုက ဝမ်းသာအားရဖြင့်

'' မောင်မောင် မသေဘူး၊ ခန္ဓာကိုယ်တွင် ဒဏ်ရာ ရသွားတယ် ''

ဟုပြောဆိုလေရာ ဂျင်မောင်မောင်က တဟီးဟီးရယ်မော၍ လက်သီးဆုပ်ကာ

'' ငါမသေသေးဘူး၊ ရော့ကွာ တစ်ချက် ''

ဟု ကြုံးဝါးလေ၏။ ဝေလုနှင့်ဘွန်အောသည် ဂျင်မောင်မောင်၏ ခန္ဓာကိုယ်တွင် ဒဏ်ရာမတွေ့ရသဖြင့် အံ့သြနေစဉ် ဂျင်မောင်မောင်က

'' ဒီမှာကြည့် ငါ့ရင်ဘတ်က လက်ဖွဲ့ကျောက်ကို ကျည်ဆံ ထိမှန်ပြီး ပျက်သွားတာ ''

ဟုပြောလေ၏။ ထိုအခါ ဦးဒီပက မျက်နှာ ဆိုးဆိုးဖြင့် ဂျင်မောင်မောင်၏ သွေးစက်တို့ကို ကြည့်ကာ

'' ဒီကောင် လက်ဖွဲ့ကျောက်ကြောင့် မသေတာ၊ စိုးရိမ်လိုက်ရတာ ''

ဟု ပြောလိုက်လေ၏။

ရန်သူများသည် နောက်ဆုတ်သွားကြသည်ကို တွေ့ကြရပြီးနောက်

www.burmeseclassic.com



အကာအကွယ်ပြုကာ ဝေလုတို့ကို အပေါ်စီးမှဖိပစ်နေ၏။ ဦးဒီပက သက်ပြင်းချ၍

" ဒီကောင်တွေဟာ အပေါ်စီးကနေဖိပစ်နေတော့ ငါတို့ အတွက်ခက်နေတယ်၊ သူတို့ကို တောင်ကုန်းအနောက်က မတ်တက်ပြီး တိုက်ခိုက်မှရမယ်၊ မင်းတို့သုံးယောက်ထဲက ရန်သူကိုဖြိုခွင်းဖို့ ဘယ်သူသွားမလဲ "

ဟုပြောလေရာ ဝေလုက တောင်ကုန်းကြီး၏အနေအထားကိုကြည့်၍

" ကျုပ်သွားမယ် "

ဟုပြောလိုက်လေ၏။ ဦးဒီပက ခေါင်းညိတ်၍

" ကောင်းပြီ၊ တောင်ကုန်းပေါ်ရောက်တာနဲ့ ရန်သူသုံးယောက်နဲ့တွေ့လိမ့်မယ်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့သာ ရှင်းလိုက်ပေတော့ "

ဟုပြောလေ၏။ ဝေလုသည် ဦးဒီပတို့အယောင်ပြ၍တိုက်ခိုက်နေစဉ် တောင်ကုန်းကြီးအနောက်သို့ ပုန်းလျှိုးကွယ်လျှိုးဖြင့် တရွေ့ရွေ့သွားလေ၏။ တောင်ကုန်းအနောက်သို့ရောက်သောအခါ တောင်နံရံတွင်တွယ်ကပ်၍ပေါက်နေသော သစ်ပင်များကိုတွေ့ရသဖြင့် တောင်ကုန်းပေါ်သို့ လွယ်ကူစွာတက်ရောက်နိုင်လေ၏။

သူသည် ကျွမ်းကျင်သောကြာပွတ်သမားတစ်ယောက်ဖြစ်သဖြင့် တောင်နံရံတွင် တွယ်ကပ်ပေါက်နေသောသစ်ပင်ကို ကြာပွတ်ဖြင့် ခိုတွယ်၍ တက်လိုက်ပြီး သစ်ပင်တစ်ပင်မှတစ်ပင် လွယ်ကူစွာ ကူးပြောင်းသွားရာ တောင်ပေါ်သို့ရောက်သွားလေ၏။





ဝေလုသည် တောင်ပေါ်သို့ရောက်သောအခါ တောင်ကုန်းအစပ်တွင် ကျောပေး၍ပစ်ခတ်နေသော ရန်သူသုံးယောက်ကို တွေ့ရလေ၏။ ဝေလုသည် ရန်သူများ၏အနီးသို့ တိုးကပ်သွားပြီး ဆူးများပါသော ကြာပွတ်ဖြင့်ရွှမ်းခနဲရိုက်လိုက်ရာ ရန်သူများသည် အားခနဲ အော်ဟစ်၍ မြေပေါ်တွင် လူးလိမ့်သွားလေ၏။

ဝေလုသည် သေနတ်သမားတစ်ယောက်၏ပေါင်ကြားသို့ ခြေဖြင့်တအားဆောင့်ကန်၍ ကျန်သူတစ်ဦးအား လက်သီးဖြင့်ထိုးလိုက်ရာ ရန်သူနှစ်ဦးလဲကျသွားလေ၏။

ကျန်သူတစ်ဦးသည် ဝေလုအား သေနတ်ဖြင့်ပစ်ရန်ကြိုးစားလေရာ ဝေလုက သေနတ်ကိုင်လက်ကို ကြာပွတ်ဖြင့်ရွှမ်းခနဲရိုက်၍ ဆောင့်ဆွဲလိုက်ရာ သေနတ်သည် လေထဲတွင်လွင့်ပျံ၍ ဝေလုလက်ကို ရောက်သွားလေ၏။

ထိုသူသည် သေနတ်လက်ထဲမှ ဆုံးရှုံးသွားသောအခါ ထိတ်လန့်တကြားဖြင့်လက်မြှောက်လေ၏။

ဝေလုက ရန်သူများ၏သေနတ်ကို သိမ်းဆည်းလိုက်ပြီး ထိုသူ၏ခေါင်းကို သေနတ်ဒင်ဖြင့်ထုလိုက်ရာ ထိုသူမေ့မြောသွားလေ၏။ ထိုအခါမှပင် ဦးဒီပတို့လူစု တောင်ပေါ်သို့ရောက်ရှိလာပြီး မေ့မြောနေသူများကိုကြည့်၍ ဦးဒီပက

" မင်းမဆိုးပါဘူး၊ သွေးထွက်သံယိုမရှိဘဲနဲ့ ဒီကောင်တွေကို မြေပေါ်လှဲသိပ်နိုင်တယ် "

ဟုချီးမွမ်းလေရာ ဝေလုက

" မလိုအပ်ဘဲ သူတစ်ပါးအသက်ကို ကျွန်တော်မသတ်ချင်

www.burmeseclassic.com



ပါဘူးဗျာ

ဟုပြောလိုက်လေတော့၏။ ဦးဘိုက ရန်သူများ၏လက်နက်များကို သိမ်းဆည်းလိုက်ပြီး

"ဒီကောင်တွေမှာ လက်နက်မရှိရင် ကြောက်စရာမလိုဘူးကွာ"

ဟုပြောကာ မမှုမခြောက်နေသောရန်သူများကို ထားခဲ့ပြီး ခင်းလင်းမြို့နံ၏ ရုပ်တို့သည် မိမိ မြဲ(ဂဝ) ကျော်မြင့်သော နိုင်ငံ့တောင်ကြီးကို တက်ခဲ့လေ၏။ တောင်၏အမြင့်ပိုင်းသို့ရောက်သောအခါ မြင်မြင်ခြင်း တောင်းကင်ရှိ တိမ်တိုက်များ ခေါင်ပေါ်တို့ရှေ့တွင် ရုပ်ဆိုင်းနေလေ၏။

ဘွန်အော်သည် တိမ်မျှင်ထဲသို့ ပျော်ရွှင်စွာတိုးဝင်၍ အပြေးလွှား ဆော့ကစားလေရာ ကမန်းကတန်းလိုက်၍ ဖမ်းလိုက်ပြီး

"ဟော့လူ ... ကလေးတွေလိုဆော့မနေနဲ့၊ တိမ်တွေနဲ့ဖုံးနေလို့ လမ်းကိုကောင်းကောင်းမမြင်ရဘူး။ တောင်အောက်ကိုပြုတ်ကျသွားမယ်"

ဟုတားဆီးရလေ၏။ ဂျင်မောင်မောင်က ရယ်မောလျက် "ကျွန်တော့်တိုင်ယ်ကိုယ်တိုင် နတ်ပြည်ရောက်နေပြီထင်တယ်၊ နံဘေးမှာ နတ်သမီးလေးတစ်ဖက်မလိမ်းမဲ့ ..."

ဟုပြောလေရာ ဘွန်အော်က

"မသေခင် နတ်ပြည်ရောက်တာ ခင်ဗျားတစ်ယောက်ပဲ ရှိသေးတယ်ပေါ့"

ဟုနောက်ပြောင်လေ၏။ ပေလိုက



"ဟေ့လူတွေ စကားရှည်မနေကြနဲ့၊ ဒီတောင်ကြီးကို မြင်မိဖြတ်ပါမှ တောင်ခြေက မဆောင်းဘုံစခန်းကို အလွယ်တကူရောက်မယ်"

မှာသတိပေးလေ၏။ တောင်ထိပ်သို့ပင်ပန်းစွာတက်ပြီးနောက် တောင်ခြေဆီ ပြန်ဆင်းရပြန်၏။ ဂျင်မောင်မောင်က

"မင်းတို့ခရီးကလဲကွာ၊ တောင်တွေကို ပန်းပင်ပန်းပန်းတက်ပြီး ပြန်ဆင်းနေရတယ်"

မှာဆိုတာ အဆင်းလမ်းတွင် ... ချော်ကျလေ ... ရောလူတာ

"ဒါကြောင့်လဲ ဒီနေရာကို လူသူအရောက်အပေါက်မရှိဘဲ ထူးဆန်းလျှို့ဝှက်တဲ့နယ်မြေဖြစ်နေတာပေါ့၊ ခရီးသွားလာဖို့ အလွန်ခက်ခဲပြီး အန္တရာယ်ရှိတယ်၊ ဒီအဆင်းလမ်းလေးကို သတိထားလျှောက်ကြလို့ခေါ်တယ်၊ ကူလားမြည်ဘက်ကလာတဲ့ တောင်တက်သမားတွေဟာ တောင်ကြောတွေကိုလှေလှော်ရင်း ... ပြောကြည့်ပြီး တစ်ခါတည်း ... ရတယ်၊ ဒါကြောင့် ... လို့ခေါ်တယ်"

ဟောလူကြားကိုနားထောင်၍ ဘွန်အော်က

"ဒီနေ့ထဲပြီး ဒီတွေ့ကို နာမည်ပြောင်းလိုက်ပြီ၊ ... မဟုတ်တော့ဘူး၊ ... လို့ပြောင်းလိုက်ပြီ"

ဟုပြောလေရာ ၎င်းတို့အားလုံး ရယ်မောလိုက်ကြလေ၏။

တောင်ခြေရှိ မဆောင်းဘုံစခန်းသို့ရောက်သောအခါ သစ်လုံးကြီးများဖြင့် ဆောက်ထားသော ... အဆောက်အအုံတို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။ ထိုအဆောက်အဦမှာ အကာရံများရှိ၍ ရာသီဥတုဆိုး၏ သောဒဏ်ကို ကောင်းစွာခံနိုင်လေ၏။ ဓေလုတို့သည် ဓရပ်ထဲသို့ ရောက်သောအခါ ခဏအနားယူ၍ ညနေအတွက် အသားခြောက် များဖြင့် ဟင်းတစ်ခွက်ချက်လေ၏။ ဘွန်အောသည် ဟင်းချက်ကောင်း သူဖြစ်သဖြင့် သူ၏ဆတ်သားဆီပြန်ဟင်းမှာ ရနံ့များမွှေးကြိုင်နေလေ၏။

ဂျင်မောင်မောင်သည် ဘွန်အော၏ဆတ်သားဟင်းနံ့ကြောင့် ဗိုက်ဆာနေပြီး ထမင်းစားရန် ဖင်တကြွကြွဖြစ်နေလေ၏။ ဘွန်အော က ဆတ်သားဆီပြန်ဟင်းထဲသို့ ဂေါ်ရဝ်ကိုမဆလာများခပ်ထည့်လိုက်ပြီး

" ဟဲဟဲ... စားတော်ကဲဘွန်အောရဲ့အစွမ်းကို အခုလိုအချိန် မျိုးမှာတွေ့ရပြီပေါ့ "

ဟုရေရွတ်လေ၏။ ထိုအခိုက်မှာပင် သူ၏အနောက်မှ သာယာ နာပျော်ဖွယ်အသံလေးကိုကြားရလေ၏။

" ဗိုက်ဆာနေတာနဲ့အတော်ပဲရှင့်၊ ရှင့်ရဲ့ဟင်းချက်လက်ရာက အတော်ကောင်းပုံရတယ်၊ မွှေးကြိုင်နေတာပဲ "

ဟုချိုမွှမ်းသံကြားရသဖြင့် ဘွန်အောက ကမန်းကတန်းလှည့် ကြည့်လိုက်ရာ ချောမောလှပသော မိန်းမလှလေးတစ်ယောက်ကို တွေ့ရလေ၏။ မိန်းမလှလေးသည် ကာကီအကျႌနှင့်ဘောင်းဘီအထက် အောင်ချင်တူဝတ်ဆင်ထားပြီး ကျောပိုးအိတ်တစ်အိတ်ကို သိုင်းလွယ် ထားလေ၏။ ဘွန်အောသည် ချောမောလှပသော မိန်းမလှလေးကို ကြည့်၍ လွန်စွာအံ့သြသွားပြီး

" ဟင်... မင်း... မင်း။ ဘယ်ကရောက်လာတာလဲ "

ဟုမေးမြန်းလေ၏။ မိန်းမပျိုက ဘွန်အော၏အနီးတွင် ဝင်ထိုင်



၅

" [illegible] ရှေးရှာဖို့ထွက်လာတဲ့မိသားစုကပါ၊ ဟိုအက် တောင်ကြော[illegible] ကျွန်မတစ်ကိုတွေ့နဲ့ လမ်းကွဲပြီးမျက်စိလည်နေတာ တစ်နေ့ကုန်ပါပြီ "

ဟုပြောလေရာ ဘွန်အောက စိတ်ဝင်စားစွာဖြင့်

" ရှေးရှာတယ်ဟုတ်လား။ ဘယ်မှာရှာတာလဲ "

ဟုမေးမြန်းလေ၏။ မိန်းမလှလေးက တောင်ကြီး၏တစ်ဖက် ဆီသို့လက်ညှိုးညွှန်ပြ၍

" ဒီတောင်ကြီးရဲ့တစ်ဖက်မှာ ကျွန်မတို့ရှေးရှာတဲ့အဖွဲ့ရှိတယ်၊ အားလုံးရှေးရှာတဲ့အဖွဲ့မှာ လူ ၅၀ လောက်ရှိတယ်၊ ကျွန်မက အစ်ကို ကို စိတ်မချလို့ တောထဲအထိလိုက်လာတာပါ "

ဟုပြောလေ၏။ ဘွန်အောက ဓရပ်ထဲရှိလူများကိုခေါ်၍ မိန်းမပျို တစ်ဦးရောက်နေကြောင်းအသိပေးလိုက်ရာ အားလုံးထွက်ကြည့်၍ အံ့ဩတကြီးဖြစ်သွားလေ၏။ ဦးဒီပက မိန်းမပျိုလေးကို မေးမြန်းလေရာ သူမက အားလုံးကို မျက်လုံးဝေ့ကြည့်၍

" ကျွန်မတို့အဖွဲ့ဟာ ဒီတောင်ကြီးရဲ့တစ်ဖက်မှာရှေးရှာနေကြ တယ်၊ အားလုံးဟာ မြေပြန့်ဒေသက လူတွေချည်းပဲ၊ တောထဲကို ရောက်နေတာ ငါးလရှိပြီ "

ဟုပြောလေရာ ဦးဒီပက

" တောထဲမှာ လက်နက်ကိုင်လူစုကိုတွေ့သလား "

ဟုမေးမြန်းလေ၏။ မိန်းမပျိုက ခေါင်းညိတ်၍

" တွေ့ပါတယ်၊ ကျွန်မတို့ရှေးရှာနေတဲ့အချိန်မှာ လက်နက်



www.burmeseclassic.com

ကိုင်လူစုကိုတွေ့ရတယ်၊ သူတို့ဟာ ကျွန်မတို့ကို ရန်မလုပ်ပါဘူး''

ဟုပြောလေ၏။

ဂျင်မောင်မောင်က မိန်းမလှလေးကို စိတ်ဝင်စားစွာကြည့်၍

'' တောထဲမှာရွှေတွေကို အတော်တွေ့ပြီလား

ဟုမေးမြန်းလေ၏။ မိန်းမပျိုက မျက်နှာရှုံ့မဲ့၍

'' ကျွန်မတို့အဖို့မှာ အဲတွေ့အကြောင်းလို့မှားမသိပါဘူး။ မျော်မှန်းထားသလောက် မရသေးဘူး၊ ကျွန်မ ဗိုက်ဆာနေပြီရှင့်၊ မေးခွန်းတွေကို နောက်မှမေးပါ၊ ကျွန်မကို တစ်ခုခုကျွေးပါဦး

ဟုဆိုလိုက်ရာ ဂျင်မောင်မောင်က ဖြီးဖြီးဖြီးဖြင့် မိန်းမလှလေးကိုကြည့်၍

'' ဗိုက်ဆာရင် ထမင်းတစ်ခါတည်း ဝင်စားပါဗျာ၊ ကျုပ်တို့မိတ်ဆွေကြီးဘွန်အော့က စားတော်ကဗျ၊ မိန်းကလေး လျှာလည်သွားမယ်

ဟုပြောကာ လှောင်ပြောင်လေ၏။ ဘွန်အော့က ဂျင်မောင်မောင်ကိုကြည့်၍

'' ဒီမှာဝဟော့လို့ ထမင်းက လေးယောက်စာအတိချက်ထားတာနော်

ဟုသတိပေးသလိုပြောလိုက်ရာ ဂျင်မောင်မောင်က

'' ဒီမှာဘွန်အော့၊ အကြင်နာစိတ်ခေါင်းပါးလှချည်လား၊ မိန်းကလေးတစ်ယောက် ဗိုက်ဆာနေတာ သိရက်သားနဲ့ ခင်ဗျားမို့လို့ အခုလိုပြောရက်တယ်၊ ခင်ဗျားမကျွေးရင်နေ၊ ကျုပ်ပန်းကန်းထဲက တစ်ဝက်ခွဲကျွေးမယ်





ဟုပြောလိုက်လေ၏။ ဘွန်အော့ဂ္ဂက ခေါင်းကိုညိတ်ညိတ်ပြ၍

'' ဒါဆိုရင်လည်း ကြိုးစားပဲ၊ အဲဒီအထဲမှာ ဆေးမင်ကြောင်စာဖတ်အိုး ချက်ဖို့ဆိုတာ လွယ်မယ့်ကိစ္စမဟုတ်ဘူး၊ ကျုပ်တို့မှာ ရန်သူတွေလည်း ရှိတယ်၊ မိန်းကလေးတစ်ယောက်ရဲ့ အကြောင်းတွေ ကျွေးရဦးမှာပဲ ''

ဟုပြောလေ၏။ ဂျင်မောင်မောင်က ခေါင်းခါ၍

'' ဒီမှာဘွန်အော့၊ ဘီယာကစ်တွေရှိနဲ့ စားစရာမလောက်ဘူး ''

ဟုပြောလေ၏။ မိန်းမပျိုက သဘောပြင်းရှု၍

'' ကျွန်မအတွက်နဲ့ တောင်းပန်ရမှာ မကောင်းပါဘူးရှင့်၊ ထမင်းမစားရလဲ ဘီယာကစ်တွေလည်း ဗိုက်ပြည့်ပါတယ် ''

ဟုပြောလေရာ ရေလှိုက်ကို မှန်နေခဲ့တော့၏။

'' အဲဒါဆို ကျုပ်စားတဲ့အထဲက တစ်ဝက်ခွဲကျွေးပါ့မယ်ဗျာ၊ ထမင်းပဲကျွေးလိုက်မယ် ''

ဟုဝင်ရောက်ပြောဆိုနေတော့၏။ ဦးဒီဇိတ္ထုမှ မြေပုံစာရွက်ကြီးကိုယူကာ၍ စိတ်ဝင်စားစွာကြည့်ရှုနေ၍ ဖူးတို့ရှိရာဘက်သို့ ဝင်ရောက်မလာခဲ့ပေ။

မိန်းမပျိုသည် ခေတ္တခဏမျှ ဆိတ်ငြိမ်နေပြီး ထမင်းကို မြိန်ရှက်စွာ စားသောက်လေ၏။ ဘွန်အော့၏ မှာပြီးချက်ထားသော ဟင်းလည်း ကောင်းပင်းပန်းလှသည်။ မင်းပန်းလှသည်ဖြစ်၍ ထမင်းစားရသည်မှာ မြိန်လှ၏။ ထမင်းစားပြီးသောအခါ ဦးဒီဇိတ်က

'' အားလုံးစောစောအိပ်ကြမယ်နော်''

ဟုပြောရင်း မိန်းမပျိုဘက်သို့လှည့်ကာ

'' ကျုပ်တို့ယောက်ျားတွေက မီးဖိုဘေးမှာ အိပ်မယ်

www.burmeseclassic.com



မိန်းကလေးက ဇရပ်ရဲ့ ဒီဘက်စွန်းမှာအိမ်ပါ ''

ဟုပြောလေ၏။ ဂျင်မောင်မောင်သည် မိန်းမပျိုနှင့်စကားလက်ဆုံကျနေ၍ အတော်လေးညနက်သည်အထိ အိပ်ရာမဝင်နိုင်သေးဘဲ ရှိလေ၏။ ဂျင်မောင်မောင်သည် အတန်ကြာသောအခါမှ မိန်းမပျိုလေးနှင့်စကားဖြတ်၍ ဝေလုံ၏အနီးတွင် လှဲအိပ်လိုက်လေ၏။ သူသည် ချစ်စဖွယ်မိန်းမပျို၏ စကားပြောဆိုဟန်လေးကို သဘောကျနေပြီး အိပ်ရာဝင်သည်အထိ မျက်လုံးထဲက မထွက်နိုင်ဘဲရှိလေ၏။ ထိုညက သူ၏အိပ်မက်ထဲသို့ပင် မိန်းမလှလေးရောက်လာ၏။ မိန်းမလှလေးနှင့်အတူ နှင်းဖုံးတောင်တန်းများအကြားတွင် လှည့်လည်ရင်း ပျော်ရွှင်နေကြ၏။ ထို့နောက် သူမနှင့်အတူ မြင့်မားသောတောင်ကြီးပေါ်မှ ချောင်းကြီးတစ်ခုထဲသို့ ခုန်ဆင်းလိုက်လေ၏။ သူတို့နှစ်ယောက်စလုံး ရင်ထဲတွင် အေးခဲနေပြီး ချောင်းရေနှင့်အတူ မျောပါသွား လေ၏။ ထိုအခိုက်မှာပင် သူ၏လက်မောင်းကို လှုပ်၍ အိပ်ရာက အနှိုးခံရသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ မီးမငြိမ်းသေးသော မီးပုံ၏ အလင်းရောင်ဖြင့် မိန်းမလှလေးကိုမြင်လိုက်ရ၏။ ဂျင်မောင်မောင်က ဘာအဲ့တာလဲ မေးမြန်းရန်ကြံလိုက်စဉ် သူမက နှုတ်ခမ်းကိုလက်ညှိုးဖြင့် ပိတ်လိုက်ပြီး ဇရပ်၏အပြင်သို့ လက်ယပ်ခေါ်လေ၏။ ဂျင်မောင်မောင်သည် အိပ်မောကျနေသော ဦးဒီပတို့ကို တစ်ချက်ငုံ့စောင်းကြည့်၍ မိန်းမပျိုလေး၏ခေါ်ရာသို့ ရင်ခုန်နှုန်းမြန်စွာဖြင့်လိုက်ပါသွားလေ၏။ ဇရပ်အပြင်သို့ရောက်သောအခါ မိန်းမပျိုသည် ကပိုကရိုနှင့် အလွန်ချောမောလှပနေကြောင်းတွေ့ရလေ၏။ ဂျင်မောင်မောင်က

'' ဘာဖြစ်လို့လဲညီမ ''



ဟုမေးမြန်းလိုက်ရာ သူမက

'' ကျွန်မ အပေါ့သွားချင်လို့ တစ်ယောက်တည်း တောထဲမထွက်ရဲတာနဲ့ အစ်ကို့ကို နှိုးလိုက်တာ၊ အိပ်ရေးပျက်သွားရင် ခွင့်လွှတ်ပါနော် ''

ဟု လေသံတိုးတိုးဖြင့်တောင်းပန်လေ၏။ ဂျင်မောင်မောင်က ခေါင်းညိတ်၍

'' ရပါတယ် ညီမရယ်၊ မိန်းကလေးတစ်ယောက်တည်းဖြစ်နေတာ ကူညီရမှာပေါ့ ''

ဟုပြောပြီး တောတစ်နေရာသို့ လိုက်လံပို့ဆောင်ပေးလေ၏။ မိန်းမပျိုသည် သူမ၏ကိစ္စပြီးသောအခါ ပြန်ရောက်လာပြီး ဂျင်မောင်မောင်နှင့်အတူ ဇရပ်ဘက်သို့ပြန်လျှောက်ရင်း

'' ဒီညတော့ အိပ်လို့ပျော်မှာမဟုတ်တော့ဘူး၊ အစ်ကိုကတော့ အိပ်ချင်မှာပေါ့နော် ''

ဟုပြောလိုက်ရာ ဂျင်မောင်မောင်သည် သူမ၏ညို့ငင်မှုမ်းရှိသော အသံလေးကိုသဘောကျသွားပြီး

'' ညီမ မအိပ်ရင် အစ်ကိုလည်း မအိပ်တော့ပါဘူးကွယ် ''

ဟုပြောလိုက်လေ၏။ မိန်းမပျိုသည် ဇရပ်အနီးသို့ရောက်သောအခါ သူမ၏အရှေ့မှ ကြွက်တစ်ကောင်ဖြတ်ပြေးသဖြင့် အမလေးဘာအောင့်ကာ ဂျင်မောင်မောင့်ကို ဖက်လိုက်လေ၏။ ဂျင်မောင်မောင်သည် အကာလ ညအခါတွင် ချောမောလှပသော မိန်းမပျိုတစ်ဦးနှင့် နီးနီးကပ်ကပ်နေရသဖြင့် စိတ်ပေါက်ပြန်သွားပြီး ရင်ခွင်ထဲသို့ရောက်ရှိလာသော သူမ၏မျက်နှာကလေးကို နမ်းရန် ကြံစည်လိုက်၏။ ထိုအခိုက်





www.burmeseclassic.com

မှာပင် သူ၏မျက်လုံးထဲတွင် မိုက်ခနဲဖြစ်သွားပြီး လောကကြီးကိုမေ့လျော့သွားလေတော့၏။

~~~~~~~~~~~



ဂျင်မောင်မောင် သတိရလာသောအခါ ဇာရင်ပေါ်သို့ ပြန်လည်ရောက်ရှိနေပြီး သူ၏အနီးတွင် ဦးဒီပတို့ရှိနေလေ၏။ ဂျင်မောင်မောင်သည် ညကအဖြစ်ကို သတိရသွားပြီး မိန်းမလှလေးကို မမြင်သည် နှင့်

" မိန်းကလေး ဘယ်ရောက်သွားသလဲ "

ဟုမေးမြန်းလေ၏။ ဦးဒီပက ဂျင်မောင်မောင့်ကိုကြည့်၍ ရယ်ပြောကာ

" ဟားဟားဟား... ဂျင်မောင်မောင်၊ လူတကာကိုလူညစ်စားဟိုလို ဂျင်မောင်မောင်ဆိုတဲ့ ဘွဲ့ ထူးရတယ်၊ အခုတော့ မင်းလို လူလည်ပ်ကိုတောင် လှည့်စားနိုင်တဲ့သူပေါ်နေပြီမေါ်ကွာ "
~~~~~~~~~~~

ဟုပြောလိုက်ရာ ဂျင်မောင်မောင်က နားမလည်ဟန်ဖြင့်

" ဦးဒီပပြောတာ ကျုပ်နားမလည်ဘူး၊ ရှင်းရှင်းပြောစမ်းပါ"

ဟုပြောလေ၏။ ထိုအခါ ဘွန်အောကဝင်၍

" အေး ရှင်းရှင်းပြောရရင်၊ ညက ကောင်းလို့မင်းမသေ ပဲ၊ ရှာဖွေကြလာဘယ်ဆိုတဲ့ မိန်းမလှလေးက မင်းကို မာယာ ဖြားယောင်းပြီး အပျောက်ရှင်းမလို့ကွ "

ဟုပြောလေရာ ဂျင်မောင်မောင်သည် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ ဦးဒီပက ဝင်ရောက်၍

" ဟုတ်ကဲ့ကွ၊ မိန်းကလေးကို မြင်မြင်ချင်း ငါသံသယဖြစ် ခဲ့တယ်၊ သူ့ရဲ့ပုံပန်းသဏ္ဍာန်က တောထဲမှာ ငါးလနီးပါး ရှေ့ရှာနေတဲ့ ပုံ လုံးဝမပေါက်ဘူး၊ နောက်ပြီး ငါ့ရဲ့မြေပုံလေ့လာချက်အရ ဒီတောင် ရဲ့ဟက်ဘက်မှာ ဘာရွှေမှမထွက်ဘူး၊ နောက်ပြီးရွှေရှာထွက်တာ တ်သက်ပြီး သူပြောပြတဲ့ဇာတ်သတွေက တစ်ခုမှမဟုတ်ဘူး လုံး သန်ကြုတ်ရွှေပဲဆိုတာသိရဟယ်၊ မင်းကတော့ သူ့ရဲ့လှပတဲ့ ချည်ခလေးကိုပဲ အာရုံစိုက်နေတော့ ဒါတွေကို ဘယ်သိပါ့မလဲကွာ ဘယ်တော့ မိန်းကလေးဟာ နဂါးနက်အဖွဲ့ကကွ ငါတို့ကိုပရိယာယ် ခပျောက်ရှင်းဖို့ လွှတ်လိုက်တာပဲ "

ဟုပြောလေရာ ဂျင်မောင်မောင်သည် တအံ့တသြဖြင့်

" အံ့ရောဗျာ၊ သူများတွေကို ဖျံကျလာခဲ့သမျှ ဒီတစ်ခါတော့ လှလှကြီးခံလိုက်ရတယ် "

ဟုညီးညူလေ၏။ ဘွန်အောက

" ငါတို့ အချိန်မီရောက်လာလို့ပေါ့ကွာ၊ နည်းနည်း နောက်ကျ ရင် အခုချိန်ဆို ဂျင်မောင်မောင်ဆိုတာ ဝိဉာဉ်လောကမှာပဲ ... မယ် "

ဟုပြောလေရာ ဂျင်မောင်မောင်သည် ကျောချမ်းသွားလေ၏။ အခန်းထဲသို့ဝင်ကြည့်လိုက်ရာ ကြိုးတုတ်ခံထားရသော မိန်းမပျိုလေး ကို တွေ့ရလေ၏။ ဂျင်မောင်မောင်က သူမရှေ့တွင် ဦးညွတ်လိုက်ပြီး

" ချီးကျူးပါတယ်ဗျ၊ ဂျင်မောင်မောင်ဆိုတဲ့ကောင်ကိုတောင် ပရိယာယ်မာယာနဲ့ လှည့်စားနိုင်တာကို အမှန်တကယ် ချီးကျူးပါ တယ် "

ဟုပြောလိုက်လေရာ မိန်းမလှလေးက မကျေမနပ်ဖြင့် နှုတ် ခမ်းကိုမဲ့လိုက်ပြီး မျက်နှာကို တစ်ဖက်သို့ စောင်းလိုက်လေ၏။ ထို့ နောက်တွင်မှ ဝေလုတို့သည် မိန်းမလှလေးကို ဇရပ်မှာပင်ထားခဲ့၍ ခရီးဆက်ခဲ့ကြလေ၏။ သူမအား နဂါးနက်အဖွဲ့မှ လာရောက်ကယ်ဟင် ပေလိမ့်မည်။

လမ်းခရီး၌ ဂျင်မောင်မောင်သည်မိန်းမလှလေး၏ အလှည့်စား ခံရပုံကိုသာ မခံချိမခံသာဖြစ်ပြီး ပြောဆိုနေလေ၏။ ဦးဒီပက ရယ်မော ၍

" ဒီလောက်လဲ မကျေမနပ်ဖြစ်မနေပါနဲ့ကွာ၊ မိန်းမလှလေးဟာ ဂျင်ပေါ်ကထုံးမို့လို့ မင်းခံလိုက်ရတာပါ၊ တကယ်တော့ လမ်းခရီးမှာ ငါတို့နားခိုခဲ့တဲ့ ဘုရားကျောင်းက ကျောင်းစောင့်ကြီးကို သတိရတာ မဟုတ်လား "

ဟုမေးမြန်းလေရာ ဂျင်မောင်မောင်

" သတိရတာပေါ့ဗျာ၊ ကျောင်းစောင့်ကြီးရဲ့ ကြောက်စရာလုပ်

www.burmeseclassic.com



ကြီးကို ကျုပ်တစ်သက်လုံးမမေ့ဘူး ''

ဟုပြောလေ၏။ ဦးဒီပက ခေါင်းညိတ်၍

'' အေး၊ အဲဒီကျောင်းစောင့်ကြီးရဲ့ ဘုရားကျောင်းက မျောက်မင်းစွန်းဂူခုန်းအရုပ်ကို ပရိယာယ်မာယာသုံးပြီး ခိုးသွားတဲ့မိန်းမဟာ ဒီမိန်းမပဲကွ၊ သူ့ရဲ့ကျောပိုးအိတ်ထဲမှာ မျောက်မင်းစွန်းဂူခုန်းအရုပ်ကို တွေ့လို့ ငါယူလာတယ် ''

ဟုပြောကာ ဦးဒီပက အိတ်ထဲမှ ထုတ်ပြလေ၏။ ဂျင်မောင်မောင်က တအံ့တသြကြည့်၍

'' ဆင်... ဒီမိန်းမက နဂါးနက်ဂိုဏ်းကဆိုရင် နဂါးနက်တွေ ဒီဒေသကိုရောက်တာ လမိုင်းပဲရှိသေးတယ်၊ ကျောင်းစောင့်ကြီးရဲ့ မျောက်မင်းရုပ်ပျောက်တာ ငါးနှစ်လောက်ရှိနေပြီပဲ ''

ဟုရေရွတ်လေ၏။ ဦးဒီပက ခေါင်းညိတ်၍

'' ငါလဲ အစတုန်းက ဒီလိုတွေးမိသေးတယ်၊ နောက်တော့ မှ ဒီမိန်းမဟာ ဒီအရုပ်က ဒေသခံတစ်ယောက်ဖြစ်ရမယ်ဆိုတာ တွေးလိုက်မိတယ်၊ ဒါကြောင့် ဒီတောဒီတောင်တွေကို ကောင်းကောင်း ကျွမ်းကျင်နေတာပေါ့ ''

ဟုပြောလိုက်လေတော့၏။ ဂျင်မောင်မောင်သည် တက်ခေါက်၍

'' တောက် ဂျင်မောင်မောင့်ရာဇဝင်မှာ စာတင်ရမဲ့မိန်းမပဲ ''

ဟုကြိုးဝါးလိုက်လေ၏။ ဝေလုတို့သည် သုံးရက်မျှ ခရီးကြမ်းနှင်ပြီးသောအခါ မြန်မာပြည်၏မြောက်ဖက်စွန်း နောက်ဆုံးရွာ မဟာယနဗုဒ္ဓဘာသာကိုးကွယ်သော တိဘက်ရွာကလေးသို့ ရောက်ခဲ့လေ





၏။ ဦးဒီပသည် တောတောင်သဘာဝရှုခင်းများကိုကြည့်ရှုရင်း

'' ဒီအရပ်တွေကို ငါရောက်ဖူးသလို ခံစားရတယ်ကွ၊ မော်ဆရာမကြီးရဲ့ရေခွက်ထဲမှာ မြင်ရတဲ့ရှုခင်းမျိုးတွေပဲ၊ ငါတွေ့ချင်တဲ့ ဆင်စွယ်နန်းရှင်မိန်းမနဲ့ တွေ့ရတော့မယ်တူပါတယ်ကွာ၊ တကယ်တော့ လူ့စိတ်ဆိုတာ ဘယ်လောက်ထူးခြားသလဲ၊ ထူးဆန်းလျှို့ဝှက်တဲ့ မိန်းမလှလေးတစ်ယောက်ကို မြင်ချင်တာနဲ့ပဲ မြန်မာပြည်ထိပ်ဖျားက အန္တရာယ်အလွန်များတဲ့အရပ်ကို ငါတို့ လာခဲ့ကြတယ်နော် ''

ဟုရေရွတ်လေ၏။ ဂျင်မောင်မောင်က သက်ပြင်းချ၍

'' ဦးဒီပက ကိုယ့်ဘဝရဲ့အနာဂတ်ကို မော်ဆရာမကြီးက လမ်းညွှန်ပြလို့ ဒီအရပ်ကိုထွက်လာတာ သဘာဝကျသေးတယ်၊ ကျုပ်တို့ကတော့ ဘာမျှော်လင့်ချက်မှမရှိဘဲ စွန့်စားချင်တာသက်သက်နဲ့ ပဲ ဒီအရပ်ကို လိုက်လာကြတာဗျ ''

ဟုပြောလေ၏။ ဦးဒီပက သက်ပြင်းချ၍

'' လူ့သဘာဝကိုက ထူးထူးဆန်းဆန်းတွေကိုနှစ်သက်တယ်၊ စွန့်စားချင်တာကို သဘောကျတယ်၊ ဒါကြောင့်ထူးဆန်းလျှို့ဝှက်တာတွေ စွန့်စားခန်းတွေကို ဖန်တီးပြသတဲ့ အနုပညာလုပ်ငန်းတွေ ဟာ အောင်မြင်နေလေ့ရှိတာပေါ့၊ လူတွေဟာ ကိုယ်တိုင်မစွန့်စားရ ပေမဲ့ ကိုယ်ဖတ်နေတဲ့ဝတ္ထုထဲက ဇာတ်ကောင်တွေ စွန့်လွှတ်စွန့်စားတာမြင်ရင် သဘောကျကြတယ်လေဗျာ ''

ဟုပြောလိုက်လေတော့၏။ ဝေလုက ဦးဒီပကိုကြည့်၍

'' ဆင်စွယ်နန်းရှင်ဆိုတဲ့မိန်းမကိုတွေ့ရင် ဦးဒီပဘာလုပ်မလဲ ''

ဟုမေးမြန်းလေ၏။ ဦးဒီပက သက်ပြင်းချ၍

www.burmeseclassic.com

www.burmeseclassic.com



" ငါတို့ဘာလုပ်ရမှာလဲ၊ ထူးဆန်းလျှို့ဝှက်တဲ့အကြောင်းတွေကို သိရရင်ကျေနပ်ပါပြီကွာ၊ လူဆိုတာ လျှို့ဝှက်ထူးဆန်းတာကို သိချင်တဲ့စိတ်ဆန္ဒရှိတယ်လေကွ "

ဟုပြောလေရာ ဝေလုက မြင့်မားသောတောင်တန်းကြီးကို ကြည့်ရှုရင်း လေသံတိုးတိုးဖြင့်

" ဦးဒီပ သိချင်တဲ့လျှို့ဝှက်ချက်တွေ၊ ထူးဆန်းမှုတွေကို မကြာခင်သိရတော့မယ်လို့ ကျွန်တော်ယုံကြည်တယ် "

ဟုပြောလိုက်လေတော့၏။ ဝေလုသည် ထိုရက်ပိုင်းအတွင်း သူနှင့်မမျှော်လင့်ဘဲ လက်ထပ်ခဲ့သော မိန်းမချောလေးကို သတိတရ ဖြစ်နေမိ၏။

ჯჯჯჯჯჯჯჯჯჯჯ



ဝေလုတို့သည် နှင်းဖုံးတောင်တန်းကြီးများအကြားတွင် မျှော်လင့်ချက်ကြီးစွာဖြင့် လှည့်လည်ခဲ့၏။ ရက်များစွာကြာသော်အခါ ၎င်းတို့ထံတွင် ယူဆောင်လာသော ရိက္ခာများကုန်စင်သွားသဖြင့် ရရာစားစရာများကို ရှာဖွေစားသောက်ရလေ၏။

ဦးဒီပသည် နှင်းဖုံးတောင်တန်းကြီးများ လွှမ်းမြင်ကျယ်ကြီး များလှပသောသဘာဝရှုခင်းများကိုကြည့်၍

" ငါ့ရဲ့အာရုံထဲမှာ မြင်ခဲ့ဖူးတဲ့အရပ်ကို ရောက်တော့မယ်ဆိုတာ ငါတကယ်ယုံပါတယ်၊ ဒါပေမယ့် ဒီဒေသကို လွယ်လွယ်ရှာမတွေ့တာ အံ့ဩနေမိတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ဝေလုက သက်ပြင်းချ၍

" ကျုပ်တော့ မအံ့ဩပါဘူး၊ ဘာလို့လဲဆိုတော့ ဆင်စွယ်နန်းရှင်ဆိုတာ အင်မတန်ထူးဆန်းလျှို့ဝှက်တဲ့မိန်းမတစ်ယောက်လေ၊ ဒီလိုမိန်းမမျိုးကို ကျွန်တော်တို့ လွယ်လွယ်နဲ့ဘယ်တွေ့နိုင်ပါမလဲ "

ဟုပြောလေတော့၏။ ဝေလုက ဆက်လက်၍

" ကျုပ်တို့ဒီတောင်တန်းကြီးကိုကျော်ရင် မြန်မာပြည်ပေါက်တိဘက်လူမျိုးတွေရဲ့ရွာရောက်မယ်၊ သူတို့ဟာ မဟာယာနဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ယဉ်ကျေး သိမ်မွေ့ကြတယ်၊ အင်္ဂလိပ်အစိုးရရဲ့အာဏာစက်နဲ့ဝေးကွာတဲ့အရပ်ဖြစ်တဲ့အတွက် ရွာရဲ့ကောင်းကျိုးစီးပွားကိစ္စတွေကို ရွာရဲ့အကြီးအကဲကသာ တာဝန်ယူပြီး လုပ်ကိုင်ရတယ်၊ ဟိုရောက်ရင် ဦးဒီပတို့တွေ့ပါလိမ့်မယ် "

ဟု ပြောလေ၏။ ဝေလုတို့သည် တောင်မြင့်ကြီးတစ်လုံးပေါ်သို့ တရွေ့ရွေ့တက်ခဲ့ပြီးနောက် အလွန်ကျယ်ပြန့်သော လွင်ပြင်ကြီးကို မြင်တွေ့ရလေ၏။

ဦးဒီပသည် ထိုမြင်ကွင်းကို မျက်တောင်မခတ်တန်းကြည့်၍ စိတ်လှုပ်ရှားစွာဖြင့်

" ငါ့ရဲ့အိပ်မက်ထဲက အရပ်ဒေသကိုရောက်ပြီ၊ ဒီဒေသ ဒီမြင်ကွင်းတွေကို ငါမကြာခဏသတိရနေတယ်၊ ဒီအရပ်တွေဟာ ငါလိပ်ပြာလွင့်ခဲ့တဲ့အရပ်တွေကွ၊ မှော်ဆရာမကြီးရဲ့ရေခွက်ထဲမှာမြင်နေရတာလဲ ဒီလွင်ပြင်ကြီးပဲ၊ ဆင်စွယ်နန်းရှင်မိန်းမကို မကြာခင်တွေ့ရတော့မယ် "

ဟုပြောလေတော့၏။

ဝေလုသည် လွင်ပြင်၏မြောက်ဘက်တွင် မှိန်ပျပျဖြစ်နေသော





အိမ်ငယ်လေးများကို ညွှန်ပြကာ

" ဟိုးဝေးဝေးက မှိုင်းညို့ညို့မြင်နေတဲ့ အိမ်ငယ်လေးတွေဟာ တိဘက်ရွာကလေးတွေလေ၊ အဲဒီရွာကိုရောက်အောင် ကျုပ်တို့ သွားကြမယ်၊ ဒီရွာကို ဂူဘားလို့ခေါ်တယ်၊ မြန်မာပြည်ရဲ့နောက်ဆုံးရွာပဲ "

ဟုပြောလေ၏။ ဘွန်အောနှင့်ဂျင်မောင်မောင်သည် ရွာငယ်လေးကိုကြည့်၍

" အိမ်လေးတွေရဲ့ပုံစံက ထူးခြားတယ်နော် "

ဟုပြောလေ၏။ ဝေလုက

" ဟုတ်တယ်၊ သူတို့ဟာ နေပုံထိုင်ပုံဝတ်စားဆင်ယင်ပုံ အားလုံးပြောင်းလဲသွားတယ်၊ မြန်မာပြည်ထဲမှာ ရှိနေပေမဲ့ သူတို့ရဲ့နေပုံထိုင်ပုံဟာ တိဘက်ပုံစံအပြည့်ပဲ၊ သူတို့ရဲ့အစားအစာတွေဟာ နွားနို့ကို အဓိကထားပြီး ပြုလုပ်လေ့ရှိတယ်၊ ကျုပ်လဲ ဒီဒေသကို စိတ်ဝင်စားလို့ လူကြီးသူမတွေဆီမှာ မေးမြန်းထားခဲ့တာ "

ဟုပြောလေ၏။ ဦးဒီပက ရွာကလေးကိုကြည့်၍

" ငါလိပ်ပြာလွင့်ပြီး ဒီအရပ်ကိုရောက်တုန်းက ရွာကလေးကိုဖြတ်သန်းဖူးတယ်၊ ရွာသူရွာသားတွေရဲ့ ဝတ်စားဆင်ယင်ပုံက ထူးခြားတယ်၊ အိမ်ကလေးတွေကလဲ အလွန်ကြီးတဲ့ကျောက်တုံးကြီးတွေနဲ့ ဆောက်ထားတယ်၊ ရွာသူမိန်းကလေးတွေကလဲ အသားအလွန်ဖြူပြီး ချောမောလှပကြတယ် "

ဟုပြောလေ၏။ ဘွန်အောနှင့်ဂျင်မောင်မောင်သည် မှန်ဘီလူးဖြင့် တစ်လှည့်စီကြည့်၍ စိတ်လှုပ်ရှားစွာဖြင့် ရွာကလေးသို့ အမြန်ဆုံးသွားရန် စီစဉ်လေ၏။



www.burmeseclassic.com

ဝေလုတို့သည် တောင်ပေါ်မှဆင်း၍ တိဘက်လူမျိုးတို့၏ ရွာသို့ လျှောက်လှမ်းခဲ့လေ၏။

ရွာနှင့်နီးလာသောအခါ တောင်ဆင်းလမ်းသည် မြေဖြစ်သွားလေ၏။ တောင်ခြေတွင် အိမ်ခြေပေါင်းတစ်ရာကျော်ခန့်ရှိသော ရွာကလေး ကိုတွေ့ရ၏။ ရွာတွင် မြင့်မားသော စည်းရိုးများကိုမတွေ့ရဘဲ သစ်လုံးများဖြင့် လူတစ်ရပ်နီးပါးမြင့်အောင် ကာရံထားကြောင်း တွေ့ရ၏။

ရွာ၏အရှေ့ဘက်တွင် ကျယ်ပြန့်သော မြက်ခင်းပြင်ကြီးရှိပြီး မြက်ခင်းပေါ်တွင် နွားကောင်ရေတစ်ရာခန့်ကို တွေ့ရလေ၏။ ဂျင်မောင်မောင်က မျက်မှောင်ကြုတ်ပြီး

"ရွာကလေးကသိပ်မကြီးပေမဲ့ နွားတွေက များလှချည်လား"

ဟုရေရွတ်လေ၏။ ဦးဒီပက ဝင်ရောက်၍

"ဒါဟာ တိဘက်တွေရဲ့ဓလေ့ထုံးစံပဲကွ၊ သူတို့ဟာ နွားနို့ကို အဓိကထားပြီး စားသောက်ကြတယ်၊ နွားနို့နဲ့လုပ်တဲ့ထောပတ်၊ မလိုင်မုန့်တွေကို အစားများကြတယ်၊ သူတို့လူမျိုးတွေ နေ့စဉ်စားတဲ့ ဓမ္မာလို့ခေါ်တဲ့မုန့်တစ်မျိုးရှိသေးတယ်၊ သူတို့ဟာ ထမင်းကိုမစားဘဲ ဓမ္မာကို နေ့စဉ်စားကြတယ်"

ဟုပြောဆိုလေရာ ဘွန်အောက နှာခေါင်းရှုံ့၍

"ထမင်းမစားဘဲနဲ့တော့ မနေနိုင်ပါဘူးဗျာ၊ ထမင်းစားမှ အားရှိတယ်"

ဟုပြောလေ၏။ ဦးဒီပက ခေါင်းခါ၍

"အဲဒီအယူအဆဟာ မှားနေပြီကွ၊ ငါတို့မြန်မာတွေဟာ





ထူးထူးခြားခြား ထမင်းသိပ်စားတဲ့လူမျိုးပဲ၊ ဇလုံကြီးထဲမှာ ထမင်းတွေ အများကြီးထည့်၊ ငါးပိရည်ဆမ်းပြီး အားရပါးရ စားကြတယ်၊ ထမင်း သိပ်စားတာ မကောင်းဘူး၊ ကျန်းမာရေးထိခိုက်တတ်တယ်၊ အာရှ တိုက်မှာ မြန်မာပြည်ဟာ ထမင်းအစားဆုံးတိုင်းပြည်ပဲ၊ ဒီအတိုင်း သာ ဆက်စားသွားရင် နောင်နှစ်ပေါင်းများစွာကြာရင် ရောဂါကွေ ထူပြောလာလိမ့်မယ်၊ ထမင်းကိုအစားများတဲ့အတွက် ရောဂါကို ကာ ကွယ်တဲ့အုပ်စုဖြစ်တဲ့ အသီးအရွက်ကိုစားတဲ့ဓလေ့နည်းပါးလာမယ်၊ ရောဂါတွေကို ဖိတ်ခေါ်လာလိမ့်မယ်၊ အနာဂတ်ကမ္ဘာကြီးမှာ ကြောက် စရာကောင်းတဲ့ရောဂါတွေ မျိုးစုံပေါ်လာလိမ့်မယ်၊ ဒီအခါမှာ ရောဂါ ကာကွယ်နိုင်စွမ်းရှိတဲ့ အသီးအရွက်ကို အစားနည်းတဲ့ ငါတို့ မြန်မာ တွေဟာ အများဆုံးခံရလိမ့်မယ်"

ဟုပြောလေ၏။ ဝေလုတို့လူစုသည် ရွာနှင့်နီးကပ်သောအခါ နွားကျောင်းနေသော လူငယ်သုံးဦးသည် ရွာသို့အပြေးအလွှားဝင် ရောက်သွားလေ၏။ ဦးဒီပက

"ငါတို့ကိုမြင်လို့ ရွာအကြီးအကဲတွေကို အကြောင်းကြား မယ်နဲ့တူတယ်"

ဟုပြောလေ၏။ ခဏအကြာတွင် အညိုရောင်ဝတ်ရုံများကို ဝတ်ဆင်ထားသော ရွာလူကြီး ၁၀ ယောက်ခန့်သည် ရွာပြင်သို့ ထွက် လာလေ၏။ ဦးဒီပက ဝေလုဘက်သို့လှည့်၍

"ဒီအချိန်ကစပြီး စကားပြန်ဟာ ငါဖြစ်သွားပြီ၊ ဘာလို့လဲ ဆိုတော့ ငါဟာ တိဘက်မှာနေဖူးတဲ့အတွက် သူတို့စကားကို ပြော တတ်နေပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်လေ၏။ ရွာလူကြီးများ၏ ဝတ်စားဆင်ယင်ပုံမှာ အနက်ရောင်ဘောင်းဘီနှင့် ဒူးဆစ်အထိဖုံးလွှမ်းသော အင်္ကျီရှည်ကြီးများကို ဝတ်ဆင်ကြလေ၏။

ဦးဒီပက ၎င်းတို့ကို ဦးညွှတ်၍ တိဘက်ဘာသာဖြင့်

'' ကျုပ်တို့ဟာ ခွန်းစားရှာဖွေလိုစိတ်ပြင်းပြတဲ့ မြန်မာလူမျိုးတွေပါ၊ သင်တို့ကို ဒုက္ခပေးဖို့ ရည်ရွယ်ချက်မရှိပါဘူး၊ ဒါကြောင့် ရွာမှာ တည်းခိုခွင့်ပေးဖို့ တောင်းပန်ပါတယ် ''

ဟုပြောလေရာ ရွာအကြီးအကဲဖြစ်ဟန်တူသူက ဝေလုတို့လူစုကို အကဲခတ်သလိုကြည့်၍

'' မနက်ဖြန် ကျုပ်တို့ရွာမှာ မင်္ဂလာဆောင်ရှိတယ်၊ ဒါကြောင့် ဧည့်သည်တွေကို လက်ခံပါတယ်၊ ဒါပေမယ့် ရွာထဲကို သေနတ်တွေ ယူခွင့်မရှိပါဘူး၊ ကျုပ်တို့ထံမှာ အပ်ထားခဲ့ပါ၊ သင်တို့ပြန်ရင် လက်နက်တွေပြန်ပေးမှာပါ ''

ဟုပြောလေရာ ဦးဒီပက ခေါင်းညိတ်၍

'' ရပါတယ် ''

ဟုပြောလေ၏။ ဝေလုတို့ဘက်သို့ ဦးဒီပက လှည့်၍ ဘာသာပြန်သောအခါ ဂျင်မောင်မောင်က သားရေအိတ်ကြီးများထဲ တွင်ရှိသော လက်နက်များကို ထုတ်ပေးလေ၏။

ရွာလူကြီးများသည် ဝေလုတို့၏သေနတ်များကို သိမ်းဆည်းလိုက်လေ၏။

ပြီးနောက် လက်နက်များကို ဂုံနီအိတ်ကြီးတစ်လုံးထဲသို့ထည့်ကာ ရွာသားတစ်ဦးက ပခုံးပေါ်တွင်ထမ်းလေ၏။ ပြီးနောက် ဝေလုတို့ကို ရွာထဲသို့ခေါ်ဆောင်သွားလေ၏။ ရွာအဝင်လမ်းကလေးသည် ကျောက်တုံးများခင်းထား၍ ညီညီညာညာရှိလေ၏။ တိဘက်တို့၏ အိမ်ကလေးများသည် အတော်အတန်ကြီးမားသောကျောက်တုံးများကို အင်္ဂတေကဲ့သို့သော ပစ္စည်းများဖြင့် တွဲစပ်၍တည်ဆောက်ထားခြင်းဖြစ်၏။ ဝေလုတို့ ရွာထဲသို့ဝင်ရောက်သွားသောအခါ အိမ်ကလေးများမှ ရွာသားများသည် မဝံ့မရဲဖြင့် ချောင်းမြောင်းကြည့်ရှုကြလေ၏။



ဘွန်အောသည် ရွာသူရွာသားများကိုကြည့်၍

'' ရွာသားတွေကိုကြည့်ရတာ ငါတို့ကိုကြောက်နေပုံရတယ်၊ မဝံ့မရဲချောင်းကြည့်နေကြတယ် ''

ဟုပြောလေရာ ဂျင်မောင်မောင်က

'' ခင်ဗျားပုံကိုကြည့်ပြီး တရုတ်တောပုန်းခေါင်းဆောင်ကြီးနဲ့တူလို့နေမှာပေါ့ ''

ဟုပြောလေရာ ဘွန်အောသည် မျက်နှာရှုံ့မဲ့သွားလေ၏။ ရွာ၏ တစ်နေရာသို့ရောက်သောအခါ ကွက်လပ်ကြီးတစ်ခုတွင် မြင်းများကို ချည်နှောင်ထားလေ၏။ မြင်းကောင်ရေ အလွန်များပြားလှသဖြင့် ဂျင်မောင်မောင်က

'' တိဘက်တွေဟာ မြင်းစီးလဲ အလွန်သန်ပုံရတယ်၊ ငါတို့ မြန်မာရွာတွေဆိုရင် မြင်းရှိလှ တစ်ကောင် နှစ်ကောင်ပေါ့ ''

ဟုရေရွတ်လေ၏။ ရွာသူကြီးသည် ဝေလုတို့လူစုအား ရွာလယ်ခေါင်ရှိ အိမ်တစ်လုံးတွင် ခေတ္တနေထိုင်ရန် နေရာချပေးလေ၏။ ဦးဒီပက

'' ဒီနေရာက ဧည့်သည်တွေကို နေရာပေးတဲ့အိမ်လို့သိရတယ်၊ ညနေကျရင် မင်္ဂလာဆောင်ရှိတဲ့အိမ်ကို လာခေါ်မယ်လို့ ဆိုတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ဘွန်အော်က လက်ဖျစ်တီး၍

'' မင်္ဂလာဆောင်ဆိုရင် စားရချည်သေးရဲ့၊ လက်ဖွဲ့တော့ ပေးစရာမရှိဘူး ''

ဟုပြောလေ၏။

ကျောက်တုံးအိမ်ထဲသို့ ဝင်ရောက်သွားသောအခါ ကြမ်းပြင်ကို ရွှံ့တစ်မျိုးဖြင့်ပြုလုပ်ထားသဖြင့် အင်္ဂတေကဲ့သို့ ဖြစ်နေလေ၏။ ခဏအကြာတွင် တိဘက်မိန်းမပျိုသုံးဦးသည် နွားနို့များကို မြေအိုး တစ်လုံးဖြင့်ထည့်ကာ အိမ်ထဲသို့ဝင်လာလေ၏။

သူမတို့၏ဝတ်စားဆင်ယင်ပုံမှာ လီဆူးလူမျိုးတို့ကဲ့သို့ပင်ဖြစ်နေပြီး တဘီအဖြူရောင်နှင့် အနက်ရောင်အင်္ကျီများကို ဝတ်ဆင်ကြလေ၏။

လီဆူးများနှင့်ကွာခြားချက်မှာ တိဘက်တို့သည် များပြားလှသော ပုတီးအမျိုးမျိုးကို လည်တိုင်တွင်ဆွဲ၍ အလှဆင်ထားခြင်းဖြစ်၏။ အသားအရည်မှာ လွန်စွာဖြူဖွေးနူးညံ့ပြီး ချောမောလှပသော မျက်နှာပေါက်ရှိလေ၏။

ဝေလုတို့သည် နွားနို့နှင့်မလိုင်မုန့်များကို စားသောက်နေစဉ် မိန်းမပျိုများသည် ငြိမ်သက်စွာ စောင့်ကြည့်နေ၏။ ထိုအခိုက်မှာပင် ရွာလူကြီးတစ်ဦးရောက်ရှိလာပြီး

'' ဘာလိုအပ်ပါသလဲ ''

ဟု မေးမြန်းလေရာ ဦးဒီပက မလိုအပ်ကြောင်းပြော၍ ၎င်းတို့ရွာအကြောင်းကို စူးစမ်းလေရာ ရွာလူကြီးက

'' ဒီရွာက မြန်မာပြည်ရဲ့အစွန်ဆုံးရွာပဲ၊ ကျုပ်တို့ရွာကို ဂူဘား





လို့ခေါ်တယ်၊ ဆမ်းဒမ်းရွာလို့လဲ သိကြတယ်၊ ရွာရဲ့ဟိုးဘက်မှာ ဒိုင်ဖုတ်လခါးဆိုတဲ့ တောင်ကြားလမ်းရှိတယ်၊ ဒိုင်ဖုတ်လခါးတောင်ကြားလမ်းမှာ မြန်မာနယ်ခြားကျောက်တိုင် စိုက်ထားတာရှိတယ်၊ ကျုပ်တို့ရွာကလေးတခု ရေခဲဖုံးတောင်တန်းတွေနဲ့ ဝိုင်းရံထားတဲ့အတွက် မြန်မာပြည်ထဲကလူတွေတောင် သိပ်မသိကြဘူး ''

ဟုပြောလေရာ ဦးဒီပက

'' မြန်မာပြည်မြေပုံထဲမှာတော့ ခနောင်မွန်းနဲ့ ပန်နန်ဒင်လောက်သာဖော်ပြထားတယ်၊ ပန်နန်ဒင်ထောင်သိပ်မထင်ရှားဘူး ''

ဟုပြောလေ၏။ ရွာလူကြီးက ခေါင်းညိတ်၍

'' နောင်မွန်းနဲ့ ပန်နန်ဒင်က (၃၁)မိုင် ကွာဝေးတယ်၊ ကျုပ်တို့ရွာဟာ ပန်နန်ဒင်းရဲ့ အနောက်မြောက်စွန်းမှာရှိတယ်၊ ဒီဒေသကို စိန်ခူးဝမ်မြစ်ဝှမ်းဒေသလို့ခေါ်ပြီး စိန်ခူးဝမ်မြစ်ဝှမ်းဒေသမှာ မြန်မာပြည်ပေါက်တိဘက်လူမျိုးတွေ အများကြီးနေထိုင်ကြတယ်၊ ကျုပ်တို့အားလုံး မဟာယနဗုဒ္ဓဘာသာကို ကိုးကွယ်ကြတယ် ''

ဟုပြောလေ၏။ ဦးဒီပက စိတ်ဝင်စားစွာဖြင့်

'' ဒိုင်ဖုတ်လခါးတောင်ကြားလမ်းအတိုင်းသွားရင် တိဘက်ဒေသကို ရောက်ပြီပေါ့ ''

ဟုပြောလေရာ ရွာလူကြီးက ခေါင်းညိတ်၍

'' ရောက်တာပေါ့၊ ဒိုင်ဖုတ်လခါးတောင်ကြားလမ်းက တိဘက်နဲ့ မြန်မာနောက်ဆုံးနယ်နမိတ်လမ်းကြောင်းပဲ ''

ဟုပြောလေတော့၏။

မှတ်ချက်။ ၁၉၁၄ ခုနှစ်တွင် အင်္ဂလိပ်တိဘက်နယ်နမိတ် သတ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ရေးသဘောတူစာချုပ်အရ ဒိုင်ဖုတ်လခါးတောင်ကြားမှ အီဇူတာဇီတောင်ကြားအထိ မိုင်ပေါင်း ၁၅၀ ရှည်လျားသော တိဘက်–မြန်မာနယ်နိမိတ်မျဉ်းကြောင်းကို သဘောတူသတ်မှတ်ခဲ့ပြီး အင်္ဂလိပ်အစိုးရက နယ်ခြားကျောက်တိုင်များ စိုက်ထူခဲ့ပါသည်။ ထိုနယ်ခြားကျောက်တိုင်ကို မူတာအိုအရေးပိုင်၏ အမိန့်အရ နယ်ပိုင် မစ္စတာတီအိုဘားနပ်က ဦးစီးစိုက်ထူခဲ့ခြင်းဖြစ်ပါသည်။ တိဘက်လူမျိုးများနေထိုင်သော မြန်မာပြည်၏နောက်ဆုံး ဂူဘားခေါ် ဆမ်းဒမ်းရွာကလေးသည် နယ်ခြားကျောက်တိုင်၏မနီးမဝေးတွင်တည်ရှိပါသည်။

(စာရေးသူ)

ခဏအကြာတွင် တိဘက်ရွာလူကြီးက ပြန်မည့်အကြောင်းနှုတ်ဆက်ကာ ညနေတွင် ရွာသူကြီးသမီး မင်္ဂလာဆောင်ရှိ၍ မင်္ဂလာဆောင်သို့ လာရောက်ခေါ်ဆောင်မည်ဖြစ်ကြောင်း ပြောလေ၏။

အိမ်ကလေးမှ ပြန်ထွက်ကာနီးတွင် ရွာလူကြီးက

‘‘ကံကြမ္မာဆိုတာ သူ့ဘာသာဖြစ်လာတာပါ၊ လူက လုပ်ယူလို့မရဘူး၊ ဒါကြောင့် အရာအားလုံးဟာ ကံကြမ္မာနဲ့သာဆိုင်ပါတယ်၊ ကျုပ်တို့အားလုံးဟာ အပြစ်မရှိကြပါဘူး၊ ဘာကြောင့်လဲဆိုတော့ ကံကြမ္မာဇာတ်ခုံပေါ်မှာ ခိုင်းစေရာလုပ်နေရတဲ့ အရုပ်ကလေးတွေဖြစ်နေလို့ပါပဲ’’

ဟု လေးနက်သော စကားကိုဆို၍ ထွက်ခွာသွားလေ၏။



ဦးဒီပက ရွာလူကြီး၏ စကားကို မျက်မှောင်ကြုတ်၍ အတန်ကြာအောင် စဉ်းစားနေလေ၏။

၎င်း၏ စကားများကို ဝေလုတို့လူစုအား ဘာသာပြန်ပြလေရာ ဘွန်အော သက်ပြင်းချ၍

‘‘ ဒီလူကြီးဟာ ရွာမှာနေပေမယ့် အသိဉာဏ်ဗဟုသုတရှိသားပဲ ’’

ဟု မှတ်ချက်ချလေ၏။ ဦးဒီပက မျက်မှောင်ကြုတ်၍

‘‘ သူ့စကားမှာ ထူးဆန်းလျို့ဝှက်မှုတွေပါနေတယ်၊ သတိတော့ထားရမယ်၊ ငါ့စိတ်ထဲမှာ အန္တရာယ်နဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ ထင်နေမိတယ် ’’

ဟုပြောလေရာ ဘွန်အောက အထိတ်တလန့်ဖြင့်

‘‘ အန္တရာယ်နဲ့ ရင်ဆိုင်ရမယ်ဆိုရင်တော့ ဒုက္ခပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ လက်နက်တွေကို သူတို့သိမ်းသွားကြပြီ ’’

ဟုပြောလေရာ ဂျင်မောင်မောင်က လက်ကာပြ၍

‘‘ ဟဲ ဟဲ... လက်နက်တွေ အကုန်မသိမ်းပါဘူးဗျ၊ ခင်ဗျားတို့ ရွာလူကြီးနဲ့ စကားပြောနေတုန်း ကျုပ်တို့ လက်နက်တွေထည့်ထားတဲ့ ဂုန်နီအိတ်ထဲက ခြောက်လုံးပြူးသုံးလက်ကို ကျုပ်မရရအောင် ပြန်ခိုးထားလိုက်တယ် ’’

ဟုပြောလေရာ ဘွန်အောက ရယ်မော၍

‘‘ ဒီလိုတော့လဲ လူလိမ်ကြီးက တော်သွားပြန်ရော ’’

ဟု ချီးမွမ်းလိုက်လေ၏။ ဝေလုက ရယ်မော၍

‘‘ ဒါဆိုရင်တော့ သေနတ်သုံးလက်ဟာ ခင်ဗျားတို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



အတော်ဖြစ်သွားတာပေါ့။ ကျုပ်ကတော့ သေနတ်မပစ်တတ်တော့ မလိုချင်ပါဘူးဗျာ၊ လက်ထဲမှာ ကြာပွတ်ရှိရင် ဘယ်ရန်သူမှ မကြောက်ပါဘူး ''

ဟုပြောလေရာ ဂျင်မောင်မောင်က ဝေလု၏ခါးတွင် ခွေလိပ်ထားသော ကြာပွတ်ကိုကြည့်၍

'' မင်းရဲ့ကြာပွတ်ကိုတော့ ယုံပါတယ်ကွာ၊ တောင်ကုန်းပေါ်မှာ ရန်သူသုံးယောက်ကို တက်သိမ်းတုန်းက ကြာပွတ်နဲ့ ရွှမ်းခနဲရိုက်ထည့်လိုက်တာ ရန်သူတွေကျောကော့ပြီး မထနိုင်တော့ဘူး ''

ဟုချီးမွမ်းလေ၏။ ဝေလုက ကြာပွတ်ကို ခါးကြားမှထုတ်၍ ရွှမ်းခနဲရိုက်ပြကာ

'' ကြာပွတ်မှာဆူးတွေပါတယ်ဗျ၊ အရိုက်ခံရတဲ့သူဟာ အလွန်ကြောက်ဖို့ကောင်းတယ် ''

ဟုပြောလေတော့၏။

ညနေသို့ရောက်သောအခါ ရွာလူကြီးသုံးယောက်သည် ဝေလုတို့လူစုအား မင်္ဂလာပွဲကျင်းပရာနေရာသို့ ခေါ်ဆောင်သွားလေ၏။

သူကြီးသမီး၏ မင်္ဂလာဆောင်ရှိသောကြောင့် တစ်ရွာလုံး ကိုတ်ဆိတ်ငြိမ်သက်နေ၏။ ရွာ၏တစ်နေရာတွင် အုတ်ဖြင့်တည်ဆောက်ထားသော ဘုရားကျောင်းရှိ၏။

ဘုရားကျောင်းဝင်းထဲတွင် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော ရွာသူရွာသားများကိုတွေ့ရလေ၏။

ၤင်းတို့၏ ထူးခြားချက်မှာ မင်္ဂလာပွဲအတွက် ပျော်ရွှင်မှု အလွန်အကျိုးမရှိဘဲ ဝေလုတို့လူစု ဘုရားကျောင်းထဲသို့ ဝင်ရောက်



လာသောအခါ ပြောလက်စစကားများကိုရပ်၍ စိတ်ဝင်တစားကြည့်ရှုကြလေ၏။

ဂျင်မောင်မောင်က လေသံတိုးတိုးဖြင့်

'' တိဘက်မိန်းကလေးတွေကို ကြည့်ရတာ ရုပ်ရည်ချောမောလှပတယ်၊ ဒါပေမယ့် သူတို့မျက်လုံးတွေဟာ အသက်မပါသလိုဘဲ၊ ဆွဲဆောင်မှုမရှိဘူး ''

ဟု ရေရွတ်လေ၏။

ဘုရားကျောင်းအဝတွင် စားပွဲရှည်ကြီးများခင်းကျင်း၍ ပိုးဖဲကတ္တီပါဝတ်ဆင်ထားသောလူကြီးများထိုင်နေကြ၏။

ထိုလူကြီးများ၏နောက်တွင် လွန်စွာကြီးမားသော ကြေးပန်းအိုးကြီးနှစ်အိုးရှိပြီး ပန်းအိုးထဲတွင် အမွှေးတိုင်များကို ထွန်းညှိထားလေ၏။ ဘုရားကျောင်းအထဲတွင်လည်း ရွာသူရွာသားများပြည့်လျှံနေပြီး ဝေလုတို့လူစုအား ရွာလူကြီးမိသားစုက ဣန္ဒြေရရကြိုဆို၍ ဘုရားကျောင်းထဲရှိ စားပွဲတစ်လုံးတွင် နေရာချပေးလေ၏။

ဝေလုတို့လူစုသည် ရှည်လျားသော စားပွဲရှည်ကြီးတွင် နေရာယူလိုက်လေ၏။

စားပွဲရှည်ကြီး၏ထိပ်တွင် မင်္ဂလာသတို့သားဖြစ်ဟန်တူသော လူငယ်နှင့် သတို့သမီး မိန်းမပျိုထိုင်နေလေ၏။

သတို့သား၊ သတို့သမီးအရှေ့တွင် ရေထည့်ထားသော ကြေးခွက်ကြီးတစ်ခွက်ရှိလေ၏။

သတို့သား၊ သတို့သမီး၏နောက်တွင် ကျောက်ဖြူသားဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရုပ်ပွားတော်၏ ဦးခေါင်းရှိရာသို့ ကြိုးဖြင့်သွယ်တန်းထားသော စက်သီးတစ်ခုရှိလေ၏။

ဘွန်အောက ရုပ်ပွားတော်သို့ စက်သီးသွယ်တန်းထားပုံကို တအံ့တသြကြည့်ရှုနေစဉ် ဦးဒီပက လေသံတိုးတိုးဖြင့်

" တိဘက်တွေကြည့်ရတာ ဗုဒ္ဓရုပ်ပွားတော်ကို နေ့ထူးနေ့မြတ်တွေမှာ မျက်နှာတော်ဆေးကြောသန့်စင်တာတွေ လုပ်လေ့ရှိပုံရတယ်၊ ဒါကြောင့် ဘုန်းတော်ကြီးက စက်သီးနဲ့ မျက်နှာတော်ရှိတဲ့နေရာသို့ တိုက်ရိုက်ရွေ့လျားသွားပြီး အမွေးအကြိုင်တွေနဲ့ သန့်စင်ပေးတာဖြစ်မယ် "

ဟုပြောလေရာ ဂျင်မောင်မောင်က ခေါင်းညိတ်၍

" ကျုပ်တို့မြန်မာပြည်က ရှမ်းပြည်ထဲမှာလဲရှိတယ် "

ဟုပြောလေ၏။ ဘွန်အောကမူ

" တိဘက်တွေရဲ့မျက်နှာကိုကြည့်ရတာ တက်တက်ကြွကြွမရှိဘူး၊ မရွှင်မလန်းနဲ့ မင်္ဂလာဆောင်မယ့် သတို့သားနဲ့ သတို့သမီးကိုလည်း ကြည့်ပါဦး၊ မှောက်မှိုင်မှိုင်နေကြတယ် "

ဟု ကဲ့ရဲ့လေရာ ဦးဒီပက မျက်မှောင်ကြုတ်၍

" ငါမြင်ဖူးတဲ့ တိဘက်တွေကတော့ သူတို့လိုမဟုတ်ပါဘူး၊ ရိုးသားပွင့်လင်းတယ် "

ဟုပြောလေ၏။

ထိုအခိုက်မှာပင် ဝတ်ရုံအညိုရောင်များကို ခြုံထားသောလူများသည် ဘုရားကျောင်းဆောင်၏ နဘေးအပေါက်မှ စီတန်း၍ ဝင်လာကြလေ၏။ ၎င်းတို့၏ဦးခေါင်းများကိုပင် ဝတ်ရုံများခြုံထားသဖြင့်





မျက်နှာကို သဲသဲကွဲကွဲ မမြင်ရပေ။

ဘွန်အောက သက်ပြင်းချ၍

" မင်္ဂလာပွဲစတော့မယ်ထင်တယ်၊ ဘာသာရေးဆရာတွေ ရောက်လာကြပြီ "

ဟုပြောလေ၏။ ဝတ်ရုံအညို ဝတ်ဆင်ထားသူမှာ ၁၀ ဦး ဘိတိရှိ၏။

၎င်းတို့အနက် ဝတ်ရုံညိုတစ်ဦးက သတို့သား သတို့သမီး၏ အနောက်တွင် နေရာယူထားကြ၏။

ကျန်သော ဝတ်ရုံညိုဝတ်ဆင်ထားသူများက လှန်စွာကြီးမားသော ကြေးပန်းအိုကြီးများရှေ့တွင် နေရာယူထားလိုက်ကြ၏။

ဦးဒီပသည် ဝတ်ရုံညိုများကို မျက်မှောင်ကြုတ်၍ ကြည့်ရှုနေလေရာမှ မျက်နှာကွက်ခနဲပျက်သွားလေ၏။ ပြီးမှ လေသံတိုးတိုးနှင့်

" ဒီတစ်ခါတော့ ငါ့ပြဿနာအကြီးအကျယ်ဒုက္ခရောက်ပြီကွ၊ ငါတို့ ထောင်ချောက်ထဲရောက်နေပြီ၊ ဝတ်ရုံညိုတွေက ငါတို့ရန်သူနဂါးနက်တွေပဲ "

ဟုပြောလေရာ ဝေလုတို့သည် အထိတ်တလန့်ဖြစ်သွားလေ၏။ ဘွန်အောက မျက်မှောင်ကြုတ်၍

" သေချာလို့လား ဒီပရယ် "

ဟုပြောလေ၏။ ဦးဒီပက ခေါင်းညိတ်၍

" ငါဟာ တိဘက်ရွာသားတွေရဲ့ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ကတည်းက မသင်္ကာဖြစ်နေတာကွ၊ တိဘက်တွေဟာ မျက်နှာပေါ်က အမူအရာကို ဖုံးဆောင်နိုင်ခဲ့တယ်၊ သူတို့ဟာ နဂါးနက်ဂိုဏ်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကျပ်ကိုင်ခံနေရပုံရတယ် ''

ဟုပြောလေ၏။ ဂျင်မောင်မောင်က

'' မင်္ဂလာခန်းမထဲမှာ နဂါးနက် ၁၀ ယောက်ရှိတယ်၊ ဒီကောင်တွေကို ကျုပ်တို့က လက်ဦးမှုရအောင် သေနတ်နဲ့ပစ်ရင်ရော ကျုပ်တို့မှာ ခြောက်လုံးပြူးတွေပါတာပဲ ''

ဟုပြောလေ၏။ ဦးဒီပက ခေါင်းခါ၍

'' ဒီလိုလုပ်လို့မဖြစ်ဘူး၊ သေနတ်လုံးဝမသုံးနဲ့၊ အခန်းထဲမှာ တိဘက်ရှာသူရှာသားတွေ အများကြီးရှိတယ်၊ ထိခိုက်ကုန်လိမ့်မယ်၊ နောက်ပြီး သတို့သားသတို့သမီးနောက်မှာကပ်ပြီးထိုင်နေတဲ့ နဂါးနက်တစ်ယောက်ကိုကြည့်၊ ဒီကောင်ဟာ သတို့သားနဲ့သတို့သမီးရဲ့ နောက်ကျောကို ဓားနဲ့ထောက်ထားပုံရတယ်၊ ငါတို့ရိပ်မိသွားပြီး သူတို့ကို အန္တရာယ်ပြုမယ်ဆိုရင် ဒါနဲ့အကြပ်ကိုင်လိမ့်မယ်၊ နောက်ပြီး ဘုရားကျောင်း အပြင်ဘက်မှာ နဂါးနက်တွေ ဘယ်လောက်ရှိသလဲ မသိနိုင်ဘူး ''

ဟုပြောလေရာ ဘွန်အောက အထိတ်တလန့်ဖြင့်

'' ဒါဆိုရင် ကျုပ်တို့ရန်သူလက်ခုပ်ထဲမှာ ရောက်နေပြီပေါ့ ''

ဟုရေရွတ်လေ၏။ ဦးဒီပက လေသံတိုးတိုးဖြင့်

'' ဟန်မပျက်နေကွ၊ ငါတို့အနီးအနားမှာရှိတဲ့ နဂါးနက်တွေကို သေနတ်မသုံးဘဲ လက်ဦးမှုယူပြီး တိုက်ခိုက်မယ်ဆိုရင် ရလောက်တယ်၊ ဒါပေမယ့် သတို့သမီးသတို့သားကို ဓားစာခံလုပ်ပြီး နောက်မှာထိုင်နေတဲ့ကောင်က ငါတို့နဲ့အလှမ်းဝေးနေတယ်၊ ငါတို့တစ်ခုခု လှုပ်ရှားလိုက်တာနဲ့ ဒီကောင်က ဓားစာခံတွေနဲ့ ခြိမ်းခြောက်မှာကွ ''





ဟုပြောလေ၏၊ ဘွန်အောက ထိုသူကို မသိမသာကြည့်၍

'' ဒီကောင်ကို သေနတ်နဲ့အရင်လှမ်းပစ်ရင်ရော ''

ဟုမေးမြန်းလေ၏ ဦးဒီပက သက်ပြင်းချ၍

'' ငါ စဉ်းစားကြည့်ပြီးပြီ၊ ဒါပေမယ့် ဒီကောင်က သတို့သား သတို့သမီးနောက်မှာကွယ်ပြီးထိုင်နေတာကွ၊ သူ့ကိုအဝေးက သေနတ်နဲ့လှမ်းပစ်လို့မဖြစ်နိုင်ဘူး၊ တော်ကြာသတို့သမီးကို ထိသွားနိုင်တယ်၊ သတို့သမီးက သူကြီးသမီးကွ၊ မိုးမီးလောင်သွားမယ် ''

ဟုပြောလေရာ ဝေလုတို့လူစုသည် အကြပ်ရိုက်သွားလေ၏။ မင်္ဂလာခန်းမ၏အလည်တည့်တည့်တွင် ၎င်းတို့လူစုသည် နဂါးနက် ဂိုဏ်းသားများ၏ စနစ်တကျ ဝိုင်းရံထားမှုကို ခံနေကြရလေ၏။

ထိုအခိုက်မှာပင် တိဘက်တို့၏ ထုံးစံအတိုင်း အဓိပတိတော်ဘုန်းကြီးက ခရုသင်းကို စတင်မှုတ်လေ၏။

တီးဝိုင်းအဖွဲ့မှလည်း ဗုံများကို စတင်တီးခတ်လေ၏။

ဝေလုသည် ဗုံသံများဆူညံနေပြီး အမွှေးတိုင်မီးခိုးများနှင့် ဖုံးလွှမ်းနေသော မင်္ဂလာခန်းမကိုကြည့်၍ အကြံထုတ်နေလေ၏။ ရန်သူလက်မှ လွတ်မြောက်ရန် အချိန်ပိုင်းမျှသာလိုတော့၏။

ဝေလုသည် သတို့သားသတို့သမီးနောက်တွင် ထိုင်နေသူကို မည်သို့မည်ပုံ ရှင်းလင်းရမည်ကို တွေးတောရင်း ရုပ်ပွားတော်ကြီးဆီသို့ သွယ်တန်းထားသော ကြိုးနှင့် စက်သီးကိုမြင်ပြီး ခေါင်းထဲသို့ အကြံတစ်ခု လက်ခနဲ ဝင်ရောက်လာလေ၏။

ထိုအကြံကြောင့် ဦးဒီပကိုလက်တို့၍

'' ဒီမှာ ဦးဒီပ၊ သတို့သားသတို့သမီးရဲ့နောက်ကကောင် ကို



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရအောင်ရှင်းမယ်၊ ကျုပ်တို့ခေါင်းပေါ်မှာ စက်သီးကြီးရှိတယ်၊ စက်သီးကို ကြာပွတ်နဲ့ ခိုဆင်းသွားရင် ဗိုကောင်ရှေ့ တန်းရောက် မယ်''

ဟုပြောလေရာ ဦးဒီပက စက်သီးကို မသိမသာကြည့်၍

'' ဖြစ်ပါ့မလား ဝေလု ''

ဟုပြောလေ၏။ ဝေလုက ခေါင်းညိတ်၍

'' ဖြစ်တယ်၊ ကျုပ်ရအောင်ရှင်းမယ်၊ ကျုပ်စပြီး လှုပ်ရှားတာနဲ့ ဦးဒီပတို့ ကျန်တဲ့ကောင်တွေကို ရှင်းပေတော့ ''

ဟုပြောလေ၏။ ဝေလု၏စကားဆုံးသည်နှင့် မင်္ဂလာခန်းမ၏ အပြင်ဘက်တွင် မီးရှူးမီးပန်းများလွှတ်သံကို ဆူညံစွာကြားရလေ၏။

မင်္ဂလာခန်းမရှိ လူများအားလုံးအပြင်ဘက်ရှိ မီးရှူးမီးပန်းများ လွှတ်ရာသို့ အာရုံရောက်သွားလေ၏။

ထိုအခိုက်မှာပင် ဝေလုက အခွင့်အရေးကို လက်လွှတ်မခံဘဲ

'' အားလုံးအသင့်ပြင် ''

ဟုအော်ဟစ်ကာ ခါးကြားရှိ ကြာပွတ်ကို ဆတ်ခနဲထုတ်၍ ခေါင်းပေါ်ရှိ စက်သီးကိုပစ်လိုက်၏။ ကြာပွတ်သည် စက်သီး၌ ချိတ်သွားပြီး ဝေလု၏ ခန္ဓာကိုယ်ကို လူအများ၏ခေါင်းပေါ်မှ တစ်ရှိန်ထိုး ခေါ်ဆောင်သွားလေ၏။

မင်္ဂလာခန်းမအတွင်းရှိ ပရိသတ်များသည် ဝေလု၏အဖြစ်ကို တအံ့တဩကြည့်နေ၏။ ဝေလုသည် စက်သီးကို တွဲလွဲခို၍ လိုက်ပါလာရာမှ သတို့သားသတို့သမီး၏ စင်အရှေ့သို့ရောက်သောအခါ ခါးကြားမှ ဓားမြှောင်ကိုထုတ်၍ ရန်သူကို လှစ်ခနဲပစ်လိုက်၏။

ဓားမြှောင်သည် ကြောင်အမ်းအမ်းကြည့်နေသော နဂါးနက်





ဂိုဏ်းသား၏ နဖူးတွင် စိုက်သွားပြီး ဂုန်းခနဲပြိုလဲကျသွား၏။

ထိုအခိုက်မှာပင် ဦးဒီပတို့လူစုကလည်း တစ်ပြိုင်တည်း တိုက်စစ်ဆင်လေတော့၏။

ဦးဒီပသည် စားပွဲခုံရှည်ကြီးအတိုင်း ပြေးလွှားသွားပြီး အမွေးတိုင်အိုးကြီးနောက်တွင် ရပ်နေသော ရန်သူသုံးယောက်ကြားသို့ ခုန်ချလိုက်၏။ ပြီးနောက် ရန်သူများကို သိန်းစွန်ရဲကဲ့သို့ လျှင်မြန်စွာ တိုက်ခိုက်လေရာ ရန်သူများ ပြိုလဲကျလေ၏။

ဂျင်မောင်မောင်နှင့် ဘွန်အောမှာလည်း တက်ညီလက်ညီဖြင့် တိုက်ခိုက်လေ၏။

ဘွန်အောသည် ရန်သူတစ်ဦး၏ခေါင်းကို ပန်းအိုးကြီးဖြင့် ထုလိုက်ပြီး ဂ တစ်ယောက်ကို ရေနွေးအိုးကြီးဖြင့် ပစ်လေ၏။

ရန်သူသည် ရေနွေးပူလောင်၍ အော်ဟစ်နေစဉ် ပေါင်ကြားသို့ ခြေဖြင့်တအား ဆောင့်ကန်လိုက်၏။

ဂျင်မောင်မောင်နှင့် ရန်သူနှစ်ယောက်သည် စားပွဲခုံကို ပတ်ပြေးနေရာမှ ဂျင်မောင်မောင်က စားပွဲခုံပေါ်သို့ ခုန်တက်လိုက်ပြီး ရန်သူတစ်ဦး၏ မေးရိုးကို ခြေဖြင့်တအားလွှဲကန်လေ၏။

ကျန်တစ်ယောက်ကို စားပွဲခုံပေါ်မှ ခုန်အုပ်၍ အပေါ်မှခွစီးကာ မျက်နှာကို ပယ်ပယ်နယ်နယ်ထိုးလေ၏။

၎င်းတို့၏ ဝရုန်းသုန်းကားရန်ပွဲစတင်နေချိန်တွင် ရွာသူရွာသားများသည် ဆူညံစွာအော်ဟစ်၍ မင်္ဂလာခန်းမထဲမှ ထွက်ပြေးသွားကြ၏။

ထိုအခိုက်မှာပင် တံခါးဝမှ နဂါးနက်သုံးလေးယောက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝေလုတို့ကို သေနတ်ဖြင့်ပစ်လေရာ ဝေလုတို့သည်မြေပေါ်တွင် ပပ်နေရ၏။

ဝေလုသည် ဘုရားကျောင်း၏ပြတင်းပေါက်မှ ခုန်ထွက်၍ သေနတ်ပစ်နေသော ရန်သူနှစ်ယောက်ကို အနောက်မှ အလစ်ဝင်ကာ ကြာပွတ်ဖြင့် ရိုက်လေ၏။ ရန်သူတစ်ဦးကို အနီးကပ်ဝင်လုံး၍ နဖူးကို ဒူးဖြင့်ခုန်တိုက်လေ၏။

ရန်သူသုံးယောက်အနက်တစ်ဦးမှာ မိန်းမတစ်ယောက်ဖြစ်၍ ဝေလုသည် ကြောင်အမ်းအမ်းကြည့်နေစဉ် ရန်သူမိန်းမသည် ဘုရားကျောင်း၏ နဘေးလမ်းအတိုင်း ပြေးလေ၏။ ထိုမိန်းမနောက်သို့ ဂျင်မောင်မောင်မှာ အပြေးလိုက်သွား၏။

ဝေလုသည် ၎င်းတို့အနောက်မှ ပြေးလိုက်ခဲ့လေ၏။ ဘုရားကျောင်း၏ အနောက်ဘက်လမ်းကြားသို့ ရောက်သောအခါ ဂျင်မောင်မောင်သည် ရန်သူမိန်းမကို မိသွားပြီး အနောက်မှခုန်အုပ်လိုက်ရာ ရန်သူနှင့် အတူလုံးထွေးလဲကျသွားလေ၏။

ထိုအခိုက်မှာပင် မထင်မှတ်သောဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့သဖြင့် ဝေလုသည်

'' ဟာ... ဝံပုလွေကြီး ဘယ်လိုဖြစ်တာလဲ ''

ဟု အလန့်တကြားအော်ဟစ်လိုက်လေ၏။ ဂျင်မောင်မောင်သည် ရန်သူမိန်းမကို မတိုက်ခိုက်ဘဲ ကြောင်အမ်းအမ်းကြည့်ရှုနေစဉ်မှာပင် ရန်သူမိန်းမသည် လက်ထဲရှိ မားမြှောင်ဖြင့် ဂျင်မောင်မောင်ကို တစ်ချက်ပြီးတစ်ချက် ဆင့်ထိုးလိုက်လေတော့၏။ ဂျင်မောင်မောင်သည် ဓားဒဏ်ရာကြောင့် မြေပေါ်သို့ လဲကျသွားလေ၏။ ဝေလုက ရန်သူ





မိန်းမအား ဒေါသတကြီးဖြင့် လည်တိုင်ကို လက်ဝါးစောင်းဖြင့် ခုတ်လိုက်ရာ ရန်သူမိန်းမသည် ဂျင်မောင်မောင်၏ကိုယ်ပေါ်သို့ ထပ်လျက် လဲကျသွားလေ၏။

ဝေလုသည် ရန်သူမိန်းမကို ဖယ်၍ ဂျင်မောင်မောင်ကို ထူမရန် ကြိုးစားလိုက်ရာ ဂျင်မောင်မောင်က သွေးများအန်ကျလာပြီး

'' မင်း သူ့ကို ဘာလို့ သတ်လိုက်တာလဲကွ ''

ဟုပြောလေ၏။ ဝေလုက စိတ်လှုပ်ရှားစွာဖြင့်

'' ဟာ... ခင်ဗျားကို ဒီလောက်ဓားနဲ့ တစ်ချက်ပြီးတစ်ချက် ထိုးတာ ကျုပ်ကလက်ပိုက်ကြည့်နေရမှာလား။ ခင်ဗျားဘာလို့ ဒီမိန်းမကို မတိုက်ခိုက်တာလဲ ''

ဟုမေးမြန်းလေ၏။ ဂျင်မောင်မောင်သည် ပါးစပ်ထဲမှ သွေး များ ထွက်ကျလာပြီး

'' သူ့ကို ငါ တစ်သက်လုံးလက်ဖျားနဲ့မထိပါဘူးလို့ ဘုရားမှာ သစ္စာဆိုထားတယ်လေကွာ၊ သူဟာ ငါ့မိန်းမ စိန်ကြောင်နီလာကွ ''

ဟုဆိုလိုက်ရာ ဝေလုသည် လွန်စွာအံ့ဩသွားလေ၏။

ဂျင်မောင်မောင်သည် စိန်ကြောင်နီလာဆိုသော မိန်းမ၏ရန်မှ လွတ်မြောက်ရန် မြန်မာပြည်အနှံ့ လှည့်လည်ပြေးလွှားနေခဲ့၏။

ဦးဒီပနှင့် စွန့်စားခန်းဖွင့်ရန် လိုက်ပါလာခြင်းမှာလည်း ဦးဒီပက စိန်ကြောင်နီလာကို သတင်းပို့မှာ ကြောက်သောကြောင့်ဖြစ်၏။

ယခုတော့ မြန်မာပြည်၏ လူသူအရောက်အပေါက်နည်းလှသော ရွာကလေးတွင် စိန်ကြောင်နီလာဆိုသောမိန်းမနှင့် တိုက်တိုက် ဆိုင်ဆိုင်တွေ့ပြီး အသက်ဆုံးရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အနီးသို့ ဘွန်အောရောက်ရှိလာပြီး ဂျင်မောင်မောင်ကို ကမန်းကတန်းပြေးထူလိုက်၍

" လူလိမ်ကြီး မသေပါဘူးနော်၊ တစ်သက်လုံးလူတွေကို လိမ်လည်နေတဲ့ကောင်၊ အခုလဲ လိမ်နေတာမဟုတ်လား၊ ဒဏ်ရာရချင်ယောင်ဆောင်ပြီး လိမ်နေတာမဟုတ်လား၊ ပြောစမ်းပါ "

ဟု ဝမ်းပမ်းတနည်းပြောလေရာ ဂျင်မောင်မောင်က အားယူ၍ ပြုံးလိုက်ပြီး

" ဒီတစ်ခါ မင်းတို့ကိုမလိမ်နိုင်တာ ခွင့်လွှတ်ပါကွာ "

ဟုပြောရင်း ခေါင်းကျိုးကျသွားလေ၏။

ဦးဒီပက ဝမ်းနည်းဟန်ဖြင့် ခေါင်းကို ပြည်းညင်းစွာခါယမ်း၍

" နောက်ဘဝကျမှ လူတွေကို လိမ်ချင်သလောက် လိမ်တော့ ဂျင်မောင်မောင် "

ဟု တိုးတိုးရေရွတ်လိုက်လေ၏။

ထိုအခိုက်မှာပင် ကော်လဲသံကဲ့သို့ လွန်စွာကျယ်လောင်သော အသံကြီးကို ကြားလိုက်ရသဖြင့် ဝေလုတို့အားလုံး ထိတ်လန့်တုန်လှုပ်သွားလေ၏။ ဘွန်အောက

" လျှောင်လှုပ်ပြီနဲ့တူတယ် "

ဟုအော်ဟစ်လိုက်လေ၏။

ဦးဒီပက မျက်မှောင်ကြုတ်၍ ရွာတောင်ဘက်သို့ ကြည့်ရှုနေစဉ် ရွာသူရွာသားများက တစ်စုံတစ်ရာကို သံပြိုင်အော်ဟစ်လိုက်လေ၏။

ဝေလုနှင့် ဘွန်အောသည် ဦးဒီပ၏ မျက်နှာကို လှမ်းကြည့်ပြီး

" သူတို့ဘာတွေအော်နေတာလဲ "



ဟု မေးမြန်းလိုက်ရာ ဦးဒီပက စိတ်လှုပ်ရှားသောအမူအရာဖြင့် ရွာတောင်ဘက်မြေပြန့်လွင်ပြင်သို့ လှမ်းကြည့်လိုက်ပြီး

" ဆင်စွယ်နန်းရှင် "

ဟု တီးတိုးရေရွတ်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားများသည် ရွာလယ်လမ်းမကြီးအတိုင်း လူစုလူဝေးဖြင့် ရွာပြင်သို့ ပြေးထွက်သွားလေ၏။

လူကြီးသူမများ ကလေးများပါမကျန် ရွာပြင်သို့ ပြေးထွက်ကြလေရာ ဝေလုတို့သည် ၎င်းတို့နောက်မှ စိတ်လှုပ်ရှားစွာ လိုက်သွားလေ၏။

ရွာပြင်သို့ရောက်သောအခါ လွင်ပြင်ကျယ်ကြီး၏ တစ်ဖက်တွင် တရွေ့ရွေ့သွားလာနေသော ဆင်အုပ်ကြီးကိုကြည့်၍ ဝေလုတို့လူစုသည် ဟာခနဲဖြစ်သွားလေ၏။

ဆင်အုပ်ကြီးသည် များပြားလှသဖြင့် မြေကြီးတစ်ခုလုံး သိမ့်သိမ့်တုန်နေပြီး ဖုံများတထောင်းထောင်းထနေလေ၏။



ဆင်အုပ်ကြီးသည် တဖြည်းဖြည်း လွင်ပြင်ကျယ်ကြီးအတိုင်း ရွေ့လျားလာပြီး ရွာနှင့်နီးသောအခါ သူကြီးက ဝမ်းသာအားရဖြင့်

" ဆင်စွယ်နန်းရှင်၊ ဆင်စွယ်နန်းရှင်ရောက်လာပြီး ကျုပ်တို့ရဲ့ဘေးဒုက္ခတွေကို ကူညီဖို့ရောက်လာပြီ "

ဟုရေရွတ်လိုက်လေ၏။ ဝေလုတို့လူစုသည် ရှေ့ဆုံးမှ ရောက်ရှိလာသော ဆင်ကြီးတစ်ကောင်၏ထိပ်တွင် မိန်းမတစ်ယောက်၏ သဏ္ဌာန်ကို ခပ်ရေးရေးမြင်ရ၏။ ထိုမိန်းမသည် အဖြူရောင်ဝတ်ရုံကို ဝတ်ဆင်ထားပြီး သူမ၏ရှည်လျားသော ဆံပင်များသည် လေနှင့်အတူတူတလူလူ လွင့်နေလေ၏။

ဆင်ကြီးသည် အနီးသို့ တဖြည်းဖြည်း နီးကပ်လာသောအခါ သူမ၏ သဏ္ဌာန်သည် ပိုမိုထင်ရှားလာပြီး လွန်စွာချောမောလှပကြောင်း တွေ့ရလေ၏။ ဆင်အုပ်ကြီးသည် ရွာနှင့်အနီးဆုံးသို့ ရောက်သောအခါ သူမက နောက်သို့လှည့်၍ ရှူးရှူးဝါးဝါးအော်ဟစ်လိုက်သောအခါ ဆင်ရိုင်းများသည် တုန့်ခနဲရပ်သွားလေ၏။

ဝေလုသည် ဖန်ဒီးတစ်ယောက်အနေဖြင့် ဆင်ရိုင်းအုပ်ကြီးကလူသားတစ်ယောက်၏စကားကို နားထောင်ခြင်းကို လွန်စွာအံ့သြနေမိ၏။

ထို့အပြင် ဆင်စွယ်နန်းရှင်ဆိုသောမိန်းမသည် ဆင်ပေါ်တွင် မည်သည့်ကိရိယာတန်ဆာပလာမှမပါရှိဘဲ အလွတ်ထိုင်လိုက်လာခြင်းဖြစ်၏။

ဆင်ယဉ်များကိုပင် ချွန်းနှင့် ကကြိုးတန်ဆာများဆင်ယင်ရသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဆင်စွယ်နန်းရှင်သည် ဆင်ရိုင်းတစ်ကောင်၏အပေါ် တွင် မခို့တရို့ဆေးထိုင်နေသည်မှာ ထူးဆန်းလှ၏။

သူမသည် ရွာသူရွာသားများကို မျက်လုံးဝေ့ကြည့်ရင်း ဦးဒီပတို့လူစုကိုကြည့်ရှုလေ၏။

ဦးဒီပသည် သူ၏စိတ်ကူးယဉ်အိပ်မက်ထဲမှ မိန်းမကို ပြင်ပလောကတွင် အမှန်တကယ်မြင်တွေ့ရသဖြင့် ရင်သပ်ရှုမောဖြစ်နေလေ၏။

ထိုမိန်းမ၏ ပုံပန်းသဏ္ဌာန်သည် မှော်ဆရာမကြီး၏ရေခွက်ထဲတွင် သူ၏အနာဂတ်ကိုကြည့်ရှုစဉ် မြင်တွေ့သည့်အတိုင်းဖြစ်နေ၏။

ဦးဒီပက ဆင်စွယ်နန်းရှင်ကိုကြည့်၍ နှုတ်မှတီးတိုးရေရွတ်နေလေ၏။

" သူ့ရဲ့အဖြူရောင်ဝတ်စုံနဲ့လှပတဲ့ ကိုယ်ဟန်ရယ်၊ လေထဲမှာတလူလူလွင့်နေတဲ့ ဆံပင်တွေရယ်၊ များပြားလှတဲ့ဆင်အုပ်ကြီးရယ်၊ လွင်ပြင်ကျယ်ကြီးရယ်၊ ဖုံတွေတထောင်းထောင်းထနေတာရယ်၊ အားလုံးဟာ ငါမြင်ခဲ့တဲ့အတိုင်းပဲ၊ တကယ်ထူးဆန်းတာပါပဲလား။ လောကဟာ သိပ်ထူးဆန်းပါလား၊ လောကကြီးမှာ ငါတို့မသိမမြင်နိုင်တဲ့ လျှို့ဝှက်စွမ်းအင်တွေ အများကြီးပါလား "

ဆင်စွယ်နန်းရှင်သည် ဆင်ပေါ်မှနေ၍ ဝေလုတို့လူသိုက်ကို စူးစူးစိုက်စိုက်ကြည့်နေလေ၏။

စူးရှသော သူမ၏မျက်ဝန်းများသည် ဝေလုတို့လူစုအား ညို့ဝင်နေသယောင် ထင်မြင်ရလေ၏။ ထိုအခိုက်မှာပင် ရွာလူကြီးသည် ဆင်စွယ်နန်းရှင်၏အရှေ့သို့ အပြေးအလွှားသွားရောက်လိုက်ပြီး



" ရွာကို လူဆိုးတွေရောက်လာပြီး အမျိုးမျိုးဒုက္ခပေးနေလို့ မီးကျည်မီးပန်းပစ်ဖောက်ပြီး ဆင်စွယ်နန်းရှင်ကို အကူအညီတောင်းရတယ် "

ဟုပြောလေရာ ဆင်စွယ်နန်းရှင်က လွန်စွာညို့ငင်နိုင်စွမ်းရှိသော အသံဖြင့်

" လူဆိုးတွေ ဘယ်ရောက်နေသလဲ "

ဟု မေးမြန်းလေ၏။ ရွာလူကြီးက ဝေလုတို့လူစုကို လက်ညှိုးညွှန်ပြ၍

" ယောဒီ ညွှသည်လူစွမ်းကောင်းတွေရောက်လာပြီး လူဆိုးတွေကို နှိမ်နင်းပစ်လိုက်ပြီ၊ ညွှသည်တွေထဲကတစ်ယောက်ဟာ ဆင်တွေကို အလွန်နိုင်နင်းတယ်၊ ကျွန်တော့်သားရဲ့အသက်ကိုတောင် ကာကွယ်ပေးနိုင်ခဲ့သေးတယ် "

ဟုပြောလေ၏။ ဆင်စွယ်နန်းရှင်သည် ရွာလူကြီး၏စကားကို နားထောင်၍ ဆင်ကြီးကို တီးတိုးပြောလိုက်သောအခါ ဆင်ကြီးသည် မြေပေါ်သို့ ဝပ်ပေးလေ၏။

သူမသည် ဆင်နှာမောင်းကဲ့သို့ သွယ်တန်းနေသော ပေါင်တံများကိုပူးကပ်၍ ဆင်ပေါ်မှ လှပစွာဆင်းလိုက်၏။

ဝေလုသည် ဖန်ဒီးတစ်ယောက်ဖြစ်သောကြောင့် ဤမိန်းမ ဆင်ပေါ်ကဆင်းသက်ပုံမှာ ရင်သပ်ရှုမောဖြစ်အောင် ကြည့်လို့ကောင်းလှကြောင်း သတိပြုမိလိုက်၏။

မြေပေါ်တွင်ရပ်လိုက်သောအခါ သူမ၏အရပ်အမောင်းသည် ပိုမိုမြင့်မားကြောင်းတွေ့လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ၎င်းတို့အားလုံး၏မျက်နှာကို လိုက်လံကြည့်ရှုနေပြီးမှ လေသံတိုးတိုးဖြင့်

" သင်တို့ရောက်လာကြပြီပေါ့၊ သင်တို့ရောက်လာမယ်ဆိုတာ ကျွန်မ ကြိုတင်သိနေပြီးသားပါ "

ဟုပြောလေရာ ဦးဒီပက အံ့သြဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်လေ၏။ ဆင်စွယ်နန်းရှင်မိန်းမက ဝေလုတို့လူစုကိုကြည့်၍

" သင်တို့ဟာ ရွာသူကြီးမိသားစုကိုသာမကဘူး၊ ကျိန်စာသင့်နေတဲ့ကျွန်မဘဝကိုပါ ကယ်တင်ဖို့ရောက်လာတာပါ "

ဟုပြောလိုက်လေတော့၏။ ဦးဒီပသည် ဆင်စွယ်နန်းရှင်မိန်းမကိုကြည့်၍

" ဘဝကိုကယ်တင်ဖို့ ကျုပ်တို့ရောက်လာတယ်ဟုတ်လား၊ ဘာကြောင့်ပြောနိုင်တာလဲ "

ဟုမေးမြန်းလေ၏။

သူမက ဦးဒီပ၏ မျက်နှာကို စေ့စေ့ကြည့်၍

" လပြည့်ညအိပ်မက်တွေကြောင်း သိနိုင်တာပေါ့၊ ဒီအကြောင်းတွေကို အေးအေးဆေးဆေးပြောကြတာပေါ့ "

ဟုပြောကာ သူမက ဆင်အုပ်ကြီးဘက်သို့လှည့်၍ ရှူးရှသော အသံဖြင့် အော်ဟစ်လိုက်ရာ ဆင်အုပ်ကြီးသည် တိတ်ဆိတ်စွာ နောက်ကြောင်းသို့ ပြန်လည်ထွက်ခွာသွားလေ၏။ ဦးဒီပက သူမ၏ စကားများကို ဝေလုတို့အားဘာသာပြန်ပြလေ၏။

ၐ ၐ ၐ ၐ ၐ ၐ ၐ ၐ ၐ ၐ ၐ



ထိုအချိန်တွင် ရွာသူကြီးက ဆင်စွယ်နန်းရှင်နှင့်ဝေလုတို့အား ရွာထဲသို့ဖိတ်ခေါ်လေရာ ဆင်စွယ်နန်းရှင်ကလက်မခံဘဲ

" ရွာထဲကိုမလိုက်တော့ပါဘူး၊ ဧည့်သည်တွေနဲ့ ကျွန်မ အလွန်အရေးကြီးတဲ့စကားတွေပြောချင်လို့ပါ၊ ဆင်စွယ်ကုန်းမြင့်ကြီးဆီကိုပဲ သွားတော့မယ်၊ ကဲ... ရှင်တို့အားလုံး ကျွန်မနောက်လိုက်ခဲ့ပါ "

ဟုဆိုကာ ဝေလုတို့လူစုအား မြင့်မားသော တောင်ကုန်းကြီးဆီသို့ ခေါ်ဆောင်သွားလေ၏။ တောင်တန်းကြီးသည် မတ်စောက်လှသော်လည်း ဆင်စွယ်နန်းရှင်က သွက်လက်စွာဖြင့် ရှေ့သွားလမ်းအတိုင်း ဦးဆောင်သွားသဖြင့်တစ်နာရီခန့်အကြာတွင် လေတဟူးဟူး

www.burmeseclassic.com



တိုက်နေသောတောင်ကြီး၏ထိပ်ဆုံးသို့ ရောက်သွားလေ၏။

ထိုတောင်ကြီး၏အပေါ်မှ ညိုနေနေဝင်ကာနီးအလင်းရောင်ဖြင့် လွင်ပြင်တစ်ခုလုံးကို အပေါ်စီးမှ ကောင်းစွာမြင်နေရ၏။

သူမသည် ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်ချလိုက်ပြီး လေထုဲတွင် ဝာလူလူလွင့်နေသော ဆံပင်များကိုသိမ်းကာ

" ကျွန်မဘဝဟာ ကိုုန်စာသင့်နေတဲ့ဘဝပါ၊ ဟောဒီကျယ်ပြန့်တဲ့လွင်ပြင်ကျယ်ကြီးထဲမှာ ဆင်တွေနဲ့အတူနေတဲ့ မိန်းမတစ်ယောက်ဟာ စိတ်လှုပ်ရှားစရာ ပျော်ရွှင်ကြည်နူးစရာ ဘာမှမရှိပါဘူး "

ဟု သူမဘဝကို စတင်ပြောဆိုလေတော့၏။ သူမက မြန်မာစကားဖြင့်ပြောဆိုသဖြင့် ဝေလုတို့အားလုံး ကောင်းစွာနားလည် လေ၏။ ဦးဒီပက သူမကိုကြည့်၍

" ကျုပ်ဟာ မမျှော်လင့်ဘဲ ဝိညာဉ်လွင့်တဲ့အတတ်နဲ့ အလွန်ထူးဆန်းတဲ့ဒီဒေသကိုရောက်ခဲ့ဖူးတယ်၊ ဆင်တွေနဲ့အတူနေတဲ့ မိန်းမတစ်ယောက်ကိုလည်း မြင်တွေ့ခဲ့ဖူးတယ်၊ ဒါကြောင့် စူးစမ်းချင်စိတ်သက်သက်နဲ့ ဒီဒေသကို ရောက်အောင်လာခဲ့တာပဲ၊ ဒီဒေသမှာ ဆင်စွယ်နန်းရှင်ဆိုတာ ဒဏ္ဍာရီဆန်ဆန် တန်ခိုးရှင်တစ်ယောက်လို့တောင် ထင်မြင်ကြတယ်နော်၊ အချို့ဆိုရင် ဆင်စွယ်နန်းရှင်က အသက်ရာနဲ့ချီပြီး ရှည်ပေမယ့် အမြဲတန်းငယ်ရွယ်နုနယ်နေတယ်လို့ ပြောတတ်ကြတယ် "

ဟုပြောလေရာ ဆင်စွယ်နန်းရှင် မိန်းမချောက လွင်ပြင်ကျယ်ကြီးကို ငေးကြည့်၍

" သူတို့ထင်တာလဲ မမှားပါဘူး၊ ဘာကြောင့်လဲဆိုတော့





ကျွန်မဘဝက အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းနေတာကိုး "

ဟု ရေရွတ်လိုက်လေ၏။

ဆင်စွယ်နန်းရှင်က ဆက်လက်၍

" ကျွန်မအဘွားက ဟူးကောင်းလွင်ပြင်က ဆင်ဖမ်းသမားဖန်ဒီးတစ်ယောက်ရဲ့သမီးပါ "

ဟုပြောလေရာ ဝေလုသည် အံ့အားသင့်သွားလေ၏။ ဆင်စွယ်နန်းရှင်သည် မိမိနှင့်ဇာတိရပ်မြေ တူညီနေပါကလား။



www.burmeseclassic.com

www.burmeseclassic.com



ဆင်စွယ်နန်းရှင်က ဝင်လုဆဲဆဲနေမင်းကြီးကို ငေးမောကြည့်၍

'' အဘွားကိုမွေးတဲ့နေ့မှာပဲ၊ ဆင်လေးရာဇာကိုမွေးခဲ့တယ်၊ အဘွားတို့မိသားစုမှာ ဒါဟာ ထူးခြားချက်တစ်ခုပေါ့၊ အဘွားနဲ့ဆင်လေးရာဇာဟာ ဖွားဘက်တော်တွေဖြစ်ခဲ့ကြတယ်၊ သူတို့ဟာ တစ်နေ့တည်းဖွားခဲ့လို့လားမသိဘူး၊ တစ်ယောက်နဲ့တစ်ယောက် ထူးထူးခြားခြား ချစ်ခင်ခဲ့တယ်၊ ဆင်လေးရာဇာဟာ အလွန်သန်မာထွားကျိုင်းပြီးအလွန်ခေါင်းမာတယ်၊ သူဟာ ဆင်တစ်ကောင်ဖြစ်ပေမယ့် ဟူးကောင်းချိုင့်ဝှမ်းမှာရှိတဲ့ ဘယ်ဆင်နဲ့မှမတူတဲ့ဆင်တစ်ကောင်လို့ ဖန်ဒီးအားလုံးလက်ခံခဲ့ကြတယ်၊ သူဟာ အရွယ်ရောက်ပြီး ဆင်ပေါက်ဘဝမှာ ဟူးကောင်းချိုင့်ဝှမ်းက ရှိသမျှဆင်အားလုံးထက် သန်မာထွား



ကျိုင်းခဲ့လို့ ဆဒ္ဒန်ဆင်ကြီးလို့တောင် တင်စားခဲ့ရတယ်၊ ဆင်လေးရာဇာဟာ သန်မာထွားကျိုင်းရုံမကဘူး၊ အသိဉာဏ်လဲ အလွန်ကြီးလို့ ဖန်ဒီးတွေ အံ့အားတသင့်ဖြစ်ရတယ်၊ ဆင်လေးရာဇာကို အဘွားကနေ့စဉ် အစာကျွေးရတယ်၊ ဒါဟာ ထုံးစံတစ်ခုလိုဖြစ်နေပြီး အဘွားအစာမကျွေးရင် သူဟာ အစာမစားတော့ဘူး၊ တစ်ခါတုန်းက အဖွားဟာဆွေမျိုးတွေနဲ့ မြစ်ကြီးနားကိုအလည်လိုက်သွားခဲ့တယ်၊ အဲဒီအချိန်မှာသူ့ကိုဘယ်သူမှအစာကျွေးမရဘူး၊ အဘွားပြန်လာပြီး အစာကျွေးတော့မှပဲ စားတော့တယ်၊ သူဟာ ဒီလောက်တောင်အဘွားကို သံယောဇဉ်ကြီးခဲ့တယ်၊ ငယ်ငယ်က အဘွားမလိမ္မာလို့ အဘွားရဲ့ အဖေကတုတ်နဲ့ရိုက်တဲ့အခါ သူဟာ အနောက်ကရောက်လာပြီး တုတ်ကိုနှာမောင်းနဲ့ဆွဲလုတယ်၊ ပြီးတော့ အဘွားကို သူ့ကျောပေါ် မွေ့တင်ပြီးတောစပ်ကိုထွက်သွားဖူးတယ်၊ အဘွားအရွယ်ရောက်လာတဲ့အခါကရင်ပြည်နယ်ဘက်ကနေ ဟူးကောင်းချိုင့်ဝှမ်းကို ရောက်လာတဲ့ ဖန်ဒီးညီအစ်ကိုနှစ်ယောက်ဟာ အဘွားကို အသေအလဲ ပိုးပန်းခဲ့တယ်၊ အဘွားဟာ ဟူးကောင်းချိုင့်ဝှမ်းမှာ အချောဆုံးလှမျိုး ဖြူတစ်ယောက်လို့ နာမည်ကြီးခဲ့တယ်၊ ကျွန်မတို့ ဆွေမျိုးစုရဲ့ ထူးခြား ချက်က အဘွားရယ်၊ အမေရယ်၊ ကျွန်မရယ်ဟာ ရုပ်ချင်းခွဲလို့မရ အောင် တူကြတယ် ''

ဟုပြောလေရာ ဝေလုတို့လူစုသည် ဆင်စွယ်နန်းရှင်မိန်းမ၏ အဘွားသည် မည်မျှချောမောလှပမည်ကို မျက်လုံးထဲတွင် အလိုလို မြင်ယောင်လာလေ၏။ သူမကဆက်လက်၍

'' ဒီလိုနဲ့ ကရင်ပြည်နယ်ကပြောင်းလာတဲ့ ဖန်ဒီးညီအစ်ကို နှစ်ယောက်ဟာ အဘွားကိုပိုးပန်းပြီးတဲ့အခါ အဘွားဟာ စိတ်သ



www.burmeseclassic.com

www.burmeseclassic.com



ဘောထားနူးညံ့သိမ်မွေ့တဲ့ ညီအငယ်ကိုချစ်ခင်နှစ်သက်ပေမယ့် အစ်ကိုဖြစ်သူက တစ်နေ့မှာ အဘွားကို အတင်းအဓမ္မခိုးပြေးခဲ့လို့ အစ်ကိုနဲ့လက်ထပ်ခဲ့ရတယ်၊ အဘွားကိုအဘိုးဖြစ်မယ့်လူက ခိုးပြေးသွားတုန်းက ဆင်လေးရာဇာဟာ ဆူပူသောင်းကျန်းနေတယ်လို့ သိရတယ်၊ သူဟာ မုန်ယိုနေတဲ့ဆင်ကောင်လို တွေ့သမျှပစ္စည်းကို ဖျက်ဆီးတော့တာပဲတဲ့၊ သူ့ကို ဘယ်ဆင်ဦးစီးမှမနိုင်ဘူး၊ သူဟာ အနာခံ အသေခံပြီး လုပ်ချင်ရာကို လုပ်လေ့ရှိတယ်၊ ဒီလိုနဲ့အဘွားဟာ အိမ်ထောင်ကျခဲ့တယ်၊ အဘွားအိမ်ထောင်ကျပြီးတဲ့နောက် ဖန်ဒီးညီအစ်ကို နှစ်ယောက်ထဲက ညီဖြစ်သူဟာ အဘွားကိုသံယောဇဉ်မကုန်သေးတာနဲ့ အစ်ကိုဖြစ်သူရဲ့အလစ်မှာ မကြာခဏ ခိုးတွေ့ဖို့ကြိုးစားတယ်၊ အဘွားဟာ ကိုယ့်ချစ်သူဖြစ်နေပေမယ့် အိမ်ထောင်သည်ဖြစ်တဲ့အတွက် ကိုယ့်ကိုယ်ကို ထိန်းသိမ်းခဲ့တယ်၊ ဒါပေမယ့် သူတို့ဒေသမှာတော့ အဘွားဟာ ညီအစ်ကိုနှစ်ယောက်နဲ့ တစ်လှည့်စီဖြစ်နေတယ်လို့ နာမည်သတင်းကြီးခဲ့တယ်၊ တစ်နေ့မှာ ဆင်လေးရာဇာဟာ အဘွားရဲ့ယောကျ်ားကို နင်းသတ်ပစ်လိုက်တယ်၊ တကယ်တော့ သူဟာ အဘွားယောကျ်ားကိုအငြိုးတကြီးနဲ့ သတ်ဖို့ချောင်းနေတာ ကြာပါပြီ၊ အခွင့်အရေးရတာနဲ့ နင်းသတ်လိုက်တာပါပဲ၊ အဘွားယောကျ်ား ဆင်နင်းခံရတဲ့သတင်းဟာ ဆင်စခန်းတစ်ခုလုံး ဟိုးဟိုးကျော်သွားတယ်၊ ရွာသူရွာသားအားလုံးဟာ အဘွားကို လက်ညှိုးငေါက်ငေါက်ထိုးပြီး လင်ငယ်နဲ့ဖောက်ပြန်လို့ ဆင်ဟာ ဆင်ဦးစီးကို သတ်လိုက်တယ်လို့ စွပ်စွဲကြတယ်၊ ဆင်ဦးစီးမိန်းမဟာ သူတစ်ပါးနဲ့ ဖောက်ပြန်ရင် ဆင်ဦးစီးကို ဆင်နင်းခံရမယ်လို့ အယူရှိတယ်၊ အဘွားဟာ အယူသည်းတဲ့ရွာသားတွေရဲ့ တံတွေး





ခွက်ထဲမှာ ပက်လက်မျောပြီး နေ့စဉ်ငိုယိုနေရတယ်၊ အဲဒီညမှာပဲ အဘွားယောကျ်ားရဲ့ညီဖြစ်သူက အဘွားရဲ့တဲကို တိတ်တဆိတ်ချဉ်းကပ်လာပြီး အဘွားကို သားမယားပြုကျင့်ခဲ့တယ်၊ ဒီအချိန်မှာ ရွာသားတွေကစောင့်ဖမ်းပြီး အဘွားကို ဖောက်ပြန်တဲ့မိန်းမလို့ စွပ်စွဲခဲ့တယ်၊ ဒီလိုမိန်းမမျိုး ရွာမှာရှိရင် ရွာနာတယ်ဆိုပြီးရွာက မောင်းထုတ်ခဲ့တယ်၊ အဘွားဟာ အရှက်တကွဲအကျိုးနည်းဖြစ်ပြီး စိတ်ဆင်းရဲလွန်းတာနဲ့ ကိုယ့်ကိုယ်ကို အဆုံး စီရင်မယ်ဆိုပြီး တောင်ပေါ်က ခုန်ချမယ်လို့ပြင်ခဲ့တယ်၊ ဒီအချိန်မှာပင် ဆင်ကြီးရာဇာဟာ အနောက်ကရောက်လာပြီး အဘွားကိုကယ်တင်သွားခဲ့တယ်၊ သူဟာ အဘွားကို ကိုယ်ပေါ်မှာတင်ပြီး ဟူးကောင်း ချိုင့်ဝှမ်းကနေ မြန်မာပြည်မြောက်စွန်းဒေသရောက်အောင် မိုင်ပေါင်း ၂၀၀ လောက်ခရီးဆက်ခဲ့တယ် ''

ဟုပြောလေရာ ဝေလုတို့လူစုသည် လွန်စွာအံ့အားသင့်သွားလေ၏။ ဤမျှဝေးလံသော ခရီးအား ပိန်းမတစ်ယောက်ကိုတင်၍ ခရီးထွက်လာသော ရာဇာဆိုသောဆင်ကြီးကို ချီးမွမ်းမိလေ၏။

'' ဆင်ကြီးရာဇာဟာ အဘွားကို လမ်းခရီးမှာ ဘေးမသီရန်မခအောင် စောင့်ရှောက်ပြီး အိန္ဒိယ-မြန်မာနယ်စပ်တလျှောက်ကနေ ခါကာဘိုရာဇီ သဘာဝနယ်မြေရောက်အောင် ခရီးဆက်ခဲ့တယ်၊ အဘွားဟာ ရွာကနှင်ထုတ်ခံရပြီး စိတ်ဝတ်အကြီးအကျယ်ကျဆင်းနေချိန်မှာ ဆင်ကြီးရာဇာနဲ့ မိုင် ၂၀၀ လောက်ခရီးကြမ်းကြီးကို နှင်လိုက်တော့ ဒုက္ခဆင်းရဲတွေကိုမေ့ပြီး စိတ်ဆင်းရဲတာတွေ တဖြည်းဖြည်း ပျောက်သွားတယ်၊ ဒီလိုနဲ့ အဘွားဟာ အင်မတန်အသိဉာဏ်ကြီးတဲ့ဆင်ကြီးရာဇာနဲ့ တောကြီးထဲမှာ နေထိုင်ခဲ့တယ်၊ ဒီလိုနေပြီး



www.burmeseclassic.com

www.burmeseclassic.com



လအနည်းငယ်အကြာမှာ အဘွားဟာ အလွန်တုန်လှုပ်သွားခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဘွားမှာ အဘိုးနဲ့ရတဲ့ကိုယ်ဝန်လား၊ အဘိုးညီနဲ့ရတဲ့ ကိုယ်ဝန်လားမသိတဲ့ ကိုယ်ဝန်ကိုလွယ်ထားရပြီလေ ''

ဝေလုသည် ဆယ်စွယ်နန်းရှင်မိန်းမချောလေး၏စကားကို နား ထောင်၍ ရင်ထဲတွင် မောလှသွားမိ၏။ တောကြီးအလယ်တွင် ကလေးသူငယ်တစ်ယောက်ကို မွေးဖွားရမည့် မိန်းမတစ်ယောက်၏ ခိုကိုးရာမဲ့ဘဝကို စာနာမိသောကြောင့်ဖြစ်၏။

သူမက ဆက်၍

'' အဘွားဟာ လူတွေနဲ့မနေဝံ့တော့ဘူး၊ လူ့အသိုင်းအဝန်းကို ကြောက်သွားတယ်၊ လူတွေဟာ ခိုကိုးရာမဲ့ဖြစ်နေတဲ့ မိန်းမတစ်ယောက်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အမျိုးမျိုးစွတ်စွဲခဲ့ကြတယ်၊ ဒါကြောင့် တောထဲမှာပဲ နေထိုင်ခဲ့တယ်၊ အမေ့ကိုလဲ တောထဲမှာပဲ မွေးဖွားဖို့ ကြိုးစားခဲ့တယ်၊ အမေ့ကိုမွေးပြီး နောက်တစ်နေ့မှာ အလွန်ထူးဆန်းတဲ့အဖြစ်တစ်ခုနဲ့ကြုံရတယ်၊ အဘွားဟာ အမေ့ကိုနို့တိုက်ဖို့ လိုက်ရှာတော့ ကလေးမရှိတော့ဘူး၊ ဆင်ကြီးရာဇာလဲမရှိတဲ့အတွက် အမေဟာ အလွန်စိုးရိမ်ပြီး လိုက်ရှာတာပေါ့၊ တောကြီးရဲ့အလယ်မှာ ကျယ်ပြန့်တဲ့လွင်ပြင်ကြီးရှိတယ်၊ လွင်ပြင်ကိုရောက်တဲ့အခါမှာ အဘွားဟာ အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသားဖြစ်သွားတယ်၊ လွင်ပြင်ထဲမှာ ဆင်တွေမှမနည်းဘူး၊ အကောင်တစ်ရာလောက်ရှိမယ်၊ ဒီဆင်တွေရဲ့ အလယ်မှာ ဆင်ကြီးရာဇာကိုတွေ့ရတယ်၊ ဆင်ကြီးရာဇာဟာ ကလေးကို နှာမောင်းနဲ့မွေ့ပြီး ဆင်တွေကို တစ်ကောင်ပြီးတစ်ကောင် လိုက်ပြနေတယ်၊ ကလေးဟာ အော်ဟစ်ငိုယိုနေပေမယ့် ဆင်တွေက တစ်ကောင်ပြီးတစ်ကောင် ကလေးကို စိတ်ဝင်တစားကြည့်တယ်၊ အဘွားဟာကလေးဇောနဲ့ ဆင်အုပ်ထဲကိုမကြောက်မရွံ့ပြေးဝင်သွားပြီး ဆင်ကြီးရာဇာဆီက ကလေးကိုပြန်တောင်းတယ်၊ ဆင်ကြီးရာဇာက အေးအေးလူလူပဲ အဘွားလက်ထဲကို ကလေးပြန်အပ်လိုက်တယ်၊ ဆင်ကြီးရာဇာဟာ ဒီအချိန်ကစပြီး တောဆင်ရိုင်းတွေနဲ့ အတူနေတော့တာပဲ၊ ဆင်ရိုင်းတွေဟာ ဆင်ကြီးရာဇာကို ခေါင်းဆောင် တင်လိုက်တဲ့သဘောပဲ၊ ကျွန်မအမေဟာ ဆင်ကြီးရာဇာနဲ့ တောဆင်ရိုင်းတွေကြားမှာပဲ ကြီးပြင်းခဲ့ရတယ်၊ အမေဟာ ဆယ်နှစ်သမီးအရွယ်မှာ ဆင်တွေနဲ့ဆက်သွယ်နိုင်တဲ့အသံထွက်တစ်ခုကို ရှာဖွေဆိုနိုင်ခဲ့တယ်၊ တောဆင်ရိုင်းတွေအားလုံး အမေနဲ့အလွန်ယဉ်ပါးခဲ့တယ်၊ ကျွန်မရဲ့ အဘွားဟာ အသက် ၅၀ အရွယ်မှာ သေဆုံးသွားခဲ့တယ်၊ ဒီတုန်းက အမေ့ရဲ့အသက်ဟာ ၂၀ လောက်ပဲ ရှိသေးတယ်၊ ဆင်ကြီးရာဇာဟာ အဘွားဆုံးတဲ့အချိန်မှာ အလွန်ကြေကွဲဝမ်းနည်း နေသလိုပဲ၊ သူဟာ ဆင်အုပ်ထဲကနေ ခြောက်လလောက်ပျောက်ပြီး တစ်ကိုယ်တည်း သွားနေတယ်၊ နောက်တော့မှ ပြန်လာပြီး အမေ့ကို အဘွားလိုပဲ သဘောထားပြီး ပြုစုစောင့်ရှောက်ခဲ့တယ်၊ အဘွားမသေခင်က လူတွေနဲ့ရောနှောပြီးမနေခဲ့ပေမယ့် လူတွေမှာ အခက်အခဲ ပြဿနာနဲ့ကြုံရင် တတ်နိုင်သမျှအကူအညီပေးခဲ့တယ်၊ တစ်ခါတုန်းက ရွှေပေါတဲ့ဒီဒေသကို တစ်ဖက်နိုင်ငံက လူဆိုးဓားပြတွေဝင်လုတဲ့ အတွက် အဘွားဟာ ဆင်အုပ်ကြီးနဲ့ လူဆိုးတွေကိုမောင်းထုတ်ခဲ့တယ်၊ ဒီအချိန်ကစပြီး ဒီဒေသကလူတွေရဲ့ပါးစပ်ဖျားမှာ ဆင်စွယ်နန်းရှင်ဆိုပြီး နာမည်တွင်ကြီးခဲ့တယ် ''




စေတနာတာပေ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောလေးသည် ပြောရင်း အာခြောက်လာဟန်ရှိ၍ ခါးတွင်ချိတ်ထားသော ရေဘူးမှရေများကိုမော့သောက်လေ၏။

ပြီးမှဆက်၍

" အမေ့လက်ထက်ရောက်တော့လည်း ဒီလိုပါပဲ၊ လူတွေမှာ အခက်အခဲနဲ့ကြုံရင် ဆင်ကြီးရာဇာကိုစီးပြီး အကူအညီပေးခဲ့တာပဲ၊ အမေနဲ့အဘွားဟာ ရုပ်ချင်းခွဲမရအောင်တူတဲ့အတွက် ဒီဒေသမှာ အမေ့ကို အဘွားလို့ပဲထင်ပြီး အသက်သိပ်ရှည်တယ်လို့ထင်ကြတယ်၊ ကျွန်မကိုလည်း အဘွားလို့ထင်ပြီး နှစ်တွေအများကြီးကြာပေမယ့် ရုပ်ရည်နုနယ်နေတယ်ဆိုပြီး တန်ခိုးရှင်လို့တောင်ထင်ကြတယ်၊ ကျွန်မတို့ကလည်း လူတွေနဲ့ရောနှောလေ့မရှိတာ၊ ဆင်ကြီးရာဇာဟာ အမေ့ကို အဘွားလိုသဘောထားပြီး ချစ်ခင်ခဲ့တယ်၊ ကျွန်မတို့က ရောရောနှောနှောမနေပေမယ့် လူ့သဘာဝကို ဘယ်လွန်ဆန်နိုင်ပါ့မလဲ၊ အချိန်တန် အရွယ်ရောက်လာတော့ ဆန့်ကျင့်ဘက်လိင်ကို လိုချင်တောင့်တခဲ့တယ်၊ ဒီလိုနဲ့အမေဟာ တောကြီးထဲကို ဆေးမြစ်တူးရင်း မျက်စိလည်လမ်းမှားရောက်လာတဲ့ လီဆူးဆေးဆရာလေးတစ်ယောက်နဲ့ ချစ်သူဖြစ်ခဲ့တယ်၊ လီဆူးဆေးဆရာလေးဟာ အမေ့ကိုအရမ်းစွဲကြီးစွဲသွားပြီး ရွာကိုမပြန်တော့ဘဲ တောထဲမှာနေထိုင်ဖို့ဆုံးဖြတ်လိုက်တယ်၊ ဒီအချိန်မှာပဲ ဆင်ကြီးရာဇာဟာ ဒေါသူပုန်ထတော့တာပဲ၊ သူဟာ မုန်ယိုနေတဲ့ဆင်တစ်ကောင်လို တောထဲမှာတွေ့တဲ့သစ်ပင်တွေအကုန်လုံး ချိုးပစ်တယ်၊ မြင်သမျှအရာတွေကို ဖျက်ဆီးပစ်တယ်၊ သူဟာ အမေ့ကို အဘွားလို့သဘောထားတဲ့အတွက် ကျွန်မအဖေဖြစ်မယ့် ဆေးဆရာလေးကို မနာလိုဖြစ်နေပုံရတယ်၊ အဖေနဲ့အမေ ပေါင်းသင်း



တဲ့အချိန်ကစပြီး ဆင်ကြီးရာဇာဟာ ဆင်အုပ်ထဲကနေ ထွက်ခွာသွားပြီး တစ်ကောင်တည်းနေတယ်၊ သူဟာ စိတ်ထိခိုက်နေဟန်ရှိတယ်၊ အမေက အကြိမ်ကြိမ်လိုက်ခေါ်ပေမယ့် အသံနက်ကြီးနဲ့အော်ဟစ်ပြီး လိုက်မလာခဲ့ဘူး၊ ခြောက်လလောက်ကြာမှ ဆင်အုပ်ထဲကိုပြန်ရောက်တယ်၊ အမေဟာ ဆင်ကြီးရာဇာကိုသံယောဇဉ်ရှိတဲ့အတွက် သူပြန်ရောက်လာတာ သိပ်ဝမ်းသာခဲ့တယ်၊ ဒါပေမယ့် အမေဟာ ကြာကြာဝမ်းမသာလိုက်ရပါဘူး၊ တစ်နေ့ အဖေဟာ အစာရှာဖို့တောထဲမှာ လှည့်လည်သွားနေတုန်း၊ ဆင်ကြီးရာဇာရဲ့ နင်းသတ်တာကိုခံလိုက်ရတယ်၊ ဆင်ကြီးရာဇာဟာ ကျွန်မအဖေကို အငြိုးတကြီးနဲ့ နင်းသတ်လိုက်တယ်၊ တကယ်တော့ ဆင်ကြီးရာဇာဟာ ကျွန်မအဖေကို အငြိုးတကြီးနဲ့လုပ်ကြံဖို့ ချောင်းမြောင်းနေတာကြာပါပြီ၊ အမေဟာ အဖေ့အဖြစ်ကြောင့် ပူဆွေးသောကရောက်ပြီး ဆင်ကြီးရာဇာကို အလွန်စိတ်ဆိုးခဲ့တယ်၊ ဒါပေမယ့် ဆင်ကြီးရာဇာဟာ အဘွားလက်ထက်ကတည်းက ထိန်းကျောင်းလာသူဆိုတော့ အပြစ်မယူနိုင်ခဲ့ဘူး၊ ပါးနပ်တဲ့လည်းဖြစ်နေတာကိုး၊ ဒါပေမယ့် ဆင်ကြီးရာဇာဟာ တိရစ္ဆာန်တစ်ကောင်ရဲ့ အသိဉာဏ်ထက် အများကြီးပိုပါတယ်လေ "

ဝေလုတို့လူစုသည် ဆင်စွယ်နန်းရှင်မိန်းကလေး ခေတ္တနားနေခိုက်တွင် သက်ပြင်းကိုယ်စီချမိလေ၏။

သူမ၏အဖြစ်သည် စိတ်ဝင်စားဖွယ်ကောင်းလွန်းလှ၏။ သူမက ဆက်လက်၍

" အဖေသေပြီးမကြာပါဘူး၊ အမေ့မှာ ကိုယ်ဝန်ရှိနေမှန်း သိလိုက်ရတာပါပဲ၊ အမေ့အဖြစ်ဟာ အဘွားအဖြစ်နဲ့ ဆင်တူလှတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို မွေးဖွားပြီး တစ်ရက်နှစ်ရက်အကြာမှာ အမေဟာ ကလေးခံပျောက်သွားလို့ စိုးရိမ်တကြီးလိုက်ရှာတဲ့အချိန်မှာ ဆင်ကြီးရာဇာဟာ ကျွန်မကို နှာမောင်းနဲ့ပွေ့ချီပြီး တောဆင်ရိုင်းတွေကို လိုက်ပြနေတာတွေ့ရတယ်၊ တိုတိုပြောရရင် ကျွန်မလည်းတောဆင်ရိုင်းတွေကြားမှာ ကြီးပြင်းခဲ့တယ်၊ အမေ့အသက် ၅၀ ဝန်းကျင်လောက်မှာ သေဆုံးသွားခဲ့တယ်၊ အဲဒီတုန်းက ကျွန်မအသက်ဟာ ၂၀ ဝန်းကျင်လောက်ပါပဲ၊ အမေသေတဲ့အချိန်မှာ ဆင်ကြီးရာဇာဟာ ဝမ်းနည်းလွန်းလို့ဆွေးဆွေးမြေ့မြေ့အော်ဟစ်တယ်၊ ပြီးတော့ ဆင်အုပ်ထဲကနေ ခြောက်လလောက်ပျောက်သွားခဲ့တယ်၊ နောက်တော့လည်း ပြန်ရောက်လာပြီး ကျွန်မကို အမေလို့ပဲသဘောထားပြီး ရင်းနှီးချစ်ခင်ခဲ့တယ် ''

ဟုပြောလေရာ ဦးဒီပက စိတ်ဝင်စားစွာနားထောင်နေရာမှ သက်ပြင်းချ၍

'' မိန်းကလေးရဲ့ဘဝဟာ အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်၊ ဒါဆိုရင် ဆင်ကြီးရာဇာရဲ့အသက်ဟာ အခုလောက်ဆို အတော်ကြီးနေပြီပဲ၊ အသက်တစ်ရာလောက် ရှိပြီပေါ့ ''

ဟုပြောလေ၏။ ထိုအခါ ဝေလုကဝင်၍

'' ဆင်ရဲ့သက်တမ်းဟာ အသက် ၁၅၀ လောက်အထိ နေနိုင်တယ် ''

ဟုပြောလေ၏။ သူမက ခေါင်းညိတ်၍

'' ဆင်ကြီးရာဇာဟာ အသက်ကြီးပေမယ့် ကျွန်မတို့မိသားစုအပေါ် ချစ်တဲ့အချစ်ကတော့ မပြောင်းလဲသေးဘူးရှင့်၊ တိုတိုပြောရရင် ကျွန်မဟာ တောထဲမှာပဲ အထီးကျန်တစ်ကိုယ်တည်း အချိန်ကုန်လွန်





ခဲ့ရတယ်၊ ကျွန်မဟာ လူသားတစ်ယောက်ဖြစ်တဲ့အတွက် ခံစားမှုရှိတယ်ဆိုတာ မရှက်မကြောက် ဝန်ခံပါရစေ၊ အချိန်တန်အရွယ်ရောက်လာတော့ တောထဲမှာ အထီးကျန်တစ်ကိုယ်တည်း ဘယ်နေနိုင်ပါ့မလဲ၊ ဒီလိုနဲ့ လွန်ခဲ့တဲ့တစ်နှစ်လောက်မှာ တိဘက်ပြည်ကနေ ခါကာဘိုရာဇီဒေသကို ကုန်သွယ်ဖို့ရောက်လာတဲ့ ကုန်သည်လေးတစ်ယောက်နဲ့ တိတ်တခိုး ချစ်ကျွမ်းဝင်ခဲ့တယ် ''

ဝေလုတို့သည် သူမ၏စကားကိုနားထောင်၍ သူမ၏အဘွားနှင့် အမေ၏ ချစ်သူများ၏အဖြစ်ဆိုးကို သတိရနေမိ၏။

သူမက ညသို့ရောက်နေပြီဖြစ်သဖြင့် ကြယ်ပွင့်များလင်းလက်နေသည်ကိုကြည့်၍

'' ကျွန်မနဲ့ တိဘက်ကုန်သည်လေးရဲ့ တိတ်တခိုးဇာတ်လမ်းကို ဆင်ကြီးရာဇာ သိသွားတဲ့အချိန်မှာ ထုံးစံအတိုင်း ဒေါသူပုန်ထခဲ့တယ်၊ ကျွန်မဟာ ချစ်သူအတွက် ဘယ်လောက်စိုးရိမ်သလဲဆိုတာရှင်တို့စဉ်းစားကြည့်စမ်းပါ၊ ကျွန်မဟာ ချစ်သူနဲ့ယူမိရင် ဆင်ကြီးရာဇာက ချစ်သူကိုအသေသတ်မှာကျိန်းသေတယ်၊ ကျွန်မတို့အတွက် လွတ်မြောက်ရာလမ်းက တောကြီးထဲကထွက်ပြေးပြီး မြို့ကြီးပြကြီးမှာ နေနိုင်မှ ရမှာပဲ၊ ထူးခြားတာက လွန်ခဲ့တဲ့ခြောက်လလောက်က လပြည့်ညတိုင်းမှာ အိပ်မက်တစ်ခုမက်တယ်၊ ဒီအိပ်မက်ထဲမှာ ရှင်တို့အားလုံးပါတယ်၊ ရှင်တို့ဟာ ကျွန်မရဲ့အိပ်မက်ထဲကိုရောက်လာပြီး ကျွန်မဘဝကို ကယ်တင်ပေးခဲ့တယ်လို့ပဲ အိပ်မက်မက်ခဲ့တယ်၊ ဒီနေ့ညဟာလည်း လပြည့်ညပါပဲ ''

သူမ၏စကားကြောင့် ဝေလုတို့အားလုံး တောင်းကင်ကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ လမင်းကြီးထိန်ထိန်သာနေပြီး ဟွင်ပြင်ကျယ်ကြီးတစ်ခုလုံး နေ့အလား ထိန်လင်းနေလေ၏။

သူမက လမင်းကြီးကို မော့ကြည့်၍

'' ရှင်တို့ဟာ ကျွန်မဘဝကို ကယ်တင်နိုင်လိမ့်မယ်လို့ အိပ်မက်မက်တယ်၊ ဘယ်လိုများကယ်တင်နိုင်မယ်မသိဘူးနော်၊ ကျွန်မ ချစ်သူကတော့ တိဘက်ပြည်ကိုပြန်ပြီး ကျွန်မနဲ့အတူနေဖို့ စီစဉ်နေတယ်၊ အားလုံးအဆင်ပြေရင် ကျွန်မကိုလာခေါ်လိမ့်မယ်၊ ကျွန်မတို့ ချစ်သူနှစ်ဦးဟာ မြို့ပေါ်မှာပဲ အတူနေဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဆင်ကြီး ရာဇာကတော့ ကျွန်မချစ်သူရတဲ့အချိန်ကစပြီး ဒေါသူပုန်ထလို့ တောထဲမှာ တစ်ကောင်တည်းသွားနေလေရဲ့၊ သူ ကျွန်မကို ခွဲသွားတာ ခြောက်လနီးပါးရှိနေပြီ ''

ဟုပြောလေ၏။ ထိုအခိုက်မှာပင် ဘွန်အောက အဝေးတစ်နေရာသို့ လက်ညှိုးညွှန်ပြ၍

'' ဟိုးအဝေးက တောင်ကြားလမ်းမှာ မီးရောင်စုံကလေးတွေ မြင်ရတယ် ''

ဟုပြောလေ၏။ သူမသည် ဘွန်အောညွှန်ပြရာသို့ မျက်လုံးဝေ့ကြည့်၍ ဝမ်းသာအားရဖြင့်

'' ဟင်... ကျွန်မချစ်သူ ပြန်လာပြီ၊ အဲဒါ တိဘက်ကကုန်သည်တွေရဲ့ တောင်ကြားလမ်းအတိုင်း မြန်မာပြည်ကို ကူးသန်းလာတာရှင့်၊ မီးရောင်စုံတွေမြင်ရတာ ကုန်သည်တွေရဲ့ မီးပုံးကလေးတွေပဲ၊ ကဲ... ကျွန်မတို့ တောင်အောက်ကိုပြန်ဆင်းကြမယ် ''

ဟုပြောလေ၏။



သူမ၏စကားမဆုံးခင် ဆင်များအားလုံးတစ်ပြိုင်တည်း ဆူညံစွာ အော်ဟစ်လိုက်သောအသံကြီးကို မိုးခြိမ်းသံကဲ့သို့ ဆူညံစွာကြားရလေ၏။

ဆင်စွယ်နန်းရှင် မိန်းမချောလေးသည် ထိုအသံများကြောင့် အထိတ်တလန့်ဖြစ်သွားပြီး

'' အို... ဆင်ကြီးရာဇာပြန်လာပြီ၊ ဒါ သူပြန်လာလို့ ဆင်ရိုင်းတွေရဲ့ နှုတ်ဆက်တဲ့အသံပဲ၊ ကျွန်မချစ်သူနဲ့ ထိပ်တိုက်တွေ့ရင် သတ်မှာသေချာတယ်၊ ဒုက္ခပါပဲရှင်၊ ကျွန်မ အမြန်ဆုံးသွားမှဖြစ်မယ် ''

ဟုဆိုကာ တောင်အောက်သို့ ရှေ့ဆုံးမှ ဦးဆောင်၍ ပြေးဆင်းသွားလေ၏။ ဝေလုတို့လူစုသည် သူမ၏နောက်မှ အပြေးလိုက်ခဲ့လေ၏။

ချစ်သူအတွက် စိုးရိမ်စိတ်ကြောင့် အောက်သို့ လျှင်မြန်စွာ ဆင်းသွားသော သူမ၏အနောက်သို့မီရန် မနည်းလိုက်ရ၏။

လရောင်သည် နေ့ဘက်အလင်းရောင်အလား ထိန်ထိန်သာနေသဖြင့် တော်ပါသေး၏။

သူမသည် ကျောက်တုံးတစ်ခုကို ခလုပ်တိုက်မိ၍ မြေပေါ်သို့ ဒလိမ့်ခေါက်ကွေးလဲကျသွားလေ၏။

ဝေလုက အပြေးသွား၍ ထူမပေးသောအခါ ဒဏ်ရာကိုပင် ဂရုမစိုက်အားဘဲ တောင်အောက်သို့ ပြေးပြန်၏။

သူမသည် အလဲလဲအကွဲကွဲဖြင့် တောင်အောက်သို့ရောက် သွားလေ၏။ တောင်အောက်သို့ရောက်သောအခါ လွင်ပြင်အတိုင်း တောင်ကြားလမ်းဘက်သို့ ပြေးပြန်၏။ ဝေလုတို့လည်း အနောက်မှ အပြေးလိုက်ရလေ၏။

———— စာစဉ်နှင့်စာပေ ————

www.burmeseclassic.com

www.burmeseclassic.com



ဦးဒီပသည် ဝေလုနှင့်ခေါးချဉ်းယှဉ်၍ ပြေးလိုက်ရင်း

" ဒီမှာဝေလု၊ မင်းရွာထဲကိုသွားပြီး သူကြီးရဲ့စွယ်စုံဆင်ကြီးကို ယူရင်ကောင်းမယ် "

ဟုပြောဆဖြင့် ဝေလုသည် ၎င်းတို့နှင့်လမ်းခွဲ၍ တိဘက်ရွာကလေးသို့ပြေးလေ၏။

ရွာသို့ရောက်သောအခါ သူကြီးကို အကျိုးအကြောင်းပြော၍ သူကြီးပိုင် စွယ်စုံဆင်ကြီးကို ငှားရမ်းလေ၏။

ထို့အပြင် သူကြီးထံမှ ဆင်ဖမ်းသမားဖန်ဒီးများအသုံးပြုသော ပီလောပီနံလျှော်ဖြင့် ပြုလုပ်ထားသည့် ဆိုင်းဖန့်ကြိုးကို တောင်းယူလေ၏။ ပြီးနောက်ဆင်ကြီးနှင့်အတူ လွင်ပြင်ဘက်သို့ အပြေးနှင်ခဲ့လေ၏။ ဆင်၏အပြေးနှုန်းသည် လွန်စွာမြန်ဆန်၏။ ထို့ကြောင့် လွင်ပြင်၏အဆုံး၌ရှိသော တောင်ကြားလမ်းသို့ လျင်မြန်စွာ ရောက်သွားလေ၏။

တောင်ကြားလမ်းအတိုင်း ဆင်ကြီးကို စီးနင်းသွားသောအခါ အဝေးတစ်နေရာတွင် ကုန်သည်များ၏ ရောင်စုံမီးပုံကလေးများကို တွေ့ရ၏။ တောဆင်ရိုင်းများ၏ ဆူဆူညံညံအော်ဟစ်သံများကိုလည်း ကြားရ၏။

ဝေလုသည် ထိုအရပ်သို့ ဆင်ကြီးနှင့် အပြင်းနှင်ခဲ့သောအခါ တိဘက်ကုန်သည်များကို အလဲလဲအပြိုပြိုဖြင့် ဟိုတစ်စု သည်တစ်စု တွေ့ရ၏။

လူအုပ်ထဲတွင် ဘွန်အောကိုလည်းတွေ့ရလေရာ ဘွန်အောက

" ချောက်ကမ္ဘားကြီးဘက်ကို အမြန်လိုက် "





ဟု အော်ဟစ်လေ၏။ ဝေလုသည် ချောက်ကမ္ဘားဘက်သို့ ရောက်သောအခါ ထိတ်လန့်ဖွယ်မြင်ကွင်းကို တွေ့ရလေ၏။ ဆင်စွယ်နန်းရှင် မိန်းမချောလေးသည် လွန်စွာကြီးမားသော ဆင်ကြီး တစ်ကောင်၏ရှေ့တွင် ကာဆီးထားပြီး သူမ၏အနောက်တွင် လူရွယ်တစ်ဦးကို တွေ့ရ၏။ ထိုဆင်ကြီးသည် အညှိုးအတေးအလွန်ကြီးသော ဆင်ကြီးရာဇာပင်ဖြစ်ပေလိမ့်မည်။

လူရွယ်သည် တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များဖြင့် ထိခိုက်နာကျင်နေဟန်ရှိ၏။ ဆင်စွယ်နန်းရှင်က

" မလုပ်နဲ့၊ မလုပ်ပါနဲ့ရှင်၊ ကျွန်မတို့ချစ်ခြင်းကိုမခွဲပါနဲ့၊ သူမရှိရင် ကျွန်မ မနေနိုင်ဘူး၊ ကျွန်မသေသွားလိမ့်မယ် "

ဟုတောင်းပန်လေ၏။ ဆင်ကြီးရာဇာသည် သူမ၏စကားကို နားထောင်နေရာမှ ကျယ်လောင်စွာအော်ဟစ်လိုက်ပြီး သူမကို နှာမောင်းဖြင့် ပွေ့ယူကာ တစ်ဖက်သို့ တွန်းဖယ်လိုက်၏။ ပြီးနောက် အကာအကွယ်မဲ့သွားသော လူရွယ်ကို ခြေဖြင့်နင်းရန် ပြေးသွားလေ၏။

ဝေလုသည် ထိုမြင်ကွင်းကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး သူ၏စွယ်စုံဆင်ကြီးကို အပြေးနှင်စေ၍ ဆင်ကြီးရာဇာအား ကိုယ်ခန္ဓာဖြင့် တွန်းဖယ်လိုက်၏။

ဆင်ကြီးရာဇာသည် သူ့အား တွန်းတိုက်လိုက်သူကို ဒေါသတကြီးကြည့်၍ ကျယ်လောင်စွာအော်ဟစ်လိုက်၏။

ထို့သော် ဝေလုနှင့် စွယ်စုံဆင်ကြီးအား ရန်မမူနိုင်သေးဘဲ လူရွယ်၏နောက်သို့သာ သဲကြီးမဲကြီး ဆက်လိုက်လေ၏။

ဝေလုသည် စွယ်စုံဆင်ကြီးဖြင့် ဆင်ကြီးရာဇာ၏နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်းလိုက်ရ၏။ ရှေ့မှပြေးနေသော လူရွယ်သည် လွန်စွာ ပင်ပန်းနွမ်းနယ်နေပြီး နောက်ဆုံးတွင် ဆက်မပြေးနိုင်တော့ဘဲ မြေပေါ် သို့ လဲကျသွားလေ၏။

ဆင်ကြီးရာဇာသည် မုန်းတီးနာကြည်းစိတ်ဖြင့် လူရွယ်ကို နင်း ချေရန် အမြန်ဆုံးပြေးလေ၏။ ဝေလုသည် စိုးရိမ်တကြီးဖြင့် စွယ်စုံ ဆင်ကြီးဖြင့် ပြေးလိုက်သော်လည်း မမီတော့ပေ။ ထို့ကြောင့် နောက် ဆုံး ကြိုးစားသည့်အနေဖြင့် သူ၏လက်ထဲရှိ ဆိုင်းဖန့်ကြိုးကိုဆွဲ၍ ဆင်ကြီးရာဇာကို ပစ်လိုက်ရာ ကံကောင်းထောက်မစွာဖြင့် ဆင်ကြီး ရာဇာ၏လည်တွင် စွပ်မိသွားပြီး ၎င်းသည် ရှေ့သို့ ဆက်မပြေးနိုင် တော့ဘဲ တုန့်ခနဲဖြစ်သွားလေ၏။

လူရွယ်သည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ နောက်ဆုံး ကျန်နေသော အားအင်များကို စုစည်း၍ လဲကျနေရာမှ ထပြေးလေ၏။

ဆင်ကြီးရာဇာသည် သူ့အား ကြိုးကွင်းဖြင့် ပစ်ဖမ်းသော ဖန်ဒီး ဝေလုကို မကျေမနပ်ကြည့်၍ ကျယ်လောင်စွာအော်ဟစ်လိုက်၏။

ဒေါသတကြီး ရန်မူရန်လည်း ကြံစည်လိုက်၏။ သူ၏ ရန်သူ လူရွယ်ကို တိုက်ခိုက်ရန်မဖြစ်နိုင်မှန်းသိသဖြင့် ဒေါသမြားဦးကို ဝေလု ဘက်သို့ လှည့်လိုက်ခြင်းဖြစ်၏။ ဦးဒီပတို့လူစုသည် ဝေလုအတွက် လွန်စွာ စိုးရိမ်သွားပြီး လက်ထဲရှိသေနတ်များဖြင့် ဆင်ကြီးရာဇာကို တဒိုင်းဒိုင်းပစ်ခတ်လေ၏။ သို့သော် ၎င်းတို့၏သေနတ်များမှာ ဆင်ပစ် သေနတ်များ မဟုတ်သဖြင့် ဆင်ကြီးရာဇာကို မလဲပြိုနိုင်ဘဲ ရှိနေ လေ၏။

ဆင်ကြီးရာဇာသည် ဝေလုကို တိုက်ခိုက်ရန် ကြံစည်ပြီးမှ





အနောက်ဘက်ရှိ ချောက်ကမ္ဘားသို့ လှည့်ကြည့်လိုက်ပြီး တစ်စုံတစ် ရာကို ပြုလုပ်ရန် ကြံစည်လိုက်လေ၏။ သူ၏အကြံဉာဏ်ကို ဝေလု ရိပ်စားမိပြီး လွန်စွာထိတ်လန့်သွား၏။

ဆင်ကြီးရာဇာသည် ဒဏ်ရာဒဏ်ချက်များစွာရရှိနေသဖြင့် ချောက်ကမ္ဘားနောက်သို့ ခုန်ချ၍ မိမိ ကိုယ်မိမိ အဆုံးစီရင်ကာ သူ၏ ရန်သူ ဝေလုနှင့် စွယ်စုံဆင်ကြီးအား ချောက်ကမ္ဘားထဲသို့ ကျစေရန် ပြင်၏။ ထို့ကြောင့် အနောက်သို့ အားကုန်ရုန်း၍ သုတ်ခြေပြေးလေ၏။

ဝေလု၏ စွယ်စုံဆင်ကြီးသည် ကြိုးစား၍ ပြန်လည် ဆွဲငင် သော်လည်း အင်အားမမျှသဖြင့် ရှုံးသော်ငြား ဘက်ဆင်ကြီး၏အသက်ကို ရအောင်ဆယ်မည်ဟု ဆုံးဖြတ်ပြီး ခါးကြားရှိဓားကိုထုတ်ကာ ဆိုင်းဖန် ကြိုးကြီးကို ဖြတ်ချလေ၏။

သို့သော ဆိုင်းဖန်ကြိုးသည် ဆင်ကိုချည်နှောင်ရန် ပြုလုပ် ထားသောကြိုးဖြစ်သဖြင့် လွန်စွာခိုင်ခံ့ပြီး မပြတ်နိုင်ဘဲရှိ၏။

ဝေလုသည် ရှိသမျှအင်အားများကို စုစည်း၍ ကြိုးကိုဖြတ် လေ၏။

သို့သော် ကြိုးမပြတ်ဘဲ ဆင်ကြီးရာဇာ၏ ဆွဲခေါ်ရာသို့ စွယ် စုံဆင်ကြီး တရွတ်တိုက်ပါသွားလေ၏။ ဦးဒီပနှင့် ဘွန်အောက ဝေလု ကို ခုန်ချရန် အော်ဟစ်ပြောဆိုလေ၏။ ဝေလုသည် ဆိုင်းဖန့်ကြိုးကြီး မပြတ်လျှင် သူကိုယ်တိုင် စွယ်စုံဆင်ကြီးနှင့်အတူ ချောက်ကမ္ဘား အောက်သို့ လိုက် [illegible] ားရန် ဆုံးဖြတ်လိုက်လေတော့၏။

ထို့ကြော [illegible] ာစုံမိတ်၍ ကြိုးကြီးကို အားကုန် ဖြတ် ချလိုက်ရာ ဆင်[illegible] သည် ချောက်ကမ္ဘာထဲသို့ ခုန်ချလိုက်သည်

www.burmeseclassic.com



နှင့် တစ်ပြိုင်တည်း သူ၏ခန္ဓာကိုယ်အလေးချိန်ကြောင့် ဆိုင်းဖန့်ကြိုး ပြတ်သွားလေ၏။

ဆင်ကြီးရာဇာသည် ကျယ်လောင်စွာအော်ဟစ်၍ ချောက်ကမ္ဘားထဲသို့ ထိုးကျသွားလေ၏။ ဝေလု၏ စွယ်စုံဆင်ကြီးသည် ချောက်ကမ္ဘား၏နှုတ်ခမ်းပေါ်တွင် အောက်သို့ကျရန် လက်တစ်လုံးမျှလိုပြီး ကိုယ်ခန္ဓာကို ထိန်းလိုက်နိုင်၏။ ထိုအခါမှပင် သူတို့အားလုံး သက်မချလိုက်နိုင်၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

မည်သည့်အရာကိုမျှ သိမ်းပိုက်မထားသော
မင်းမြတ်သူရ

www.burmeseclassic.com